
www.burmeseclassic.com





BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ငါ့အသည်းကိုမခွဲပါနဲ့

## ရှင်မြတ်နိုး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း ( ၁ )

ကျယ်ဝန်းလွန်းပြီး သစ်ပင်ပန်းမာန်တွေနဲ့ ဝေဆာလှပနေတဲ့ ပန်းမြတ်မာလာ ခြံကြီးထဲမှာ နွေရွက်ဝါတစ်ယောက် ရေပိုက်လေးကို ကိုင်ပြီး ထည်ဝါခန့်ညားနေတဲ့ နှစ်ထပ်တိုက်ကြီးကို ငေးမောကြည့်မိနေသည်။

သူမက ခြံစောင့်ကြီး ဦးဒေဝါရဲ့ သမီးလေးပါ။ အမေကတော့ နွေ့ကိုမွေးပြီး မီးတွင်းထဲမှာပဲ သေဆုံးသွားသည်တဲ့။

အမေက ဒီတိုက်ကြီးရဲ့ အိမ်ဖော်မကြီးရဲ့သမီးတဲ့။ အဖေရောအမေပါ အစဉ်အဆက် အလုပ်သမားတွေရဲ့ သားသမီးတွေဖြစ်ကြပြီး အတူတူနေထိုင်ကြီးပြင်းရင်း ညားခဲ့ကြသူတွေတဲ့။

နွေ အားအကျဆုံးက ဆောင်းသခင်ကိုပင်။

ချမ်းသာတဲ့မိဘတွေက မွေးဖွားလာ၍ ရွှေမင်းသမီးလေးတစ်ပါးကဲ့သို့ အရေးပေးအလိုလိုက်ထားခြင်း ခံရသည်။ အစေအပါး



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် ရှေ့လိုဉထားပြီး ဆောင်းသခင်ရဲ့ဆန္ဒမှန်သမျှ ဖြည့်စွမ်းပေးမည့်သူတွေက ဝိုင်းဝိုင်းလည်နေသည်။

"နွေ့ဘဝနဲ့တော့ တခြားစီပဲ၊ အတိတ်ဘဝက နွေဘာတွေများ မကောင်းတာတွေ လုပ်လာခဲ့မိလဲတောင် မသိတော့ပါဘူးနော် ... နုံချာစုတ်ပြတ်နေတာပဲ"

အဖေက ခြံစောင့်ကြီးဖြစ်ပြီး ခြံကြီးရဲ့ ဝေယျာဝစ္စတွေ အားလုံးကို နွေပဲ ဒိုင်ခံလုပ်ပေးခဲ့ရသည်။ အမေ သေဆုံးရတာ နွေ့ကြောင့်ဆိုပြီး အဖေက နည်းနည်းလေးမှ မချစ်ခဲ့။ အရက်ကို နေ့မလင်း ညမလင်းသောက်ပြီး နွေ့ကို ရိုက်နှက်တတ်သေးသည်။

"ဂြိုလ်မလေး ... မိနွေ အပူမ ... နင့်ကိုမွေးလို့ ငါ့အချစ်ဆုံးမိန်းမ သေရတာ၊ နင့်ကြောင့် ... "

ခြံကြီးရဲ့ ဝေယျာဝစ္စတွေကို နွေတစ်ယောက်တည်း လုပ်ပေးရသည်။ အဖေက မူးနေတာပဲ။ အကြောင်းမရှိ အကြောင်းရှာပြီး နွေ့ကို ဆူဆဲရိုက်နှက်နေသေး၏။

'တစ်ခါတလေ အဖေက နွေ့အဖေမှ ဟုတ်ရဲ့လားဟုပင် တွေးမိသေးသည်။

"အဖေက နွေ့ကိုကျတော့ မုန်းတီးနေသလောက် သူဌေးသမီး ဆောင်းသခင်ကိုတော့ ချစ်လိုက်တာ ... အမြဲတမ်း ချီးမွမ်းစကားတွေပြောပြီး အရေးပေးတယ်၊ ဆောင်းအနားမှာ အစေအပါး





ဘဝနဲ့ ကျွန်ဖြစ်အောင် အဖေက တွန်းပို့ပေးနေတယ်"

နွေ စဉ်းစားမရပေ။

အဖေကတော့ နင်ကကျွန်တဲ့။ သခင်မလေးဆောင်းကို ရိုသေရမယ်တဲ့။ ကျွန်လိုနေတဲ့ ...

သူမ ခြံအလုပ်တွေက တစ်မျိုး၊ ဆောင်းသခင်ရဲ့ ဝေယျာဝစ္စတွေကတစ်မျိုးနဲ့ သူမကတော့ သူမအလုပ်တာဝန်ကို ကျေပြွန်စေရန် လုပ်ပေးနေရသည်။

"နွေနဲ့ဆောင်းက တစ်ရက်ထဲ တစ်နေ့ထဲမှာ မွေးကြတာတဲ့၊ မွေးနေ့တူတယ်၊ ကံကြမ္မာတွေက မတူတာဘဲ ... ဆောင်းဒက်ဒီနဲ့ မာမီက ချစ်လိုက်ကြတာ၊ အင်းလေ ... နွေ့ဘဝနဲ့နွေပဲ၊ နင်က ကျွန်ပဲ ... ဘာတွေစဉ်းစားနေတာလဲ၊ နွေရှက်ဝါရယ် ... ကိုယ့်ဘဝကို အပျော်ရွှင်ဆုံးလက်ခံနိုင်အောင်ပဲ ကြိုးစားစမ်းပါဟာ"

သူမ တွေးနေမိသည်။ ဆောင်းသခင်ရဲ့ဘဝကို အားကျငေးမောနေတာ အရူးထတာပဲ။ မဖြစ်နိုင်မှန်းတော့ နွေသိနေ၏။

ဒါပေမဲ့လဲ တစ်ခါတရံတော့ နွေလည်း ဆောင်းသခင်လို နေထိုင်ချင်ခဲ့သည်။

"ဟော့ ... ကောင်မလေးဟော့ ... ဒီမှာ ... မင်းရေပိုက်ကြီးကို ကိုင်ပြီး ဘာတွေလုပ်နေတာလဲ၊ မင်းပန်းပင်ရေလောင်းတာမှ ဟုတ်ရဲ့လား ... ရေတွေ စိုကုန်ပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အမလေး ... ဘုရားရေ၊ နွေ တောင်းပန်ပါတယ်နော်၊ ပန်းပင်ရေလောင်းရင်း အတွေးလွန်သွားလို့ပါ၊ ဒုက္ခပါပဲ ... ရေတွေ စိုကုန်ပြီ"

"ရတယ် ... ကိစ္စမရှိပါဘူး၊ ကိုယ်ကလဲကိုယ်ပဲ စပ်စပ်စုစု ပန်းတွေကို လိုက်ကြည့်နေမိတယ်"

သူ ...

ဘယ်သူလဲ ...

မာမီကြီးတို့ရဲ့ အထူးဧည့်သည်လည်းဖြစ်နိုင်သည်။ နွေတော့ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးပါဘူး။

နွေ့ထက် အသက်ကြီးမည့်လူရွယ်တစ်ယောက်။ စတိုင်လ်ပင် အနက်ရောင်နှင့် စပို့ရှပ်အဝါနုရောင်လေးကို တွဲဖက်ဝတ်ဆင်ထားပြီး ခန့်ညားချောမော ရှင်းသန့်နေကာ ဆံပင်ဖြီးသင်ထားတာကအစ လူကြီးလူကောင်း လူရည်သန့်သန့်။

ဘုရားရေ ... သူ ဘယ်သူလဲ။ မာမီကြီး ခင်ခင်ခန့်ရဲ့ အထူးဧည့်သည်သာဆိုရင် သေပြီပဲ။

"ဟော့"

"အမလေး ... "

"မင်း ... ကြောက်သွားတာလားကွ၊ ကြည့်ပါဦး ... မျက်လုံး





တွေပြူးကျယ်ဝိုင်းစက်နေပြီး မျက်ရည်တွေတောင် ပြည့်ဝိုင်းလာတယ်"

"တောင်းပန်ပါတယ်နော် ... နွေ ရှိခိုးပြီး တောင်းပန်ပါတယ် မာမီကြီးရဲ့ဧည့်သည်လား"

"မကြောက်ပါနဲ့နွေ"

"ရှင်"

"မင်းနာမည် နွေမဟုတ်လား ... မင်းစကားပြောရင် နွေ နွေလို့ ထည့်ပြောတတ်တယ်လေ"

"ဟို ... ဟိုလေ ... ကျွန်မက ... "

"မကြောက်ပါနဲ့ကွ၊ ကိုယ်က မာမီခန့်ရဲ့ မိတ်ဆွေ ဒေါ်ဆွေသီတာရဲ့သားပါ ... ဒီတိုက်ကြီးထဲမှာနေမှာလေ"

"ရှင်"

"ကိုယ်အလုပ်တာဝန်နဲ့ ပြောင်းလာတာပါ ... ကိုယ့်အလုပ်က အင်ဂျင်နီယာပါ"

"တောင်းပန်ပါတယ်ရှင် ... မာမီကြီးသိရင်တော့ နွေ့ကို ဆူတော့မှာပဲ"

"မဆူစေရပါဘူးကွ ... မင်းအပြစ်မှမရှိတာဘဲ ... ကိုယ်က စပ်စုတာလေ၊ တိုက်ကြီးထဲမဝင်သေးဘဲ ပန်းပင်တွေနားရောက်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးမျက်နှာဝင်းဝင်း တောက်တောက်လေးပေါ်က မျက်ဝန်းဝိုင်းစက်စက်လေးကို သူသဘောကျမိသွားသည်။

ဟန်ဆောင်လိမ်ညာမာယာတွေမရှိ။ ပကတိဖြူစင်စွာ အထိတ်တလန့်နှင့် နှုတ်ခမ်းထူအမ်းအမ်းလေးက တဆတ်ဆတ်တုန်ယင် ထိတ်လန့်နေ၏။

အဝတ်အစားတွေက စုတ်ပြတ်နေ၍ အိမ်ဖော် ကောင်မလေး တစ်ယောက်ဖြစ်နိုင်သည်ဟု သူတွေးမိနေသည်။

"တိုက်ထဲဝင်ပါရှင် ... တော်ကြာ မာမီကြီးထွက်လာလိမ့်မယ် ... ကျွန်မ အရိုက်ခံရလိမ့်မယ်"

"ဘာ ... မင်းကိုရိုက်တယ်"

"ဟို ... ဟို ... ဝင်ပါတော့ရှင်၊ ဒါဆို ကျွန်မသွားတော့မယ်"

"ဟော့ ... ဟာ ... ရေတွေ ပိုစိုကုန်ပါပြီ"

"အမလေး"

နွေက ရေပိုက်လေးကို ကြောက်ကြောက်လန့်လန့်နှင့် ပစ်ချမိတာ။ သူ့ဘက်သို့ ပြုတ်ကျသွားသည်။ ရေတွေက သူ့ခန္ဓာကိုယ်အနှံ့ ရေနှင့်ပက်ခံလိုက်ရသလို စိုရွှဲသွား၏။ နွေပိုပြီး အထိတ်တလန့်နှင့် ရေပန်းကိုပြန်ကောက်ယူ၍ တစ်ဖက်သို့ ပစ်ချလိုက်ရသည်။

"မင်းနာမည် ဘယ်သူလဲ"

"နွေရွက်ဝါပါ"





"မင်းအလုပ်က ... "

"နွေက ခြံစောင့်ကြီးရဲ့သမီးပါ ... အိမ်ဖော်ပါပဲ၊ ခိုင်းစရာရှိရင် ခိုင်းပါ ... မမလေး ဆောင်းသခင်ရဲ့ ဝေယျာဝစ္စတွေလည်း လုပ်ပေးရပါတယ် ... ခိုင်းစရာရှိရင် အားမနာပါနဲ့"

နွေ ထွက်သွားမယ်ပြင်တော့ သူကပိတ်ကာထားသည်။ နွေ ကြောက်လိုက်တာ။ ရင်တွေလည်း တုန်နေပြီး လဲကျသေသွားမတတ်ဘဲ။

သူက ဒီမှာနေမှာတဲ့။ နွေ အလုပ်လုပ်တာ နမော်နမဲ့နဲ့ အဖေသာသိရင် နွေ့ကိုသတ်ပစ်မှာ။ နွေ လှည့်ထွက်သွားဖို့ပဲ ပြင်လိုက်သည်။

"နွေရွက်ပါ"

"ရှင်"

"မကြောက်ပါနဲ့ကွာ ... မင်းအပြစ်မှမဟုတ်တာဘဲ၊ မင်းရေလောင်းနေတဲ့နေရာကို ကိုယ်ကရောက်လာတာပါ၊ အရမ်းကြီးကြောက်မနေပါနဲ့ ... ကိုယ်တာဝန်ယူပါတယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ"

သူမ ထွက်သွားမည်ပြင်နေတုန်း မမလေး ဆောင်းသခင်ရောက်လာသည်။ နွေ့ကိုတွေ့တော့ ဟိုလူ့မှာလည်း ရေတွေစိုရွှဲနေသဖြင့် ဒေါသထွက်သွားပြီး နွေ့ပါးကို ဖြန်းခနဲ ရိုက်ပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း"

"ဟေ့ ... ဆောင်းသခင်၊ ဘာလုပ်တာလဲ ... "

"ရိုက်တာလေ ... ဒီကောင်မလုပ်လို့ ကိုကိုအင်္ကျီတွေ ဘောင်းဘီတွေ ရေစိုသွားတာမဟုတ်လား ... ကြည့်စမ်း ... ရေပိုက်ကြီးကလဲရေတွေ ပန်းနေတယ်၊ ဟဲ့ ... နွေရွက်ဝါ၊ ရေပိုက်ကို ပိတ်လေ ... နင်လုပ်လိုက်ရင် ဒီလိုကြီးပဲ ... ရှုပ်ပလာ ရှုပ်ပလာနဲ့"

"ဆောင်း ... "

"ဘာလဲ ကိုကို"

"သူ့မှာ အပြစ်မရှိပါဘူး၊ ကိုကိုက ပန်းတွေလိုက်ကြည့်ရင်း မတော်တဆ ရေပက်မိသွားတာ ... မင်းဘာဖြစ်လို့ ရိုက်ရတာလဲ"

"ကိုကို မသိရင် အသာနေစမ်းပါ ... ဒီဟာမတွေက တစ်ခါတလေ သိသိကြီးနဲ့ဝင်လုံးတာ၊ အရေးပေးလို့မရဘူး၊ အစေအပါးဆိုတာ အစေအပါးလိုပဲ ဆက်ဆံရတယ် ... ကိုကို ဘာလုပ်နေတာလဲ တိုက်ထဲဝင်လေ ... ဟဲ့ကောင်မ ... သွားတော့"

နွေရွက်ဝါ ပြေးထွက်လာခဲ့သည်။ သူမတို့ရဲ့ အလုပ်သမားတန်းလျားလေးအဝတွင် အဖေက ရပ်နေ၏။ အဖြစ်အပျက်တွေကို အစအဆုံး မြင်တွေ့သွားပုံပင်။ အဖေ့မျက်နှာက နီမြန်းတင်းမာနေသည်။

"မမလေး ဆောင်းသခင်ရဲ့ ဧည့်သည်ကို နင်ဘာသွားလုပ်





တာလဲနွေ ... မမလေးက ရိုက်လိုက်ပြီမဟုတ်လား၊ ကောင်းတယ် ရိုက်ပစ်လိုက်တာတောင် နည်းသေးတယ် ... ငါထပ်ရိုက်လိုက်ရ"

"အဖေ"

"ဘာအဖေလဲ ... ငါအားလုံးမြင်တယ်၊ နင့်အလုပ်ကို ဘယ်လိုလုပ်နေတာလဲနွေ ... အိမ်ရှင်တွေနဲ့ ပြဿနာမဖြစ်စေနဲ့ အိမ်ရှင်တွေ ငြိုငြင်အောင်မနေနဲ့လို့ ငါပြောထားတယ်နော်"

"ဟုတ်ကဲ့ပါ အဖေ"

"သူက မာမီကြီးခနဲ့ရဲ့ အထူးဧည့်သည်ပဲ ... ငါသိထားတာက မာမီကြီးသမက်လောင်း ... မမလေး ဆောင်းသခင်နဲ့လက်ထပ်ပေးမလို့ လူချင်းရင်းနှီးအောင် ဒီတိုက်ကြီးမှာနေမှာ ... လူကြီးတွေ စီစဉ်ကြတာတဲ့ ကြားလား ... "

"ဟုတ်ကဲ့"

"ဝင်တော့ ... အလုပ်ကို ဘယ်တော့မှစေ့စေ့စပ်စပ် မလုပ်ဘူး၊ အိမ်ကြီးသခင်တွေ ကျေနပ်အောင်လုပ်စမ်း ... ငါတို့မှာ ဒီနေရာကလွဲပြီး မှီခိုရာမရှိဘူးနော် နွေရွက်ဝါ"

"ဟုတ်ကဲ့ပါ အဖေ"

"သွား ... "

အဖေက သူမအား မာန်မဲကြိမ်းမောင်းပြီး အရက်ဆက်သောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေ့ အိပ်ခန်းလေးထဲဝင်လာခဲ့၏။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ မြည့်လျှံလာသည်။ ပါးပြင်လေးပေါ်မှာ နာကျင် စပ်ဖျဉ်းနေ၏။ မမလေးဆောင်းကတော့ သူမအား အမြဲတမ်း စိတ်မထင်လျှင်မထင်သလို ရိုက်နှက်နေကြပါ။

မထူးဆန်းပေမယ့် ဟိုလူ့ရှေ့မှာ နွေ့ရှက်စိတ်တွေနှင့် မျက်နှာတွေ ထူပူလာကာ သေပစ်ချင်လောက်အောင်ပင် စိတ်ညစ်သွားရသည်။

“မွေးနေ့တစ်ရက်ထဲ အသက်အရွယ်တူတဲ့လူနှစ်ယောက် ဘဝက တကယ့်ကို ကွာခြားနေတာပဲ ... နွေ့ကံဆိုးလိုက်တာနော်၊ ဟိုဘဝက သူများကိုများ ဘာတွေမတရားလုပ်ခဲ့မိလို့လည်း မသိပါဘူး”

အဖေရော ... သူမရော ... ဆောင်းသခင်ကို မမလေးဆောင်းသခင်ဟု တရိုတသေ ခေါ်ပြောကြရသည်။ အလုပ်သမားတွေအားလုံးလည်း အသက်အရွယ်ဘယ်လောက်ပဲ ရှိနေရှိနေ မမလေးဟုပဲ ခေါ်ကြရသည်။

နွေ့ရွက်ဝါရဲ့ ကံဆိုးမှုကတော့ အဖေကိုယ်တိုင်ကပင် သူမအား မချစ်မနှစ်သက်ခြင်းပင်။

မာမီကြီးခင်ပွန်း ဒက်ဒီကြီးကြောင့် သူမ ပညာသင်ခွင့်ရခဲ့ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့တာပါ။ သူမ စာပေးစာယူတက်





နေ သည်။ ဒက်ဒီကြီးကြောင့်ပဲ။ သူမကိုတော့ ဒက်ဒီကြီးက ချစ်၏။

ဒက်ဒီကြီးရှိစဉ်တုန်းကတော့ သူမအတွက် အကာအကွယ်ရှိခဲ့ပြီး၊ အခုတော့ ... ဒက်ဒီကြီး ဆုံးသွားသဖြင့် မျက်နှာသာ နည်းနည်းလေးမှ မရတော့ပေ။

“နင့်ဘဝ ဘာဖြစ်လို့များ ဒီလောက်အထိများ ကံဆိုးနေရတာလဲ နွေ့ရွက်ဝါရယ်”

မျက်ရည်တွေက သူမမျက်ဝန်းလေးတွေထဲမှ လိမ့်ဆင်းကျလာသည်။

ရှက်လိုက်တာ ... ဘာဖြစ်လို့များ မျက်နှာတွေ ဒီလောက်အထိပူထူနေရတာလဲ။ တိုက်တိုက်ဆိုင်ဆိုင် ဒီလူကရော တိုက်ထဲဝင်မသွားဘဲနဲ့ သူမ ပန်းပင်တွေ ရေလောင်းနေတဲ့နေရာ ရောက်လာရတာလဲ။

သူမ ပါးပြင်လေးပေါ်မှာ လက်ဝါးရာထင်ကျန်ရစ်မှာ သေချာသည်။

“မင်းအပြစ်မရှိပါဘူး ... ကိုယ်ကရောက်လာတာပဲ၊ ကိုယ်တာဝန်ယူပါတယ် နွေ့ရွက်ဝါ”

ဟွန်း ... ဘာတာဝန်ယူတာလဲ။ ဆောင်းသခင်ကို သူက ဘာများတားဆီးနိုင်လို့လဲ။ အဖေကလည်း သူမအား အပြစ်တင်သေးသည်။ နွေ့ရွက်ဝါဆိုတဲ့ နာမည်နှင့်လိုက်ဖက်စွာ နွမ်းလျှညိုး



www.burmeseclassic.com

www.burmeseclassic.com



ရော်နေရ၏။ သူမမျက်ရည် ကျနေလို့ မဖြစ်ပါဘူး။

"နွေပူမ"

"ရှင်.... အဖေ"

"ငါ့အတွက် ကြက်ဥကြော်ပေးစမ်း"

"ဟုတ်ကဲ့ အဖေ"

သူမမျက်ရည်တွေကို လက်ဖဝါးလေးဖြင့် သုတ်၍ အပြင်ထွက်လာခဲ့သည်။

ဘာပဲဖြစ်ဖြစ် အဖေက အဖေပါပဲ။ နွေ စိတ်မနာပါဘူး။ အဖေ ခိုင်းစေသမျှ သူမလုပ်ဆောင်ပေးခဲ့သည်။ အဖေ့ အတွက် ကြက်ဥကို ကပျာကယာ ကြော်ပေးလိုက်ရ၏။

သူမ ငယ်စဉ်လေးက အဖေ မချစ်ခဲ့။ သူမအား တရားခံအဖြစ် အဖေ သတ်မှတ်နေတာ နွေစဉ်းစားမရ။ မမလေး ဆောင်းသခင်ကိုတော့ အဖေ ချစ်လိုက်တာ။

သူမကို ချစ်တဲ့ဒက်ဒီကြီးလည်း သေဆုံးသွားရတာ ကပင် သူမရဲ့ ကံဆိုးမှုဖြစ်နေသည်။

"အဖေ ... ကြက်ဥကြော် ရပါပြီ"

"နွေပူမ"

"ရှင်"

"ထိုင်"





"ဟုတ်ကဲ့"

အဖေ့ရှေ့မှာ ကြုံ့ကြုံ့လေးထိုင်မိသည်။

"မမလေးဆောင်းနဲ့ စေ့စပ်တော့မယ့် မိုးဝသန်ဆိုတာကို နည်းနည်းလေးမှ စိတ်ကူးမယဉ်နဲ့နော်"

"အဖေရယ် ... နွေ့အဆင့်ကို နွေသိပါတယ်၊ သူကရော နွေ့ကို စိတ်ဝင်စားမယ်တဲ့လား ... နွေက ကျွန်ပါ၊ အစေအပါးပါ အဖေ"

"သိရင်ပြီးရော ... သွား ..."

"ဟုတ်ကဲ့ ... အဖေရယ် အသက်ကြီးနေပါပြီ၊ အရက်တွေ အရမ်းမသောက်ပါနဲ့နော် ... အဖေတစ်ခုခုဖြစ်မှာ စိတ်ပူတယ်"

"ငါ့အတွက် ပူမနေနဲ့၊ နင်ပဲ ကိုယ့်ဘဝကိုယ်သိ၊ ငါအလုပ်ရှင်နဲ့ ပြဿနာအဖြစ်မခံနိုင်ဘူးနော်"

"ဟုတ်ကဲ့ပါအဖေ"

အဖေ့ရှေ့ကနေ သူမ ကြုံ့ကြုံ့လေး ထထွက်လာခဲ့သည်။ ဟိုလူနာမည်က မိုးဝသန်တဲ့။ တိုက်တိုက်ဆိုင်ဆိုင်ပင်။ သူမတို့ သုံးယောက်နာမည်က နွေမိုးဆောင်း ဖြစ်နေသည်။

ဒက်ဒီကြီး သေဆုံးသွားပြီးထဲက သူမအပေါ် ချစ်ခင်ကြင်နာမည့်သူ တစ်ယောက် တစ်လေမှ မရှိခဲ့ပေ။

ကိုမိုးဝသန်ကတော့ တယုတယ အရေးတယူနှင့် သူမအား



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုဆက်ဆံခဲ့၏။ မမ လေးဆောင်းကတော့ ဒေါသတွေ ပေါက်ကွဲနေမှာပါ။ ကိုမိုးဝသန်က သူမဘက်မှလိုက်၍ ကာကွယ်ပြောဆိုခဲ့၍ ဖြစ်သည်။

နွေတော့ ဒုက္ခပဲ ...

သူ့အကြောင်းတွေ မတွေးမိအောင် ဖျောက်ဖျက်ထားကာမှ သူ့ရဲ့ အကြင်နာမျက်ဝန်းတွေကို မေ့ပစ်မရနိုင် ဖြစ်နေရ၏။

နွေရယ် တန်ရာတန်ရာ မှန်းစမ်းပါ။ အဖေကစပြီး နင့်ကို အသေသတ်ပစ် လိုက်မှာပဲ။

သူမ စိတ်ထဲမှာ လေးလံမှိုင်းဝေနေသည်။

အခန်း ( ၂ )

"အပြစ်မရှိတဲ့ သူတစ်ယောက်ကို မင်းကိုယ်ထိလက်ရောက် ကျူးလွန်တာ ကိုကိုမကြိုက်ဘူး ဆောင်း ... မင်းနာမည်လေးက အေးမြသလောက် လူက ပူပူလောင်လောင် ကြမ်းကြမ်းတမ်းတမ်း ပဲ ..."

"ကိုကိုနော် ... ဟိုကောင်မနဲ့ ဘာသွားပြီး အရောတဝင် လုပ်တာလဲ ... အဲဒီနား ကိုကိုသွားစရာ ဘာအကြောင်းမှမရှိဘူး၊ ပြောစမ်း ... တမင်သွားရောတာ မဟုတ်လား"

"မဟုတ်ပါဘူး ဆောင်းရာ ... ပန်းတွေအရမ်းလှလို့ သွားကြည့်မိတာပါ၊ နွေကလဲ ကိုကို့ကိုမမြင်ဘူး၊ ကိုကိုကလည်းမမြင်ဘူး လေ ... မတော်တဆပါ"

"မဖြစ်နိုင်ပါဘူး ... ကိုကိုမမြင်ရင်တောင် ဟိုကောင်မ နွေပူမ ... မြင်ရမယ်၊ တမင် အကွက်ဖန်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နွေပူမ ..."

"သူ့အဖေကိုယ်တိုင်က နွေပူမလို့ခေါ်တာလေ၊ ဆောင်းတို့ဆီမှာ ဆွေစဉ်မျိုးဆက် ကျွန်ခံလာကြတာ"

"ဆောင်း ... မင်းစကားပြောတာ ယဉ်ကျေးစမ်းပါ၊ လူတစ်ဖက်သားကို ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံသင့်ဘူးထင်တယ်၊ ကိုယ့်အိမ်ကအလုပ်သမားကို ပိုပြီးတော့တောင် ညှာတာထောက်ထားရမယ်ကွ"

"ဘာဖြစ်လို့ ညှာရမှာလဲ၊ အခိုင်းအစေက အခိုင်းအစေပဲ၊ ကိုကိုအရောတဝင်သွားမလုပ်နဲ့၊ သူက ဂြိုလ်ကောင်မလေ ... သူ့အဖေကတောင် မချစ်ဘူး၊ သူ့ကြောင့် သူ့အမေသေရတာကြောင့်တဲ့ ..."

သူ ...

စိတ်မကောင်း ဖြစ်သွားရသည်။

နွေရွက်ဝါရယ် ... မင်းမျက်ဝန်းအကြည့်လေးက ညှိုးငယ်ခယနိုင်လွန်းတယ်။ သနားစရာလေးပါ။

ကိုကိုတော့ မင်းကို မေ့ပစ် လို့မရနိုင်တော့ဘူး။ နွေ့ကို သူ မေ့ပစ်၍ မရတော့။ အိမ်ဖော် ကောင်မလေးဆိုပေမယ့် အဝတ်အစားအနွမ်းအဖတ်တွေ ဝတ်ထားပေမယ့် တသွေးတမွေးလေး သန့်စင်ချောမောလွန်းနေသည်။

နွေ့ကို မေ့ပစ်၍မရ။ မိုးဝသာသန်ဘဝတစ်လျှောက်လုံး ရင်ထဲ





က နှလုံးသားတွေကို စွဲကိုင်လှုပ်ခတ်နိုင်တဲ့ ကောင်မလေးပဲ။

"ကိုကို"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲ ... နွေရွက်ဝါအကြောင်းတွေတော့ မဟုတ်ပါဘူးနော်"

ဟုတ်တယ်ဟု မိုးဖြေချင်မိသည်။ ခြံစောင့်အရက်သမားကြီးရဲ့သမီး အဖေကိုယ်တိုင်က မုန်းတီးပြီး ညှင်းပန်းနှိပ်စက်ခြင်းခံနေရတဲ့ သမီး။

နွေရွက်ဝါရဲ့ ရုပ်ပုံလွှာက မိုးရင်ကို စူးနစ်ထိမှန်သွားစေခဲ့တာတော့ အမှန်ပင်။ ထင်မှတ်မထားခဲ့တဲ့ စွဲလမ်းနှစ်သက်မှု။ သူမ ပါးပြင်ဖွေးဖွေးလေးပေါ်မှာ လက်ဝါးရာထင်ကျန်ရစ်နေသည်။

"ကိုကို တောင်းပန်ပါတယ်နွေရယ် ... မင်းနာမည်က ပူပြင်းလောင်မြိုက်နေပေမယ့် မင်းကအေးချမ်းပါတယ်၊ အပြစ်ကင်းစင်ပါတယ်"

နွေနှင့်တွေ့၍ တောင်းပန်ချင်နေသည်။

ဆောင်းကိုတော့ သူလုံးဝ မနှစ်သက်ခဲ့။ စတွေ့စဉ်မှာပင် ဆောင်းက သူ့ရင်ကို ပူပြင်းလောင်မြိုက်နေစေသကဲ့သို့ပင်။ ဆောင်းအကျင့်စရိုက်တွေက အောက်တန်းကျလွန်းသည်ဟု ထင်သည်။

"ကိုကိုနဲ့ဆောင်း ... ညစာကို အပြင်မှာထွက်စားကြမယ်၊ ကိုကို လိုအပ်တာတွေကိုလည်း လိုက်ဝယ်ကြမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အပြင်က ထမင်းဟင်းတွေ စားလို့မရဘူးဆောင်း"

"မရဘူးကွာ ... ဆောင်းက အိမ်ကထမင်းဟင်းတွေကို မကြိုက်ဘူး၊ ယိုးဒယားအစားအစာတွေပဲ ကြိုက်တယ် ... လာပါ ကိုကို့ကို တမင်ဂုဏ်ပြုပေးတာနော် ... ဆောင်းက တော်ရုံလူတွေကို စိတ်ဝင်စားတာ မဟုတ်ဘူး"

သူနှင့်ဆောင်း လက်ထပ်ရမည်ဟု မေမေက အသေအချာ ပြောပြထားခဲ့သည်။

"သားနဲ့ရင်းနှီးစေချင်တယ်၊ သံယောဇဉ်တွယ်စေချင်လို့ အတူတူနေခိုင်းတာပဲ"

မေမေ့စကားကို မိုး ပယ်ရှားခွင့်မရှိ။ မေမေ့ဆန္ဒက သူ့ဆန္ဒပဲ။

ဆောင်းသခင်နှင့် သုံးလေးကြိမ်တော့ တွေ့ဆုံခဲ့ဖူးသည်။ ဒါပေမဲ့လည်း တွေ့ဆုံမိတဲ့အကြိမ်တိုင်းမှာ သူသဘောမကျမိ။ မောက်မာလွန်းသူ ဖြစ်နေ၍ မနှစ်သက်။

မေမေကတော့ ခန့်မျက်နှာရှိနေ၍ ချမ်းသာလွန်းတဲ့ တစ်ဦးတည်းသောသမီး ဆောင်းသခင်။ ရုပ်ကတော့ သူ့ရွေးသမီး စရိုက်မရှိ။ ဝတ်စားဆင်ပြင်ဆင်မှုနှင့် ထိန်းထား၍သာ။ မိုး မကြိုက်ဆုံးက မောက်မောက်မာမာ ပြောဆိုဆက်ဆံတတ်တာပဲ။

"အပြင်ထွက်မယ်လို့ ပြောနေတယ်နော် ကိုကို ... လာပါ၊ မာမီရေ ... ဒီမှာ ကိုကိုက အပြင်မလိုက်ဘူးပြောနေတယ်"





"ဟော ... ဆောင်း၊ မင်းဘာဖြစ်လို့ အသံပြကြီးနဲ့ အော်နေရတာလဲကွ၊ လူကြီးတွေ စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်နဲ့"

"ကိုကို လာလေ ... ဘာဖြစ်လို့ပေကပ်နေရတာလဲ၊ ထဆောင်းက သွားမယ်ဆိုသွားမယ်ပဲ"

အန်တီခန့်ကိုလည်း အားနာမိသည်။

မိုးကို ငယ်ငယ်လေး ထဲကချစ်ပြီး မိုးတို့မိသားစု အခက်အခဲတွေနှင့် ရင်ဆိုင်နေရစဉ် မိုးကိုတောင် ကျောင်းဆက်မထားတဲ့အချိန်မှာ အန်တီခန့်က ငွေကြေးတွေ လိုလေသေး မရှိအောင် ထောက်ပံ့ပေးခဲ့သည်။

"ခန့်မျက်နှာက ရှိသေးတယ်သား၊ မေမေလည်း ဆောင်းအမူအကျင့်တွေကို မနှစ်သက်ပါဘူး၊ ဒါပေမဲ့ ... မေမေတို့မိသားစု ဘဝ ရပ်တည်ဖို့ ခက်ခဲနေတုန်းက ခန့်တို့ပဲ အကူအညီပေးခဲ့ကြတယ်၊ ခန့်ကိုယ်တိုင်က တောင်းဆိုတာပဲလေ ... မေမေ ဘယ်လိုမှ ငြင်းလို့မရဘူး သားရယ်"

သူနှင့်လက်ထပ်ရမှာကို ဆောင်းကိုယ်တိုင်လည်း သိနေသည်။ သူ့ကို အနိုင်ကျင့် ဗိုလ်ကျနေတဲ့ ဆောင်းသခင်ကို မိုးအမြင်ကတ်နေမိ၏။

သံယောဇဉ်တွယ်ဖို့ဆိုတာလည်း မဖြစ်နိုင်။ သူ့ရဲ့ဘဝ တစ်သက်တာ လက်တွဲဖော်အဖြစ် စိတ်ကူးလို့ပင်မရ။ အန်တီခန့်ကြောင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မလွဲသာ မရှောင်သာ၍ ဆောင်း ခေါ်ဆောင်ရာနောက်သို့ မိုး လိုက်ခဲ့ရသည်။

"ဆောင်းကလေ ... အပြင်ထွက်စားတာကို ကြိုက်တယ်၊ ဆိုင်တွေမှာက နာမည်ကျော် စားဖိုမှူးကြီးတွေ ချက်ကြတာလေ၊ အိမ်က ဒေါ်စော ဘယ်လိုမီမှာလဲ"

"ဆောင်း"

"ပြော"

"မင်းအိမ်မှုကိစ္စတွေကို စိတ်မဝင်စားဘူးလား"

"မဝင်စားဘူး၊ ဆောင်းက အိမ်ရှင်မလုပ်စရာမှ မလိုတာဘဲ၊ အစေအပါး ကျွန်တွေအများကြီး ငှားထားနိုင်တယ်လေ"

"ကျွန်ဆိုတဲ့စကားလုံးကြီးကို မသုံးစမ်းပါနဲ့ ဆောင်း ... လူလူချင်းပဲ ယဉ်ကျေးမှုရှိစမ်းပါ"

"အဆင့်အတန်းဆိုတာ ရှိတယ်လေကိုကို ... အဲဒီအိမ်ဖော် ကောင်မတွေကလေ ကိုကို အရောတဝင်လုပ်ရင် ခွင်ဖန်ပြီး ကိုကို့ကို ဆွဲစိပ်လိမ့်မယ် သိလား"

"မိန်းကလေးတိုင်း အဲဒီလိုမဟုတ်ဘူးဆောင်း ... ကဲပါ ထားလိုက်တော့ ... ကိုကိုကတော့ ယဉ်ကျေးသိမ်မွေ့မှုကို နှစ်သက်တယ်၊ မိန်းကလေးပီသတာ၊ အိမ်မှုကိစ္စတွေ နိုင်နင်းတာမျိုး ကြိုက်တယ်လေ"

"ကိုကို့ အယူအဆ အတွေးအခေါ်တွေက အရမ်းကို ခေတ်





နောက်ကျနေပြီ၊ ရွှေမင်းသမီးလေးတစ်ပါးကို ခွေးကျောင်းခိုင်းနေ တာလား၊ ဒါပဲနော် ... ဆောင်းကိုတော့ အိမ်ရှင်မဆိုတဲ့နာမည်တပ် ပြီး ခိုင်းစားဖို့ မစဉ်းစားနဲ့ ... ဆောင်း ဝါသနာမပါတာက အိမ်ရှင်မ အလုပ်ပဲ"

ဆောင်း နှုတ်ခမ်းလေး စူထော်သွားပြီး ကိုကိုမိုးရဲ့ ခေတ် မမီတော့တဲ့ အတွေးအခေါ် အယူအဆတွေကို ရိုက်ချိုးပစ်ရမည် ဖြစ်သည်။

"ကျွန်မ ဝါသနာပါတာတွေကိုလည်း ကိုကိုသိအောင် ပြော ပြထားရမယ်၊ ယမကာကို အရူးအမူးကြိုက်နှစ်သက်တာရယ်၊ ပြီး တော့လေ ... ကလပ်တက်တာပဲ"

"ဆောင်း"

"အဟင်း ... ဟင်း ဟင်း ... "

"မင်း ဘာဖြစ်လို့ ကိုယ်နဲ့လက်ထပ်မယ့် ယောကျ်ားတစ် ယောက်ကို ပေါ့ပျက်ပျက်ပြောရတာလဲ"

"ကျွန်မစရိုက်ပဲလေ ... ကိုကို့ကို ဖုန်းကွယ်မထားချင်လို့ ကျွန်မက ပွင့်လင်းတယ်"

သူမ ထွက်လာခဲ့သည်။ ကိုမိုးဝသန် ဘာတတ်နိုင်သေးလဲ။ ဆောင်းသခင်ကို ချုပ်ကိုင်ဖို့တော့ မကြိုးစားနဲ့နော်။ ဆောင်းသခင် က ကိုယ်လုပ်ချင်တာတွေလုပ်မှာ။

ခြံထဲရောက်တော့ ဦးဒေဝါဆိုတဲ့ ခြံစောင့်ကြီးက ကားကို



www.burmeseclassic.com

www.burmeseclassic.com



ရေဆေးနေသည်။

"မမလေးဆောင်း ... အပြင်ထွက်တော့မလို့လား"

"ဟုတ်တယ်"

"ပြီးပါပြီ ... အဘဒေဝါ သန့်သန့်လေး ဆေးကြောပေးထားပါတယ်"

ဦးဒေဝါဆိုတဲ့ ခြံစောင့်ကြီးကို ဆောင်းမကြိုက်ပေ။

သူမကို မြင်တိုင်း မျက်နှာကြီး ပြုံးရွှင်ပြီး အရေးတယူ အရောတဝင် လုပ်နေတတ်၍ သူမ နည်းနည်းလေးမှ သဘောမကျမိ။

ဆောင်းမျက်နှာ လေးက တင်းမာခက်ထန်နေသည်။

"ဦးဒေဝါ"

"ပြောပါ မမလေး"

"ကားကို စောစောစီးစီး ဆေးထားပါ ... ကျွန်မသွားကာနီးမှကပ်ပြီး မဆေးပါနဲ့၊ ပြီးတော့ ... ကျွန်မကိုလည်း စကားလာလာမပြောပါနဲ့"

"ဗျာ"

"ခဏခဏ ပြောနေတာ မသိဘူးလား ... ကိုယ့်အဆင့်အတန်းကို သိထားပါ"

"ဟုတ်ကဲ့ပါ မမလေးရယ် ... တောင်းပန်ပါတယ်နော်၊ နောက်မဖြစ်စေရပါဘူး"

"ရှုပ်လိုက်တာ"





မိုး အားနာမိသည်။

နွေရွက်ဝါရဲ့အဖေ ထင်တယ်။ ရုပ်ရည်ခြင်းကတော့ ဆန့်ကျင်ဘက်ပဲ။ နွေရွက်ဝါက သေသေချာချာကြည့်လေ ချစ်စရာကောင်းပြီး ချောမောလှပလေပဲ။

"သွားမယ်"

"ဆောင်း"

"ဘာလဲ ... ဒီလိုမဆက်ဆံသင့်ဘူးလို့ ကိုကိုပြောမလို့လား"

"ဟုတ်တယ် ... မင်းကလဲကွာ၊ ဟိုက စေတနာအပြည့်နဲ့ ပြောဆိုနေတာကို မညှာမတာ ပြောရက်တယ်၊ ခြံစောင့်ကြီးဆိုပေမယ့်လည်း မင်းထက် အသက်ကြီးတယ်ကွ"

"အမြင်ကတ်လို့၊ ဆောင်းကိုတွေ့တာနဲ့ မျက်နှာကြီးဖြဲပြပြီး အရောတဝင့် လိုက်စကားပြောနေတာလေ ... မုန်းလိုက်တာ ... သူ့သမီးကျတော့ အပြစ်မရှိအပြစ်ရှာပြီး မုန်းနေတယ် ... အရမ်းရိုက်တာပဲ"

နွေရွက်ဝါအတွက် မိုးစိတ်မကောင်း ဖြစ်ရသည်။ အဖေက ဘာဖြစ်လို့ မုန်းတီးနေရတာလဲ။

"မဆီမဆိုင် ... ဒက်ဒီက သူ့ကိုချစ်တယ်၊ အရေးပေးတယ်၊ ပညာလည်းသင်ပေးတယ်လေ ... ကိုယ့်သမီးကိုယ် မစောင့်ရှောက်ဘဲ ဆောင်းကိုဖားချင်တယ် ... မကြိုက်ဘူး ..."

"မင်းက သူ့ထမင်းရှင်ရဲ့သမီးလေ၊ အရှင်သခင်အနေနဲ့ လေး



www.burmeseclassic.com

www.burmeseclassic.com



လေးစားစားပြောဆိုနှုတ်ဆက်တာပါ၊ မင်းအလေးအနက်ထားသင့်တယ်"

"အလုပ်သမားတွေကို အရောတဝင် ဆက်ဆံရင် ရောင့်တက်တယ် … မာမီလည်း မကြိုက်ဘူး၊ မာမီငယ်ငယ်ကဆို အလုပ်သမားတွေဆို တွေ့ရာနဲ့ကောက်ပေါက်ပြီး ရိုက်ပစ်တာ"

အန်တီခန့်လည်း ဆောင်းနှင့်အကျင့်စရိုက်တူသည်။ မေမေကလည်း မကြိုက်။ ဆောင်းက ပို၍ပင် ဆိုးဝါးလွန်းနေ၏။

မိုး ဘာမှ ပြောမနေတော့ဘဲ ကားပေါ်တက်၍ မောင်းလာခဲ့သည်။

"ကိုကို"

"ပြော"

"ကျွန်မ … ကိုကိုနဲ့ အမြန်ဆုံးလက်ထပ်မယ်"

"လက်ထပ်ပြီးရင် … မင်းနေချင်သလိုနေလို့ မရနိုင်ဘူးဆောင်း"

"ကိုကိုက တားဆီးမှာပေါ့လေ … ဟင်း ဟင်း ဟင်း … ရယ်ရတယ်"

ဆောင်းသခင် ရယ်မောနေတာကို မိုးအထင်သေးမိနေသည်။ မိန်းမပီသခြင်းကို မနှစ်သက်တဲ့ မိန်းမပဲ။

မင်းချမ်းသာတာက ချမ်းသာတာပဲ။ ကိုယ်ကတော့ စိတ်ပျက်တယ်။ မိုးက ဆောင်းထက် အသက်သုံးနှစ်လောက်ကြီး၏။





တည်ငြိမ်မှုကို ကြိုက်သူ။ ဆောင်းနှင့်သွားလာရင်း မဆီမဆိုင် နွေ့ကို သတိရနေသည်။

"နွေ … မင်းကို တခဏလေးတွေ့ဆုံမိတာနဲ့ ကိုကို့စိတ်ထဲမှာ ရင်းနှီးကျွမ်းဝင်နေတယ်၊ သံယောဇဉ်လည်း တွယ်ငြိနေသလိုပဲကွာ"

နွေ့အတွက် စိတ်ပူမိနေသည်။ ဖခင်ကိုယ်တိုင်ကပင် နှိပ်စက်နေသည်တဲ့။ အကူအညီပေးချင်နေခဲ့၏။ မင်းမှာ ဘယ်လိုအက်အခဲတွေရှိနေလဲ။ မင်းဆန္ဒတွေကို သိချင်တယ်။

ဒါပေမဲ့လည်း သူလက်ထပ်ရမှာက ဆောင်းသခင်ပါ။

"ဒီစားသောက်ဆိုင်က အရမ်းလက်ရာကောင်းတယ်ကိုကို၊ ဆောင်း အရမ်းကြိုက်တယ်၊ ယိုးဒယားအစားအစာတွေ ကောင်းတယ်"

"ဆောင်းရာ … ကိုယ့်မြန်မာအစားအစာကိုတော့ မကြိုက်ဘူး၊ မဆီမဆိုင် ယိုးဒယား အစားအစာမှ ကြိုက်ရတယ်လို့"

"ကိုကိုရော လိုက်ကြိုက်ရမယ် … စားကြည့်လေ"

"ကိုကို မကြိုက်ဘူး … မြန်မာအစားအစာကိုပဲ ကြိုက်တာ"

"အရမ်းတုန်းတယ် … ပညာတတ်သူဋ္ဌေးသား ဖြစ်ပြီးများ"

"ကိုကိုတို့ တစ်ချိန်က ဆင်းရဲခဲ့တယ်လေ … အခုမှ ကံကောင်းပြီး ချမ်းသာလာတာပဲ … ကိုကို့ဖေဖေ အလုပ်အကိုင်ကောင်းလို့ပါ၊ ဒါပေမဲ့ … ကိုကိုကတော့ သဘာဝအတိုင်းပဲနေချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အင်းလေ ... ဆောင်းကတော့ ငယ်စဉ်လေးထဲက လိုလေသေးမရှိအောင် ချမ်းသာလာခဲ့တာပဲ၊ မင်းကြိုက်တာ စားပါ"

"ကိုကိုလည်း ကြိုက်ရမယ်၊ အဓိက ဆောင်းကြိုက်နှစ်သက်တာတွေကိုပဲ ကိုကို လိုက်ကြိုက်ရမှာနော် ... "

"အဲဒါတော့ မဖြစ်နိုင်ဘူး ... ဆောင်းနဲ့ကိုကို အကျင့်စရိုက်တွေက လုံးဝဆန့်ကျင်ဘက်လေ"

"မရဘူး ... ကိုကိုက ယောက်ျားပဲ အလျှော့ပေးရမယ်၊ ပြီးတော့ ... ဆောင်းလက်ထပ်ရမယ့် ယောက်ျားက ဆောင်းနဲ့ ဆန့်ကျင်ဘက်ကြီးဖြစ်နေတာ မကြိုက်ဘူး"

"ဒါဆို ... မင်းနဲ့ကိုကို လက်ထပ်လို့မဖြစ်ဘူးထင်တယ် ဆောင်း"

"ဘာပြောတယ်"

ဆောင်းက မျက်ဝန်းတင်းတင်းမာမာတွေနှင့် ဆတ်ခနဲ ကြည့်ပစ်သည်။

ကိုမိုးဝဿန် ဘဝမမေ့ဘူးဆိုရင် ဆောင်းသခင်နဲ့ လက်ထပ်လို့ မဖြစ်ဘူးဆိုတဲ့စကားကို မပြောနဲ့လေ။ အဲဒီလို ငြင်းပယ်နိုင်လို့လား။

"ဆောင်း"

"ဗိုက်ဆာနေပြီ၊ ထမင်းစားမယ် ... ဆောင်းစိတ်ကြိုက်ဟင်းတွေမှာမယ်၊ ကိုကိုလိုက်စားပါ ... ဒါပဲ ... "





"မင်း ... မင်း ... "

"ဘာလဲ ဆောင်းအကျင့်စရိုက်တွေကို မကြိုက်ဘူးလား၊ လက်ထပ်ဖို့ကိစ္စ ကိုကိုငြင်းလေ ရတယ် ... ဘယ်လိုလဲ ... "

ဆောင်း အကြပ်ကိုင်နေသည်။ သူ ဘယ်လိုမှမငြင်းနိုင်ဘူးဆိုတာ သိနေ၍ဖြစ်၏။ မေမေက လက်ထပ်ဖို့ အမိန့်ချမှတ်ထားပြီးသားပဲ။

"မေမေတို့မိသားစုဘဝကို ကယ်တင်ပေးထားခဲ့တာလေ၊ မေမေတို့ မေ့ပစ်လို့မရဘူးသား ... ဘဝမမေ့နဲ့နော်၊ ခန့်သမီးဆိုးတာ မေမေသိပေမယ့် သားလက်ထပ်ရမှာပဲ"

မေမေ့စကားတွေကို ပြန်ကြားလာ၍ သူ့စိတ်ကိုလျှော့ပစ်လိုက်မိသည်။

ဆောင်းကတော့ တင်းတင်းမာမာနှင့် သူ့ကို မလေးမစားဆက်ဆံနေ၏။ စိတ်ပျက်လိုက်တာ။ မိုးမကြိုက်နှစ်သက်တဲ့ အစားအစာတွေကိုပဲ ဇွတ်မှိတ်စားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

အဖေ့ကို နွေကြည့်ပြီး စိတ်မကောင်းဖြစ်နေရသည်။ ဆောင်းသခင်ကို ဖားနေတာ သိသာလွန်းနေ၏။

မျက်နှာချိုသွေးပြီး ပျာယာခတ်အောင် လုပ်ဆောင်ပေးနေသော်လည်း ဆောင်းသခင်က အဖေအရွယ်ကြီးကို မတူမတန်သလို ပြောဆိုဆက်ဆံနေခဲ့သည်။

"အဖေရယ် ဆောင်းသခင်ကိုတော့ ချစ်ခင်ပုံပဲ၊ နွေက သမီးအရင်းပါနော် ... အဖေ့ကို သနားတယ်"

အဖေ ငိုင်နေသည်။ စောစောက ကားဆေးနေတဲ့နေရာမှာ အဖေ ထိုင်နေဆဲပင်။ ဆောင်းသခင် မာန်မဲအော်ဟစ်မောင်းထုတ်နေပေမယ့် အဖေက မေ့ဈာမပျက်ခဲ့။

သူမ အလုပ်သမားတန်း လျှားလေးကနေ ကြည့်နေယင်း မျက်ရည်တွေ ဝဲလာရသည်။





"ကိုမိုးဝသန်နဲ့ဆောင်းသခင်က လိုက်ဖက်ပါတယ်၊ ကံတွေကောင်းလိုက်ကြတာနော်"

အဖေကထိုင်နေရာကနေ ထပြီး အခန်းလေးထဲဝင်လာသည်။ နွေလည်း အဖေဒေါသတွေ သူမအပေါ် ပုံကျမှာစိုးရိမ်၍ အခန်းလေးထဲကနေ ထွက်ဖို့ပြင်လိုက်၏။

ထင်ထားတဲ့အတိုင်းပဲ အဖေ့ဒေါသက နွေ့ထံ စုပုံကျရောက်လာတော့သည်။

"နွေပူမ"

"ရှင် ... အဖေ"

"နင် ဘယ်သွားမလို့လဲ"

"တိုက်ကြီးထဲမှာ သန့်ရှင်းရေးသွားလုပ်မလို့ အဖေ"

"ထိုင်ဦး"

"ရှင် ..."

"ဘာရှင်လဲ ... ငါ နရင်း တီးလိုက်ရ"

အဖေ့လက်က သူမမျက်နှာလေးပေါ် အုပ်မိုးရွယ်လိုက်၍ သူမ ကြောက်လန့်တကြား ထိုင်လိုက်သည်။

"ငါ့အချစ်ဆုံးမိန်းမ အသက်ဆုံးရှုံးရတာ နင့်ကြောင့်ပဲ"

"အဖေ"

"ဘာအဖေလဲ ... နင့်ကို ငါ့သမီးလို့ မသတ်မှတ်ဘူး၊ စော



www.burmeseclassic.com

www.burmeseclassic.com



စောက မမလေး ဆောင်းသခင်ပြောသွားတာ ကြားလား ... လုပ်စရာရှိတဲ့အလုပ်တွေကို စောစောစီးစီးလုပ်ထားရမယ်တဲ့၊ နင် ကားကို စောစောမဆေးလို့ အပြစ်တင်ခံရတာ"

"နွေဆေးမယ်ပြောတော့ အဖေက မမလေးဆောင်းတို့ထွက်လာကာနီးမှ အဖေကိုယ်တိုင်ဆေးမယ်လို့ ပြောတာပါ"

ဦးဒေဝါ ကြေကွဲလို့မဆုံးပေ။ မမလေး ဆောင်းသခင်ကို မျက်နှာလိုမျက်နှာရ လုပ်ချင်ခဲ့ပေမယ့် တစ်စက်လေးမှ မျက်နှာမရခဲ့။ မောင်းထုတ်ခံလိုက်ရသည်။

"သမီး ... ဟိုဘက်တိုက်ကြီးထဲမှာ သန့်ရှင်းရေးသွားလုပ်စရာရှိတယ် ... သမီး သွားရတော့မလား"

"သွား ... နင့်အလုပ်တွေကို သေသေချာချာလုပ်နော်၊ အရေးကြီးတာက မမလေး ဆောင်းသခင် စိတ်မပြိုငြင်စေနဲ့၊ နင် သတိထားနေ ... "

"ဟုတ်ကဲ့ပါ အဖေ"

နွေ တိုက်ကြီးဆီရောက်လာခဲ့သည်။

မာမီခန့်နှင့်တွေ့တော့ သူမအားခေါ်၍ သတိပေး စကားပြောနေ၏။ ကိုမိုးဝသန်နှင့် ပတ်သက်၍ဖြစ်သည်။

"နွေမ"

"ပြောပါ မာမီခန့် ... "





"နင်နဲ့ငါ့သမက်လောင်း မိုးဝသန် တွေ့ကြတယ်ဆို"

"ရှင်"

"နင် ပတ်ပတ်သက်သက် မလုပ်နဲ့နော်၊ ငါသတိပေးထားမယ် ... မိုးဝသန်က ငါ့သမက်လောင်း ... "

"ဟုတ်ကဲ့ ... သိပါတယ် မာမီခန့်၊ နွေနဲ့လည်း လုံးဝမပတ်သက်ကြပါဘူး ... မတော်တဆ ဆုံမိသွားတာပါ"

"နင်တို့လိုဟာမတွေက ပြောလို့ရတာမဟုတ်ဘူး၊ ကျေးဇူးလည်းကန်းတတ်ကြတယ်၊ နင့်အမေတုန်းကတောင် ငါ့ယောက်ျားကိုမြူဆွယ်လို့ နင့်အဖေနဲ့ အတင်းလက်ထပ်ပေးလိုက်ရတယ်"

အန်တီခန့်ရဲ့စကားကြောင့် နွေရှက်သွားမိသည်။ ဟုတ်လားမဟုတ်လားတော့ မသိပါဘူး။ အမေ့ရာဇဝင်က မကောင်းပါလား။ နွေ ခေါင်းကိုငုံ့ထားမိ၏။

နွေ အမေ့လိုစိတ်ဓာတ်မျိုး မရှိပါဘူး။ ကိုမိုးဝသန်နှင့် နွေဘယ်လိုမှ ပေါင်းစပ်လို့မရမှန်း နွေသိနေသည်။

"ငါ့သမက်လောင်း မိုးဝသန်ရှိနေတဲ့အချိန်တွေ နင်တိုက်ကြီးထဲ မလာရဘူး"

"ဟုတ်ကဲ့"

"နင့်ရုပ်လေးက သနားကမားနဲ့နော်၊ နင်တို့လို အိမ်ဖော်တွေက မယုံရဘူး ... အိမ်ရှင်သူဌေးတွေကို မြူဆွယ်ချင်ကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ယောက်ျားတောင် နင့်ကိုဘယ်လောက်အထိ သံယောဇဉ်တွယ်သွားလဲ ... ငါစိတ်ပူပြီး အထိန်းကောင်းလို့"

"မာမီခန့်ရယ် ... ဒက်ဒီကြီးနဲ့တော့ နွေ့ကိုစွတ်စွဲပုတ်ခတ်တာမျိုးတွေ မလုပ်ပါနဲ့၊ သားအဖသံယောဇဉ်ပါ ... "

"တိတ်စမ်း ... နင်တို့လို ကောင်မမျိုးတွေကို မယုံဘူး၊ နင့်အမေ ငယ်ငယ်ကလဲ ဒီလိုပဲ"

ဒေါ်ခင်ခင်ခန့်ပြောမယ့်သာပြောဆိုနေရတာ နွေရွက်ဝါ ရုပ်ရည်က သနားကမားလေး။ အဝတ်အစားအပြင်အဆင်ကြောင့် အိမ်ဖော်နှင့်တူနေတာပါ။

မိမိပြောပြီးတိုင်း သနားနေရသည်။ မပြောချင် မဆိုချင်။ အိမ်ဖော်ဆိုတော့လည်း အရေးပေးလို့ မဖြစ်ဘူး။

"သန့်ရှင်းရေးမြန်မြန်လုပ် ... သမီးတို့ပြန်လာရင် နင်တိုက်ထဲမဝင်နဲ့နော်"

"ဟုတ်ကဲ့"

"နင်တို့လို အတန်းအစားတွေက ရုပ်ရည်လေး သနားကမားနဲ့ အကျင့်ကိုမကောင်းဘူး၊ ကျုပ်ကမလွှဲသာလို့ သိလား ... ဟိုခြံစောင့် ညည်းအဖေ မူးကို မောင်းထုတ်ချင်နေတာ ... ကျုပ်ယောက်ျားက တာဝန်ယူခိုင်းထားလို့"

ကိုဒေဝါက မိမိတို့ဆီမှာ ဆွေစဉ်မျိုးဆက်အလုပ်သမားတွေ





အဖြစ် တာဝန်ထမ်းဆောင်လာကြ၍ သည်းခံနေရခြင်း ဖြစ်သည်။

"ညည်းတို့ သခင်မလေး ဆောင်းက မကြာခင် လက်ထပ်တော့မယ်၊ သူက ညည်းကို ဆက်မထားဘူးဆိုရင်လည်း ညည်းကို အမျိုးသမီးဂေဟာကို ပို့ပစ်ရမယ်"

"ရှင်"

"အိမ်ဖော် ငယ်ငယ်ချောချောတွေကို ... ငယ်ရွယ်တဲ့ ယောက်ျား အိမ်ရှင်တွေနဲ့ အတူတူထားလို့မဖြစ်လို့ပေါ့အေ"

"နွေ့မှာ အဲဒီလိုစိတ်ထားမျိုး မရှိပါဘူး ... ဘယ်တော့မှလဲ မဖြစ်စေရပါဘူး မာမီခန့် ... အမျိုးသမီးဂေဟာတော့ မသွားပါရစေနဲ့၊ ကျွန်မ ဒီနှစ်နောက်ဆုံးနှစ်ဖြစ်လို့ ဘွဲ့လေးတော့ ရချင်ပါတယ် မာမီခန့်ရယ် ... စာမေးပွဲဖြေပြီးတဲ့အထိတော့ နေခွင့်ပြုပါ၊ ကျွန်မ အလုပ်ရှာပါ့မယ်"

"ကျုပ်ကတော့ ဘာပဲပြောပြော ညည်းကို သံယောဇဉ်ရှိပါတယ် ... ဒါပေမဲ့အေ ... သမီးလေးဆောင်း သဘောပဲ၊ မီးဆိုတာ မလောင်ခင်က တားဆီးရမယ်ထင်တယ်"

ဒေါ်ခင်ခင်ခန့် အတိတ်ကိုသတိရသွားတော့ နွေရွက်ဝါကို မုန်းတီးမိသည်။

ဒီဟာမလေးအမေ ငွေခက မိမိခင်ပွန်းအား မြူဆွယ် ဖြားယောင်းခဲ့သည်ဟု ထင်မိ၍ ပြဿနာတွေ အကြီးအကျယ် တက်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



၏။ ငွေခက အပျို။ ရုပ်ရည်က ရွက်ကြမ်းရေကျိုဖြစ်နေပေမယ့် ကိုယ်လုံးက တောင့်တောင့်။ ခြံစောင့်ဒေဝါနှင့် အတင်းအကြပ် လက်ထပ်ပေးခဲ့သည်။

"မမခန့်ရယ် ... ငွေခ တောင်းပန်ပါတယ်၊ ခြံစောင့်နဲ့တော့ လက်မထပ်ပါရစေနဲ့၊ ယောကျ်ားလည်း မယူချင်ပါဘူး၊ အစ်ကိုကြီးနဲ့လည်း ငွေခ ဘာမှမပတ်သက်ဆက်ဆံမှု မရှိပါဘူး ... ယုံပါ"

"ဖြန်း"

"အမလေး ... ကျွန်မ တောင်းပန်ပါတယ်၊ မမခန့်ထင်သလို မဟုတ်ပါဘူး ... ယုံပေးပါနော်"

"နင် ... ဒေဝါကိုယူရမယ်၊ သူကလဲ နင့်ကိုချစ်နေတယ်၊ နင်က ဘာကိုမှန်းနေတာလဲ"

ငွေခကို ဒေဝါက ကြိုက်နေသည်။ ဒီဟာမက ငြင်းပယ်လေ မိမိက သံသယဖြစ်လေပဲ။ နောက်ဆုံး အတင်းအကြပ်လက်ထပ် ပေးလိုက်သည်။

"ခန့် ... မင်းလုပ်ချင်တာတွေလုပ်ပြီးပြီ မဟုတ်လား၊ ကိုဒေဝါနဲ့ငွေခကို ဒီမှာပဲ အလုပ်ပေးထားပါ၊ သူတို့ဘဝ ခက်ခဲသွားမယ်"

မိမိကတော့ ယောကျ်ားဆန္ဒကို မငြင်းဆန်တော့။

လူယုံတွေလည်းဖြစ်နေသည်။ အလုပ်သမားကောင်းတွေ





မရနိုင်တော့၍ မိမိခြံထဲမှာပဲ အလုပ်ပေးထားခဲ့သည်။ ဒင်းတို့ လင်မယားအား တိုက်ထဲပင် ဝင်ခွင့်မပေးခဲ့။

မိမိခင်ပွန်းကတော့ ငွေခသမီး နွေရွက်ဝါအား သံယောဇဉ်ရှိသည်။ စောင့်ရှောက်ပေးနေခဲ့၏။ မိမိနှင့်တစ်ရန်။

နွေရွက်ဝါကိုမြင်ရတိုင်း မိမိပြောဆိုနေပေမယ့် သံယောဇဉ်တွယ်နေမိ၍ ယခုအထိ ဘွဲ့လေးတစ်ခုခုရစေရန် ပညာဆက်သင်ပေးနေခဲ့သည်။

"နွေပူမကို ဒက်ဒီကလည်း အရေးပေးတယ် ... မာမီကပြော ဘာဖြစ်လို့ ကျောင်းဆက်ထားပေးနေရတာလဲ၊ ဆောင်းကတော့ မောင်းထုတ်ပစ်ချင်တယ်"

"သမီးဆောင်းရယ် ... သမီးဒက်ဒီရဲ့ ဆန္ဒပါ၊ ခြံစောင့်ဆိုတာ လူယုံမှကောင်းတာလေ ... ကိုဒေဝါက ဆွေစဉ်မျိုးဆက် ခြံစောင့်အဖြစ် တာဝန်ထမ်းဆောင်ခဲ့တာပဲ ... လူယုံတွေလေ ..."

"နွေပူမကို သမီးမုန်းတယ် ... သူ့အဖေ ဦးဒေဝါကလဲ သမီးကို မြင်ရင် မျက်နှာကြီးပြုံးဖြဲပြီး အရောတဝင်နဲ့ သမီး လုံးဝမကြိုက်ဘူး ... မောင်းထုတ်ပစ်လိုက်တာ အကောင်းဆုံးပဲ"

"ခြံစောင့်လူယုံဆိုတာ လိုအပ်တယ် သမီးရယ် ... ထားလိုက်ပါ၊ သမီးဒက်ဒီရဲ့ဆန္ဒပဲ မဟုတ်လား ... သမီးကို အရောတဝင် မလုပ်ဖို့ ကိုဒေဝါကို ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောတာပဲ ... အဲဒီဦးဒေဝါဆိုတဲ့လူကြီးက လုံးဝအမှတ် မရှိဘူး၊ သမီးကိုတွေ့တာနဲ့ ဖားတော့တာပဲ ... မျက်နှာချင်းကို မဆိုင်ချင်ပါဘူး"

သမီးဆောင်းကို တောင်းတောင်းပန်ပန်နှင့်ပဲ ခြံစောင့်ကြီး ဦးဒေဝါတို့ သားအဖအား အလုပ်မဖြုတ်ရန်ပြောထားရသည်။

ငွေခကို သတိရမိနေ၏။ ဒေဝ့်မိန်းမပါ။ နွေရွက်ဝါရဲ့အမေ။

"ရှင် ... ငွေခကို ဘာဖြစ်လို့ ဒီလောက်အရေးပေးနေရတာလဲ ကိုသော်တာ ... ရှင်တို့ ကျွန်မကွယ်ရာမှာ တိတ်တိတ်လေး ဖောက်ပြန်နေကြတယ် မဟုတ်လား"

"မင်း ... ဘယ်လိုပြောလိုက်တာလဲ ခန့် ... ဘာဖြစ်လို့များ လူတစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာကို မဆင်မခြင် ဝေဖန်စွပ်စွဲ ပုတ်ခတ်နေရတာလဲ"

ကိုသော်တာ့ ဒေါသတွေကိုတော့ ခန့် ကြောက်ရသည်။ မဟုတ်မခံ။ မာန်မာနကြီးသူပါ။

"ရှင် ငွေခဆိုရင် နည်းနည်းလေးမှ အထိမခံဘူး၊ ဆတ်ဆတ်ခါနေတာပဲ ... ဒီကောင်မမှာ ဘာများမက်မောစရာရှိလို့ ဖြစ်နေရတာလဲ ... အစေအပါးကျွန်ကိုများ"

"ခင်ခင်ခန့် ... မင်းစကားတွေက အရမ်းလွန်နေပြီနော်၊ ငါက မင်းထင်ထားသလို ကိုယ်ကျင့်တရားပျက်ပြားနေတဲ့ ကောင်





မဟုတ်ဘူးကွ ... မင်းမှာ ဘာတွေအထောက်အထားရှိလို့ စွပ်စွဲနေရတာလဲ"

"ဝုန်း"

"ဒိုင်း"

"မင်း ... မင်း ... ဆက်ပြီး စော်ကားတဲ့စကားတွေပြောနေမယ်ဆိုရင် မင်းကိုမပေါင်းတော့ဘူး၊ ကွာရှင်းကြမယ် ... ခင်ခင်ခန့်၊ ငါက မနစ်နာပေမယ့် ငွေခအတွက် ထိခိုက်နစ်နာတယ်၊ ငွေခလေးက မင်းမိဘတွေရဲ့လူယုံတော်တွေက မွေးဖွားလာတာပဲ ... မင်းက ပိုပြီးတောင် သံယောဇဉ်တွယ်သင့်တယ်"

ဒေါ်ခင်ခင်ခန့် ဆက်မပြောရဲတော့။ ကိုသော်တာကလည်း ငွေခကိုထိတာနှင့် တွေ့ရာပစ္စည်းတွေ ပေါက်ခွဲ၍ပြသနာရှာတတ်သည်။

မိမိကတော့ ငွေခကိုပဲ ကိုသော်တာ့ကွယ်ရာတွင် မဲရ၏။ ဆူပူကြိမ်းမောင်းသည်။

"နင် ... ငါ့ယောက်ျားနဲ့ကင်းကင်းနေ ... အချိုးမပြေရင် ငါမောင်းထုတ်ပစ်မှာနော် ငွေခ ... ငါ့ယောက်ျားက အရေးပေးတယ်ဆိုတိုင်း ဘဝင်လေဟတ်မနေနဲ့"

"မမခန့်ရယ် ... ကြောက်ပါတယ်၊ ကျွန်မကို အထင်မလွဲပါနဲ့နော် ... အစ်ကိုကြီးနဲ့ ရိုးရိုးသားသား ဖြူဖြူစင်စင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြူစင်တာလဲ ... နင်မျက်ရည်ခံထိုးပြီး ငါ့ယောကျ်ား အချော့ကိုခံနေတာ ငါမြင်ရတာပဲ ... နင့်လိုအတန်းအစားတွေကို ငါ့ယောကျ်ားက အတည်ကြံမယ်ထင်နေလား"

ငွေခကိုပဲ ကြိတ်ကြိတ်ပြီး ခြိမ်းခြောက်ပြောဆိုနေခဲ့သည်။

ဒေါ်ခင်ခင်ခန့် စိတ်ထဲမှာ မသင်္ကာမိတာက ငွေခသမီး နွေရွက်ဝါပဲ။ ကိုသော်တာ့သွေးလား။ ဒီဟာမလေးက ဖြူဖြူစင်စင် သန့်သန့်ချောချောလေးပါ။

"နွေ့ကို ပညာဆုံးခန်းတိုင်အောင် သင်ပေးပါ ခန့် ... မင်း စောင့်ရှောက်ပေးပါ၊ ကိုယ့်ကို ကတိပေးနိုင်မလား"

ကိုသော်တာ သွေးကင်ဆာဖြစ်ပြီး ဆုံးကာနီးအချိန်အထိ တတွတ်တွတ်ပြောနေသည်။

ဒေါ်ခင်ခင်ခန့်ကတော့ နွေရွက်ဝါအား ကိုသော်တာနှင့်ငွေခ တို့ ငြိပြီး မွေးလာတဲ့ သမီးဟုထင်မိနေ၏။ သေသေချာချာ ကြည့် လျှင် ကိုသော်တာနှင့် တူသလိုလိုပဲ။

"နင့်ကို မောင်းထုတ်ပစ်ချင်ပေမယ့် ငါချစ်ရတဲ့ယောကျ်ား ကိုသော်တာနဲ့တူနေလို့ မစွန့်ပစ်ရက်တာနော် နွေပူမ"

မိမိစိတ်ထဲမှာ မနှစ်သက်ပေမယ့်လည်း ကိုသော်တာ အတွက် အလွမ်းပြေဖြစ်နေ၍ မိမိအရင်ကလောက် မနှိပ်စက်တော့။ နွေရဲ့မျက်နှာအကျရော အရပ်အမောင်းရော ကိုသော်တာနဲ့ တော်တော်လေး ဆင်တူလွန်းနေသည်။





"ပြောတော့ ငွေခနဲ့ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းတဲ့ ... ဒင်းတို့မွေးတဲ့ကလေးက ကြီးလာလေ ကိုသော်တာနဲ့တူလေပဲ"

ဘာပဲဖြစ်ဖြစ် ကိုသော်တာ့ကို ခန့် ချစ်သည်။ မကွာရှင်းနိုင် သဖြင့် ယောကျ်ားမကျေမနပ်ဖြစ်မှာစိုးရိမ်ခဲ့မိ၏။

ငွေခကို အလိုက်အထိုက် ဆက်ဆံနေခဲ့ရသည်။

"ငါ့သမီးလေး ဆောင်းလက်ထပ်တော့မယ်၊ ငါ့လိုအဖြစ်မျိုး တွေ အဖြစ်မခံနိုင်ဘူး ... နွေရွက်ဝါကို ပြတ်ပြတ်သားသား လုပ်ပစ် ရမယ်၊ သမီးဆောင်းကိုတော့ စိတ်အထိခိုက်မခံနိုင်ဘူး ... နွေရွက် ဝါက ချောမောလာတယ် ... မောင်မိုးဝသန်က စိတ်ဝင်စားသွား နိုင်တာပဲ"

ငွေခသမီးက ငွေခလိုပဲ အကျင့်ပျက်ပြားမှာပဲ။ မိမိတောင် ဘယ်လောက်အထိ စိတ်သောကတွေ ရောက်ခဲ့ရလဲ။

နွေရွက်ဝါကိုလည်း ပညာတစ်ပိုင်းတစ်စနှင့် မောင်းမထုတ် ရက်ပေ။ မိမိတောင် တဖြည်းဖြည်း သံယောဇဉ်တွယ်လာမိသလို လိုပင်။

ဒေါ်ခင်ခင်ခန့် အတိတ်ကိုပြန်တွေးမိတော့လည်း ငွေခအား မုန်းတီးမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

"နွေရွက်ဝါ"

"အမေ့"

"ဟင်"

"အို"

သူမနောက်ဘက်ဆီမှ အသံကြောင့် အထိတ်တလန့်လှည့်ကြည့်လိုက်မိစဉ် သူမခန္ဓာကိုယ်လေး ဟန်ချက်ပျက်သွားရကာ လူတစ်ယောက်ရဲ့ရင်ခွင်ထဲသို့ ညွတ်ခွေကျသွားသည်။

"ဟင် ... ရှင် ... ရှင် ... "

"ကိုကိုပါ"

သူမ လူးလဲထပြီး ရုန်းထွက်လိုက်ပေမယ့် သူ့လက်တွေက သူမခန္ဓာကိုယ်လေးအား တင်းကြပ်စွာပွေ့ဖက်ထိန်းမတ်ထား၍ ပြန်ပြီး လဲပြိုကျမသွားခြင်း ဖြစ်သည်။

"မင်း ... အတင်းမရုန်းနဲ့လေ နွေ ... ဖြည်းဖြည်းပေါ့ကွာ"





သူမ ... စိတ်ကိုထိန်းချုပ်ပြီး ထရသည်။

ကြောက်လွန်း၍ သူမခန္ဓာကိုယ်လေး တဆတ်ဆတ်တုန်ရီနေကာ သူ့ကိုလည်း မကြည့်ရဲတော့။ ထွက်ပြေးချင်ပေမယ့် ခန္ဓာကိုယ်က လှုပ်ရှားမရ။ အသိတွေတောင် မရှိတော့ဘူးထင်တယ်။

ခေါင်းငုံ့ပြီး ကျောက်ရုပ်လေး တစ်ရုပ် ဖြစ်သွားရသည်။

"နွေ"

"ရှင် ... "

"မကြောက်ပါနဲ့ကွာ ... ကြည့်ပါဦး ... အသားတွေတောင် တဆတ်ဆတ်တုန်နေတယ်"

"ဟို ... ဟို ... ကျွန်မအနားကနေ ထွက်သွားပေးပါ ကိုမိုးဝဿန် ... မမလေးဆောင်း တွေ့သွားရင်ရော အဖေတွေ့သွားရင်ရော ကျွန်မကို သတ်ပစ်မှာ ... "

သူမ ဒေါသဖြစ်မိသည်။ ကိုမိုးဝဿန်က ဘာသဘောနဲ့ သူမအနီးအနားလာခဲ့ရတာလဲ။ မရိုးမသား ကြံစည်ဖို့လားပဲ။

အိမ်ကြီးရှင်တွေရဲ့ အရိုးစွဲနေတဲ့ အယူအဆက အိမ်ဖော်ကောင်မလေးတွေက သူဌေးယောက်ျားတွေကို မြူဆွယ်ကြသည် ဟုပင်။

သူမကတော့ ထိုကဲ့သို့ အဖြစ်မခံနိုင်။ သူမဘဝက မျက်မမြင်တစ်ယောက်လို ဘယ်လိုအရာကိုမှ မြင်နိုင်စွမ်း မရှိတဲ့ဘဝပါ။

"ကျွန်မကိုလာပြီး မပတ်သက်ပါနဲ့၊ ကျေးဇူးပြုပြီး တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်”

“ကိုကို … နွေ့ကိုသတိရနေတယ်၊ မြင်တွေ့ချင်တဲ့ဆန္ဒတွေလည်း ပြင်းပြနေတယ် … ကိုကိုခြံထဲဆင်းလာတော့ မင်းကိုတွေ့ရတယ် … ကိုကို ပျော်သွားတယ်ကွာ”

သူမလည်း အိပ်စက်လို့မရ၍ ခြံထဲမှာ အဖေမသိအောင်ဆင်းပြီး ထိုင်နေမိတာပါ။

အဖေက အရက်တွေ အလွန်အကျွံ သောက်၍ အိပ်မောကျနေပြီဖြစ်သည်။ နွေ့ဘဝက အဖေအိပ်စက်သွားတဲ့ ညအချိန်ရောက်မှ လွတ်လပ်ပေါ့ပါးခဲ့ရ၏။

ထို့ကြောင့်ပင် ညမှာ သူမခြံထဲဆင်းထိုင်ရသည်။

“ကိုကိုက ရိုးရိုးသားသားပါနွေ … မင်းကို ယုတ်မာစော်ကားဖို့ အကြံအစည် လုံးဝမရှိပါဘူး … ကိုကို့ကို ယုံကြည်ပေးပါ”

“ကျွန်မ ယုံကြည်ပါတယ်၊ ဒါပေမဲ့ … ပတ်သက်လို့တော့ လုံးဝမဖြစ်နိုင်ပါဘူး၊ လာမပတ်သက်ပါနဲ့ … နွေတို့မှာ ဒီခြံကြီးပဲ မှီခိုအားကိုးနေရတာပါ … တခြားလည်း သွားစရာမရှိပါဘူး၊ သွားခွင့်ပြုပါဦး”

“နွေ”

“ဟင်”

သူမလက်လေးကို အမှတ်မထင် စိတ်တွေပေါက်ကွဲလွင့်ထွက်၍ ဖမ်းယူဆုပ်ကိုင်မိသွားသည်။





ကိုကို သိပါတယ်။

နွေ အရမ်းထိတ်လန့်ကြောက်ရွံ့နေမယ်ဆိုတာကိုလဲလေ။

ဒါပေမဲ့ … ကိုကို့စိတ်တွေ ထိန်းချုပ်ထားလို့မရတော့ဘူး။ ကိုကို့နှလုံးသားတွေထဲမှာ အချစ်တွေ လျှင်မြန်စွာဖြစ်ထွန်းတွယ်ငြိနေတယ်။ နွေ့ကိုချစ်မိနေပြီ။

နွေ့လက်ဖျားလေးတွေက ရေခဲတုန်းထက်ပင် အေးစက်နေသည်။

မိုးမလုပ်သင့်ဘူးဆိုတာသိပေမယ့်လည်း သူမခန္ဓာကိုယ်လေးအား သူ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ထားမိနေသည်။

“အို … လွှတ်ပါ … ဘာလုပ်တာလဲ၊ ရှင်တို့လိုသူဌေးယောက်ျားတွေက ကျွန်မတို့လို အိမ်ဖော်တွေကို ယုတ်ယုတ်မာမာကြံစည်ကြပြီး နောက်ဆုံးတော့ ကျွန်မတို့က မြူဆွယ်ဖြားယောင်းတယ် ဖြစ်ရတယ် … ပြီးတော့ ခွေးမောင်းသလို မောင်းထုတ်ခံရမယ် … လွှတ်ပါ … ”

နွေကတော့ တခြားအိမ်ဖော်ကောင်မလေးတွေကဲ့သို့ လုံးဝအဖြစ်မခံနိုင်ပေ။ သူ့ရင်ခွင်ကို ခပ်ဆတ်ဆတ်တွန်းဖယ်၍ ဒေါသတကြီးလည်း ပြောဆိုတုန့်ပြန်ပစ်သည်။

မာမီခန့်စကားတွေကို ပြန်ကြားယောင်မိ၍လည်း ဒေါသတွေ ထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူက လွှတ်ပေးသည်။

"နွေ ... မင်းကို ယုတ်မာဖို့ကြံစည်တာ မဟုတ်ပါဘူး၊ ကိုကို့ စိတ်တွေ လွတ်ထွက်သွားရတာပါ ... နောက်ဆို ကိုကို ဆင်ခြင်ပါ့မယ် ... ကိုကိုနဲ့ ခဏလေး ဆက်ထိုင်ပေးပါနွေရယ်"

"မထိုင်ပေးနိုင်ပါဘူး ... ကျွန်မကိုလည်း အဲဒီလောက် အထင်မသေးပါနဲ့ ... အလွယ်တကူ ရှင်ဖြားယောင်းသွေးဆောင်တိုင်း ရမယ်ထင်မနေနဲ့နော်"

"ကောင်းပါပြီနွေရယ် ... မင်းသွားပါတော့၊ ကိုကို ဘယ်တော့မှ မင်းကို မနှောက်ယှက်တော့ပါဘူး ... ကိုကို့အပြုအမူအတွက် တောင်းပန်ပါတယ်နော် ... စိတ်မဆိုးပါနဲ့နွေ၊ မင်းကို တကယ်ပဲ သတိရမိလာလို့ ကိုကို စိတ်တွေမထိန်းချုပ်နိုင် ဖြစ်သွားရတာပါ"

သူ ...

တောင်းပန်မိသည်။

နွေကတော့ လှည့်ပင်မကြည့်။

မိုးစိတ်တွေ တကယ်ပဲနာကျင်ကြေကွဲစွာ နွေ့ရဲ့ခွင့်လွှတ်မှုကို ရယူလိုမိနေသည်။

"နွေ"

"ဖယ်ပါ"

"မင်းဆီက ခွင့်လွှတ်တယ်ဆိုတဲ့ အသံလေးကြားပါရစေကွာ





ကိုကို မှားသွားပါတယ် ... ဘာပဲဖြစ်ဖြစ် မင်းမုန်းတီးနေမှာကိုတော့ လုံးဝ လက်မခံနိုင်ဘူးကွာ"

"ကျွန်မက ကိုမိုးဝသန် ဇနီးလောင်းအိမ်က အစေအပါး ကျွန်ပါ ... မုန်းတာတွေ စိတ်ဆိုးနေတာတွေလည်း ရှိတာလည်း လုပ်ပိုင်ခွင့်မရှိတဲ့သူပါ ... နောက်ထပ်လာပြီး ပတ်သက်လာရင်တော့ မာမီခန့်နဲ့မမလေး ဆောင်းကို အသိပေး တားဆီးရပါလိမ့်မယ်"

သူမ ချာခနဲ လှည့်ထွက်လာခဲ့မိသည်။ အစေခံတန်းလျားမှာ ရှိနေတဲ့ အခန်းလေးထဲဝင်လာခဲ့၏။

အဖေက အိပ်မောကျနေဆဲပင်။ တော်ပါသေးရဲ့ ... ညက ဝိန်းဝိန်းမှောင်မိုက်နေ၍ သူမစိတ်တွေ နည်းနည်းလေး သက်သာနေရသည်။

"နွေ ... မင်းကို ယုတ်မာဖို့ ကြံစည်တာမဟုတ်ပါဘူးကွာ၊ ကိုကို့ကို ယုံကြည်ပေးပါ၊ ကိုကို့စိတ်တွေ ပေါက်ကွဲသွားလို့ပါ"

သူမ အိပ်ရာပေါ်မှာ ခန္ဓာကိုယ်လေးအား မှောက်ချပစ်မိကာ မျက်ရည်တွေ တစ်ပေါက်ပေါက်လိမ့်ဆင်းကျလာသည်။ နွေရင်တွေ နာကျင်ကြေကွဲနေရ၏။

ဘာဖြစ်လို့လဲ ... ကိုမိုးဝသန်အပေါ် နွေ မတန်မရာ မျှော်လင့် ခံစားသွားပြီလားပင် မသိတော့။ မညှာမတာ ပက်ပက်စက်စက်ပြောဆိုခဲ့မိပေမယ့် ရင်ကွဲအက် နာကျင်ခံစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘာလုပ်ရမလဲဟင် ... ရှင်က မမလေးဆောင်းနဲ့ မကြာခင် လက်ထပ်ရတော့မယ်၊ နွေပူမ နင်မတန်မရာတွေ မှန်းနေပြီထင်တယ် ... ကင်းကင်းရှင်းရှင်းနေစမ်းပါ၊ ဒီလိုလူမျိုးတွေက နင့်ကို အတည်ကြံစည်ပါ့မလားဟယ်"

သူမရင်တွေ ပူပြင်းလောင်မြိုက်နေသည်။ သူမ ငယ်စဉ် လူမှန်းသိတတ်တဲ့အချိန်ကစပြီး ဒီအသက်အရွယ်အထိ ပျော်ရွှင်ချမ်းမြေ့မှုဆိုတာ မရှိခဲ့။

မျက်ရည်တွေ၊ ရိုက်နှက်ခံရ၍ ဒဏ်ရာ ဒဏ်ချက်တွေနှင့်ပဲ ရင်ဆိုင်လာခဲ့ရသည်။

"နင်တို့လိုဟာမတွေက အိမ်ရှင်ယောကျ်ားတွေကို အပိုင်ချည်နှောင်ဖို့လောက်ပဲ စဉ်းစားနေကြတာ ... နင့်အမေလည်း ဒီလို အကျင့်စရိုက်မျိုးပဲလေ"

အမေ ...

နွေ မမြင်ဘူးခဲ့။

ဒက်ဒီကြီးနဲ့အမေ ငြိစွန်းခဲ့တာလား။ ဒက်ဒီကြီးက သူမကို ချစ်ခဲ့သည်။ ပညာတွေ တတ်အောင် မိသားစုဆန္ဒနှင့်ဆန့်ကျင်၍ သင်ပေးခဲ့၏။

နွေ မစဉ်းစားချင်။

တသိမ့်သိမ့်ကြိတ်၍ ငိုမိနေသည်။

"ကိုမိုးဝသန်ရယ် ... နွေ့မှာ အားကိုးမှီတွယ်ရာက ဒီခြံကြီး





တစ်ခုပဲ ရှိနေလို့ပါနော် ... နွေလည်းလေ ရှင့်ကိုတွေကတွေ့ခြင်းပဲ သံယောဇဉ်တွေ ငြိတွယ်ခဲ့ရပါတယ် ... ဒါပေမဲ့ ... နွေ ဘယ်တော့မှ ရှင်နဲ့ပတ်သက်ဆက်ဆံဖို့ မဖြစ်နိုင်ပါဘူး၊ အမေ့လိုလဲ ကျွန်မ နာမည်ပျက်မခံနိုင်ဘူး ... ကျွန်မဘဝကို မျိုးရိုးစဉ်ဆက် ကျွန်ဘဝက လွတ်မြောက်အောင် ကျွန်မ ကြိုးစားတည်ဆောက်မှာပါ"

သူမ ဘွဲ့တစ်ခုရရန်တော့ ဒီခြံကြီးထဲမှာပဲနေထိုင်ဖို့ ကြမ်းတမ်းခက်ထန်တဲ့ဘဝကို ငယ်စဉ်လေးထဲက ရင်ဆိုင်လာခဲ့ရ၍ မထူးဆန်းတော့ပါဘူး။

မာမီခန့်က ပညာသင်ကြားခွင့်ကိုတော့ ပေးထားခဲ့သည်။ ကျေးဇူးတင်ပါတယ်။

နွေ ရအောင်ယူမယ် ... ဘွဲ့ရပြီးတာနှင့် ဒီခြံကြီးထဲကနေ ထွက်သွားဖို့ နွေ ဆုံးဖြတ်ထား၏။ နွေ ပျော့ညံ့နေလို့ မဖြစ်ပါဘူး။ စိတ်ဓာတ်ကို ကြံ့ကြံ့ခံထားနိုင်မှ သူမ အနာဂတ်က ပြောင်းလဲပစ်နိုင်မည် ဖြစ်သည်။

"အဟွတ် ... အဟွတ် ..."

"အဟွတ် ... ဟီး ဟီး ... ဟင်း ..."

"အဖေ"

အဖေ့ဆီမှ ချောင်းဆိုးသံတွေ အဆက်မပြတ်ကြားရပြီး၊ ညည်းညူသံတွေ ကြားရ၍ သူမမျက်ရည်တွေသုတ်ပြီး အဖေ့အနား



www.burmeseclassic.com

www.burmeseclassic.com



အပြေးကလေးရောက်လာခဲ့၏။ အဖေနဖူးကို စမ်းကြည့်တော့ အဖျားတွေက တက်ပြီး ပူချစ်နေသည်။

"အဟွတ် ... ဟွတ်"

"အဟွတ်"

"ဟီး ... ဟီး ... "

"အဖေ ... အဖေ ... သတိထားပါဦး အဖေ ... အဖေ"

"ဟင်"

အဖေ့မျက်လုံးတွေက ဖြတ်ခနဲပွင့်လာသည်။

"အဖေ"

"ဟင်"

"အရမ်းဖျားနေလား ... ချောင်းတွေလည်း အရမ်းဆိုးနေတယ်"

"ရတယ် ... ငါဘာမှမဖြစ်ဘူး၊ ငါသေသွားတော့လည်း ပြီးတာပဲဟ ... "

"အဖေရယ် ... အဲဒီလိုမပြောပါနဲ့၊ အဖေမရှိရင် နွေတစ်ယောက်ထဲ ဘယ်လိုလုပ်မလဲ ... ဆေးသောက်ရအောင်နော် အဖေ"

ဦးဒေဝါ ရင်ထဲမှာ သမီးနွေအတွက် ပထမဆုံးအကြိမ် နာကျင်ကြေကွဲမှုတွေ ခံစားခဲ့ရသည်။





သမီး နွေရွက်ဝါ ...

အပြစ်မဲ့တဲ့ ကလေးပါ။ မိမိဘယ်လောက်ပဲ နှိပ်စက်နေပါစေ အဖေကို တရိုတသေနှင့် ပြုစုစောင့်ရှောက်ပေးနေခဲ့သည်။

"ထမလား အဖေ"

"ရတယ် ... အဟွတ် ... အဟွတ်"

"ဟင်း ... ဟင်း ... "

"အဖေ ကိုယ်တွေအရမ်းပူချစ်နေတာပဲ ... နွေ ရေပတ်တိုက်ပေးမယ်နော်"

ဦးဒေဝါ ထသည်။ သမီးနွေက ထူမပေးသည်။

ဒီကလေး မွေးကင်းစထဲကနေ ဒုက္ခတွေ ပင်လယ်ဝေခဲ့ရ၏။ မိမိကိုယ်တိုင်ကရော အိမ်ကြီးရှင်သခင်တွေကပါ အမျိုးမျိုးနှိပ်စက်ညှဉ်းပန်းခံရင်း ကြီးပြင်းလာခဲ့ရသည်။

"အဖေ"

"ဟင်"

"ဆန်ပြုတ်လေး သောက်မယ်နော် ... ဆေးသောက်ရအောင်ပါ"

"အင်း"

သမီးနွေက ခနောဆန်ပြုတ်ကို ပြုတ်ပေးသည်။ ဦးဒေဝါကို တရိုတသေ တိုက်နေ၏။

ဦးဒေဝါမှာ ရောဂါတစ်ခုခုတော့ ရှိနေတာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ"

"ဟင်"

"ဆေးသောက်ရအောင်နော် ... အဖျားကျဆေးနဲ့ချောင်းဆို ပျောက်ဆေးပါ"

"နွေပူမ"

"ရှင် ... အဖေ"

"အဖေ မှားသွားတယ် ... အပြစ်မရှိတဲ့ သမီးလေးကို အပြစ် ရှာပြီး အမြဲတမ်း ညည်းပန်းနှိပ်စက်နေခဲ့တယ် ... အဖေ မှားပါတယ် ကွယ်"

"အဖေ ... သမီးကို သံယောဇဉ်တွယ်လာပြီလားဟင် အဖေ့ဆီက ဒီစကားမျိုးကိုပဲ နွေကြားချင်မိတာပါ။ အဖေ မမှားပါ ဘူး။ အရင်လိုပဲ နွေပူမလို့ပဲခေါ်ပါ အဖေ ... နွေကတော့လေ အဖေ ကို ပျော်ရွှင်စေချင်တယ် ... လောကကြီးထဲမှာ အဖေနဲ့သမီး နှစ် ယောက်ထဲပဲ သံယောဇဉ် တွယ်စရာရှိကြတာပါ ... အဖေ့ကိုချစ် တယ်"

"နွေပူမရယ်"

ဦးဒေဝါ ဖြေလို့မရအောင်ပင် နွေအတွက် နာကျင်ကြေကွဲ သွားရသည်။

မိမိ ဘယ်လောက်ပဲ အပြစ်မရှိအပြစ်ရှာ၍ နှိပ်စက်နေပါစေ သမီးနွေက မေတ္တာမပျက်ခဲ့။ မိမိခိုင်းစေသမျှ မညည်းမညူ လုပ်





ဆောင်ပေးနေခဲ့၏။

မိမိကိုယ်တိုင်က သမီးနွေကို အစုတ်အပြတ်တွေ ဝတ်ဆင် စေပြီး ငယ်စဉ်လေးထဲက မဲမဲပေပေရေရေ ညစ်ညစ်ပတ်ပတ် ထား ခဲ့သည်။

"သမီးကို အဖေချစ်တယ်ဆိုရင်ပဲ နွေ ကျေနပ်ပါပြီ ... နွေ အမျှော်လင့်အတမ်းတဆုံးက အဖေရဲ့မေတ္တာတွေပါ ... သမီးကြိုး စားမှာပါ။ အဖေ နေကောင်းအောင် နေပေးပါနော်"

"အင်းပါကွယ်"

အဖေ့ဆီက နောင်တစကားတွေနှင့် သံယောဇဉ်စကားတွေ ကြားရ၍ နွေ ဘယ်လိုမှဖော်ပြလို့မရအောင်ပင် အပျော်ကြီးပျော်ရွှင် မိနေသည်။

စောစောက နာကျင်ငိုကြွေးခဲ့ရတာတွေပင် ပျောက်ပြီး အပျော်တွေ ဖုံးလွှမ်းသွားခဲ့ရသည်။

နွေ အမြဲတမ်း လိုလားတောင်းတနေခဲ့တာပါ။ အဖေ ဘယ် လောက်ပဲဆူပူကြိမ်းမောင်းပြောဆိုနေပါစေ အဖေ ... အဖေနှင့် သမီး ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ်လေး နေထိုင်လိုခဲ့မိသည်။

"အဖေ ... ပြန်အိပ်လိုက်တော့နော် ... အနားယူလိုက်၊ နွေ ထိုင်စောင့်နေပေးပါ့မယ်"

"သမီး နွေ ..."



www.burmeseclassic.com

www.burmeseclassic.com



"နွေပူမလို့ပဲခေါ်ပါ အဖေ"

"မခေါ်တော့ပါဘူးကွယ် … အဖေ အကြီးအကျယ် နောင်တတွေရနေပါပြီ၊ နောက် … ဘယ်တော့မှ သမီးစိတ်သောက မရောက်စေရပါဘူး၊ အဖေ အရက်လည်း ဖြတ်မယ် … "

"အရက်ကိုတော့ ရုတ်တရက်ကြီး မဖြတ်လိုက်ပါနဲ့အဖေရယ် နည်းနည်းလေး မျှင်းပြီးသောက်ပါဦးနော် … အားအင်တွေပြည့်မှ ဖြတ်ပါ"

သမီးနွေ … လိမ်မာလွန်းတယ်။ အဖေကိုလည်း ရိုသေ ကြင်နာပြုစုသည်။ မိမိအမှားတွေပဲ။

ဆေးသောက်လိုက်၍ နည်းနည်းလေး နေသာထိုင်သာ ရှိသွား၏။ ရင်ဘတ်ကလဲ အောင့်နေတယ်။

"အဖေ … အိပ်တော့နော် … သမီး နှိပ်ပေးမယ်၊ အဖေ့ဆီက သမီးအလိုချင်ဆုံး မေတ္တာတွေရလို့ သမီးဘဝပြည့်စုံသွားပါပြီ၊ အဖေရောဂါတွေ မဖြစ်ပါနဲ့၊ သမီးတစ်ယောက်ထဲတော့ လုံးဝထားခဲ့လို့ မဖြစ်ဘူး"

"သမီးနွေရယ်"

ဦးဒေဝါ ရင်ထဲမှာ သမီးနွေအပေါ် တာဝန်မဲ့စွာရက်စက်ခဲ့တာကို နောင်တတွေ ရနေမိသည်။ မိမိ ဘယ်လောက်ပဲ နှိပ်စက်နေပါစေ အဖေ့ကို ချစ်လွန်းတဲ့သမီးလေးပါ။





မိမိကျန်းမာရေး ထိခိုက်လာပြီဖြစ်သဖြင့် သမီးနွေအတွက် စိတ်မကောင်းတွေ ဖြစ်လာခဲ့ရသည်။

"အဖေ မှားပါတယ် နွေရယ် … လူမဆန်တဲ့အဖေပါ၊ အဖေ့ အပြစ်တွေကို ဘယ်လိုတောင် ဆေးကြောပစ်ရမလဲ မသိတော့ဘူး"

အတိတ်ကို မတွေးချင်။

မိမိမျက်ဝန်းတွေကို မှိတ်ထားပြီး ငြိမ်သက်နေ၍ သမီးနွေက စောင်လေးခြုံပေးကာ တိတ်တိတ်လေး ပြန်ထွက်သွားသည်။

ဖခင်ကို ရိုသေလွန်းတဲ့သမီး။ ဦးဒေဝါ ဘယ်တုန်းကမှ ဖြစ်ပေါ် မလာခဲ့ဘူးတဲ့ ကြေကွဲမှုတွေ ခံစားလာရကာ နောင်တတွေနှင့် မျက်ရည်တွေပါ ကျလာရ၏။

နွေရှက်ဝါလေးအပေါ် မိမိတို့ လင်မယားရဲ့ ပြုမူလုပ်ဆောင်ချက်တွေက လူမဆန်စွာ ရက်စက်နေခဲ့သည်။

အတိတ်အကြောင်းတွေကို မေ့ပစ်ထားခဲ့တာ ကြာပါပြီ။ ဒီညမှ ထူးထူးခြားခြား ပြန်သတိရ တွေးမိလာရ၏။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်က ဦးဒေဝါတို့ ဇနီး မောင်နှံ အိမ်ရှင်သခင်မကြီး ဒေါ်ခင်ခင်ခနဲ့ကို မကျေနပ်လွန်း၍ ရက်စက်ယုတ်မာစွာဖြင့် အကြံအစည်တစ်ခုကို ဝိဝိရိရိ ကြံစည်ခဲ့ကြတာကို ပြန်ပြောင်း၍ အမှတ်ရလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

"ငွေခကို နင်လက်ထပ်ရမယ် ဒေဝါ ... နင်လည်း ငွေခကို နှစ်သက်နေတာ မဟုတ်လား"

"ဟုတ်ကဲ့ နှစ်သက်ပါတယ် ... ငွေခက ချစ်ပါ့မလား၊ ကျွန်တော် မပြောရဲပါဘူး မမခန့်ရယ် ... "

"ငါပြောပေးမယ် ... နင်ဘာမှမပူနဲ့၊ အရေးကြီးတာက နင်ယူဖို့ပဲ"

"ယူချင်ပါတယ် ... ကျွန်တော် နှစ်သက်ပါတယ်မမခန့်"

"ပြီးရော ... ငါစီစဉ်ပေးမယ်"

ဒေဝါ ပျော်သွားသည်။

ဒေဝါနဲ့ငွေခတို့က ခြံကြီးထဲမှာအတူ တူကြီးပြင်းလာကြတဲ့ သူတွေပါ။ ဒါပေမဲ့ ... ငွေခက ဒေဝါ့ကို မနှစ်သက်။

သူက ရုပ်ဆိုးတာကိုး။ မမခန့်က လက်ထပ်ပေးဖို့ပြောလာ





တော့ ဒေဝါ ပျော်ရသည်။

"တစ်ပတ်အတွင်း လက်ထပ်ရမယ် ... မမခန့် အားလုံးစီစဉ်ပေးမယ်"

မမခန့်က လက်ထပ်ပြီးတာ တစ်နှစ်လောက်ရှိနေပါပြီ။

မိဘတွေလည်း ငယ်ငယ်ရွယ်ရွယ်နှင့်ဆုံးပါးသွားတော့ မမခန့်ကပဲ အမွေခံသမီးအဖြစ် တစ်ဦးတည်း အမွေတွေရခဲ့သည်။ ဒေဝါတို့ အလုပ်သမားတွေကိုလည်း မိဘလက်ထက်ကအတိုင်း လူယုံတွေအဖြစ် ဆက်ခံထားခဲ့၏။

ဒေဝါက မိဘမဲ့ပဲ။ ငွေခမှာ အမေရှိသေးသည်။

မမခန့်က ရုတ်တရက်ကြီးထပြီး ငွေခနှင့်လက်ထပ်ပေးဖို့ စီစဉ်တော့ ငွေခက ငြင်းပယ်ခဲ့၏။ ကိုဒေဝါ့ကို မချစ်ဘူးတဲ့။

မမခန့်က သူ့သဘောနှင့် ငွေခကို အတင်းအကြပ် လက်ထပ်စေခဲ့သည်။

"ငွေခနဲ့ သူ့ယောက်ျားငြိလို့ မင်းကိုနွားမရှံ့ပိတ် လှည်းကြီးထမ်းခိုင်းတာပဲ ဒေဝါ ..."

ထိုသတင်းကိုကြားရတာက သူနှင့်ငွေခ မင်္ဂလာဆွမ်းကျွေးအပြီးမှာဖြစ်သည်။

ဒေဝါစိတ်တွေ တုန်လှုပ်ခြောက်ခြားသွားရကာ ဒေါသတွေလည်း ဖြစ်ရ၏။ ငွေခကိုလည်း မသဒ္ဒါတော့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မိမိလည်း ငြင်းပိုင်ခွင့်မရှိခဲ့။ နေစရာမှ မရှိတာ။

"ငွေခ"

"ရှင်"

"နင်က ငါ့ကိုလက်ထပ်ဖို့ငြင်းတာ ဘာကြောင့်လဲ … ပြောစမ်းပါ … ဘဝတူချင်း မတန်ဘူးထင်နေလို့လားဟ"

"မဟုတ်ပါဘူး ကိုဒေဝါရယ် … ကျွန်မက အိမ်ထောင်မပြုဘူးလို့ ဆုံးဖြတ်ထားပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်မတို့ သားစဉ်မြေးဆက် ကျွန်ခံနေရတဲ့ အစဉ်အလာကို ပျောက်ပျက်သွားစေချင်လို့ပါ"

"ဘာပြောတယ် … နင်က ငါ့ကိုတော့ ကျွန်မျိုးဆက်ပြန့်ပွားမှာစိုးလို့ လက်မထပ်ဘူးဆိုတော့ သူဌေးကို မုန်းနေတာလား"

"မဟုတ်တာတော် … သူဌေးကို ဘာဖြစ်လို့မုန်းရမှာလဲ၊ ငွေခမှာ ဒီလိုအောက်တန်းကျတဲ့စိတ်ဓာတ်တွေ မရှိပါဘူးတော်၊ မမခန့်က ထင်နေတာပါ … ကျုပ်နဲ့အစ်ကိုကြီး ဘာမှပတ်သက်မှု မရှိပါဘူး ယုံပါ … "

အစ်ကိုကြီးက သဘောကောင်းပြီး ရိုးသားသူဖြစ်သည်။ ဒေဝါတို့ အလုပ်သမားတွေအပေါ် ကောင်းတတ်၏။

ဒေဝါ သိပါတယ်။

လွန်ခဲ့တဲ့တစ်ပတ်က ငွေခ အရိုက်ခံရသည်။





"ညည်းကိုမယုံဘူး၊ ပိုင်းလုံးမ … ညည်းကို ကျုပ်မောင်း ထုတ်ပစ်ချင်တာဟဲ့ … ငါ့ယောက်ျားက တားဆီးနေလို့"

ငွေခက သူမကိုယုံကြည်ဖို့ သက်သေပြခဲ့သည်။ ဒေဝါနှင့် မင်္ဂလာဦးညမှာပင် ငွေခ အပျိုစင်လေးဖြစ်ကြောင်း ဒေဝါ ယုံကြည်သွားခဲ့ရ၏။

ရိုးသားသူကို အိမ်ကြီးရှင်က အထင်သေးပြီး စွပ်စွဲပုတ်ခတ်နေတာလည်း ဒေဝါက အလုပ်သမားဘဝတူချင်း နာမိသည်။

"ငွေခ … နင်ရိုးသားတယ်ဆိုတာ ငါသိပါတယ်၊ နင်စိတ်ဆင်းရဲမနေနဲ့တော့နော်"

"ကျုပ်လေ … သားသမီး မမွေးချင်ပါဘူးတော် … ဆွေစဉ်မျိုးဆက် ကျွန်ဘဝရောက်ရတာ လွတ်မြောက်ချင်လို့ပါ၊ ဒီခြံကြီးက နေ ထွက်သွားပြီး ကျုပ်တို့တခြားအလုပ် ထွက်လုပ်ကြရအောင်ပါ"

"ကောင်းတယ် ငွေခ … ငါလည်း ဒီခြံကြီးထဲမှာ ဆက်မလုပ်ချင်တော့ဘူး၊ ထွက်ဖို့ ကြိုးစားကြမယ်"

မထင်မှတ်ဘဲနှင့် မမခန့်နှင့်ငွေခတို့ ပြိုင်တူကိုယ်ဝန်ရှိခဲ့ကြသည်။

ဗိုက်ကြီးတကားကားနှင့် ငွေခကိုပင် မမခန့်က မညှာမတာ အကြမ်းတွေ စေခိုင်းပြီး နှိမ်ချဆက်ဆံနေတာကို ဒေဝါ မကျေနပ်။ ဒေါသဖြစ်ရ၏။

ငွေခကိုယ်ဝန်ရှိနေ၍ အလုပ်ထွက်ဖို့ကလည်း မဖြစ်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



မမခန့်ရဲ့ နှိမ်ချပြောဆိုနေတဲ့စကားတွေထဲမှာ ကျွန်ဆိုတာကြီးက နေ့စဉ်မကြားချင်မှအဆုံး ဖြစ်နေခဲ့ရသည်။

"ငါတို့မွေးတာ ယောက်ျားလေးပဲဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ်ကွာ မမခန့်မွေးတာနဲ့ တူလို့ကတော့ ကလေးချင်း လဲပစ်မယ်"

"ကိုဒေဝါ ... ရှင် ... ရှင် ဘာတွေလုပ်မလို့လဲ၊ မကြံကောင်း မစည်ရာရှင် ..."

"ငွေခပဲ တို့သားသမီးကို ကျွန်ဘဝက လွတ်မြောက်စေချင်တယ်ဆိုကွ"

"ကျုပ်ပြောတာက ..."

"ဘာမှပြောမနေနဲ့ ... မင်းပါးစပ်ပိတ်ထား၊ ငါလုပ်ပြမယ် တို့ကို ကျွန်တွေလိုသဘောထားပြီး နှိမ်ချင်တိုင်းနှိမ်နေတဲ့ မမခန့် တွေ့ကြသေးတာပေါ့ကွာ"

ကိုဒေဝါ ကြိမ်းမောင်းနေရင်း ကံကောင်းချင်တော့ မမခန့် နှင့်ငွေခတို့က တစ်ရက်တည်းမှာပင် သမီးလေးတွေ မွေးခဲ့ကြသည်။

မမခန့်က အထူးကုဆေးရုံကြီးမှာ။

ငွေခက အလုပ်သမားတန်းလျားလေးထဲမှာ အရပ်လက်သယ်နှင့် မွေးခဲ့ရ၏။

ဒေဝါ ကံကောင်းတာလား။ မမခန့် ဆေးရုံကဆင်းလာတော့ မမခန့်တို့ကလေးက သူတို့ကလေးလိုပဲ နီသလိုလို ညိုသလိုလို ဖြစ်သွားသည်။





"ငွေခ ... ငါကလေးချင်း လဲခဲ့ပြီ"

"ဟင်"

"ငါကြိုတင်ကြံစည်ထားတာလေ၊ မမခန့် သမီးလေးမှာ အသုံးပြုတတ်တဲ့စောင်ကို ငါခိုးထားခဲ့တာ၊ အံကိုက်ပဲဟ ... မမခန့် က ကျန်းမာရေးမကောင်းတော့ ကလေးကို သေသေချာချာကြည့် မထားနိုင်ဘူးလေ၊ အိမ်ဖော်မကြီးနဲ့ပဲ ထားရတာ၊ လစ်တာနဲ့ငါ ကလေးချင်း လဲထားခဲ့တယ်"

"အမလေး ကိုဒေဝါရယ် ... ကျွန်မတော့ ရင်ကျိုးပါပြီ၊ ကျွန်မ အမုန်းဆုံးမိန်းမတစ်ယောက်ရဲ့သွေးကိုမှ ကျွန်မသမီးအဖြစ် မွေးရမှာလားဟင်"

"ငွေခ ... နင်ဘာတွေပြောနေတာလဲ ... တို့သမီးလေး သူဌေးသမီးလေး ဖြစ်သွားပြီကွ ... မောက်မာလွန်းတဲ့ မမခန့်သမီး ကို မင်းအညှိုးနဲ့ နှိပ်စက်စမ်း ... သူ့သမီးကို သူကိုယ်တိုင် ကျွန်လို့ ပြောပါစေ"

"သူတို့သိသွားရင် ခက်မယ် ... ကျုပ်တော့ ရင်တွေအရမ်း တုန်နေပြီ၊ အဆင်ပြေပါ့မလားတော်"

"ဘာမှမပူနဲ့ငွေခ ... ကြည့်စမ်း ... မမခန့်က ကျန်းမာရေး မကောင်းဘူးကွ၊ ကလေးက မဲမဲလေးပဲ ... တို့သမီးနဲ့ ဘာမှသိပ် မကွာခြားပါဘူး၊ ငါ ပိပိရိရိလုပ်ခဲ့တာပါ ... အားလုံးလည်း မမခန့်



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးဂရုစိုက်နေရလို့ ကလေးကို သေသေချာချာတောင် ဂရုမစိုက်နိုင်ဘူး ... စိတ်ချမ်းစမ်းပါကွ ဒေဝါပါ ...”

ငွေခလည်း စိတ်ထိခိုက်ကြေကွဲနေရတာ၊ ကြောက်စိတ်စိုးရွံ့စိတ်တွေနှင့် မီးတွင်းထဲမှာပင် ဆုံးသွားသည်။

ဒေဝါ ကလေးကို အပြင်မထုတ်တော့။

တဖြည်းဖြည်းနှင့် ကလေးက ဖြူဖြူဝင်းဝင်း အိအိလေး ဖြစ်လာလေရာ အစေခံတန်းလျားလေးထဲမှာပဲ ထားပြီး ညစ်ညစ် ပတ်ပတ် ပေပေတေတေ ထားခဲ့၏။

နာမည်လေးကိုလည်း ပူပူလောင်လောင် ညှိုးညှိုးနွမ်းနွမ်း ဖြစ်နေစေရန် နွေရွက်ဝါဟု ပေးထားခဲ့သည်။

ကလေးငိုလျှင်လည်း ဒီအတိုင်းပစ်ထား၍ ကလေးက သူ့ဟာသူ နေတတ်နေ၏။

ငွေခ သေကော့ မိမိလည်း တစ်ယောက်ထဲ အထီးကျန်ခဲ့ပြီး အရက်သမားကြီး လုံးလုံး ဖြစ်သွားရတော့သည်။

“ဟဲ့ ... ကျွန်မလေး ညစ်ပတ်နေတာပဲ၊ ကျက်သရေကို မရှိဘူး ... ဒေဝါ ... နင့်ကလေးကို အစေခံတန်းလျားမှာပဲ ထား၊ ငါကလည်း နင့်မိန်းမနဲ့မှ အတူတူမွေးရတယ်လို့”

မမခန့်ကိုယ်တိုင်က သူ့သမီးကို ကျွန်မလေးဟုခေါ်ဝေါ်သုံးစွဲနေတာ ဒေဝါ သဘောကျ နှစ်သက်မိသည်။





မိမိတို့သမီးလေးက တသွေးတမွေးနှင့် မိမိတို့ရုပ်ရည်နှင့် မတူတော့ဘဲ ရွှေမင်းသမီးလေးအဖြစ် လိုလေသေးမရှိအောင် ပြည့်စုံစွာ ကြီးပြင်းနေခဲ့သည်။

“သမီးလေးဆောင်း ... ဦးဒေဝါကို မြင်းလုပ်စီးမလား၊ ခြံကြီးတစ်ပတ် ပြေးမယ်လေ”

“ကျွန်မကို သမီးလို့ မခေါ်ပါနဲ့ မကြိုက်ဘူး ... ကျွန်မမှာ စီးစရာကား အကောင်းစားတွေ အများကြီးရှိတယ်၊ ဦးဒေဝါကို မြင်းလုပ်စီးစရာလား၊ အခိုင်းအစေက အခိုင်းအစေလိုနေပါ”

သမီးလေး ခြောက်နှစ်အရွယ်မှာပင် မိမိကို မျက်နှာကျော တင်းတင်းနှင့်စူဆောင့်ပြောဆိုခဲ့သည်။

တဖြည်းဖြည်း အရွယ်ရောက်လာတော့လည်း မိမိတို့ကို အဖက်မတန်သလိုလို အနားကပ်တာနှင့် အော်ဟစ်မောင်းထုတ်တတ်သည်။

“အေးပါကွယ် ... အဖေကတော့ ဘယ်ဘဝပဲနေရ နေရ သမီးလေး ကောင်းစားမယ်ဆိုရင် အဖေ ကျေနပ်ပါပြီကွယ် ...”

ဦးဒေဝါ အဝေးကပဲ ချစ်ခွင့် ပီတိဖြစ်ခွင့်ရခဲ့သည်။

မိမိတို့ မွေးခဲ့တဲ့ နွေရွက်ဝါကို မမခန့်နှင့်တိုက်ကြီးထဲမှာ ရှိကြတဲ့လူတွေအားလုံးက သူဌေးနှင့်ငြိစွန်းတဲ့ ကိုယ်ဝန်ဟုပဲ ထင်နေကြ၍ ပြဿနာ မဖြစ်ခဲ့။

မမခန့်က ပို၍နှိမ်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေဝါ … မင်းသမီးက ဖြူဖြူသန့်သန့်လေးဖြစ်နေပြီ၊ ငါနဲ့ ဆင်ဆင်တူနေတာ သံသယမရှိနဲ့ကွ၊ ငွေခနဲ့အစ်ကိုကြီးတို့က ဖြူစင် ပါတယ်ကွာ … မင်းယုံလား၊ ဒါပေမဲ့ … နွေလေးကိုတော့ ငါ ထောက်ပံ့ထားချင်တယ်၊ ပညာတတ်လေးတစ်ယောက် ဖြစ်စေချင် လို့ပါ"

အစ်ကိုကြီးက စောင့်ရှောက်လေ မမခန့်က အထင်လွဲလေ ပဲ။ အစ်ကိုကြီးသမီးဟုပင် ထင်ယောင်ထင်မှား ဖြစ်နေသည်။

"ဒေဝါ … နင့်သမီးကို ငါ့တိုက်ကြီးထဲ သန့်ရှင်းရေးအဖြစ် ထားလိုက်၊ ပညာသင်ခွင့်တော့ ငါဆက်ထားပေးမယ်"

မမခန့်စိတ်ထဲမှာ အစ်ကိုကြီးသမီးဟုပင် ထင်မှတ်နေ၍ အစ်ကိုကြီး မှာကြားထားခဲ့တဲ့စကားအတိုင်းပင် ပညာဆက်သင် ခွင့်တော့ ပေးထားခဲ့သည်။

ဦးဒေဝါ အတိတ်ကိုပြန်တွေးမိလာသဖြင့် မိမိလုပ်ရပ်အတွက် ရှက်ကြောက်ထိတ်လန့်လာရ၏။

နွေရွက်ဝါလေးကို အပြစ်မဲ့စွာ မိမိ အညိုးနှင့်နှိပ်စက်နေခဲ့ သည်။

"တကယ်တော့ သမီးလေး နွေရွက်ဝါက သူဌေးသမီးလေး ပါ၊ အဖေ လဲထားခဲ့တယ်လေ … "

သမီး နွေရွက်ဝါက မိမိကိုချစ်ခင်လေးစားသည်။ အဖေ ခိုင်း စေသမျှ မညည်းမညူပင် လုပ်ဆောင်ပေးတတ်၏။ ဆောင်းသခင်





နှင့် လုံးဝဆန့်ကျင်ဘက်။

မမခန့် ဘယ်လောက်ပဲ နှိပ်စက်နှိပ်စက် ပြောဆိုနေပါစေ စိတ်မဆိုးခဲ့၊ ရိုသေလေးစားသည်။

"အဖေ မှားပါတယ် သမီးနွေရယ် … အသက်ကြီးမှ အဖေ နောင်တတွေ ရခဲ့တာပါ၊ အရမ်းမှားသွားပြီ … အဖေတို့မိဘတွေ လက်ထက်က အိမ်ရှင်သခင်တွေအပေါ် သစ္စာရှိခဲ့ကြတယ်၊ အဖေ ကျေးဇူးကန်းခဲ့တာပဲ"

အဖြစ်မှန်တွေကို ဖွင့်ပြောဖို့ကြံတော့လည်း မိမိသမီး ဆောင်းသခင် ဘဝပျက်စီးရမည်ဖြစ်သည်။ မိဘတစ်ယောက်အနေ နှင့် မကြည့်ရက်။ ဖွင့်ပြောပြလို့ မဖြစ်သေးပါဘူး။ အရာရာနေသား ကျနေပြီပဲ။

"အဟွတ် … ဟွတ် … "

"အဟွတ်"

"အမလေး … ရင်ဘတ်ထဲက အောင့်လာတယ်၊ ချောင်းတွေ ကလည်း အရမ်းဆိုးနေတော့ အဆုတ်မကောင်းတော့ဘူးထင် တယ်"

"အဟွတ်"

"အဟွတ် … အဟွတ် … "

"အဖေ … ချောင်းတွေအရမ်းဆိုးနေတာပဲ၊ အိပ်လို့မရဘူး



www.burmeseclassic.com

www.burmeseclassic.com



လားဟင်"

သမီးနွေက မိမိအနားသို့ အလျင်အမြန်ရောက်လာကာ မိမိကို နှိပ်နယ်ပေးနေသည်။ မျက်နှာလေးကလည်း စိုးရိမ်ထိတ်လန့်မှုတွေနှင့် စိတ်ပူပင်နေပုံပင်။

"အဖေရဲ့ ယုတ်မာကောက်ကျစ်တဲ့လုပ်ရပ်တွေကို သမီးနွေသိသွားရင် အဖေ့အတွက် ဒီလိုစိတ်ပူနေပါတော့မလား ... ရွံရှာမုန်းတီးနေမှာပါ"

မိမိစိတ်တွေ မလုံမလဲနှင့် သမီးနွေကိုပင် မျက်နှာချင်းဆိုင်နေရတာ ရှက်ရွံ့လာရသည်။

"အဖေ"

"ဟင်"

"မနက်ဖြန် ဆေးခန်းသွားရမယ်နော်၊ သမီးမှာ စုဆောင်းထားတဲ့ ပိုက်ဆံတွေရှိပါတယ် ... အဖေ မပူပါနဲ့နော်"

"အဖေ ... ဘာမှမဖြစ်ပါဘူး သမီးနွေ ... မစိုးရိမ်ပါနဲ့ကွယ် အဖေ ဆေးခန်းပြလောက်အောင် ရောဂါမရှိပါဘူး"

ဦးဒေဝါ မျက်ရည်တွေပင် ဝဲလာသည်။

သမီးလေးကျွန်ခံလို့ ရထားတဲ့ ပိုက်ဆံတွေကို အဖေ မဖြုန်းသုံးရက်တော့ပါဘူး။ သမီးနွေ ရှေ့ရေးရှိသေးတာပဲ။

ငယ်စဉ်လေးထဲက မိမိခိုင်းစားလာခဲ့သည်။

"သမီးလုပ်အားနဲ့ရလာတဲ့ ပိုက်ဆံနဲ့အဖေ့ကို ဆေးကုပေးပါ





ရစေနော် ... အဖေ လက်ခံပါ၊ နွေလေ အဖေတစ်ခုခု ဆိုးပါးသွားမလားဆိုပြီး အမြဲတမ်းစိုးရိမ်နေရတာပါ ... အဖေ အရက်တွေ အရမ်းသောက်လေ နွေစိတ်ပူရလေပဲ"

"သမီးနွေအပေါ် တာဝန်မကျေဘဲ အပြစ်ရှာပြီး နှိပ်စက်နေတဲ့ အဖေပါ ... ခွင့်လွှတ်ပေးပါ၊ သမီးနွေရယ်နော်"

"နွေလေ ... အဖေ့အပေါ် တစ်ကြိမ်တစ်ခါမှ မုန်းတီးစိတ်နာမှုတွေ မရှိခဲ့ပါဘူး၊ အဖေ ရှိနေပေးတာကိုပဲ ကျေနပ်ဝမ်းသာနေတာပါ ... အဖေ နေကောင်းအောင်နေပေးပါနော်၊ နွေတစ်ယောက်ထဲကြောက်တယ် ... အဖေရှိနေမှ ဖြစ်မှာပါနော်"

ဦးဒေဝါ မျက်ရည်တွေ ပြုတ်ကျမလာစေရန် ထိန်းချုပ်နိုင်စွမ်းမရှိတော့။ သမီးနွေကိုဖက်၍ ငိုမိသည်။

"အဖေ ... ဘာဖြစ်လို့လဲ၊ အဖေ့မှာ ရောဂါကြီးကြီးမားမားများရှိနေလို့လားဟင်၊ သမီးကို အသိပေးပါ ... အဖေတစ်ယောက်ထဲ ကြိတ်မှိတ်မခံစားနေပါနဲ့နော်"

"အဖေ့မှာ ဘာရောဂါမှ မရှိပါဘူးကွယ်၊ သမီးနွေအပေါ် တာဝန်မကြေခဲ့ဘဲ ရက်စက်မိခဲ့တာတွေ တွေးမိပြီး မျက်ရည်ကျနေခဲ့ရတာပါ"

"အဖေကလဲ ... နွေလေ အဖေ့ဆီက မေတ္တာတွေ ပြန်ရလို့ဝမ်းသာနေတာပဲ ရှိတာပါ ... အဖေက သမီးကို လမ်းဘေးအမှိုက်ပုံမှာ သွားပစ်ထားခဲ့တာမှ မဟုတ်တာဘဲ ... ပစ်ထားခဲ့ရင်တောင်



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကို ပြန်တွေ့ရင် နွေဝမ်းသာပျော်ရွှင်မိမှာပါပဲ"

အဖေက သမီးကို လမ်းဘေးမှာသွားစွန့်ပစ်ခဲ့တဲ့ ပြစ်မှုထက် ကြီးမားတဲ့ ယုတ်ညံ့တဲ့ ပြစ်မှုကြီးကို လွန်ကျူးထားခဲ့မိတာပါကွယ်။ သမီးနွေသိသွားရင်လည်း လူယုတ်မာကြီးတစ်ယောက်အဖြစ် မုန်းတီးရွံရှာသွားမှာပါ။

အဖေ ဘယ်လိုလုပ်ရမလဲ။

သူဌေးသမီးလေး အဖြစ် ခံစားနေရတဲ့ ဆောင်းသခင်ကသာ အဖေ့သွေးသား သမီးအရင်းပါ။

ဆောင်းသခင်ကတော့ မိမိအား အစေါ်အပါးအဖြစ် အထင်သေးကာ အဖက်မတန်သလို ဆက်ဆံလာခဲ့၏။

နေပါစေတော့ ...

အဖေအမှန်တွေကို ဖွင့်ပြောဖို့ နွေရွက်ဝါကို သနားလာပေမယ့် မပြောဖို့ဘဲ ဆုံးဖြတ်ထားမိတယ်ကွယ်။ အဖေ့ကို ခွင့်လွှတ်ပေးပါ။ သမီးလေး ဆောင်းသခင်ကို တပင်တိုင်မြန်နန်းကနေ တွန်းဖယ်ပစ်ဖို့ မလုပ်နိုင်ပါဘူး။

နွေလေးကတော့ မိမိကို နှိပ်နယ်ပေးရင်း အဖေ မြန်မြန်နေကောင်းအောင် ကြိုးစားပါတဲ့။ ဦးဒေဝါ မဖြေနိုင်အောင် ဝမ်းနည်းကြေကွဲနေသည်။

## အခန်း ( ၆ )

"သားတို့လက်ထပ်ပွဲကို မဖြစ်မနေ လုပ်ဆောင်ရမယ်သား၊ ဆောင်းရဲ့ဆန္ဒပဲ ... သားနှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်ရင်ပဲဖြစ်စေ ဆောင်းက မင်းဘဝရဲ့တစ်သက်တာလက်တွဲဖော်ပဲ"

မိုး ဘယ်လိုမှ ရှောင်လွှဲ၍မရ။ ဆောင်းကို မလွှဲမသွေ လက်ထပ်ရတော့မည်ဖြစ်သည်။

နွေ့ကို မေ့ပစ်ရမယ်။ သနားစရာကောင်းတဲ့နွေ။ ထိတ်ထိတ်လန့်လန့်နှင့် မျက်ရည်တွေပြည့်ဝဲနေတဲ့ မျက်ဝန်းလေးတွေ။ တဆတ်ဆတ်တုန်ယင်နေတဲ့ နှုတ်ခမ်းလေးက တောင်းပန်စကားတွေ တတွတ်တွတ်ပြောနေခဲ့သည်။

"နွေရယ် ... မင်းကိုချစ်တယ်၊ အရမ်းချစ်တယ် ... ချစ်လို့ကိုကို နောက်ဆုတ်မှာပါကွာ"

မေမေကိုယ်တိုင်က ဆောင်းကို မနှစ်သက်ပေမယ့် ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တွေကို ထောက်ထားညှာတာရမည်ဖြစ်သည်တဲ့။ ဆောင်းကို သူ ဘယ်လိုမှ ချစ်၍မရ။ ဆောင်းစရိုက်တွေကို မကြိုက်တာပါ။

"ကိုကို"

"ဆောင်း"

"လသာဆောင်မှာ တစ်ယောက်ထဲ ကြွေနေပါလား"

"မကြွေပါဘူး ဆောင်း ... မေမေနဲ့ ဖုန်းပြောနေတာပါ၊ မင်းကို မလွှဲမသွေ လက်ထပ်ရမယ်ဆိုတဲ့ အမိန့်ပေးတာလေ"

"ကိုကိုက အန်တီထားထားရဲ့ အမိန့်အတိုင်း မလွှဲမသွေ လိုက်နာမှာပေါ့လေ ... ဟင်း ဟင်း ဟင်း ... "

ဆောင်း ရယ်သည်။

သူဌေးသမီးဆောင်းရဲ့ အမူအယာတွေက တာကယ့်ကို စိတ်ပျက်စရာကောင်းလောက်အောင် ပေါ့ပျက်နေ၏။

ဒါပေမယ့်လည်း မေမေ့ဆန္ဒအရ မိုးလက်ထပ်ရတော့မည် ဖြစ်သည်။

"ကိုကို"

"ပြော"

"ကျွန်မတို့နှစ်ယောက်ကြားထဲမှာ အချစ်ဆိုတာ မလိုအပ်တာတော့ အမှန်ပဲနော်"

"လိုအပ်တယ် ဆောင်း ... "

"ဟင် ... ဘာဖြစ်လို့လဲ"





"အိမ်ထောင်တစ်ခု တည်ဆောက်တဲ့နေရာမှာ ခိုင်မြဲတည်တံ့ဖို့ဆိုတာ အချစ်လိုအပ်တယ် ... မင်းကြိုးစားပါ"

"ကိုကိုက ဆောင်းကို ချစ်နိုင်အောင် ကြိုးစားရမှာမဟုတ်ဘူးလား"

"မင်းလည်း လိုအပ်တယ် ဆောင်း ... ကိုကိုလည်း ကြိုးစားမယ်၊ အိမ်ထောင်တစ်ခုကို တည်ဆောက်ပြီးပြီဆိုရင်တော့ ပျက်စီးသွားရတာမျိုး အဖြစ်မခံနိုင်ဘူး"

"အခုတော့ ... ကိုကိုက ဆောင်းကိုမချစ်ဘူး မဟုတ်လား"

ကိုကို့ရင်ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာ ဆောင်းသိထားသည်။

နွေပူမ ... နွေရွက်ဝါပဲ ရှိနေ၏။ နွေရွက်ဝါရှေ့မှာ ကိုကို့မျက်ဝန်းအကြည့်တွေ ရီဝေကြွေကွဲနေ၏။

ကျွန်မကလဲ အချစ်ကို မခံစားချင်ပါဘူး။ ကိုကို့ကို တည်တည် တန့်တန့် ခေတ်နောက်ကို ပြန်ပြေးချင်တဲ့ ယောကျ်ားတစ်ယောက်ကို မနှစ်သက်တာ ဆောင်းနှင့်က အကျင့်စရိုက်တွေ အားလုံး ဆန့်ကျင်ဘက်။

"လက်ထပ်ဖို့ကတော့ မာမီ့ကို စီစဉ်ခိုင်းထားတယ်၊ ဆောင်းအပြင်သွားမလို့"

"ကိုကိုနဲ့လက်ထပ်ပြီးရင်တော့ မင်းသွားချင်တဲ့နေရာတွေ သွားလို့ မရတော့ဘူး ... မင်း အိမ်မှုကိစ္စတွေ လေ့လာရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ"

ဆောင်း ဘယ်လိုမိန်းကလေးမျိုးဆိုတာ မိုးသိသည်။ အပျော်မက်သူ။

လိုအပ်တာတွေအားလုံး ပြည့်စုံနေ၏။ အချွေအရံတွေ ဝိုင်းဝိုင်းလည်နေခဲ့ရတဲ့ဘဝ။

မိုးကြိုက်နှစ်သက်တဲ့ ပုံစံမျိုးဘောင်ဝင်ဖို့က မလွယ်။ အိမ်ထောင်တစ်ခု တည်ဆောက်ပြီးသွားရင် ခိုင်မြဲတည်တံ့ဖို့ သူ ကြိုးစားထိန်းသိမ်းမည် ဖြစ်သည်။

"ကိုကိုလည်း ရုံးသွားတော့နော်၊ ညနေမှ တွေ့မယ် ... ကိုကို့ရုံးကို ဆောင်းလာခေါ်မယ်၊ ညစာကတော့ ထုံးစံအတိုင်း အပြင်မှာပဲ စားကြမယ် ... တဲ့တာ ... "

ဆောင်း ထွက်သွားသည်။

ဝတ်ဆင်ထားတာက ဘောင်းဘီ တိုတို ပေါင်တံအရင်းအထိ တက်နေ၏။ သူလက်ထပ်ရမည့် မိန်းကလေးက ဒီလိုလား။

ဆောင်းဝတ်စားပြင်ဆင်တာတွေက ခေတ်ရှေ့သို့ မိုင်ပေါင်းများစွာ ရောက်နေသည်။

"မင်းကို တော်တော်လေး စည်းရုံးပြုပြင်ပေးရမှာပဲ၊ မင်းဆီမှာ ကိုယ်အထင်ကြီးစရာ တစ်ခုလေးတောင် မရှိပါလား ဆောင်းသခင်"

သူ ... ရုံးသွားဖို့ ပြင်သည်။





မာမီခန့်က ဆောင်းရောဟုမေးတော့ သူအပြင်သွားတယ် ပြောလိုက်သည်။

"မိုး"

"ပြောပါ မာမီခန့်"

"သမီးဆောင်းကို နားလည်ပေးပါကွယ် ... မာမီတို့ရဲ့ တစ်ဦးတည်းသောသမီးလေးဖြစ်လို့ အရမ်းအလိုလိုက်ထားမိတယ်"

"မိုးလက်ထပ်မယ့် မိန်းကလေးကို အိမ်ရှင်မ ပီသစေချင်တယ် မာမီ ... မိုးက ခေတ်နောက်ကိုကျတယ်ပဲပြောပြော တည်တည်ငြိမ်ငြိမ် နေတတ်တယ်"

"မာမီ သိပါတယ် ... သမီးကို စည်းရုံးသိမ်းသွင်းပြုပြင်ပေးပါနော်၊ မာမီလည်း စိတ်ပူတယ် ... သမီးကို အလိုလိုက်ထားတော့ မာမို့ကို မလေးစားချင်ဘူး၊ ထင်ရာစိုင်းချင်တဲ့ကလေး"

ဒေါ်ခင်ခင်ခန့် စိတ်ပူမိတာက ဆောင်းရုပ်ပွေမှာကိုပင်။ ကောင်လေးတွေနှင့်တတွဲတွဲ။ ကလပ်တွေတတ်တဲ့အကျင့်က ဆောင်းအနှစ်သက်ဆုံးပဲလေ။

ပြောမရ ... မိမိကလည်း အလိုလိုက်ထားတာ မဟုတ်လား။

မောင်မိုးဝသာနက ယောကျာ်းပီသသူ။ တည်ကြည်ခန့်ညားတဲ့ လူတော်လေးပါ။ သမီးအနာဂတ်အတွက် အသင့်တော်ဆုံး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးကို မင်းလက်ထဲအပ်ပါတယ်ကွယ်၊ မင်းစောင့်ရှောက်ပေးပါ ... လုပ်ချင်တာလုပ်နေတဲ့ အကျင့်က သမီးလေးအတွက် အန္တရာယ်ရှိလာနိုင်မယ်ထင်တယ်"

သမီးဆောင်း ရှုပ်ပွေတတ်တာတွေ မောင်မိုးဝသနကို လက်ထပ်ပွဲပြီးမှ သိချင်သိပါစေတော့။

ထားကလဲ မိမိအပေါ် ဘယ်လိုပင် ကျေးဇူးဆပ်ရ ဆပ်ရ။

ဆောင်း ဆိုး၏။ မိခင်စကားကိုလည်း နားမထောင်ပေ။

စိတ်ပူတယ်။ သမီးအနာဂတ်အတွက်က စီးပွားရေးကို ထိန်းသိမ်းနိုင်မယ့် ခင်ပွန်း လိုအပ်တယ်။

"ဘာမှစိတ်မပူပါနဲ့ မာမီ ... မိုး သိပါတယ်။ ဆောင်းကို တဖြည်းဖြည်းမှ မိုးဖြစ်စေချင်တဲ့ ပုံစံသွင်းယူမှာပါ"

"ကျေးဇူးပါပဲ သားရယ်"

မိုးအဝတ်အစားလဲပြီး အောက်ထပ်ကိုဆင်းတော့ မာမီခန့်က ဘုရားခန်းထဲ ပြန်ဝင်သွားသည်။

ဘယ်လိုပဲဖြစ်ဖြစ် မာမီခန့်စိတ်ချမ်းသာအောင်တော့ မိုး ကြိုးစားရမည် ဖြစ်၏။ သူ အောက်ဆင်းလာပြီး ခြံထဲရောက်တော့ နွေ့က ပန်းပင်တွေကို ပြုပြင်နေသည်။

ကားလေးက ရေဆေးထား၍ သစ်လွင်တောက်ပနေ၏။

နွေ့လား ... ဦးဒေဝါလားပဲ။





"အဟွတ် ... ဟွတ်"

"အဟွတ် ... "

"ဟင်"

သူ့နောက် ခပ်လှမ်းလှမ်းကနေ ချောင်းဆိုးသံကြား၍ သူ လှည့်ကြည့်လိုက်ရာ ဦးဒေဝါအား တွေ့လိုက်ရသည်။

"အဟွတ် ... ဟွတ်"

"အဖေ"

နွေ့က ပန်းပင်တွေပြုပြင်နေရာကနေ အဖေ့ထံ ပြေးသွားသည်။ မိုးလည်း စိတ်ပူပြီး ဦးဒေဝါအနား ရောက်သွား၏။

ငုတ်တုတ် ထိုင်၍ ဦးဒေဝါ ချောင်းတွေဆိုးနေသည်။

"အဖေ ... ဘာဖြစ်လို့အပြင်ထွက်လာရတာလဲ ... နေမကောင်းဘဲနဲ့"

"အဟွတ် ... သမီးနွေ့ကို ကျောင်း ... ကျောင်းသွားဖို့လာပြီး သတိပေးတာပါ၊ ထားခဲ့ ... အလုပ်တွေ မလုပ်နဲ့တော့၊ အဖေဆက်လုပ်မယ်"

"အဖေရယ် ... နွေ့သိပါတယ်၊ အချိန်လိုသေးလို့ပါ"

"ဒီနှစ် နောက်ဆုံးနှစ်လေ၊ သမီးနွေ့ ကြိုးစားမှဖြစ်မယ်၊ ထားခဲ့"

မိမိ အသက်ဆင်ရှင်သန်မယ့် နောက်ပိုင်းအချိန်တွေအားလုံး သမီးနွေ့ဘဝအတွက် အကောင်းဆုံးလုပ်ဆောင်ပေးမည်ဟု ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထားမိသည်။

"ဦးဒေဝါ ... နေမကောင်းဘူးလား၊ ဆေးခန်းပြလေ ... ပိုက်ဆံမရှိလို့လား၊ ကျွန်တော်ပေးပါ့မယ်"

"ဒီမှာ မောင်ရင် ... တို့လိုအလုပ်သမားတွေကို အရောတဝင် လာမလုပ်ပါနဲ့၊ စိတ်သဘောထားပြည့်ဝချင်ယောင်လည်း မဆောင် ပါနဲ့ ... ကင်းကင်းနေပါ"

"အဖေ"

"အလုပ်ရှင်က သမီးနွေ့ကို အထင်သေးလိမ့်မယ်၊ ပြဿနာ တွေ အများကြီးတက်နိုင်တယ် ... မောင်ရင့်နေရာမှာပဲနေပါ"

အဖေ့စကားကြောင့် ကိုမိုးဝသန်အား မျက်နှာပူရပေမယ့် ဒီလိုပြောတာလည်း ကောင်းသည်ဟုထင်သည်။ နွေ့ဘဝ ပျက်ရ လိမ့်မယ်။

မာမီခန့်ရော မမလေး ဆောင်းရောက ကြောက်စရာ ကောင်းကြ၏။ အိမ်မှာရှိတဲ့ အလုပ်သမားတွေအပေါ် မညှာတာ တတ်ကြပေ။

"သမီး အထဲဝင် ... ကျောင်းသွားဖို့ပြင်ဆင်တော့၊ ဒီနှစ် နောက်ဆုံးနှစ်လေ ... "

"ဟုတ်ကဲ့"

သမီးကို အထဲသို့မောင်းထုတ်လိုက်ပြီး ဦးဒေဝါ့မျက်နှာ မာ ထန်နေသည်။





မိုးဝသန်က ဓာတ်လမ်းစချင်နေပြီ။ မိမိ သိနေ၏။

မဖြစ်ဘူး ...

သမီးဆောင်းသခင်ရဲ့ ခင်ပွန်းဖြစ်နေ၍ ဓာတ်လမ်း အဖြစ် မခံနိုင်။

ဖခင်တစ်ယောက်အနေနှင့် တားဆီးကာကွယ်ပေးရ မည် ဖြစ်သည်။

"မောင်ရင်"

"ဗျာ"

"မောင်ရင်က တစ်နေ့နေ့ ဒီခြံကြီးရဲ့အရှင်သခင် ဖြစ်လာမှာ ပါ၊ အားနာပေမယ့် ဦးပြောရတော့မယ် ... ဦးလေးတို့လို အလုပ် သမားတွေက အဆင့်မရှိကြပါဘူး၊ မှီခိုအားထားရာလည်း မရှိကြဘူး၊ ဒါကြောင့် ... အလုပ်ရှင်တွေရဲ့ အငြိုအငြင်ကို မခံနိုင်လို့ပါ၊ ဦးသမီး လေး နွေ့ရွက်ဝါကိုလည်း ခင်မင်ရင်းနှီးအောင် မလုပ်ပါနဲ့၊ ဘွဲ့ရတဲ့ အထိ ဒီခြံကြီးထဲမှာနေပါရစေ၊ မမလေး ဆောင်းက စိတ်ကြီးတယ် ကွ ... သမီးနွေ့ကို မောင်းထုတ်ပစ်လိုက်မှာပါ ... တောင်းပန်တာ ပါ"

"ကျွန်တော်လည်း တောင်းပန်ပါတယ် ဦးဒေဝါ ... သဘော ရိုးနဲ့ပါ၊ နွေ့ကိုလည်း ဒုက္ခမရောက်စေချင်ပါဘူး၊ ကျွန်တော့်စိတ်က အလုပ်သမားတွေအပေါ် ငဲ့ညှာထောက်ထားပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မောင်ရင် မလိုပါဘူး ... ဦးလေးတို့သားအဖ ပြည့်စုံပါတယ် ... ဆေးခန်းပြဖို့လည်း သမီးနွေ လုပ်အားခတွေ စုထားတာရှိလို့ စိတ်မပူပါနဲ့"

"အဟွတ် ... ဟွတ် ... "

"အဟွတ် ... "

"ဆေးခန်းတော့ သေသေချာချာပြပါ ဦးဒေဝါ ... ဘာပဲဖြစ်ဖြစ် နွေ့အတွက် ဦးဒေဝါ ကျန်းကျန်းမာမာရှိနေဖို့ လိုအပ်ပါတယ်"

မိုးဝသန်ဆိုတဲ့ ကောင်လေးက ကားပေါ်တက်၍ မောင်းထွက်သွားသည်။

နွေတဲ့ ... သာမန်တော့ မဟုတ်ဘူး။ မိုးဝသန် အနေနှင့် သမီးနွေအား ရင်းနှီးကျွမ်းဝင်ဖုံပင်။ နွေဟု ကြင်ကြင်နာနာ ခေါ်စရာ အကြောင်းမှ မရှိတာဘဲ။

မိမိသမီးအရင်း ဆောင်းသခင်အတွက် တားဆီးထားသင့်သည်ဟု ထင်သည်။

"သမီးနွေကလည်း ချောမောလှပတယ်၊ မိုးဝသန် စိတ်ဝင်စားနေပုံပဲ ... ငါ တားဆီးရမယ်၊ သမီးဆောင်းသခင်ကို အထိခိုက်မခံနိုင်ဘူး၊ သမီးနွေအတွက် စိတ်မကောင်းဖြစ်ရပေမယ့် ဖခင်အရင်းကတော့ သမီးအရင်းရဲ့ ကောင်းစားရေးပဲလုပ်ပေးနိုင်သည်။ ဦးဒေဝါ အိမ်လေးထဲ ပြန်ဝင်လာခဲ့သည်။





"သမီး ... သွားတော့မယ် ... "

"နွေ"

"ရှင်"

"မိုးဝသန်နဲ့ လုံးဝကင်းကင်းရှင်းရှင်းနေနော်၊ သမီးအမေတုန်းကလဲ အဲဒီလို ပြဿနာတွေရှိခဲ့တယ် ... အဖေက သမီးပညာရေးတပိုင်းတစနဲ့ မိခိုရာကင်းမဲ့မှာ စိတ်ပူလို့ပြောတာ"

"စိတ်ချပါအဖေ ... နွေသိပါတယ်၊ ကိုမိုးဝသန်ကို ရှောင်မှာပါ၊ နွေ ဘွဲ့ရချင်တယ် ... ဒီခြံကြီးထဲကနေ အမြန်ဆုံးထွက်သွားချင်လို့ပါ"

"ကောင်းတယ် ... ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်ဖို့ သမီးကြိုးစားပါ ... အဖေက ကျန်းမာရေးမကောင်းတော့ဘူး၊ အသက်လည်း ကြီးပြီ၊ အဖေ ပေပေတေတေ သောက်စားခဲ့တဲ့ဒဏ်ပဲလေ"

"နွေ့အတွက် ဘာမှမပူပါနဲ့နော် ... ညနေဆေးခန်းပြမယ်၊ အဖေလည်း ခြံထဲကအလုပ်တွေ မလုပ်ပါနဲ့ ... နွေလုပ်မယ်"

"အင်းပါ"

သမီးနွေရဲ့ နောက်ကျောလေးကိုကြည့်ပြီး မိမိအပေါ် ချစ်မြတ်နိုးတဲ့သမီးပဲ။ အဖေ စိတ်မကောင်းပါဘူးကွယ်ဟု ရင်ထဲမှ ထိထိခိုက်ခိုက်လေး ပြောနေမိသည်။

အဖေ ဘယ်လိုမှ မတတ်နိုင်ဘူး နွေ ... အဖေရဲ့ယုတ်မာရက်စက်မှုတွေအတွက် သမီးသိသွားရင် မုန်းတီးရွံရှာသွားမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



အဖေကြောက်နေမိတယ်။

အဖေ အားကိုးအားထားပြုရမှာက သမီးပဲလေ။

"အဟွတ်"

"အဟွတ်"

"အဟွတ် ... အဟွတ် ..."

ဦးဒေဝါချောင်းတွေ အဆက်မပြတ်ဆိုးနေပြီး ကျန်းမာရေးမကောင်းတော့။ အဆုတ်တဲ့ ... သမီးနွေက အဖေအဆုတ်ရောဂါဖြစ်နေတာတောင် တစ်စက်လေးမှ မငြိုငြင်ခဲ့။ ရွံရှာခြင်းလည်း မရှိ။ ပြုစုပေးနေခဲ့သည်။

"အဟွတ် ... အဟွတ် ..."

"အဟွတ် ..."

"ဟင် ... မမခန့်"

"ချောင်းတွေ အရမ်းဆိုးနေပါလား၊ ဘာရောဂါဖြစ်နေလဲ"

မမခန့်က မိမိအခန်းလေးရဲ့အဝမှာရပ်ပြီး မေးနေသည်။ မမခန့်မျက်နှာက တင်းနေ၏။ မိမိတို့အလုပ်သမားတွေအပေါ် နည်းနည်းလေးမှ အကြင်အနာမရှိခဲ့။ မောက်မောက်မာမာ ဆက်ဆံတတ်သည်။

"နင့်သမီး နွေပူမအကြောင်း သတိပေးချင်လို့လာတာ"

"ဟုတ်ကဲ့ ... ပြောပါ မမခန့်"

"ငါ့သမက်လောင်း မိုးနဲ့ ကင်းကင်းရှင်းရှင်းနေဖို့ပဲ၊ ဒင်းအမေ





က ဓာတ်လမ်းရှိထားတယ်လေ ... နင်အသိဆုံးမဟုတ်လား၊ နင့်သမီး နွေရွက်ဝါကို နင်လုံးဝမချစ်တာ၊ ဘာကြောင့်လဲဆိုတာ နင်အသိဆုံးနော်"

နွေရွက်ဝါကို မိမိမချစ်တာက သူ့ခွေးနှင့်ငြိစွန်းရာက ရလာတဲ့ကလေးကြောင့်ဟု မမခန့်က ထင်နေသည်။

"ငါ့သမီး ဆောင်းသခင်ရဲ့ဘဝမှာတော့ သူ့ခင်ပွန်းက အိမ်ဖော်ကောင်မနဲ့ ငြိစွန်းနေတာမျိုး ငါလုံးဝ လက်မခံနိုင်ဘူးဒေဝါ"

"ဟုတ်ကဲ့ ... အဲဒီလို မဖြစ်စေရအောင် ကျွန်တော် ဆုံးမသွန်သင်နေပါတယ်"

နွေရွက်ဝါက ခင်ဗျားသမီးအရင်းပဲဟု ပြောပစ်ချင်သည်။

နွေခနှင့် မိမိအပေါ် မတရားလုပ်နေ၍ မိမိ နာနာကြည်းကြည်းနှင့် ကလေးချင်း လဲပစ်ခဲ့မိ၏။ ကျုပ်သမီး ကောင်းစားရေးပဲ ဒေါ်ခင်ခင်ခန့် ကျုပ်သိပါတယ်။ ကျုပ်ကိုယ်တိုင် ကာကွယ်တားဆီးပေးမှာပါဗျ။

"မင်းသမီးကို သတိအထပ်ထပ်ပေးထားပါ၊ ငါ့သမက်လောင်းကို မမြူဆွယ်ပါနဲ့ ... နွေပူမ ဘွဲ့ရတဲ့အထိ ငါသည်းခံပေးနေတာက ငါ့ခင်ပွန်းဆန္ဒကြောင့်ပဲ ... ဒါပေမဲ့ ... သူ့အမေလို အကျင့်ပျက်ပြားလာရင်တော့ ချက်ခြင်းမောင်းထုတ်ပစ်ရလိမ့်မယ်၊ ငါရက်စက်တတ်တာ နင်သိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... သိပါတယ် မမခန့်၊ စိတ်ချပါဗျာ ... ကျုပ်ဆုံးမမှာပါ၊ သမီးနွေကလည်း အရှင်သခင်တွေအပေါ် သစ္စာမမဲ့ပါဘူး"

"ငါမယုံဘူး ... ဒါကြောင့် သတိအထပ်ထပ်ပေးနေတာ"

ငွေခ သမီးကို မိမိမယုံကြည်နိုင်ပေ။ မိမိခင်ပွန်းနှင့် ဆင်တူလွန်းပြီး ချောမောလာသည်။ အရွယ်ရလာလေ တောင့်တောင့်ဖြောင့်ဖြောင့်လေးနှင့် စွဲမက်စရာကောင်းလာနေ၏။

ဟုတ်ပါတယ်။

ငွေခနဲ့ကိုသော်တာတို့ ငြိစွန်းပြီးရလာခဲ့တဲ့ သမီးပဲ။ သက်သေ အထောက်အထားက တဖြည်းဖြည်းနှင့် မိမိခင်ပွန်း ကိုသော်တာနှင့် ချွန်စွပ်တူလာ၍ ဖြစ်သည်။

မိမိတိုက်ကြီးထဲ ဝင်လာသည်အထိ စိတ်တွေလေးလံနေရ၏။

ဘာကြောင့်မှန်းမသိ။ နွေရွက်ဝါလေးကိုလည်း ပညာတပိုင်းတစနှင့် ဘဝပျက်သွားရမှာ စိတ်ပူနေလေသည်။

အခန်း ( ၇ )

နွေက စာပေးစာယူနှင့် ဥပဒေပညာရပ်ကို သင်ကြားနေသူ

ပါ။ နွေ ရှေ့နေတစ်ယောက်ဖြစ်ချင်တယ်။

မာမီခန့်က သင်ကြား ခွင့်ပြုထားတာပင် နွေကျေးဇူးတင်မိ

နေသည်။ ဒီနှစ်နောက်ဆုံးနှစ် ဖြစ်၍ အစွမ်းကုန် ကြိုးစားရမည်

ဖြစ်၏။

သူမအလုပ်တစ်ခုခုရမှ ဖြစ်မှာပါ။ အဖေလည်း နေမကောင်း

ဘူး။ နွေ ကျေးမွေးပြုစုချင်သည်။

"အဖေ အသက်ရှည်ပေးပါ၊ သမီးအလုပ်ရတဲ့အထိလေ၊ နွေ

အစွမ်းကုန် ကြိုးစားပါ့မယ်"

အဖေ့ကျန်းမာရေး မကောင်း၍ နွေစိတ်ပူသည်။ ဆေးခန်း

ကောင်းကောင်းလည်း မပြနိုင်ပေ။ နွေ မကြာခင် ဘွဲ့ရတော့မှာပါ။

မဟာဘွဲ့ ဆက်တက်နိုင်ဖို့လည်း ကြိုးစားနေ၏။

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နွေ့ဘဝကို မြှင့်တင်ပစ်ချင်သည်။

"အမေ့လိုအဖြစ်မျိုးလည်း နွေ့အဖြစ်မခံနိုင်ဘူး၊ နွေ့ရဲ့သားစဉ်မျိုးဆက်လည်း အဖြစ်မခံနိုင်တော့ပါဘူး၊ နွေ့ လွတ်မြောက်အောင် ကြိုးစားမယ်အဖေ"

သူမ တက်ရောက်ရမည့် သင်တန်းတွေပြီးသည်နှင့် အိမ်ကို အမြန်ဆုံးပြန်ချင်လာ၍ ဘတ်စ်ကားဂိတ်သို့ လျှောက်လာခဲ့၏။ ဘတ်စ်ကားဂိတ်မှာ လူရှင်းနေသည်။

"ဟော့ ... နွေ့ရွက်ဝါ၊ မင်းပြန်တော့မလို့လား"

"ဟင်"

နွေ့နာမည်ကို သူတို့တွေက သိနေသည်။ သူမကတော့ မသိ။ မျက်နှာထားကို တင်းပစ်လိုက်ပြီး ရှောင်ထွက်လိုက်၏။ ဘယ်ကလူတွေလဲ ... မိုက်ရိုင်းတဲ့ပုံတွေ။ နွေ့ ကြောက်လာသည်။

"နွေ့ရွက်ဝါ ... ကိုယ်တို့ကို မကြောက်ပါနဲ့၊ မင်းကိုချစ်လို့ လိုက်လာခဲ့တဲ့ လူတွေပါကွာ"

သူမအနား တိုးကပ်လာပြီး ခါးကိုပြလိုက်သဖြင့် နွေ့ အထိတ်တလန့်နှင့် မျက်လုံးလေးပြူးကျယ်သွားရသည်။

"မင်း ငြိမ်ငြိမ်လေးလိုက်ခဲ့နော် ... အော်ရင် သေမယ် တွေ့လား ..."

"ရှင်တို့ ဘယ်သူတွေလဲ ... ကျွန်မ တောင်းပန်ပါတယ်နော်၊





ဘာလိုချင်လို့လဲ ... ပိုက်ဆံလား"

"မင်းကို"

"ဟင်"

"မင်းကိုချစ်တဲ့သူတွေလို့ ပြောထားတယ်လေ"

"ရှင် ... ရှင်တို့ ..."

"လာလေ ... တို့မှာ ကားပါတယ်၊ မင်းအေးအေးဆေးဆေး လိုက်ခဲ့ပါ"

သူမ ကြောက်လန့်တကြားနှင့် ထိုလူတွေက ဝိုင်းထားသည်။

ပတ်ဝန်းကျင်မှာလည်း လူမရှိ။

ထိုလူတွေက နွေ့အား အတင်းအကြပ်ခေါ်ဖို့ ကြိုးစားနေသည်။

"ကျွို ..."

"ဟင်"

ကားတစ်စီးက သူမတို့အနားမှ ရပ်လာ၍ ကြည့်လိုက်တော့ ကိုမိုးဝသန် ဖြစ်နေသည်။

"နွေ့ရွက်ဝါ ... ဘာဖြစ်လို့လဲ"

"ဟို ... ဟို ..."

"လာလေ ... ကိုယ့်ကားပေါ်တက်ပါ၊ မင်းအိမ်ပြန်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"ဟုတ်ကဲ့"

"လာ ... တက်"

ကိုဝသန် ဆင်းလာသဖြင့် နွေ့အနားမှာဝိုင်းနေတဲ့လူတွေ ရှောင်ထွက်သွားကြသည်။

"နွေ"

"အမလေး ... နွေကြောက်လိုက်တာ၊ သူ ... သူတို့က ဓါးနဲ့ခြိမ်းခြောက်ခေါ်နေတာပါ"

"ဘာပြောတယ်"

"ကျေးဇူးတင်ပါတယ် ကိုမိုးဝသန် ... နွေ အရမ်းကြောက်နေတာ ... တော်ပါသေးရဲ့ ... "

နွေ့အသံလေး တုန်တုန်ယင်ယင်နှင့် စကားပြောရတာပင် တုန်ယင်နေသည်။ စောစောက အဖြစ်အပျက်ကို ပြန်စဉ်းစားရမှာပဲ ကြောက်လာ၏။

ကိုမိုးဝသန် ရောက်လာပေလို့ပဲ။ နွေ့ကို ငရဲတွင်းထဲကနေ ကယ်ထုတ်လာသည်ဟုထင်သည်။

"နွေ"

"ရှင်"

"ခဏလောက် အအေးဆိုင်မှာ ထိုင်ကြရအောင် ... နွေ





အရမ်းကြောက်နေတယ် ... စိတ်ငြိမ်သွားအောင်ပါ"

"ဟင်"

သူမအသိတွေဝင်လာပြီး ကိုမိုးဝသန်ရဲ့ ကားပေါ်တက်လိုက်လာခဲ့မိတာကို သတိဝင်လာရသည်။ ပိုပြီးကြောက်စရာကောင်းတဲ့အခြေအနေပဲ။

မမလေးဆောင်း တွေ့သွားရင် ပြဿနာက အကြီးအကျယ် တက်နိုင်၏။

နွေ ဆက်စီးလို့ မဖြစ်ဘူး။

"ရပ်ပါ ကိုမိုးဝသန် ... နွေ မေ့သွားတယ်၊ ဒီကားကို ဆက်စီးလို့ မဖြစ်ဘူး၊ မမလေးဆောင်း တွေ့သွားရင် နွေတို့သားအဖ မောင်းထုတ်ခံရမှာပါ"

"မင်းတစ်ယောက်ထဲ ပြန်လို့မဖြစ်ဘူး နွေ ... တော်ကြာ ဟိုလူတွေနဲ့ ထပ်တွေ့ရင် ဘယ်လိုလုပ်မလဲကွ"

"ဟင် ... "

ဟုတ်သားပဲ။ နွေ ထိတ်ထိတ်လန့်လန့်ဖြစ်သွားရပြန်သည်။ ကားပေါ်ကနေ ဆင်းဖို့ တွန့်သွားရ၏။ သူက ရယ်သည်။

"မပူပါနဲ့နွေရယ် ... ကားကိုအိမ်နားမရောက်ခင် ရပ်ပေးမှာပါ၊ ဒီအအေးဆိုင်လေးက လူရှင်းပါတယ် ... ခဏလေး ထိုင်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... နွေမထိုင်ရဲပါဘူး၊ ပြန်ကြရအောင်ပါနော်၊ အိမ်ပဲ အမြန်ရောက်ချင်တယ် ... အဖေ နေမကောင်းဘူး၊ ဆေးခန်းပြရမယ်"

"ဒါဆို ခဏလေး ထိုင်နေနော် ... ကိုကို အအေးဆင်းဝယ်မယ်၊ နွေ အရမ်းကြောက်နေတဲ့ ပုံစံမျိုးနဲ့ မဖြစ်ဘူး"

ဟုတ်သားပဲ။ နွေမျက်နှာပေါ်မှာ ထိတ်လန့်ကြောက်ရွံ့မှုတွေက ပျောက်ကွယ်မသွားသေးပေ။

မာမီခန့်က အကဲခတ်တော် သည်။ နွေ့မျက်နှာရိပ် မျက်နှာကဲကို အမြဲတမ်းကြည့်နေတာပါ။ နွေ့ စိတ်တွေ တည်ငြိမ်အောင်တော့ ထိန်းချုပ်သင့်၏။

ကိုမိုးဝသန် အအေးဗူးတွေဝယ်လာပြီး နွေ့ကို တယုတယ တိုက်သည်။

"သောက်လိုက်နွေ ... ဘာမှမစိုးရိမ်နဲ့၊ နွေက မဟုတ်တာလုပ်တာမှ မဟုတ်တာ၊ ရင်ဆိုင်စမ်းပါ ... "

နွေ အအေးဗူးကိုယူပြီး သောက်လိုက်မှ ရင်ထဲမှာအေးသွားသည်။

ကောင်းလိုက်တာ ...

နွေ့ဘဝမှာ ဘယ်တုန်းကမှ မသောက်ဖူးတဲ့ အချိုရည်တစ်မျိုး။ အိမ်ရှင်တွေရဲ့ အကြွင်းအကျန်တွေကိုသာ စားခဲ့ရတဲ့ဘဝ။





"ဘယ်လိုလဲ နွေ ... နည်းနည်းလေးတော့ စိတ်ကြည်လင်လန်းဆန်းသွားတယ် မဟုတ်လား"

"အင်း"

"မင်းက ကိုကိုထင်ထားတာထက်အောင် စိတ်နုနေသေးပါလားကွာ"

"ကျွန်မကြောက်တယ် ... အဖေနဲ့ကျွန်မ ခိုကိုးရာမဲ့ရမယ့်ဘဝကို ကြောက်တယ် ... အဖေက အသက်ကြီးနေပြီလေ"

"ကဲပါနွေရယ် ... ခဏလေး စိတ်အေးအေးနေစမ်းပါ၊ မင်းဘဝလေးက အမြဲတမ်းပဲ ပူပြင်းလောင်မြိုက်နေတယ်၊ နာမည်ကြောင့်ထင်တယ်"

နွေရယ် ... မင်းမျက်နှာလေးက အေးချမ်းပါတယ်။

မင်း မျက်ဝန်းဖွေထဲမှာ စိုးထိတ်မှုတွေ အမြဲတမ်း ပြည့်နက်နေတယ်။ ကိုကို နှစ်ာက်တယ်။ ကိုကို့ရင်ထဲကို အချစ်တွေ ဖြစ်ထွန်းနေသလိုပဲ။

ဆောင်းကတော့ သူ့ကိုပင် အသိမပေးဘဲ သွားလာနေတာ စိတ်ပျက်ရသည်၊

"ကျွန်မတိတ်တွေ တည်ငြိမ်သွားပါပြီ ကိုမိုးဝသန် ... ပြန်ကြရအောင်ဖော်"

"ခပ ... "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဆက်ပြီး မထိုင်နိုင်တော့ဘူး ကိုမိုးဝဿန် ... နွေ့စိတ်တွေ မလုံတော့ဘူး၊ ကြောက်လို့သေတော့မယ်ထင်တယ်"

အသံလေးတွေတုန်နေ၍ သူသနားလာသဖြင့် ကားကို ဆက်မောင်းလာခဲ့သည်။ နွေ့ရယ် ... မင်းကိုသနားတယ်။ ကိုယ် ချစ်မိနေပြီထင်တယ်။

မဖြစ်နိုင်ပါဘူး။

ကိုယ်လက်ထပ်ရမှာက ဆောင်းသခင်ပါ။ ကိုယ် ဘယ်လိုမှ ငြင်းပယ်လို့မရနိုင်ဘူး။

ကားလေးကို ညင်သာစွာ မောင်းနေသည်။ နွေ့အား ကား ရပ် ပေးလိုက်ရမှာ စိုးထိတ်နေမိသလိုပင်။ ရှေ့တည့်တည့်ပဲ ကြည့်နေတဲ့ သူမ မျက်နှာလေးအား ဘေးတိုက်ငဲ့နေအထားမှ သူကြည့်မိနေ၏။

နှုတ်ခမ်းချွန်မြမြလေး မင်းလိုချောမောလှတဲ့ ကောင်မလေးက အိမ်ဖော်ကောင်မလေးလား။

"ဟိုး ... ဟိုး ... ကားရပ်ပါတော့၊ အိမ်နားရောက်နေပြီလေ ကိုမိုးဝဿန် ... ရပ် ... ရပ်ပါ"

နွေ့ အထိတ်တလန့် အော်လိုက်၍ သူ အသိဝင်လာပြီး ကားကိုရပ်ပေးမိသည်။

"နွေ့ရယ် ... အထိတ်တလန့်ကွာ၊ အိမ်နဲ့က အဝေးကြီးရှိပါ





သေးတယ်"

"ရပ်ပါတော့ ... ကျွန်မ ဒီနေရာကပဲ ဆင်းလျှောက်သွားမယ်"

"နွေ့"

"ရှင်"

"မင်းကို သတ္တိရှိနေစေချင်တယ်"

"ရှင်"

"သွားတော့"

"ဟုတ်ကဲ့"

နွေ့ကို ရင်ဆိုင်ရဲတဲ့သတ္တိတွေ ရှိနေစေချင်မိသည်။ နေရာတကာ တထိတ်ထိတ် တလန့်လန့်နှင့် ကြောက်နေတတ်၏။ နွေ့ ကြောင့် သူ့စိတ်တွေ ထိခိုက်ကြေကွဲရလွန်းသည်။

"နွေ့ ... ကျောင်းကိုအနီးကပ်ဆယ်ရက်သွားရမှာ မဟုတ်လား ... မနက်ဖြန်လည်း ဒီနေရာမှာ ကိုယ်စောင့်နေမယ်"

"အို ... မဟုတ်တာဘဲ၊ ကိုမိုးဝဿန်ရဲ့ကားကို မစီးပါဘူး၊ နွေ့တစ်ယောက်ထဲ သွားပါ့မယ်"

"မရဘူး"

"ရှင်"

"ဟိုလူတွေက မင်းကိုထပ်ပြီး စောင့်ကြည့်နေကြဦးမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စိတ်မချဘူး"

"ကျွန်မအတွက် မပူပါနဲ့၊ သတိနဲ့သွားလာပါ့မယ်"

"နွေ"

"သွားပြီနော်"

"ခဏ"

"ရှင်"

"ကိုယ် မင်းကိုစောင့်ရှောက်ပေးချင်တယ်၊ ကိုကိုပေးတဲ့ငွေက ညီမလေးတစ်ယောက်ကို အစ်ကိုတစ်ယောက်က ဖြူဖြူစင်စင် ထောက်ပံ့ပေးတာမျိုးပါ ... နွေ လက်ခံနော်"

"လက်မခံနိုင်ပါဘူး၊ ကျွန်မ ဘယ်သူ့အထောက်အပံ့မှ မယူချင်လို့ပါ ... ကိုယ့်ခြေထောက်ပေါ်ပဲ ကိုယ်ရပ်တည်ချင်ပါတယ်"

"နွေ့အဖေ ဆေးကုဖို့ နွေ ဆယ်ရက်အတွက် အငှားကားနဲ့ သွားဖို့ပေးတာပါ"

"ဟင့်အင်း"

နွေ လုံးဝလက်မခံနိုင်ပါဘူး။

အမေတူ သမီးလို့လည်း သေဆုံးသွားပြီဖြစ်တဲ့ အမေ့ကို အပြစ်တင်နှိုင်းယှဉ်ခံရတာမျိုး မလိုလားမိ။

ကျွန်မဘဝမှာ ကိုမိုးဝသန် မသိသေးတာတွေ အများကြီး ရှိနေပါသေးတယ်။ သူ့ရွှေးကို ချိုင်ခဲ့တဲ့အမေ ဟုတ်မဟုတ်ဆိုတာ





တော့ အမေနှင့်ဒက်ဒီသော်တို့ပဲ သိကြလိမ့်မယ်။

နွေလမ်းလျှောက်၍ပဲ ပြန်လာခဲ့သည်။

"နွေပူမ"

"ဟင် ... မမလေးဆောင်း ... "

"ကားပေါ်တက်စမ်း"

သူမနောက်ကနေ မမလေးဆောင်းကား ရောက်လာ၍ အထိတ်တလန့်နှင့် တောင့်တောင့်လေးရပ်သွားသည်။

"ဘာကြောင်ကြည့်နေတာလဲ ... ကားပေါ်တက်"

"ဟို ... ဟို ... မမလေး ... "

"နင့်ကို ကားပေါ်တက်လို့ပြောနေတယ် မဟုတ်လား"

"ဟုတ်ကဲ့"

သူမ ...

မမဆောင်း ကားပေါ်တက်လိုက်ရသည်။

သေပြီ ... မမလေးဆောင်း အကြည့်တွေက မာထန်လာ၏။ ကိုမိုးဝသန် ကားပေါ်ကနေ နွေ ဆင်းလာတာတွေ့သွားပုံပဲ။

ကားကို ဝေါခနဲ မောင်းထွက်ပြီး ခြံကြီးထဲဝင်လာသည်။

"ဆင်း"

"ဟုတ်ကဲ့"

"လာစမ်း ... နင့်ကို မာမီ့ရှေ့မှာဝန်ခံခိုင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမလေးဆောင်း မလုပ်ပါနဲ့နော် ... ကျွန်မကို ... ကျွန်မကိုလေ ... "

"တိတ် ... စကားမရှည်နဲ့ ... "

နွေ့လက်လေးကို ဆောင့်ဆွဲ၍ တိုက်ကြီးထဲ ခေါ်ဆောင်သွားသည်။ သူမ တောင်းပန်တာ မရ။

မာမီကြီးရှေ့ရောက်လျှင် ဘယ်လို ရှင်းရမှန်းပင်မသိ။

"မာမီ"

"ဟင် ... သမီးဆောင်း ဘာဖြစ်လာတာလဲ"

"နွေပူမလေ ... ဆောင်းရဲ့ခင်ပွန်းလောင်းမှန်း သိသိကြီးနဲ့ ချိန်းတွေ့ကြတယ်"

"ဘာ"

"မဟုတ်ပါဘူး မာမီခန့်ရယ် ... နွေ့ကို ... "

"ဆောင်းမျက်စိနဲ့ကိုမြင်ခဲ့ရတာမာမီ ... ရပ်ကွက်ထိပ်မှာ ကားကိုရပ်ပြီး သူဆင်းလာတာ၊ ကိုကို့ကားပေါ်ကလေ နှုတ်ဆက်နေလိုက်ကြတာ မခွဲနိုင်မခွာရက်ဘဲ"

"ဖြန်း"

"အမေ့"

"ဖြန်း"

"နင် ... နင် တော်တော်အကျင့်မကောင်းတဲ့ ဟာမလေးပဲ၊





နင့်အမေငွေ့ခအတိုင်းပါပဲလားဟင် နွေပူမ ... နင့်ကို ငါသတိအထပ်ထပ်ပေးခဲ့တာ"

"နွေ ရှင်းပြပါရစေ မာမီခန့်ရယ် ... ကားဂိတ်မှာ နွေ့ကို လူတစ်စုက ဓါးပြပြီး ကားပေါ်တင်ဖို့လုပ်နေတုန်း ကိုမိုးဝသန်က တွေ့ပြီး ကားပေါ်တင်ခေါ်လာခဲ့တာပါ"

"ဘာပြောတယ်"

"နွေတို့ တမင်ချိန်းတွေ့ကြတာ မဟုတ်ပါဘူး ... တိုက်ဆိုင်သွားတာပါ၊ နွေက ခြံထဲအထိ ဆက်မစီးရဲလို့ပါ၊ အမှန်တွေပါနော်"

"သူတို့အကွက်ဖန်တီးကြတာ မာမီ ... မဖြစ်နိုင်တာဘဲ၊ ဒါကြောင့် ... ဆောင်းက ဒီဟာမကို မောင်းထုတ်ပစ်ချင်တာ မာမီ"

နွေ့ရှက်ဝါရဲ့စကားတွေကိုလည်း ဒေါ်ခင်ခင်ခန့် ယုံကြည်နေမိပေမယ့် သမီးဆောင်း ကျေနပ်စေရန် ပါးကိုဘယ်ပြန် ညာပြန် ရိုက်ပစ်သည်။ ဆံပင်တွေကို ဆွဲဆောင့်၍ ကြမ်းပြင်ပေါ် ဆွဲလှဲချပစ်၏။

ပြီးတော့မှ ခြေထောက်နဲ့ကန်ပစ်သည်။

ဆောင်းလည်း ဝိတ်ကန်ပစ်သည်။

"သူတို့သားအဖကို မောင်းထုတ်ပစ်လိုက်ပါတော့ မာမီ၊ ဆောင်း လုံးဝမကြည့်ချင်ဘူး ... ရွံတယ်၊ ဒက်ဒီကြောင့် ... ဒက်ဒီကြောင့်နဲ့ တစ်တိုက်လုံးမီးလောင်တိုက်သွင်း ခံရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့"

"မာမီကြီးရယ် ... နွှေ တောင်းပန်ပါတယ်၊ အဖေ နေ မကောင်းလို့ပါ ... ကျွန်မကို ရိုက်ချင်သလောက်ရိုက်ပါနော်၊ ခြံကြီး ထဲကနေ မောင်းမထုတ်လိုက်ပါနဲ့"

"တိတ် ... နင့်အဖေကို သွားပြောရမယ်၊ ဒင်းက ဆုံးမပဲ့မယ် ပြောပြီး မြှောက်ပေးနေလားမသိဘူး"

"မဟုတ်ရပါဘူးရှင် ... အဖေက မာမီခန့်တို့အပေါ် သစ္စာရှိ ပါတယ် ... အဖေ ဘာမှမသိပါဘူး"

"လာခဲ့ ... နင့်ကိုနှိပ်ကွပ်ပစ်ရမယ်၊ ရာရာစစ ငါ့သမက် လောင်းကိုမှ မြူဆွယ်ရတယ်လို့ ... "

မာမီခန့်ရော မမလေးဆောင်းကပါ လက်နှစ်ဖက်ကိုဆွဲ၍ အလုပ်သမားတန်းလျားလေးဆီ ခေါ်လာကြသည်။

အဖေ အိပ်နေရာမှ လူးလဲထ၏။

နွှေ့ကို ကြမ်းပြင်ပေါ် ဆောင့်တွန်းပစ်လိုက်ကြသည်။

"ဘယ်လိုဖြစ်လာရတာလဲ သမီးနွှေ ... ဘာပြစ်မှုကျူးလွန် လို့လဲ မမခန့် ... "

"ဒီမှာ ... အဖိုးကြီး၊ ရှုးချင်ယောင်ဆောင်မနေနဲ့၊ အထုပ်ပြင် ပြီး ဒီကနေ ထွက်သွားကြတော့"

"ဘာဖြစ်လို့များလဲ မမလေးဆောင်းရယ် ... နွှေပူမ





ဘာလုပ်လို့လဲ"

"သူ့အမေ ငွေခင်အတိုင်းပဲလေ ... ငါ့သမက်လောင်းနဲ့ ချိန်း တွေ့တာ ငါ့သမီးမိလို့"

"ဗျာ"

အဖေ့မျက်ဝန်းတွေထဲမှာ ဒေါသမီးတောက်တွေ ဟုန်းခနဲ ထတောက်ပြီး နီရဲမာထန်သွားသည်။

မမလေးဆောင်းက အဖေနှင့် နွှေ့ကို ပက်ပက်စက်စက် ပြောဆိုရင်း မောင်းထုတ်ပစ်နေ၏။

နွှေ ဘယ်လိုပဲ ရှင်းပြ ရှင်းပြ လက်မခံ။

ပြင်းထန်လွန်းတဲ့ စွပ်စွဲပုတ်ခတ် မှုတွေက နွှေ့ခန္ဓာကိုယ် လေးအနှံ့ ဓါးလှံလက်နက်တွေနှင့် ပစ်ပေါက် စူးနစ်တာထက် နာ ကျင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

"နွေပူမ"

"ရှင် အဖေ"

"နင့်ကို ငါဘာပြောထားလဲ၊ မမခန့်ရဲ့သမက်လောင်း အကင်းရှင်းဆုံးနေပါလို့ နင်ဘာဖြစ်လို့ ငွါစကားကို နားမထော ရတာလဲ"

ဦးဒေဝါ ကိုယ်တိုင် လက်မခံနိုင်တဲ့ကိစ္စပါ။ ဒီလောက်ပြော ဆို ဆုံးမထားတဲ့ကြားမှ ချိန်းတွေ့ကြတဲ့အဆင့်တောင် ရောက်ေ ကြသည်။

"နွေ ... ရှင်းပြပါရစေ အဖေ ... သမီးမှာ ဒီလိုအမူအကျ တွေမရှိပါဘူး၊ တကယ်ပဲ ကားဂိတ်မှာ လူရမ်းကားတွေနဲ့တွေ့နေ ကိုမိုးဝသန်က ကယ်ပေးတာပါ ... ချိန်းတွေ့ကြတာလည်း မဟု ပါဘူး ... ယုံပါ ... "





သမီးနွေစကားတွေကို မိမိကတော့ အမှန်တွေဟုထင် သည်။ လိမ်ညာမပြောတတ်တဲ့ ကလေးပါ။

ဒါပေမယ့် ...

မိမိကတော့ အလေးအနက်ထားပြီး တားဆီးဖို့ လိုအပ်နေ၏။ မောင်မိုးဝသန်က သမီးနွေအပေါ် သံယောဇဉ်တွယ်နေပုံပင်။ မဖြစ်ဘူး။ သမီးနွေ အမှန်ပဲဖြစ်စဉ်ိး ... မိမိလက်မခံဘဲ ဆူပူပစ်သည်။

"အကြောင်းမပြနဲ့ နွေပူမ ... နင့်ကို ကင်းကင်းရှင်းရှင်းနေရမယ်လို့ ဆုံးမထားတယ်လေ၊ အခု ဘယ်လိုလုပ်မလဲ ... ဘယ်မှာနေကြမလဲ ... ပြော ... "

"နွေ ... တောင်းပန်ပါ့မယ်အဖေ ... မမဆောင်းရဲ့ခြေသလုံးကို ဖက်ပြီး တောင်းပန်မှာပါ၊ နောက်ဆုံး သမီးတစ်ယောက်ထဲ ထွက်သွားပါ့မယ်"

"ဘာပြောတယ် ... နင်က ဘယ်ကိုထွက်သွားမှာလဲ"

"မမလေးဆောင်းက နှင်ထုတ်ရင် အဖေနေခဲ့ပါ ... ကျန်းမာရေးမှ မကောင်းတာ၊ သမီးဘဝနဲ့သမီး အလုပ်ရှာပြီး အဆောင်မှာပဲ ဖြစ်ဖြစ် ကပ်ရပ်နေပါ့မယ်"

သမီးနွေတစ်ယောက်ထဲတော့ အပြင်သွားခွင့်မပြုနိုင်ဘူး။ အပြင်မှာဆိုလျှင် ဆောင်းမိုးဝသန်နှင့် တွေ့ဆုံဖို့ အခွင့်အရေးက ပိုပြီး ရသွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး သူငယ်ချင်းတစ်ယောက် နယ်ကနေ အလုပ်လုပ်ပြီး အဆောင်မှာနေပါတယ်"

"မဖြစ်ဘူး ... ဒီခြံထဲကနေ ထွက်သွားဖို့က အချိန်မကျသေးဘူး နွေပူမ ... နင့်ကိုပြောရတာ တော်တော်လေး ခက်ပါလား"

"သမီးလည်း မသွားချင်ပါဘူးအဖေ ... မမလေးဆောင်းက မောင်းထုတ်ပြစ်မှာ သေချာပါတယ်"

အဖေ့အချစ်တွေ မေတ္တာတွေရပြီးမှ နွေ့ကို ပြန်မုန်းသွားမှာ စိုးရိမ်မိသည်။ အဖေက ဒီခြံကြီးအပေါ် သံယောဇဉ်ကြီးတာ နွေသိနေ၏။

အဖေ ထွက်သွားချင်မှာ မဟုတ်ပါဘူး။ နွေ ဘယ်လောက်ပဲ အောက်ကျရပါစေ တောင်းပန်မည်။

"ငါသွားတောင်းပန်မယ် ... မမခန့်ကိုရော မမလေးဆောင်းကိုရောပဲ ... နင်လုံးဝ အပြင်မထွက်ရဘူး၊ ခြံထဲမှာ လုပ်စရာရှိတာတွေ ငါပဲလုပ်မယ် ... နင် ဟန်ရေးမပြနေနဲ့တော့"

ဦးဒေဝါ အခန်းလေးထဲကနေ တိုက်ကြီးထဲဝင်လာသည်။

မမခန့်ကို ပြောရမယ်။ အပြင်ရောက်သွားရင် သမီးဆောင်းအတွက် ပိုပြီး စိတ်မချရတော့ပေ။

မမခန့်နှင့်မမလေးဆောင်းသခင်က ညှိခန်းမှာ ဒေါသတွေမပြေသေးဘဲ ထိုင်နေကြသည်။





"ရှင် ဘာဖြစ်လို့ ဝင်လာရတာလဲ ... ခြံစောင့်က ခြံထဲမှာပဲနေပါ"

ဦးဒေဝါ ရင်တွေအောင့်သက်သွားရသည်။ ကိုယ့်သမီးကို တရိုတသေနှင့် မမလေးဆောင်းဟုလည်း ခေါ်ရသေးတယ်။ အော် ဟစ်ငေါက်ငမ်းတာ ခံရသေး၏။

အဖေက သမီးအတွက်ပါကွယ်။ ဆောင်းသခင်အတွက်ပါ နော်။

"ဒေဝါ ... ဘာလာလုပ်တာလဲ၊ ငါ့သမီးက နင်တို့သားအဖကို မမြင်ချင်တော့ဘူးဟဲ့ ... ထွက်သွား ... "

"မမခန့်ကိုရော မမလေးဆောင်းကိုရော ပြောစရာရှိပါတယ်၊ သမီးနွေကို ဒီခြံကြီးထဲကနေ မောင်းထုတ်ရင် မောင်မိုးဝသနဲ့ လွတ်လွတ်လပ်လပ်တွေ့ခွင့်ပေးလိုက်သလို ဖြစ်နိုင်ပါတယ်"

"ဘာပြောတယ်"

"ရှင် ... ဘာပြောတာလဲ ဦးဒေဝါ"

"မမလေးဆောင်း လက်ထပ်ပြီးမှပဲ ထွက်သွားပါ့မယ်၊ စိတ်ချပါ ... မောင်မိုးဝသန်နဲ့ ဘယ်တော့မှ မတွေ့ဆုံစေရပါဘူး၊ ခြံအလုပ်တွေလည်း မခိုင်းတော့ပါဘူး၊ အခန်းထဲကတောင် ထွက်ခွင့်မပေးတော့ပါဘူး ... "

ဆောင်းလည်း တွေးမိနေသည်။ နွေရွက်ဝါအား အပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထားလျှင် ပို၍လွတ်လပ်သွားမည် ဖြစ်၏။

သူမသိနေတာက ကိုကို့စိတ်တွေ နွေရွက်ဝါထံ လွန်လွန် ကျူးကျူး တိမ်းညွတ်နေသည်။

သူမ လက်ထပ်မှာက ကိုကိုမိုးဝသန်ပဲ။ ဘဝတစ်သက်တာ အတွက် ဆောင်းအရွေးချယ်သင့်ဆုံး ယောက်ျားတစ်ယောက်ဖြစ် နေ၏။ ကိုကို မိုးဝသန်က အရည်အချင်း ရှိလွန်းနေသည်။

"နင် ... ဘာဆင်ခြေတွေပေးနေတာလဲ ... ဒေဝါ"

"နေဦး မာမီ ... သမီးလည်း တွေးမိနေတယ်၊ ပြန်ပါတော့ ခြံစောင့်ကြီး ... နောက်ဆို ဒီတိုက်ကြီးထဲ ရာရာစစ ဝင်မလာပါနဲ့ ထွက်သွား ..."

"ဟုတ်ကဲ့ ... သွားပါ့မယ် ... မမလေးဆောင်း အကျိုးပါ"

"သွားတော့"

ခြံစောင့်ကြီး ဦးဒေဝါကို ဆောင်း ကြည့်မရ၊ အမြဲတမ်း ဆောင်းအကျိုးအတွက်ပဲဟု ပြောနေတတ်သည်။

"မာမီ"

"ဟင်"

"ဆောင်းလည်း တွေးမိတယ်၊ သမီးလက်ထပ်ပြီး ကိုကို့ကို အပိုင်ချုပ်ကိုင်နိုင်တဲ့ အချိန်မှ မောင်းထုတ်ပစ်ရမယ်"

"အင်းလေ ... သမီးဆောင်း သဘောပဲ၊ မာမီကတော့ သမီး





ကို စိတ်အနှောက်အယှက်မဖြစ်စေချင်ဘူး၊ မာမီတို့ရဲ့ တစ်ဦးတည်း သော သမီးလေးကို ပျော်ရွှင်ချမ်းမြေ့စေချင်ပါတယ်"

သမီးလေး ဆောင်းကို ဒေါ်ခင်ခင်စန့် ပွေ့ဖက်ထားမိသည်။ တစ်ဦးတည်းသော သမီးလေးဖြစ်၍ ချစ်မြတ်နိုးရ၏။ ငုံတောင် ထားချင်တယ်။

သမီးဆောင်းက မိမိတို့လင်မယားနှစ်ယောက်လုံးနှင့် မတူ တာတော့ ထူးခြားနေသည်။

မဆီမဆိုင် ငွေခကမွေးတဲ့ သမီးက ကိုသော်တာနှင့် တူနေ ၏။ ကိုသော်တာ့သွေးပဲ။

သမီးဆောင်းကို အတိတ်က အဖေရဲ့ ကိုယ်ကျင့်တရား ပျက်ယွင်းမှုအတွက် အသိမပေးလိုပေ။ မပြောပြခဲ့။

"ကိုကိုနဲ့ဆောင်းတို့ အမြန်ဆုံး လက်ထပ်မယ် မာမီ"

"ကောင်းတယ် ... မောင်မိုးဝသန်နဲ့ အမြန်ဆုံး လက်ထပ် လိုက် ..."

"မာမီ စီစဉ်လေ၊ အမြန်ဆုံးနော် ... ဆောင်းအတွက် ကိုကို က အသင့်တော်ဆုံးပဲ"

ကိုကို မိုးဝသန်ကို ဆောင်းမိဘတွေက ပညာသင်ပေးထား တာပါ။ စီးပွားတွေ ပြန်ဖြစ်လာကြတာလဲ ဆောင်းမိဘတွေ အထောက်အပံ့ကြောင့်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းကို ဖိနှိပ်စိုးမိုးထားနိုင်တဲ့ ယောကျာ်းမဟုတ်။ ပြီးတော့လည်း ကိုကိုမိုးဝသဉ်က အရှက်အကြောက်ကြီးလွန်းသည်။

နွေ့လှည့်ကွက်ထဲမှာ ဘယ်လိုလှုပ်ရှားမလဲ။

"ကိုကို ပြန်လာပြီထင်တယ် မာမီ၊ ကြည့်လေ … ကိုကိုနဲ့ နွေပူမ လှည့်ကွက်က ရိုးစင်းနေတယ်၊ အိမ်အနားရောက်ကာနီးမှ ပြန်ထွက်သွားတာ … နွေပူမနှင့်အတူတူ ပြန်လာသည်ဟုထင်မှာစိုး၍ အချိန်ကွာပြန်လာတာ"

"အင်းလေ … မာမီတို့စောင့်ကြည့်ရမှာပဲ … သူတို့ဟာ သူတို့အမှတ်မထင် တွေ့ကြတာလဲ ဖြစ်နိုင်တာပဲဆောင်း … "

ကိုကို ပြန်ရောက်လာသည်။

မင်္ဂလာဆောင်ဖိတ်စာတွေ လုပ်လာ၍ ဆောင်း စိတ်ပြေရ၏။ ထူးထူးခြားခြား ကိုကိုက မင်္ဂလာပွဲကိစ္စတွေ လုပ်နေတာပါလား။

ထိုကဲ့သို့လုပ်လေ ဆောင်းမသင်္ကာလေပဲ။

"ဆောင်း"

"ဟင်"

"ဖိတ်စာတွေလေ … နမူနာယူလာတာ၊ မင်းသဘောကျတယ် မဟုတ်လားကွာ … "

"ကောင်းတယ် ကိုကို … ဆောင်းနဲ့လက်ထပ်ပွဲအပေါ်





ကိုကို စိတ်ဝင်စားမှု ရှိသားပဲ"

ဆောင်းက သူ့လက်မောင်းကို ဖက်တွယ်လိုက်ပေမယ့် သူ နှစ်သက်ခြင်းမရှိ။

နွေကြောင့်ပါ …

အပြစ်မဲ့တဲ့နွေ ကျောင်းပြီးကာ နီးမှ ပြဿနာဖြစ်မှာ မိုး မလိုလားမိပေ။ ဆောင်းကျေနပ်မှုရှိစေရန် လုပ်ပေးနေခြင်း ဖြစ်သည်။

"ကိုကို အနားယူတော့မယ် … ဆောင်း အပြင်ထွက်မယ် မဟုတ်လား၊ ပြင်ဆင်ထားလေ … "

"ကောင်းပြီလေ ကိုကို … ခြောက်နာရီဆင်းလာနော်၊ ဆောင်း အလှပြင်ထားမယ်"

"အိုကေ"

သူ အပေါ်တက်လာခဲ့သည်။

နွေ အဆင်ပြေရဲ့လား။ နွေ့ကို ဒုက္ခပေးတဲ့ကောင်တွေက ဘယ်ကကောင်တွေလဲ။ ကိုကို စိတ်ပူတယ်။

နွေ့ကို သူ ရိုးသားဖြူစင်စွာ ညီမလေးတစ်ယောက်ကဲ့သို့ စောင့်ရှောက်ပေးလိုသည်။

"နွေရယ် … သနားစရာကောင်းလိုက်တာ၊ ကိုကို့ရင်တွေ နာကျင်နေရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းကနေ နွေတို့အလုပ်သမားတန်းလျားလေးအား ငေးမျှော်ကြည့်မိသည်။ နွေ့ကို မတွေ့ရ။

ဦးဒေဝါပဲ ခြံထဲက အလုပ်တွေကို လုပ်နေ၏။

နွေ စာကျက်နေတာလား။ စာမေးပွဲကလည်း နီးနေပြီ ဖြစ်သည်။

"နွေ့အကြောင်းတွေပဲ ကိုကို့အသိတွေထဲ လွှမ်းမိုးနေတယ် ချစ်တယ်နွေ ..."

သူ ... အိပ်ရာပေါ် ပြစ်လှဲချလိုက်သည်။

မှေးခနဲ အိပ်ပျော်သွားစဉ် အိပ်မက်ထဲမှာ သူနှင့်နွေ အိမ်လေးတစ်လုံးထဲမှာ အတူတူ ရှိနေကြသည်။

"နွေတို့ ခိုးပြေးလာကြတာ ... မမဆောင်းသိသွားရင် ဒေါ သူပုန်ထတော့မယ် ထင်တယ် ... နွေ အရမ်းကြောက်တာပဲ"

"မကြောက်နဲ့နွေ ... သတ္တိရှိရှိ ရင်ဆိုင်မယ်၊ ကိုကိုချစ်တာ နွေပဲ ... ဆောင်းနဲ့လက်မထပ်နိုင်ဘူး၊ ကိုကို ချစ်တာ နွေ ..."

"အို ... ကိုကိုရယ်"

သူ့လက်မောင်းတွေက နွေ့ခန္ဓာကိုယ်လေးအား သိမ်းကျုံးပွေ့ဖက်ထားမိသည်။ သူမ နှုတ်ခမ်းလေးတွေကို နမ်းမိ၏။ အချစ်တွေ ချိုအီနွေးထွေးနေသည်။

"ကိုကို ... ကိုကို ... ထတော့လေ ... ခြောက်နာရီထိုးနေ





ပြီ ... ထတော့ ..."

"ဝုန်း ... ဝုန်း ..."

"ဒုန်း ..."

"ဒုန်း ..."

"ကိုကို ..."

"ဟင် ..."

အပြင်ဘက်မှ ထုသံတွေကြောင့် မိုး လန့်နိုးသွားရသည်။

သူ အိပ်ပျော်သွားတာပဲ။ လှပလွန်းတဲ့ အိပ်မက်လေး ပျက်သွား၏။ ဆောင်းက အော်ဟစ်နိုးနေသည်။

"ကိုကို"

"ဝုန်း ..."

"ဝုန်း ..."

"ထပါပြီ ဆောင်းရာ ... ဘာဖြစ်လို့ အော်နေရတာလဲ၊ အသံပြဲကြီးနဲ့ ..."

ဆောင်းထံမှ မိုး မကြိုက်နှစ်သက်ဆုံးအချက်က အသံပြဲပြဲနှင့် အော်ဟစ်ပြောဆိုနေတတ်ခြင်းပင်။

"ကိုကို အိပ်ပျော်သွားတယ် ဆောင်း ... ဆောရီးကွာ၊ တောင်းပန်ပါတယ်"

"တကယ်ပဲကွာ ... ဆောင်းကတော့ အောက်မှာစောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတာ ဒေါသတောင် ဖြစ်လာပြီ”

သူ … အဝတ်အစားတွေ အမြန်လဲပြီး ဆောင်းနောက်ကနေ လိုက်လာခဲ့ရသည်။

ခြံထဲရောက်တော့ ခပ်လှမ်းလှမ်းမှာ ဦးဒေဝါ လဲကျနေ၏။ သူသွားမယ်ပြင်တော့ ဆောင်းကလှမ်းဆွဲထားသည်။

“ထားလိုက်စမ်းပါ … ဒီအဖိုးကြီးက ဒီလိုပဲ မာယာများတယ်”

“ဘယ်ဖြစ်မလဲ ဆောင်း … လူတစ်ယောက် ဒုက္ခရောက်နေတာကို ဥပေက္ခာပြုထားလို့ မကောင်းပါဘူး၊ အလုပ်သမားဆိုတာလဲ လူပဲလေ … ”

“ကိုကို”

“ဆောင်း … မင်းဒီလောက်အထိ အကြင်နာတရား မကင်းမဲ့ပါနဲ့ … လူလူချင်းပဲကွ”

“နွေပူမရဲ့အဖေ ဖြစ်နေလို့ ကိုကို ဒီလောက်အထိ ပြာယာခတ်နေတာ မဟုတ်လား”

သူ … ဆောင်းကို ဘာမှတုန့်ပြန်ပြောမနေတော့ဘဲ ဦးဒေဝါထံ ပြေးလာခဲ့သည်။

“ဦးဒေဝါ … ဘာဖြစ်လို့လဲ၊ သတိမေ့နေတယ်ထင်တယ်၊ ဆေးခန်းကို ပို့မှထင်တယ်”





“ဘာမှမဖြစ်ဘူး ကိုကို … အလကား အဖြစ်သည်းမနေစမ်းပါနဲ့ … ဒီအဖိုးကြီးက ဒီလိုပဲ”

“ဆောင်း”

“ကိုကို ဘာဖြစ်နေတာလဲ … ဆောင်းဗိုက်ဆာနေပြီ၊ သွားမယ် … ကိုဘမောင် … ကိုဘမောင် … ဒီဒရိုင်ဘာ ဘယ်ရောက်နေလဲ … ကိုဘမောင် … ”

သူမ ဒေါသတကြီး အော်ဟစ်လိုက်သဖြင့် ဒရိုင်ဘာ ကိုဘမောင် သူ့အခန်းလေးထဲကနေ ပြေးထွက်လာသည်။

“ဘာဖြစ်လို့လဲ … မမလေးဆောင်း … ”

“ဒီမှာ အဖိုးကြီးလဲနေတယ် … သူ့အခန်း ပို့ပေးလိုက်”

“ဟုတ်ကဲ့”

“ကိုကို … လာ သွားမယ် … ”

“မသွားဘူးကွာ … လူတစ်ယောက် ဒီလောက်ဖြစ်နေတာကို မင်းတော်တော်ရက်စက်တာပဲ … ကိုကို မရက်စက်နိုင်ဘူး”

“မရက်စက်နိုင်လဲ နေခဲ့တော့ … ဆောင်းသွားပြီ”

ဆောင်းက တားဆီးနေသည့်ကြားမှပင် ကားမောင်းထွက်သွားသည်။

မိုးကတော့ နွေ့အဖေမဟုတ်လဲ ကူညီရမည်ဖြစ်၏။ ကိုယ့်အလုပ်သမားဆိုရင် ပို၍တောင် စောင့်ရှောက်ပေးရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခန်းထဲ သယ်ရအောင် ... ကိုယ် ဆရာဝန်ဖုန်းဆက်ခေါ် ပေးမယ် ... ကိုဘမောင် ... မဗျာ ... "

"ဟုတ်ကဲ့ အစ်ကိုလေး ... "

အလုပ်သမားတန်းလျားလေးထဲ ပွေ့ယူလာခဲ့ကြသည်။ သူ ဆရာဝန်အား ဖုန်းဆက်ခေါ်လိုက်၏။ နွေ့ ထိတ်ထိတ်ပျာပျာနှင့် ထွက်လာသည်။

"ဟင် ... အဖေ ဘာဖြစ်လို့လဲဟင် ... အဖေ ... "

"မင်းအဖေ ခြံထဲမှာလဲနေလို့ နွေ့ ... "

"အဖေ ... "

နွေ့မျက်နှာ ဖြူဖြူလေးပေါ်မှာ လက်သဲရာတွေတွေ့တော့ မိုး စိတ်မကောင်းဖြစ်သွားရသည်။

"မင်းကို ဘယ်သူရိုက်တာလဲ ... မျက်နှာပေါ်မှာ ဒဏ်ရာ တွေနဲ့"

"အဖေပါ"

သူကတော့ မယုံပေ။

ဆောင်းတို့သားအမိပဲ ဖြစ်နိုင်သည်။ ဘာကြောင့်လဲ ... သူ နှင့်နွေ့ ကားတစ်စီးတည်း ပြန်လာတာ ဆောင်း တွေ့သွား၍ ပြဿနာ ဖြစ်ကြတာပဲ ဖြစ်နိုင်၏။

သူ့သူငယ်ချင်း ဒေါက်တာနန္ဒ ရောက်လာတော့ စစ်ဆေးရာ





တွင် အားနည်းပြီး သတိလစ်သွားတာတဲ့။ သွေးပေါင်က အလွန် အမင်း ကျနေသည်။

"ဘာမှတော့ မဖြစ်ပါဘူး၊ ကိုယ်ခံအားနည်းနေတယ် မိုး၊ အကောင်းဆုံးက အားဆေးပုလင်းကြီး ချိတ်ဖို့ပဲ ... "

"မင်း ကောင်းမယ်ထင်သလို လုပ်ပေးပါ နန္ဒရာ"

နန္ဒက အားဆေးပုလင်းကြီး ချိတ်ပေးခဲ့သည်။

ဦးဒေဝ သတိရမှ သူပြန်ထွက်လာခဲ့ပြီး ကိုဘမောင်အား လည်း စောင့်ရှောက်ပေးထားဖို့ အထပ်ထပ်မှာထားခဲ့ရ၏။

ဦးဒေဝကတော့ ကျေးဇူးတင် စကားမပြောတဲ့အပြင် မျက်လုံးတွေ မာထန်ကာ ကြောက်စရာကောင်းလွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

"အဖေ ... နွေလေ သူနဲ့ပတ်သက်တာ မဟုတ်ပါဘူးနော်၊ အဖေလဲနေလို့ ကိုဘမောင်နဲ့သူ သယ်လာကြတာပါ၊ နွေ ဘာမှမသိပါဘူး"

အဖေ အထင်လွဲမှာစိုး၍ နွေ ပြာပြာသလဲ ရှင်းပြမိသည်။

"ဟုတ်တယ် ဦးဒေဝါ ... ခင်ဗျားကို သူကယ်တာ မမဆောင်းက ပစ်ထားခဲ့လို့ပြောတာဗျ ... ကိုမိုးဝသဉ်က မမလေးဆောင်း စိတ်ဆိုးခံပြီး ခင်ဗျားကိုကယ်တာ"

ကိုဘမောင်က ကိုမိုးဝသဉ်အား ကျေးဇူးတင်သင့်ကြောင်း ရှင်းပေမယ့် အဖေကတော့ တင်းမာနေဆဲပင်။

"ဦးဒေဝါရာ ... နွေလေး သနားပါတယ်၊ ခင်ဗျားက အရမ်းဖိနှိမ်ထားရင် အိမ်ကြီးရှင်တွေက ပိုဆိုးမှာလေ ... နွေလေးဘက်က ရိုးသားတယ် ... အစ်ကိုလေးမိုးကို လုံးဝအရောမဝင်ပါဘူး၊





ခင်ဗျားအတွက်ပဲ စိတ်ပူနေတယ်"

အဖေ သိပါတယ်နွေ ... ဒါပေမယ့်လည်း အဖေအတွက်ကြီးပြီး သမီးဆောင်းဘက်ကပဲ ရပ်တည်ပေးချင်တယ်။

မောင်မိုးဝသဉ်ရဲ့ အပြုအမူတွေကို မနှစ်သက်မိ။ သမီးဆောင်းထက် နွေ့အပေါ် ဂရုတစိုက် ချစ်ခင်သက်ဝင်နေသဖြင့် မကျေမနပ် ဖြစ်ရသည်။

"ကျွန်တော် ပြန်မယ် ဦးဒေဝါ ... နွေလေးကို မရိုက်ပါနဲ့တော့ဗျာ၊ အပြစ်မရှိပါဘူး ... ခင်ဗျား နှိပ်စက်တာ အဓိပ္ပါယ်မရှိဘူး၊ ကျုပ်တို့တောင် ဘေးကနေ ဒေါသဖြစ်နေပြီ"

ပြောပြီး ... ကိုဘမောင် ပြန်သွားမှ အဖေက သမီးနွေအတွက် အဖေပြောနေတာပါ။ ဒရိုင်ဘာစုတ်က ကြီးကြီးကျယ်ကျယ်နဲ့ နွေပူမ သတိထားနေတဲ့။

နွေ အခက်အခဲတွေဖြစ်ရတိုင်း သူနှင့်ဆုံနေခဲ့ရသည်။

"နွေ သိပါတယ်အဖေ ... ခြံထဲက အလုပ်တွေကိုလည်း အဖေမလုပ်ပါနဲ့တော့ ... နွေပဲလုပ်ပါ့မယ်၊ အဖေ မကြိုက်တဲ့အလုပ်တွေ မလုပ်ပါဘူး ... မနေ့က တကယ်ပဲ နွေ့ကို လူတစ်စုက ဓါးထောက်ခေါ်သွားလို့ပါ ... သူရောက်လာလို့ပါ"

သမီးနွေအတွက်လည်း ဦးဒေဝါ စိတ်ပူမိသည်။ ဘယ်ကကောင်တွေလဲ။



www.burmeseclassic.com

www.burmeseclassic.com



မိမိငယ်စဉ်လေးထဲက ဖြစ်ထားတာပါ။ အသက်အရွယ် ရ
လာတော့ သမီးနွေက တော်တော်လေး ချောမောလှပလာသည်။

အဖေလည်း စိတ်မကောင်းပါဘူး။ သမီးနွေက အမြဲတမ်း
အဖေ့အတွက်ပဲ စိတ်ပူပေးနေခဲ့တာပါ။ အဖေ့ကို ခွင့်လွှတ်နိုင်မှာ
မဟုတ်ပါဘူး။

အဖေ ကျူးလွန်ခဲ့တဲ့ ပြစ်မှုက သမီးနွေဘဝကြီးတစ်ခုလုံး
ပျက်စီးနှံချာခဲ့ရတာပါ။

အခုထိတောင် အဖေအတွက်ကြီးကြီးနဲ့ အဖေ့သမီးအရင်း
ဆောင်းသခင်အတွက်ပဲ စဉ်းစားနေတယ်။

"အဖေ"

"ဟင်"

"နောက်ဆို အဖေ မကြိုက်တာတွေ သမီးဘာတစ်ခုမှ မလုပ်
ပါဘူးနော်"

ဦးဒေဝါ မျက်ဝန်းတွေကို မှိတ်ပစ်လိုက်သည်။ သမီးနွေ
အတွက်လည်း စိတ်မကောင်း ဖြစ်ရပါတယ်။

သမီးအရင်း ဆောင်းထက် မိမိကို ချစ်ခင်ရှိသေသည်။

"အဖေမရှိရင် နွေတစ်ယောက်ထဲ ရပ်တည်နိုင်မှာ မဟုတ်ပါ
ဘူး အဖေ ..."

အဖေ့ကိုဖက်၍ ငိုမိသည်။ နွေ့ကို အဖေ ဆုံးမတာ သူများ





အိမ်မှာ နေတတ်အောင်ပါဟု နွေပြောမိ၏။ အဖေ့ကို မမုန်းပါဘူး။

နွေ့ရဲ့တစ်ဦးတည်းသော သံယောဇဉ်တွယ်တာရာ သွေး
သားပါဆိုတော့ အဖေက သူမ ပွေ့ဖက်ထားယင်း ငိုသည်။

"အဖေ မငိုပါနဲ့နော်၊ စိတ်မကောင်းမဖြစ်ပါနဲ့ ... နွေ့အတွက်
အရှင်သခင်တွေကို အဖေမျက်နှာမပျက်စေရပါဘူး၊ မမလေးဆောင်း
က မောင်းထုတ်ရင်လည်း နွေပဲ ထွက်သွားပါ့မယ်"

"မသွားရဘူး သမီးနွေ ... အဖေ့အနားမှာပဲနေရမယ်၊ အဖေ
ပြောထားပြီးပါပြီ၊ အရေးကြီးတာက ကိုယ့်အဆင့်နဲ့ကိုယ်နေဖို့ပဲ
ဟိုမောင်မိုးဝသန် ဘယ်လောက်ပဲ သမီးအကြိုက်တွေ လိုက်လုပ်
နေပါစေ အထင်မကြီးနဲ့၊ နာမည်ပျက်တာပဲရှိတယ်၊ သမီးကို အတည်
ကြံကြမှာ မဟုတ်ဘူးနော်"

"နွေ သိပါတယ် အဖေ ... အထင်လည်းမကြီးပါဘူး၊ အမေ့
လိုလည်း နွေနာမည်ပျက် မခံနိုင်ပါဘူး"

အဖေ့အနားကနေ နွေထွက်လာခဲ့သည်။

ကိုမိုးဝသန်အပေါ် ကျေးဇူးတွေက အရမ်းပဲ ကြီးမားနေ၏။
နွေ ဘာဖြစ်လို့များ ကိုမိုးဝသန်နှင့် ဒီလိုအခြေအနေမျိုးမှာ လာပြီး
တွေ့ဆုံနေခဲ့ရတာလဲ။

တစ်ယောက်ကိုတစ်ယောက် ချစ်ခွင့်မရှိကြတဲ့ဘဝ။

"ကျွန်မကိုလာပြီး မပတ်သက်ပါနဲ့နော် ... အဖေ့အမုန်းတွေ
ကို ကျွန်မကြောက်လို့ပါ ... ကျွန်မဘဝ အရေးအကြီးဆုံးက အဖေ



www.burmeseclassic.com

www.burmeseclassic.com



ပါ"

နွေ ငိုချင်သည်။ တိတ်တဆိတ်ကြိတ်ပြီး ငိုကျွေးရတဲ့ရက်
တွေ မြောက်များစွာ ဖြတ်သန်းလာခဲ့ရသည်။

အဖေကတော့ ဆေးအရှိန်နှင့် အိပ်ပျော်သွားပြီဖြစ်၏။ အဖေ
တော်တော်လေး ပိန်ကျသွားတာပဲ သနားလိုက်တာ။ သမီးအတွက်
စိတ်မပူပါနဲ့ အဖေရယ်။

နွေ မွန်းကြပ်လွန်း၍ အစေခံတန်းလျားလေးထဲကနေ
ထွက်၍ ခြံထဲမှာ ထိုင်နေမိသည်။

"ကိုမိုးဝသန်ရော အိပ်ပြီလား ... ကျွန်မတို့တွေ့ဆုံလို့ မဖြစ်
တော့ပါဘူး"

နွေ ရင်တွေကြေကွဲနာကျင်ရတာ နွေအသိဆုံးပင်။ အချစ်
ဆိုတာ နွေ့အတွက်တော့ ကံဆိုးမှုပဲ။

အဖေကိုယ်တိုင်က နွေ့ကို အမေသေဆုံးရတာ နွေ့ကြောင့်
ဟု စွပ်စွဲပြီး အမြဲတမ်းရိုက်နှက်ဆူပူကြိမ်းမောင်းခံနေရ၍ အဖေ့
အချစ်တွေကို အပြည့်အဝမရခဲ့။

ပြီးတော့ နွေ ချစ်ရတဲ့သူ ကိုမိုးဝသန်နှင့်ရော သူမ မျက်ရည်
တွေ ပြည့်ဝိုင်းလာရသည်။

"တီ ... တီ ... "

"တီ ... "

"ဟော"





ခြံဝတွင် ကားမီးရောင်ကိုတွေ့ရပြီး ဟွန်းတီးသံကြောင့် နွေ
ပြေးထွက်လာပြီး ခြံတံခါးကို ဖွင့်ပေးရသည်။

အဖေ အရက်မူးတိုင်း ညစဉ် ခြံစောင့်အလုပ်က နွေ့အလုပ်။
သူမ တံခါးဖွင့်ပေးလိုက်သဖြင့် ကားတစ်စီး ဝင်လာ၏။

မမလေးဆောင်းကားပေမယ့် မောင်းလာသူက မမလေး
ဆောင်းမဟုတ်။

"ဆောင်း ... ရောက်ပြီလေ သတိထားပါဦးကွာ"

မမလေးဆောင်းက ကားထဲမှာ အမူးလွန်ပြီး ခွေကျနေ
သည်။ နွေ စိတ်ပူသွားရ၏။ ကားမောင်းလာပို့တဲ့သူက မမလေး
ဆောင်းရဲ့ကိုယ်လုံးအား တင်းကြပ်စွာ ပွေ့ဖက်ထားသည်။

"ဆောင်း"

"အင်း ... ရောက်ပြီလား၊ အား ... ဝွတ်ဘိုင် ... "

မမဆောင်း ကားပေါ်မှ ဒယိမ်းဒယိုင်နှင့်ဆင်းလာတော့ နွေ
ဆီးကြိုပွေ့ဖက်လိုက်ရသည်။

"မင်းက ဘယ်သူလဲ"

"ဒီခြံကြီးထဲက အလုပ်သမားပါ၊ မမလေးဆောင်းကို တိုက်
ထဲပို့ပေးလိုက်ပါ့မယ် ... ရပါပြီ ... "

"ဆောင်းတို့တိုက်က အလုပ်သမားဆိုတော့ အိမ်ဖော်
ကောင်မလေးပေါ့ ... အရမ်းလှပနေပါလား ... ချစ်စရာလေး"

"အို"



www.burmeseclassic.com

www.burmeseclassic.com



သူမမေးစေ့လေးကို ကိုင်လိုက်သဖြင့် အထိတ်တလန့်နှင့် တွန်းဖယ်ပစ်မိသည်။ သူတို့တွေ ရယ်မောပြီး ပြန်ထွက်သွားမှ နွေ စိတ်သက်သာရာ ရသွား၏။ အရက်နံ့တွေက ဟောင်စပ်နေတာပဲ။

"မမလေးဆောင်း ... သတိထားပါဦး၊ အထဲဝင်ရအောင် နော်"

"အင်း"

နွေ အမူးလွန်နေတဲ့ မမလေးဆောင်းကို တိုးတိုးတိတ်တိတ် လေးတွဲ၍ တိုက်ကြီးထဲသို့ ခေါ်ဆောင်လာခဲ့သည်။

ကိုမိုးဝသသန် သိမှာလည်း စိုးရိမ်မိ၏။ မကြာခင် လက်ထပ် မင်္ဂလာပွဲ ကျင်းပကြတော့မှာ မဟုတ်လား။

"ဝေါ့ ... ဝေါ့ ... "

"မမလေး သတိထားပါနော် ... "

"ဝေါ့ ... ဝေါ့ ... "

"အံချင်လို့လားဟင် ... "

"နင် ... နင် ... ဘယ်သူလဲ"

"နွေပါ"

မမလေးဆောင်းရဲ့ မျက်လုံးအကြည့်တွေက ကြောက်စရာ ကောင်းလောက်အောင် မာထန်နေသည်။

"နင့်အဖေရော ... "

"နေမကောင်းလို့ပါ"





"နင်က ခြံထဲဘာထွက်လုပ်နေတာလဲ နွေပူမ"

အာလေး လျှာလေးကြီးနှင့်။ နွေတိုက်ကြီးထဲ တွဲခေါ်လာ ပြီး မမလေးဆောင်း အိပ်ခန်းထဲ ပို့ပေးမလို့ဟာ။ အထဲရောက်မှ သောင်းကျန်းတော့သည်။

"နင် ... နင် ... ငါ့ခင်ပွန်းလောင်းကို မြူဆွယ်ဖို့ ခြံထဲဆင်း နေတာ မဟုတ်လား၊ ပြောစမ်း ... မြေခွေးမ ... "

"မဟုတ်ရပါဘူး မမလေးရယ် ... အဖေ နေမကောင်းရင် နွေပဲ ခြံတံခါးဖွင့်ပေးနေကျမို့ပါ ... မမလေးကို စောင့်နေတာပါ"

"မယုံဘူး ... နင်တို့လို အဆင့်မရှိတဲ့အိမ်ဖော်မတွေက သူဌေးယောကျ်ားတွေကို မြူဆွယ်ဖြားယောင်းဖို့ပဲ အကွက်ချောင်း နေတာ"

"မမလေးဆောင်း အပေါ်ထပ်ကိုတက်ရအောင်နော် ... နွေ ကိုပြောချင်ရင်လည်း မနက်မှပြောပါ"

"မြေခွေးမ"

"ဖြန်း"

"အား"

"ပိုင်းလုံးမ ... ကိုကိုတို့လို သူဌေးသားတွေက နင့်ကို အတည်ကြံမယ်ထင်နေလား"

"ဖြန်း"

"မမလေးရယ် ... သတိထားပါနော်၊ နွေ့ကိုအထင်မလွဲပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအထင်လွဲတာလဲ ... ငါသိတယ်၊ ကိုကိုက နှင့်ရဲ့ ထောင်ချောက်ထဲတိုးဝင်မိနေပြီ၊ နှင် ... နှင် ... ဘာတွေလုပ်ထားလဲ၊ နှင့်အတွက်ဆို ငါ့ကိုတောင် ဆန့်ကျင်နေပြီ"

သူမလက်ကို အတင်းရုန်းဖယ်ပြီး ညှော်ခန်းမှာထားတဲ့ပန်းအိုးကို ကောက်ယူ၍ ပစ်ပေါက်သည်။

"ချွန်း ... ချလန်း ..."

"အမေ့"

နွေ့ကိုမထိမှန်ဘဲ နံရံကိုထိပြီး အစိတ်စိတ်အမွှာမွှာ ကွဲသွားသည်။ အပေါ်ထပ်မှ မာမီခန့် ပြေးဆင်းလာ၏။ ကိုမိုးဝသန်လည်း ဆင်းလာသည်။

"သမီးဆောင်း ... ဘာဖြစ်တာလဲ၊ နွေ့ပူမ နှင် ... ငါ့သမီးကို ဘာလုပ်လို့ ပြဿနာတက်နေရတာလဲဟဲ့"

"နွေ ဘာမှမလုပ်ပါဘူး မာမီခန့်ရယ် ... မမလေး အမူးလွန်လာလို့ တွဲပို့ပေးတာပါ၊ အဖေ နေမကောင်းလို့ ခြံတံခါးဖွင့်ပေးတာကို ဒေါသထွက်သွားတာပါ"

"ဒီကောင်မ ... လင်ခိုးမပဲ မာမီ၊ ဆောင်းနဲ့လက်ထပ်မယ့် ကိုကို့ကို ကြံစည်နေတာ"

"ဆောင်း"

"ရှင် လုံးဝ ဝင်မပြောနဲ့နော်၊ ဆောင်းမသိဘူးထင်နေလို့လား ... ရှင်တို့ကြိတ်ပုန်းခုတ်နေတာလေ၊ နှစ်ယောက်သား ကား





ပေါ်မှာ အကြည်စိုက်နေကြတာ"

"ဆောင်း ... မင်းဘာတွေပြောနေတာလဲ၊ မဟုတ်တာတွေ တော်တော့ ... မင်း အရမ်းမူးနေပြီ၊ ပြောစရာရှိယင် မနက်မှပြောပါ၊ နွေ ... မင်းသွားတော့"

"မသွားနဲ့ ... နေဦး ... ရှင်ဝင်ပြီး အကာအကွယ်ပြောနေတာမဟုတ်လား"

"သမီးဆောင်း ... ပြောစရာရှိတာ မနက်မှပြောတော့၊ အပေါ်တက်တော့နော် ... မာမီတွဲပို့ပေးမယ်၊ အခု အချိန်လွန်နေပြီ နွေ ... နင်သွားတော့"

"ဟုတ်ကဲ့"

"မာမီကလည်း ဒီဟာမကို အကာအကွယ်ပေးနေတာလား၊ မောင်းထုတ်ပစ်လိုက်ပါလို့ ဆောင်းပြောနေတယ် မဟုတ်လား"

မိုးဝသန်ကတော့ ဆောင်းအပြုအမူအတွက် ဒေါသတွေထွက်ရသည်။ အဆင့်အတန်းမရှိတဲ့ မိန်းမ။ သူ့ဘဝလက်တွဲဖော်အဖြစ် စိတ်ပျက်မိ၏။

နွေ့အတွက်လည်း စိတ်မကောင်းဖြစ်ရသည်။

"ကိုကို"

"မင်းအပေါ်တက်ပါတော့ ဆောင်း ... မနက်ကျမှ မင်းပြောချင်တာတွေ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ဟာမကိုထိလို့လား ... နာတာလား ကိုကို"

"ဆောင်း ... တော်ပါတော့ကွာ၊ မင်းလွန်နေပြီ၊ ကိုကို အိပ်တော့မယ် ... မင်းမကျေနပ်လည်း မတတ်နိုင်ဘူး"

"ဝုန်း"

"သစ္စာမရှိတဲ့ယောကျ်ား"

ဆောင်း မင်းကိုယ်တိုင်ရော ယောကျ်ားလေးတွေနဲ့ပြန်လာတာမဟုတ်လား။ မင်းက အပြစ်မရှိဘူးလား။

သူတွေ့သည်။ မူးရူးနေကြတဲ့ ယောကျ်ားတွေ။

ဆောင်းကို စိတ်ပျက်၏။ လက်ထပ်ဖို့ကိစ္စ ဖျက်ပစ်ရမည်။

သူ အပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။ စိတ်ပျက်တယ်။ အရင်ထဲက ဆောင်းကို သူသဘောမကျခဲ့။ အိမ်ထောင်တစ်ခုကို ထိန်းသိမ်းနိုင်မည့် မိန်းမကောင်းတစ်ယောက် မဖြစ်နိုင်ပေ။

သူ မေမေ့ဆီ ဖုန်းဆက်မိသည်။

"ဆောင်းကို သားလက်မထပ်ချင်ဘူး မေမေ ... အကျင့်စရိုက်တွေက သားနဲ့ဆန့်ကျင်ဘက်ဖြစ်နေတယ်၊ ဘဝတစ်သက်တာလုံး လက်တွဲဖို့ဆိုတာက မဖြစ်နိုင်ဘူး ထင်တယ်"

"မေမေတို့ဘက်က ငြင်းပယ်ခွင့် လုံးဝမရှိဘူးနော်သား၊ ခန့်ကြောင့်ပါ ... သူ့သမီးလေးအတွက် သားကို ရွေးချယ်တာ မှန်ပါတယ် ... သားဘက်ကနေ မငြင်းပါနဲ့"

"မေမေ"





"မင်းသိထားရမှာက ဆောင်းကို သည်းခံပြီး စောင့်ရှောက်ပေးဖို့ပဲ ... ဆောင်းကို အဆုံးအထိ မင်းသည်းခံရမယ်၊ မေမေ ငွေကြေးပြဿနာတွေနဲ့ ရင်ဆိုင်ရတုန်းက ခန့်ကူညီခဲ့တယ်၊ အဲဒါကို မေ့ပစ်လို့မဖြစ်ဘူးသား ... မေမေ ဒီတစ်ပတ်အတွင်း ဆင်းလာမယ်၊ မင်းတို့လက်ထပ်ပွဲကိစ္စလည်း စီစဉ်ပြီးပြီပဲ"

သူ ဆက်ပြောစရာအကြောင်း မရှိတော့ပေ။ ဖုန်းပိတ်ပစ်လိုက်သည်။ မေမေပြောတာလည်း ဟုတ်ပါတယ်။ အန်တီခန့်ရဲ့ ကျေးဇူးက မေ့ပစ်လို့မရတဲ့အချက်ဖြစ်နေ၏။

ဆောင်းကို ပြုပြင်နိုင်သလောက် ပြုပြင်ရမှာပဲ။ ဆောင်းကို ချုပ်ကိုင်နိုင်ဖို့အတွက် မိုးဝဿန် ခေါင်းခြောက်အောင် စဉ်းစားရင်း နွေ့ကို သတိရလာသည်။

"နွေရှက်ဝါ မင်းကိုသနားတယ်ကွာ ... ကိုကို စောင့်ရှောက်ပေးချင်တယ်"

နှိပ်စက်ခံရနေရတဲ့ မိန်းကလေးက အပြစ်မဲ့လွန်းသည်။ နွေ့ကို မောင်းထုတ်ပစ်လိုက်မှာလည်း စိတ်ပူမိ၏။ သူ့ဘက်ကနေ အတတ်နိုင်ဆုံး ကင်းကင်းရှင်းရှင်းနေပြရမည်။

မိုးဝဿန် ရင်တွေ ပူလောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

ဆောင်းသခင်နှင့် မိုးဝသန်တို့ရဲ့ လက်ထပ်မင်္ဂလာပွဲကြီးက မြိမ့်မြိမ့်သဲ ပြီးဆုံးသွားသည်။ မိုးဝသန်ကတော့ မထင်မှတ်နိုင် အောင်ပင် ရင်တွေကွဲအက်နာကျင်နေခဲ့ရ၏။ သူ နွေ့ကို မေ့ပစ်၍ မရ။

နွေ အစေခံတန်းလျားလေးမှာ ညှိုးငယ်စွာနေထိုင်ရင်း အဖေ့ တာဝန်တွေကို လုပ်ပေးနေရသည်။

"ကိုကိုချစ်တာ နွေပဲ ... နွေ့ကိုချစ်လို့ ကိုကိုဝေးရပြီဆိုတဲ့ အသိကြောင့် ခံစားနေရတယ်၊ နွေက ကိုကိုချစ်သင့်တဲ့ မိန်းကလေး တစ်ယောက်မဟုတ်ဘူးဆိုတာ ကိုကို သိတယ်နွေ"

ဆောင်းကို ဘယ်လိုချစ်ရမလဲ။ တွေးမိတိုင်း သူလက်မခံနိုင် ခဲ့။

မင်္ဂလာပွဲကျင်းပနေချိန်အထိ ဆောင်း ကလပ်တွေတက်နေ





ဆဲပင်။ သူ့ကို ယောကျ်ားတစ်ယောက်အနေနှင့် လေးစားမှုလည်း မရှိ။ ဂရုလည်း မစိုက်ပေ။

သူမ လုပ်ချင်တာတွေ လုပ်နိုင်ဖို့အတွက် နွေ့ကို သူနှင့် စွပ်စွဲပုတ်ခတ်ပြီး ထင်ရာစိုင်းနေသည်။

"သား ... မင်းအိမ်ထောင်ရေးကို ထိန်းသိမ်းပါ၊ ဆောင်း လေးက မိဘတွေအလိုလိုက်ခြင်းခံထားရလို့ ဆိုးချင်နေတာပါကွယ်၊ အချိန်ယူပြီး ပြုပြင်ပေးရမယ်လေ"

အန်တီခန့်ကလဲ သူ့ကိုတောင်းပန်စကားတွေနှင့် သမီး ဆောင်းကို ထိန်းသိမ်းသည်းခံပေးဖို့ တောင်းဆိုခဲ့သည်။

သူ့အိမ်ထောင်ရေးက သူသည်းခံနေလိုက်တာနှင့် အဆင်ပြေ ချောမွေ့ပြီး တည်မြဲခိုင်ခန့်မှာလား။ သူ အရက်ကို သောက်မိသည်။

"နွေ ... ကိုကို မင်္ဂလာအိပ်ခန်းကြီးထဲဝင်ရမှာ မီးလိုပူ လောင်နေတယ် ... မချစ်မနှစ်သက်သူနဲ့ အတူတူနေရခြင်းက ငရဲ ထင်တယ် ... အား ... ပူလိုက်တာ"

မိုးခန္ဓာကိုယ်က သတိ့သမီး ဆောင်းသခင်ရှိနေတဲ့ မင်္ဂလာ အိပ်ခန်းကြီးထဲ ဝင်ဖို့ ပူလောင်ပြင်းပြစွာ လေးလံနေသည်။

ဆောင်းကရော စောစောလေးကမှအပြင်ကနေ ပြန်ရောက် လာ၏။ ဘယ်သွားမှန်းလည်းမသိ။

သူ့မင်္ဂလာဦးညက စိတ်ပျက်ခြောက်ခြားစရာ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လုံးရဲ့ ရင်ထဲမှာ အချစ်တွေကင်းမဲ့လွန်းစွာ တစ်ယောက်ကို တစ်ယောက် ဘယ်လိုချုပ်ကိုင်ရမလဲ၊ ချောင်းမြောင်းနေတဲ့ ကျားနှစ်ကောင် ဖြစ်နေသည်။

"ကိုကို့မင်္ဂလာညက ဒီလောက်အထိ အေးခဲခြောက်သွေ့နေရတာလဲနွေ ... မင်းရော ကိုကို့ကြောင့် ထိခိုက်နာကျင်နေရလားကွာ"

သူ ... မူးနေပြီ။

နွေ့ကိုသတိရတမ်းတစိတ်တွေ ဘယ်ကနေ ပေါ်လာရတာလဲ။

မင်္ဂလာဦးအိပ်ခန်းကြီးထဲ မဖြစ်မနေသွားရမည်ဖြစ်၍ အရက်ကို နောက်ဆုံးတစ်ခွက် ထပ်သောက်သည်။ ခြေလှမ်းတွေယိုင်၍ သိုင်းကွက်နင်းလာနေ၏။ သူ့စိတ်တွေ အသိကင်းမဲ့မသွားစေရန် ထိန်းချုပ်ရင်း မင်္ဂလာအိပ်ခန်းကြီးထဲဝင်လာပြီး ဆောင်းရှိနေတဲ့ ခုတင်ကြီးနား လျှောက်သွားမိသည်။

"ပန်းရောင်တွေလွှမ်းနေတဲ့ မင်္ဂလာအိပ်ခန်းကြီးက သင်းပျံ့မွှေးကြိုင်နေတာပဲ ... ရင်ခုန်စရာကောင်းတယ် ... "

ညဝတ်စုံပန်းရောင်ဖဲသား ဝမ်းဆက်လေးနှင့် ဆောင်းကတော့ တစ်ဖက်သို့စောင်းအိပ်နေကာ မာနတွေပြနေသည်။

သူ့ခေါင်းတွေက ရီဝေဝေ။





မွေ့ယာကြီးပေါ် ပစ်လှဲချလိုက်တော့ သူ အသိတွေ ထိန်းချုပ်ထားသည့်ကြားမှ ပေါက်ကွဲလွင့်ထွက်သွားသည်။

"နွေ ... နွေရယ်"

နွေ့ခန္ဓာကိုယ်လေးကို သူ့လက်တွေနှင့်သိမ်းကျုံးပွေ့ဖက်ထားမိသည်။

သူမက ဆတ်ခနဲ ဒေါသတကြီး ရုန်းဖယ်ပစ်၏။ သူ လက်တွေက ပို၍တင်းကြပ်သွားသည်။

"နွေ ... ချစ်တယ်၊ ကိုကို အရမ်းချစ်တယ် ... နွေ့ကိုချစ်တယ်"

"ဖယ်စမ်းပါ ... ဘာနွေလဲ၊ ရှင်ရူးနေလားဟင် ... အိမ်စေမကိုများ ... လွှတ် ... "

"ချစ်တယ်နွေရယ် ... မရုန်းစမ်းပါနဲ့၊ ကိုကိုရင်ခွင်ထဲမှာ နေစမ်းပါ။ ကိုကို့အချစ်တွေနဲ့ နွေးနွေးထွေးထွေး ပွေ့ဖက်ထားချင်တယ်"

ဆောင်း ဒေါသတွေ ပေါက်ကွဲသွားရသည်။

နွေတဲ့ ... ချစ်သည်တဲ့။ သူမခန္ဓာကိုယ်အား အတင်းအကျပ် ပွေ့ဖက်ကာ အနမ်းတွေ ခြွေနေ၏။ ဆောင်းကလည်း ကိုကို့ကိုချစ်၍ လက်ထပ်တာ မဟုတ်ပါဘူး။ ဂုဏ်ဒြပ်တွေရှိနေတဲ့ တင့်တယ်ဖို့အတွက် ကိုကိုမိုးဝသန်အား လက်ထပ်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ပါ ... ဘာတွေလဲ၊ အိမ်စေမကိုချစ်ရင် အစေခံတန်းလျားကိုသွားလေ ... ထစမ်းပါ ... "

သူ အရမ်းမူးနေသည်။ လူမှန်းမသိအောင် ဖြစ်နေ၍ ဆောင်း စိတ်တိုတိုနှင့် ဆွဲခေါ်လာခဲ့သည်။

"ရှင့်ကို အစေခံတန်းလျားကိုပို့ပေးမယ် ... ချစ်ကြစမ်း ဆောင်းသခင်ကိုမျှား ဘာထင်နေလဲ ... ထစမ်း ... "

"အား"

"အင်း ... "

"နွေ ... နွေ ... ဘာတွေလဲကွာ"

"ဟုတ်တယ် ... ရှင့်ကို ရှင်သိပ်ချစ်တဲ့ အစေခံမဆီ ပို့ပေးမယ်၊ အစေခံတန်းလျားကို"

သမီးဆောင်းအခန်းမှ အော်ဟစ်ရန်းကန်သံတွေကြောင့် ဒေါ်ခင်ခင်ခန့် ပြေးထွက်လာမိသည်။

"ဟင် ... သမီး ဘာတွေဖြစ်နေတာလဲ ... မောင်မိုးဝသန် ဘာဖြစ်လို့လဲ ... မလုပ်နဲ့လေ သမီးဆောင်း ... "

"သူက နွေ့ကိုချစ်တယ်တဲ့ ... အဲဒါကြောင့် ဆောင်းက သူ့ကို အစေခံတန်းလျားပို့မလို့"

"သမီးဆောင်း မလုပ်နဲ့လေ ... "

"သွားစမ်း"





"ဝုန်း"

"သမီးဆောင်း ... မလုပ်နဲ့ ... "

ဒေါ်ခင်ခင်ခန့် အော်ဟစ်တားဆီးမှုတွေက နောက်ကျသွားပြီ။ ဆောင်းက မောင်မိုးဝသန်အား လှေကားထိပ်ကနေ တွန်းချပစ်လိုက်၍ မောင်မိုးဝသန် ဒလိမ့်ကောက်ကွေး ပြုတ်ကျသွားသည်။

"မောင်မိုးဝသန် ... ဒုက္ခပါပဲ၊ အရက်တွေကလဲ မူးနေတယ်၊ သမီးဆောင်း ဘယ်လိုလုပ်လိုက်တာလဲ၊ ကျော်မကောင်း ကြားမကောင်းကွယ်"

"ထားလိုက် မာမီ ... သူ့ဟာသူ လေးဘက်ထောက်ပြီး သွားလိမ့်မယ်"

"မဟုတ်သေးပါဘူးကွယ် ... သမီးဆောင်း မလုပ်သင့်ဘူး"

"မာမီဝင်မပါပါနဲ့ ... သမီးကိစ္စ သမီးရှင်းမယ်၊ ဒီလိုလူမျိုးကို ဒီလိုပဲ ဆက်ဆံရမယ် ... ကျေးဇူးကန်းတဲ့ကောင်"

ဆောင်း ထွက်သွားတော့မှ ဒေါ်ခင်ခင်ခန့် လှေကားပေါ်က နေ ဆင်းလာခဲ့ပြီး မောင်မိုးဝသန်ကို ကြည့်မိသည်။

"မောင်မိုးဝသန် ... သား ... မောင်မိုးဝသန် ... "

ဒေါ်ခင်ခင်ခန့် လှုပ်နိုးပေမယ့် သတိမရတော့။ မိမိ စိတ်ပူသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မိုးဝသန် ... သူ ... သူ ... အမူးလွန်နေတာ မဟုတ် ဘူး၊ ခေါင်းမှာလည်း သွေးတွေ ... အမလေး ... မောင်ဘကျော် လာပါဦး ... ဘာတွေဖြစ်ကုန်ပြီလဲ"

ဒေါ်ခင်ခင်ခန့် အော်ဟစ်ခေါ်သံကြောင့် ဒရိုင်ဘာ ဘကျော် ရောက်လာသည်။

"ဘာဖြစ်တာလဲ ... မာမီခန့်၊ ဟင် ... အစ်ကိုလေး အရက်တွေ အရမ်းမူးပြီး ပြုတ်ကျတာလား"

"အင်း ... ဟုတ်တယ်၊ ကြည့်ပါဦးဟဲ့ ... ဘာဖြစ်သွားပြီလဲ လို့"

"သတိလစ်နေတာပါ ... ခေါင်းကလဲ သွေးထွက်နေတယ်၊ ဆေးရုံပို့ရအောင်"

"လုပ်လေ ... အမြန်ဆုံးပို့မှဖြစ်မယ်၊ တစ်ခုခုဖြစ်သွားရင် တော့ သူ့အမေကို ဘယ်လိုမျက်နှာပြရတော့မလဲ"

မောင်မိုးဝသန်အား ဒရိုင်ဘာဘကျော်ရဲ့ အကူအညီဖြင့် ဆေးရုံကို ပို့ရသည်။ စစ်ဆေးမှုတွေလုပ်တော့ ခေါင်းကဒဏ်ရာက ပြဿနာမရှိဘူးဆိုတာ သိရ၍ စိတ်အေးသွားရသည်။

"ခါးရိုးက ပြဿနာရှိတယ်၊ အခန့်မသင့်ရင် အောက်ပိုင်းသေ သွားနိုင်ပါတယ်"

"ရှင်"





မောင်မိုးဝသန်ကတော့ သတိလစ်မိန်းမောနေဆဲပင်။ ဒေါ်ခင်ခင်ခန့် ဘယ်လိုလုပ်ရမလဲ။

သမီးဆောင်းဂါ လုံးဝ လိုက်မလာပေ။

မိမိတို့လူကြီးတွေ အတင်းအကြပ် လက်ထပ်ပေးခဲ့မိတာပင် နောင်တရနေမိသည်။

"မာမီခန့် ပြန်ပြီး အနားယူပါ ... အစ်ကိုလေးကို ကျွန်တော် စောင့်ပါ့မယ် ... ဖြစ်ပြီးတာက ဖြစ်ပြီးနေပြီလေ၊ မာမီခန့် အနားယူ သင့်တယ်"

"ဘကျော် ... နင်ဂရုစိုက်နော်၊ မောင်မိုးဝသန် တစ်ခုခု ဖြစ်ရင် မာမီခန့်အမှားပဲ ... သူ့အမေက လက်ထပ်ဖို့ မဖြစ်နိုင်ဘူး ထင်တယ် ပြန်စဉ်းစားပါဦးဆိုတာ မာမီခန့်က အတင်းတောင်းဆို မိတယ်"

ဒေါ်ခင်ခင်ခန့် နောင်တရလို့ မဆုံးတော့။ မိမိအမှားပါ။ သမီးဆောင်းက ရှုပ်ပွေပြီး ထင်ရာစိုင်းနေတဲ့ကောင်မလေးပါ။ ဒါကို မိမိက သိသိကြီးနှင့် အတင်းပေးစားခဲ့သည်။

"ကလေးတွေရဲ့ အိမ်ထောင်ရေး အဆင်မပြေနိုင်ဘူးခန့်၊ စဉ်းစားပါဦး ... ထားသားက တည်တယ်၊ အပျော်အပါးလည်း မမက်ဘူး၊ ဆောင်းလေးနဲ့ အကျင့်စရိုက် မတူဘူးနော်"

"ရပါတယ် ထားရယ် ... ခင်လည်း သားမိုးဝသန်ကို ယုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည်အားကိုးတယ် ... သမီးဆောင်းအပေါ် သည်းခံပေးနိုင်မယ့် ယောကျ်ားက သူပဲရှိတယ်လေ၊ သမီးဆောင်း အနာဂတ်အတွက် စိတ်ပူတယ်၊ လက်ထပ်ပေးကြရအောင် ... ထားအမြဲတမ်း ပြောနေခဲ့တယ်လေ ... ခန့်ကျေးဇူးဆပ်ချင်တယ်လို့ ... ”

ထားက လက်ခံခဲ့သည်။ မောင်မိုးဝသန် ငြင်းပယ်နေသည့်ကြားမှပင် ဒေါ်ခင်ခင်ခန့် လက်ထပ်ပေးခဲ့မိသည်။

“မောင်မိုးဝသန်ရယ် ... မင်းဘာမှ မဖြစ်ဖို့ အန်တီခန့် ဆုတောင်းပါတယ်၊ မင်းရဲ့ခံစားချက်တွေကိုလည်း နားလည်ပါတယ်”

ဒေါ်ခင်ခင်ခန့် အိမ်ပြန်ရောက်တော့ သမီးဆောင်း အလှအပ တွေပြင်ပြီး အပြင်ထွက်ဖို့ လုပ်နေသည်။

“သမီးဆောင်း ဘယ်သွားမလို့လဲ၊ မောင်မိုးဝသန် အခြေအနေက ခါးအောက်ပိုင်းထိသွားတယ်တဲ့၊ အခန့်မသင့်ရင် အောက်ပိုင်းတောင် သေသွားနိုင်တယ်တဲ့”

“မာမီ ... ဘာဖြစ်နေတာလဲ၊ သမီးခေါင်းထဲမှာ မိုးဝသန်ဆိုတာ မရှိဘူး၊ သူ့အပြစ်နဲ့သူပဲလေ မတတ်နိုင်ဘူး ... ”

“ဆောင်းရယ် ... မာမီ တောင်းပန်ပါတယ်၊ မောင်မိုးဝသန်ကို သွားကြည့်လိုက်ပါ၊ သမီးတွန်းချလိုက်လို့ ဖြစ်ရတာလေ”

“မကြည့်ဘူး”

“အဲဒီလို မလုပ်ပါနဲ့ဆောင်းရယ် ... မာမီ့စကားကို နား





ထောင်စမ်းပါ ... လူမှုရေးအရ သွားကြည့်သင့်တယ်လို့ မာမီထင်တယ်”

“မကြည့်ဘူး ... သူ့မျက်နှာကို မမြင်ချင်လို့ပဲ မာမီ့ကြောင့် ဒီလို လူတစ်ယောက်ကို ဆောင်းလက်ထပ်လိုက်ရတာ၊ လင်မယားအရာမမြောက်သေးဘဲနဲ့တောင် ဖောက်ပြန်ချင်နေတယ်”

ဆောင်း ခွင့်မလွှတ်နိုင်ဘူး။ ရှင်ချစ်တာက နွေ ...

မင်္ဂလာဦးညမှာတောင် ဖောက်ပြန်ချင်တဲ့ ယောကျ်ားကို မှတ်လောက် သားလောက်အောင် ပညာပေးချင်သည်။ ဆောင်းရင်ထဲမှာ အခဲမကြေနိုင်။

မင်္ဂလာဦးညမှာပင် သူမကို နွေ့လို အစေခံမနှင့်မှား၍ ချစ်ချင်တဲ့လူ။ ရှင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး။

“သမီးဆောင်းရယ် ... မာမီတောင်းပန်ပါတယ်၊ စိတ်ထဲက မပါရင်တောင် သဘောကောင်းချင်ယောင် ဆောင်ပြလိုက်ပါ၊ နောက်မှ သမီးဆောင်းက ကွာရှင်းချင်တယ်ဆိုရင် မာမီစီစဉ်ပေးပါ့မယ်”

“သူ့ကို ဆောင်း ဘယ်တော့မှ မကွာရှင်းဘူးမာမီ ... သူ အမြဲတမ်း ဆောင်းရဲ့ယောကျ်ားအဖြစ်ပဲ နေရမယ်”

ဆောင်းသခင်ကို ဒီလိုလာလုပ်လို့ရမလား ကိုမိုးဝသန်။ ဘဝမှာ ဘယ်သူ့ကိုမှ အကျောပေးခဲ့တာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နွေရွက်ဝါလို အစေခံမနဲ့ကျမှ ကျွန်မနောက်ကောက် အက
မခံနိုင်ဘူး။ ဆောင်းသခင်အကြောင်း ရှင်တို့ကောင်းကောင်းသိ
ရမယ်။

သူမ အံ့သွားတွေကို တင်းကြပ်စွာ ဖိကိုက်ထားမိသည်။

"နွေရွက်ဝါဆိုတဲ့ ကောင်မလည်း ဆောင်းသခင်ရဲ့ ကျွန်ဘ
ကနေ မလွတ်မြောက်စေရဘူး"

"သမီးဆောင်း စိတ်ရှုပ်တာတွေ မခံပါနဲ့တော့၊ နွေရွက်ဝါကို
လည်း မောင်းထုတ်ပစ်လိုက်တော့မယ်၊ မာမီလည်း မနှစ်သက်ပါဘူး
သမီးဒက်ဒီကြောင့်ပါ"

ဒက်ဒီကိုလည်း ဆောင်းမကျေနပ်ဘူး။

နွေရွက်ဝါကို အရေးပေးထားသည်။ ပညာတွေ သင်ခွင့်ပေး
ခဲ့၏။ ဆောင်းကန့်ကွက်ပေမယ့် လက်မခံ။

သေဆုံးတဲ့အထိ ဒက်ဒီနှင့်ဆောင်းတို့ စကားမပြောကြပေ။

"သမီးဆောင်းအတွက် အနှောက်အယှက် အဟန့်အတား
ဖြစ်စေပါတယ်ကွယ်နော်"

"မရဘူး ... နွေပူမကို မောင်းထုတ်လိုက်လို့မဖြစ်ဘူး ...
ဆောင်း ဆုံးဖြတ်မယ်၊ မာမီ လုံးဝမပါနဲ့၊ ဆောင်းကိစ္စပဲ ... ဒက်ဒီ
ကို အကြောင်းပြုပြီး မာမီတောင် နွေရွက်ဝါကို အစေခံမဘက်က
လိုက်နေတာ"





"မာမီ မလိုက်ပါဘူး ... သမီးဆောင်းက မာမီ့အတွက် အဓိ
ကပဲ ... နဂိုထဲက အိမ်ဖော်တွေကိုမုန်းတာ မာမီ့သဘောအရတော့
ခလုတ်ကန်သင်းကို အမြစ်ကနေ တူးပြီး ဖယ်ထုတ်ပစ်ရမယ်"

"ဆောင်းကတော့ အဲဒီခလုတ်ကိုပဲ နေ့စဉ်တိုက်မှာ၊ တတိ
တိလေ ... ဒင်းတို့တွေ စိတ်သောကတွေ ခံစားစေရမယ်"

ရာဇဝင်ရိုင်းလိုက်တာ။ ကိုမိုးဝသသန်ရယ်။ ရှင်ကများ ကျွန်မ
ရဲ့မင်္ဂလာဦးညမှာ တခြားမိန်းမတစ်ယောက် နာမည်ကို ရေရွတ်ပြီး
ချစ်တယ်လို့ ပြောရဲတယ်။

ကျွန်မ ဘယ်လိုနည်းနဲ့မှ ခွင့်မလွှတ်ဘူး။ ရှင်တို့နှစ်ယောက်
လုံးကို ဘယ်လိုနှိပ်ကွပ်မလဲဆိုတာ စောင့်ကြည့်နေပါ။

"ဆောင်း ... သမီး ... မာမီ့စကားကို နားထောင်ပါ၊ ဘယ်
သူ့ကိုမှလည်း လက်တုန့်ပြန်မနေပါနဲ့ကွယ်"

"မာမီ့စကားကို ဆောင်းနားထောင်မိလို့ လင်ကံဆိုးတာ
လေ၊ မာမီက လူအေးဆို ... ဆောင်းယုံပြီး လက်ခံမိတာ၊ အခု ...
ဆောင်း ဘယ်လောက်အထိ အစော်ကားခံလိုက်ရလဲလို့"

သမီးဆောင်းအသံက စူးစူးဝါးဝါးနှင့် အော်ဟစ်ပြောဆိုနေ
ပေမယ့် ဒေါ်ခင်ခင်ခန့် စိတ်မဆိုးခဲ့။

သမီးဆောင်းအပေါ် ချစ်လွန်း၍ ဘယ်လောက်ဆိုးသွမ်း
သောင်းကျန်းနေပါစေ လေသံမာမာနှင့်ပင် မဆုံးမ။ သမီးဆန္ဒတွေ



www.burmeseclassic.com

www.burmeseclassic.com



သာ အဓိက ဖြစ်စေခဲ့သည်။

"မာမီ ဝင်မပါပါနဲ့၊ ဘယ်သူ့ကိုမှလည်း အားနာနေစရာမလို ဘူး ... သူတို့ကျေးဇူး ဘာရှိလို့လဲ၊ ဆောင်းတို့ ပေးကမ်းထောက်ပံ့ ထားတာပဲရှိတာ"

ဆောင်းနှလုံးသားတွေကို ကြီးစွာသော ထိုးနှက်ချက်အဖြစ် နွေ့ကိုချစ်တယ်ဆိုတဲ့ စကားလုံးကို သိမ်းဆည်းထားသည်။

ဆောင်းက ရှင်တို့ချစ်ခြင်းကို မခွဲပါဘူး။ သူမ အော်ဟစ် ရယ်မောပြစ်မိ၏။

ကိုမိုးဝသန် ဆေးရုံကနေဆင်းတဲ့အထိ သူမ လုံးဝသွားပြီး မကြည့်ခဲ့။

အန်တီထားကိုယ်တိုင် သူမအား အပြစ်မတင်ရပဲ ဖြစ်နေ သည်။

အခန်း ( ၁၁ )

"အန်တီထား စိတ်ချလက်ချပြန်ပါ ... ဆောင်းလက်ထပ် တာတောင် မကြာသေးဘူး၊ အိမ်ထောင်ရေး ပြိုကွဲတာမျိုးအဖြစ် မခံနိုင်ပါဘူး၊ ကိုကိုက ဆောင်းခင်ပွန်းပါ၊ ဆောင်းနဲ့အတူတူပဲ နေရ မယ်လေ"

မိုးကတော့ သူအရက်တွေ အလွန်အကျွံသောက်မိပြီး ဘာ တွေဘယ်လိုဖြစ်သွားမှန်းပင် မသိတော့။ သူ့အမှားအတွက် အန်တီ ခန့်ကို မျက်နှာပူကာ အားနာမိသည်။

"အေးပါကွယ် ... သမီးဆောင်းအတွက် အန်တီလည်း စိတ် မကောင်းပါဘူး၊ သားဘက်က လွန်တာပါ ... သားဘယ်တုန်းက အရက်တွေ သောက်ဖူးလို့လဲ၊ အင်းလေ ... သူငယ်ချင်းတွေဝိုင်း တိုက်လို့ပဲ ဖြစ်မှာပါ"

"ရပါတယ် ... ဆောင်းရဲ့ ကံကြမ္မာပဲလေ၊ ပထမတော့



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းအရမ်းဒေါသဖြစ်မိတယ်၊ ဒါပေမဲ့ ... ကိုကို အခုလို ဒုက္ခိတ ဘဝရောက်သွားရတော့လည်း စိတ်မကောင်းပါဘူး"

"ကံကြမ္မာပေါ့လေ ... ဆောင်းက နားလည်ခွင့်လွှတ်ပေးလို့ ကျေးဇူးတင်ပါတယ်ကွယ်၊ သားကို ဂရုစိုက်ပေးပါ၊ လိုအပ်ရင် သူနာပြု ယောက်ျားလေးတစ်ယောက် ငှားပေးပါ့မယ်"

"မလိုပါဘူးအန်တီ ... ကိုကို့အတွက် ဆောင်း အကောင်းဆုံး သူနာပြုတစ်ယောက် ငှားထားပါတယ်၊ ကိုကိုလည်း သဘောကျမှာပါ"

"အင်းလေ ... သမီးဆောင်း သဘောပါပဲ၊ အန်တီသားကတော့ ဆိုင်တာဆိုင်တယ် မပိုင်တော့ဘူး၊ သမီးဆောင်း ကောင်းမယ်ထင်သလို စီစဉ်ပါ"

မေမေကတော့ သူ့ကိုပဲ အပြစ်တင်သည်။ သားဘယ်တုန်းက အရက်တွေ အလွန်အကျွံသောက်ဖူးလို့လဲတဲ့။ သားအိမ်ထောင်ရေးကို စိတ်ညစ်လို့သောက်တာလားတဲ့။ သားကို တည်ကြည်ပြီး ယောက်ျားပီသတဲ့ ယောက်ျားတစ်ယောက် ဖြစ်စေချင်တယ်တဲ့။ ဆောင်းလေး နစ်နာတယ်။ နောက်ဆို ဆင်ခြင်ပါတဲ့။

သူသိနေတာက နွေ့ကို အပြီးပိုင်စွန့်လွှတ်လိုက်ရတယ်ဆိုတဲ့အသိက သူ့ရင်ကို မခံမရပ်နိုင်အောင် နာကျင်နေ၍ အရက်သောက်မိပြီဆိုတာပဲ။





အခုလို လှေကားထစ်တွေက လိမ့်ကျပြီး အောက်ပိုင်းသေရတဲ့အထိ ဘာတွေဖြစ်ပျက်ခဲ့လည်းဆိုတာ မမှတ်မိ။

ဆောင်းကိုတော့ သူ အားနာပြီး မျက်နှာပူရသည်။

"အန်တီထားပြန်တော့မယ် ... ဟိုမှာလည်း လုပ်ငန်းတွေက ရှိသေးတယ်လေ၊ သားကို မေမေ သတိပေးချင်တယ်၊ ဘာပဲဖြစ်ဖြစ် ဆောင်းက ခွင့်လွှတ်ပေးလို့ တော်သေးတယ်လေ ... မေမေထပ်ပြီး စိတ်သောကရောက်ရမယ့်ကိစ္စတွေ မကြားပါရစေနဲ့တော့ ဆင်ခြင်ပါ"

"ဟုတ်ကဲ့ပါ မေမေ ... သားမှားသွားပါတယ်၊ နောက် မဖြစ်စေရပါဘူး၊ အန်တီခန့်ကိုလည်း မိုးတောင်းပန်ပါတယ် ... ပတ်ဝန်းကျင်မှာ မျက်နှာမလှဖြစ်ရလို့ပါ"

"ရပါတယ်သားရယ် ... ဘယ်တတ်နိုင်မလဲ၊ သားနေကောင်းအောင်ပဲနေပါ ... ဆရာဝန်က သားအကောင်းပကတိပြန်ဖြစ်ဖို့ မျှော်လင့်ချက်တွေရှိပါသေးတယ်လို့ ပြောပါတယ်"

ဒေါ်ခင်ခင်ခန့်ကတော့ မောင်မိုးဝသန်ကို သနားနေမိသည်။ ဒီကလေး လူတော်လူကောင်းလေးပါ။

သမီးဆောင်းက ရက်ရက်စက်စက် နှိပ်စက်တော့မည် ဖြစ်သည်။

ထားကိုလည်း အားနာပါတယ်။ သူ့သား ဒုက္ခိတဖြစ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



တာ သမီးဆောင်း တွန်းချလိုက်လို့ဆိုတာ မသိရှာ။ ပြန်သွားသည်။

"မာမီ"

"ဟင်"

"ရိပ်သာဝင်ပါ"

"ဘာဖြစ်လို့လဲ"

"ဒါမှမဟုတ်ရင် နိုင်ငံခြားကို ဘုရားဖူးထွက်ပါ"

"ဆောင်း ဘာတွေပြောနေတာလဲ၊ မောင်မိုးဝသန် အသား မကျသေးဘူးလေ"

"သမီးကိစ္စပါ ... ဆောင်း ဘာကိုဆိုလိုလည်းဆိုတာ မာမီ သိသင့်တယ်၊ ဆောင်းပြောတဲ့အတိုင်းလုပ်ပါ"

သမီးဆောင်းက မိမိကိုပင် မောင်းထုတ်နေပြီဖြစ်သည်။ ဒေါ်ခင်ခင်ခန့် စိတ်ပူမိနေပေမယ့် သမီးစိတ်တိုင်းကျ ဖြစ်စေရန် ခရီးထွက်ဖို့ပဲ ပြင်ဆင်ရ၏။

သမီးက အားလုံးစီစဉ်ပြီးသားတဲ့။ မနက် ထွက်ရမယ်တဲ့။

"မာမီက သမီးဆောင်းကို စိတ်ပူတာပါ။ အန္တရာယ်တစ်ခုခု ဖြစ်မှာ အရမ်းစိုးရိမ်တယ်ကွယ်"

"ဆောင်းက ကိုယ့်ကိုယ်ကို ထိန်းနိုင်ပါတယ်မာမီ ... မပူပါနဲ့၊ သွားပါ ... အနည်းဆုံး သုံးလနေပေးပါ"

"ဘာပြောတယ် သမီးဆောင်း ... "





"ဒီလောက်ပြောနေတာကို သဘောမပေါက်ဘူးလား မာမီ၊ သွားဆိုသွားပေါ့ ... "

"အေးပါကွယ် ... မာမီသွားပါ့မယ်၊ သမီးဆောင်း လုပ်ချင်တာကို သတိထားပြီးလုပ်စေချင်ပါတယ်၊ မာမီစိတ်မချဘူး ... သမီးလေး အမှားအယွင်းဖြစ်မှာကိုပါ"

"နားညည်းလိုက်တာ ... ဆောင်းကို ဆုံးမစကားတွေ လာပြောမနေပါနဲ့၊ ဒီကိစ္စ ... မာမီ ဖွတ်အတင်းစည်းရုံးသိမ်းသွင်းလို့ ဆောင်းလက်ခံလိုက်တာနော်"

"အေးပါကွယ်"

မာမီ့ကိုလည်း ပထုတ်ရမယ်။ ဆောင်းရှေ့မှာ အတားအဆီး မှန်သမျှ ဖယ်ရှားပစ်ရမည်။

နောက်နေ့တွင် မာမီ နိုင်ငံခြားကို ထွက်သွားတော့သည်။ ဆောင်းက အားလုံးကြိုတင်စီစဉ်ထား၍ မာမီ အမြန်ဆုံးထွက်သွား ရခြင်း ဖြစ်၏။

သူမ ကျေနပ်စွာ ပြုံးရင်း ဒုက္ခိတဘဝ ရောက်နေတဲ့ ကိုကို မိုးဝသန် အခန်းထဲဝင်လာခဲ့သည်။

"ဆောင်း"

"ဒီနေ့ကစပြီး ဆောင်းနဲ့ကိုကို အခန်းခွဲနေကြမယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့အမှားအတွက် တောင်းပန်ပါတယ် ဆောင်းရယ်၊ ဆောင်းကျေနပ်သလို လုပ်ပါ ... တကယ်ပဲ ကိုကို ဘာမှမသိဘူး၊ ဘယ်လိုဖြစ်လို့ အရက်တွေအလွန်အကျွံ သောက်ပြီး လေ့ကားပေါ်ကနေ လိမ့်ကျရလဲ မသိဘူး"

"ကျွန်မ တွန်းချလိုက်တာလေ"

"ဘာပြောတယ် ဆောင်း ... "

"အဖြစ်အပျက်တွေကို ပြောပြရမလားကိုကို၊ ဟင်း ဟင်း ဟင်း ... "

ဆောင်းရယ်သံတွေက ခပ်ထေ့ထေ့နှင့် တိုးတိုးညှင်သာ ထွက်ပေါ်နေသည်။

ကိုမိုးဝသည် ရှင်မသိချင်ယောင် ဆောင်နေတာလား ... တကယ်ပဲ မသိတာပေါ့ဟင်။

"ဆောင်း ... မင်းဘာရယ်နေတာလဲ၊ မဂ်လာဦးညက အဖြစ်အပျက်တွေ ကိုကို တကယ်မသိတာပါ၊ ပြောပြပါ ... "

"ကျွန်မ ပြောပြမှာပါ ... ပြောချင်လို့လဲ လူတွေကိုရှင်းထားလိုက်တာလေ ... ရှင် မင်္ဂလာဦးညက အရက်တွေ အလွန်အကျွံသောက်ပြီး ကျွန်မအိပ်ခန်းထဲ ဝင်လာခဲ့တယ်"

"ဟုတ်လား"

"သိပ်ဟုတ်တာပေါ့၊ ပြီးတော့ ... ကျွန်မကို ပွေ့ဖက်ပြီး





နွေရယ် မင်းကို သိပ်ချစ်တယ်တဲ့ ... "

"ဘာပြောတယ်"

"ကိုကိုချစ်တာ နွေပါတဲ့၊ မကြောက်ပါနဲ့ အရာရာကို ရင်ဆိုင်ကြမယ်တဲ့လေ ... "

"အဓိပ္ပာယ်မရှိတာဘဲ ဆောင်း"

"ဒီမှာ နားထောင်လေ ... "

"ဟာ"

သူပြောခဲ့တဲ့စကားတွေကို ဆောင်းက ဖုန်းနှင့်အသံဖမ်းထားသည်။

သူ အထိတ်တလန့် ဖြစ်သွားရ၏။ လုံးဝ မထင်မှတ်ထားမိပေ။

"ရှင်က အစေခံမကို ဒီလောက်အထိချစ်နေရင်လည်း ရှင်တို့ချစ်ခြင်းကို ကျွန်မ ခွဲပစ်မယ်လို့တော့မထင်နဲ့ ... ရှင့်ကို အစေခံတန်းလျား ပို့ပေးမယ် ... လာ ... "

သူ့ရဲ့ ညည်းညူသံတွေ။ သူ့ကို ဒရွတ်တိုက်ဆွဲခေါ်သွားသံတွေ။ အန်တီခန့်ရဲ့ တားဆီးတောင်းပန်သံတွေ ကြားရသည်။

"မင်း ... မင်း တော်တော်ရက်စက်တဲ့မိန်းမပဲ၊ ကြောက်စရာကောင်းလိုက်တာ ... ကိုယ်လူမှန်းမသိအောင် အရမ်းမူးနေတာကွ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ဟာရှင် ဘယ်လောက်ပဲ မူးမူး ... ကျွန်မကတော့ လုံးဝ ခွင့်မလွှတ်နိုင်ဘူး ကိုမိုးဝသန် ... "

"ဆောင်း ... မင်း ... မင်း ... "

"ကျွန်မက စေတနာနဲ့ပါ၊ ရှင်တို့ ချစ်ခြင်းကို နီးစပ်သွား အောင် လုပ်ဆောင်ပေးမှာပါ"

"ဆောင်း"

"ရှင့်အတွက် သူနာပြု ငှားထားတယ်လေ၊ အခုလောလော ဆယ်တော့ အစေခံတန်းလျားမှာနေတယ် ... နွေရှက်ပါတဲ့"

"ဆောင်း ... မင်း အဓိပ္ပာယ်မရှိတဲ့ အလုပ်တွေဆက်မလုပ် ပါနဲ့တော့ကွာ၊ ကိုယ်တောင်းပန်ပါတယ် ... နွေက အပြစ်မဲ့ပါတယ် မင်းအပေါ် သစ္စာရှိတဲ့အလုပ်သမားပါ၊ ကိုကိုကတော့ နွေရှက်ဝါကို လုံးဝလက်မခံဘူးနော်"

"ဘာလဲ ... ရှင့်ဟာမ ထိခိုက်နစ်နာသွားမှာစိုးရိမ်လို့လား ရှင့်အတွက် ကျွန်မစိတ်အချဆုံးက နွေပဲလေ ... ရှင်လက်ခံရမယ် လက်မခံရင် ကျွန်မ မောင်းထုတ်လိုက်မှာနော် ... နွေက မကြာခင် စာမေးပွဲဖြေရမယ် ... ကျွန်မသာ မောင်းထုတ်လိုက်ရင် နွေ့မှာ မှီခိုအားထားရာ ကင်းမဲ့သွားလိမ့်မယ်"

ဆောင်း ရက်ရက်စက်စက် လက်တုန့်ပြန်တော့မည်ဆိုတာ မိုးသိလိုက်သည်။





နဂိုကမှ အငြိုးအတေးကြီးတဲ့မိန်းမ။

နွေ့အတွက်လည်း မိုး စိတ်ပူသည်။ စာမေးပွဲက ဖြေကာနီး ပြီ။ နွေ့အဖေကလဲ ကျန်းမာရေးမကောင်းဘူး။ နွေတို့သားအဖ အတွက် အခက်တွေ့သွားနိုင်သည်။

"ဘယ်လိုလဲ ... ရှင်လက်ခံမှာလား၊ ရှင်လက်ခံမှ ကျွန်မ အစေခံမကို သွားခေါ်လာမှာ၊ ရှင့်မှာ ဘာနစ်နာစရာရှိလို့လဲကိုကို"

"မင်းလုပ်ချင်သလိုသာ လုပ်ပါတော့ ဆောင်း ... ငါတို့က မင်းလက်ခုပ်ထဲကရေပဲ၊ ကိုကို မှားတာပါ ... ကိုကို ဆင်ခြင်တုံ တရားမရှိခဲ့တာပဲ ... နွေ့မှာ အပြစ်မရှိပါဘူး"

"ရှင်ချစ်မြတ်နိုးရတဲ့ မိန်းမကို ရှင့်ရှေ့မှာ နှိပ်စက်ပြမလို့"

"ဆောင်းသခင် ... မင်းမှာ ကိုယ်ချင်းစာစိတ်တွေ အကြင် နာတရားတွေ ကင်းမဲ့လွန်းတယ်၊ မင်းအတ္တကြီးလွန်းတယ်"

"ကျွန်မ ကျေနပ်တဲ့အထိ ရှင်ပေးဆပ်ပြရမယ်၊ ကျွန်မငယ် ငယ်လေးထဲက အတ္တကြီးတယ် ... ဘယ်သူ့အကျောမှ မခံနိုင်ဘူး၊ ကျွန်မကို ထိပါးလာရင် ကျွန်မကျေနပ်တဲ့အထိ လက်တုန့်ပြန်တတ် တယ်၊ အဲဒါ ... ကျွန်မအကျင့်စရိုက်ပဲ၊ ဟင်း ဟင်း ဟင်း ... ဟား ဟား ဟား ... "

သူ့ဘဝကတော့ သွားပါပြီ။ ရေစုန်မှာ အဖတ်ဆယ်လို့မရ အောင် မျောရမည်ဖြစ်သည်။ ဒုက္ခိတဘဝ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်ခွန်အားတွေ ပြည့်ဝမှ သေသွားတဲ့ အကျောတွေ ပြန်ကောင်းလာနိုင်မည်တဲ့။

ဆောင်းနာမည်က အေးချမ်းသလောက် လူကတော့ မီးတောက်တွေထက် ပူလောင်သည်။

"ဘယ်လိုလဲ ကိုကို ... ရှင့်အတွက်ပါ၊ ရှင်က ဒုက္ခိတဖြစ်နေတော့ ကျွန်မအတွက် အသုံးမဝင်ဘူးလေ၊ ဒါပေမဲ့ ... ရှင်ချစ်မြတ်နိုးတဲ့ နွေ့ကို ရှင့်အနား ထားပေးတာပါ"

"တော်ပါတော့ဆောင်းသခင် ... မင်းထွက်သွား ... မင်းလုပ်ချင်တာလုပ်လို့ ငါပြောထားပြီးပြီပဲ"

သူ အော်ပစ်သည်။ သူ့ကို လှေကားထိပ်ကနေ သူမတွန်းချပစ်တာတဲ့။ ဒုက္ခိတဘဝ ရောက်နေတဲ့ သူ့ကို နာကျင်အောင် ပြောလိုက်တာ သူသိသည်။ ဒါပေမဲ့ ... နွေ့ကိုတော့ မခံစားစေချင်ပေ။ နွေက သစ္စာမဲ့တဲ့ မိန်းကလေးမဟုတ်။ ဘဝကို ခက်ခဲပင်ပန်းစွာ ရုန်းကန်နေရရှာသူ။

မင်းအပြစ်မရှိတဲ့ မိန်းကလေးကို မနှိပ်စက်ပါနဲ့ ဆောင်းသခင်။

"ရှင့်အတွက် အဖော်လေ ... ရှင့်ဘဝတစ်လျှောက်လုံး ကျွန်မ ယောက်ျားအဖြစ်ပဲ နေရမယ်၊ ပြီးတော့ ... နွေရွက်ဝါဘဝ တစ်လျှောက်လုံးလည်း ကျွန်မကျွန်အဖြစ် နေရမယ် ... ဘယ်လိုလဲ





အိုကေ ..."

ဆောင်း အပြင်ထွက်လာခဲ့သည်။

နွေရွက်ဝါနေတဲ့ အစေခံ တန်းလျားလေးဆီရောက်တော့ နွေရွက်ဝါ အထုပ်ပြင်နေ၏။ နွေရွက်ဝါတစ်ယောက်ထဲ ထွက်သွားမည့်ပုံပင်။

ဆောင်းကိုမြင်လိုက်တော့ အထိတ်တလန့် ဖြစ်သွားကြသည်။

"မမလေးဆောင်း ... တောင်းပန်ပါတယ်နော်၊ နွေ အခုပဲ ထွက်သွားတော့မလို့ပါ ... အဖေ့ကို ကန်တော့နေလို့ပါ"

"နင် ထွက်သွားစရာ မလိုတော့ဘူးနွေ"

"ရှင်"

"ငါ့အတွက် နင်က လိုအပ်နေသေးတယ်လေ"

"မမလေးဆောင်း ဘာပြောတာလဲ"

"ကိုကိုက ဒုက္ခိတဆိုတော့ နင်ပြုစုပေးရမယ်နွေ"

"ရှင်"

"နင့်ကို သူနာပြုအဖြစ် ငါက ခန့်ထားလိုက်တာလေ"

နွေ ထိတ်လန့်တုန်လှုပ်စွာ မမလေးဆောင်းကို ကြည့်မိသည်။

ဘာသဘောလဲ ...



www.burmeseclassic.com

www.burmeseclassic.com



နွေကတော့ ဒီတိုက်ကြီးထဲမှာ မနေချင်တော့။ သူငယ်ချင်း အိမ်မှာ ခိုကပ်နေဖို့ ဆုံးဖြတ်ထားသည်။

"မမလေးဆောင်း ဘယ်လိုစီစဉ်လိုက်တာလဲ ... မဖြစ်နိုင်ပါ ဘူး၊ အဲဒီလို မထားသင့်ဘူးသမီး"

"ဘာပြောတယ် ... ကျွန်မကို ဘာဖြစ်လို့ သမီးလို့ခေါ်ရတာ လဲ၊ ရှင်ကြီးကို ခဏခဏပြောထားတာ ဘာဖြစ်လို့ မလိုက်နာရတာ လဲ ... ရှင်ကြီးကို မောင်းထုတ်ပစ်လိုက်မှာနော်"

ဦးဒေဝါ မှားသွားသည်။ သမီးကို သမီးဟုမခေါ်မိစေဖို့ မိမိ ကြိုးစားထိန်းချုပ်ထားသည့်ကြားမှ ခေါ်မိနေ၏။ အသုံးမကျလိုက် တာ။

သမီးနွေကို သမီးဆောင်း ခင်ပွန်းအနားမှာ ထားတာ သဘော မကျမိ။ ဒုက္ခိတဆိုပေမယ့်လည်း တစ်နေ့နေ့ ငြိစွန်းသွား နိုင်သည်။

သမီးနွေက မိမိအပေါ် ဘယ်လောက်ပဲကောင်းနေပါစေ မိမိကတော့ သမီးအရင်း ဆောင်းသခင်အတွက်ပဲ စဉ်းစားမိနေ သည်။

"နွေပူမ ... နင် ကိုကို့ကို ပြုစုရမယ်၊ အိမ်မှာလည်း လူစိမ်း ထားလို့မဖြစ်ဘူး၊ နင့်အဖေ ဆေးကုသစရိတ်ရမယ်၊ ဘယ်လိုလဲ ... နင် လက်ခံမလား"





"မမလေးဆောင်းရယ် ... နွေမလုပ်ပါရစေနဲ့နော်၊ မမလေး ဆောင်း တခြားသင့်တော်မယ့်သူကို ငှားထားပါ၊ တောင်းပန်ပါ တယ်နော် ... နွေ စာမေးပွဲလည်း နီးနေပါပြီ၊ နွေလေ ... စာမေးပွဲ ပြီးတာနဲ့ အဖေ့ကိုခေါ်ထားနိုင်အောင် စီစဉ်ပါ့မယ်"

"ငါ့အမိန့်ကို နင်ကအာခံတာလား နွေရွှက်ဝါ ... နင်ကျေးဇူး ကန်းတာလား၊ နင်လက်ခံရမယ် ... နင်လက်မခံနိုင်ရင်တော့ အခု ချက်ခြင်း နင်တို့သားအဖ ထွက်သွားတော့ ... "

မမလေးဆောင်းက တင်းတင်းပြတ်ပြတ်ပြောပြီး ထွက် သွားသည်။

ရောဂါသည် အဖေ့ကို နွေဘယ်ခေါ်သွားရမှန်းမသိ။ နွေ တောင် နေထိုင်ဖို့ အဆင်မပြေသေးပေ။ သူငယ်ချင်းကတော့ လာ နေလို့ပြောပေမယ့် နွေတစ်ယောက်ထဲပဲ ဖြစ်နိုင်သည်။

"သမီးနွေ"

"ရှင် ... အဖေ"

"မမလေးဆောင်း အမိန့်ကို နာခံလိုက်ပါ၊ မမလေးဆောင်း ကျေနပ်အောင် သမီးနွေ လုပ်ပေးလိုက် ... အဖေ့အတွက်ပဲ ... "

ဆောင်းသခင်ရဲ့ ရိုင်းစိုင်းမှုက ဖခင်ရင်း ဦးဒေဝါရင်ကို ထိ ခိုက်နာကျင်သွားစေသည်။

အဖေမှန်း သမီး မသိလို့လားကွယ်။ သမီးဆောင်းဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစားဖို့ အဖေ ဘယ်လောက်အထိ စွန့်စားခဲ့ရလဲ။ လူမဆန်တဲ့အလုပ်တွေကိုလည်း အဖေသတ္တိရှိရှိ လုပ်နိုင်ခဲ့ပါတယ်။

အခုလည်း သမီးနွေကို ရက်စက်တော့မယ်ဆိုတာ သိသိကြီးနှင့်ပင် သမီးဆောင်း အမိန့်အတိုင်း ကျေနပ်သည့်အထိ လုပ်ပေးရန် သမီးနွေအား ဦးဒေဝါ စေခိုင်းမိပြန်လေသည်။

အခန်း ( ၁၂ )

"နွေ ... မင်းဘာလာလုပ်တာလဲ၊ ဒီခြံကြီးထဲကနေ မင်းထွက်သွားပါ ... သတ္တိမရှိဘူးလား၊ ကိုကို့အစေအပါးအဖြစ် မနေပါနဲ့ကွာ၊ မင်းကို ဆောင်းသခင်က နှိပ်စက်မှာကွ"

"နွေ့အဖေကြောင့်ပါ ကိုမိုးဝသန် ... အဖေ မောင်းထုတ်ခံရလို့ မဖြစ်ပါဘူး၊ ကျွန်မတို့ ရိုးသားဖြူစင်ကြောင်း တစ်နေ့နေ့မှာ မမလေးဆောင်း သိသွားမှာပါ"

"ဒုက္ခပါပဲကွာ၊ ဒီမိန်းမက ယုတ်မာကောက်ကျစ်လွန်းတယ်၊ ဒီဒုက္ခတွေ နာကျင်ရမှုတွေ ကိုယ်တစ်ယောက်ထဲ ခံစားပါရစေ"

"အဖေ့ကို နွေ ဒုက္ခမရောက်စေချင်ဘူး၊ အဖေပါ မောင်းထုတ်ခံရလိမ့်မယ်"

နွေ့ကို ပြဿနာတွေနှင့် ရင်မဆိုင်စေလိုပေ။ ချစ်မြတ်နိုးရတဲ့ မိန်းကလေး။ မင်းကို ကယ်တင်ချင်ပါတယ်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုးက နွေ့အား ငွေကြေးထောက်ပံ့ပေးပေမယ့် ကိုယ်ကျင့်တရားကို နှမ်းစေ့လေးမျှ လောက်ပင် အထိမခံနိုင်ပါဘူးဆိုပြီး ငြင်းဆန်ခဲ့သည်။

"နွေက အစေအပါးတစ်ယောက်ပါနော် ကိုမိုးဝသန် စိတ်သန့်သန့်လေးထားပြီး လက်ခံပါ ... မမလေးဆောင်း နိုပ်စက်တာက တော့ နွေခံနေကျပါ ... အထူးအဆန်း မဟုတ်တော့ဘူး ထင်ပါတယ်"

မမလေးဆောင်းက ဘယ်လိုရည်ရွယ်ချက်တွေနှင့် နွေ့ကို ထားတယ်ဆိုတာ သိသာလွန်းသည်။

နွေ စိုးရိမ်တာက ကိုမိုး ဝသန်ပဲ။ နွေ့ကြောင့်ပါ။ ကိုမိုးဝသန်ဘဝ ထိခိုက်နစ်နာခဲ့ရ၏။ နွေ့ကို အကာအကွယ်ပေးမိလို့လေ။

အခုလည်း မမလေးဆောင်း ဘယ်လိုနှိပ်စက်မလဲဆိုတာ စောင့်ကြည့်ရမည် ဖြစ်သည်။ ကိုမိုးဝသန်က နွေ့ထက်ပိုပြီး ထိခိုက်နာကျင်ရမှာပါ။

နွေက ကျောင်းပြီးသွားရင် ဒီခြံကြီးထဲက ထွက်သွားနိုင်မယ့် သူပါနော်။ ကိုမိုးဝသန်ကို ဒုက္ခိတဘဝကနေ လွတ်မြောက်စေချင်ပါတယ်။

"နွေ"





"ရှင်"

"ကိုကို့အတွက် ဘာမှလုပ်ပေးစရာမလိုပါဘူးကွာ ... မင်း စာကျက်ပါ၊ မသိတာတွေ မေးလေ"

"ကျွန်မက ဥပဒေပညာလေ ကိုမိုးဝသန်က အင်ဂျင်နီယာ"

"ဟုတ်သားပဲ ... ကိုကိုက အကူအညီပေးချင်တာပဲသိနေတယ်"

ကိုမိုးဝသန် ရယ်မောတော့ နွေ စိတ်ချမ်းသာရသည်။

နွေရော ... သူရော ဘဝတွေက မီးတောက်မီးလျှံတွေကြား ထဲမှာ ရှင်သန်ရတဲ့ ထင်းတွေပဲ။

နောက်ဆုံးခရီးတော့ ပြာကျ ပျောက်ကွယ်ရမယ် ထင်တယ်။

"ကိုကိုတို့ ဘာကိုမှဂရုမစိုက်ဘဲ ပျော်သလိုနေထိုင်ရှင်သန်သွားကြရအောင်လားနွေ"

"ကိုမိုးဝသန်ဆီမှာ စိတ်ဓာတ်ခွန်အားတွေ ရှိစေချင်ပါတယ်၊ ကျန်းမာရေးလေ့ကျင့်ခန်းတွေ လုပ်ရအောင်နော်"

"အင်း"

"အရင်ဆုံး အစာစားရမယ်၊ ဆေးသောက်ရမယ်လေ"

နွေရယ် ... ကိုကိုတို့နှစ်ယောက် ဘဝက နီးလျက်နဲ့ဝေးနေရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



နွေ့မျက်နှာလေးက အနီးကပ်ကြည့်မိနေလေ သူ့နှလုံးသားတွေကို ညှို့ယူဖမ်းစားနိုင်လေပဲ။ ရင်ကိုအေးမြစေတဲ့ အလှတွေကို ပိုင်ဆိုင်ထားသည်။

"နွေ့ကိုချစ်တယ်ဆိုတဲ့ စကားကို မပြောရက်ဘူး၊ ကိုကိုထိန်းချုပ်ထားရတာ အရမ်းပင်ပန်းတယ်ကွာ ... ကိုကို့အနေနဲ့ မပြောသင့်တဲ့ စကားပါ"

သူ ... စိတ်ထဲကနေ ပြောနေမိသည်။

နွေ ...

ချစ်စရာကောင်းပြီး လှပလွန်းသည်။ အရမ်းချစ်တယ်။

ဆောင်းသခင်က ကိုကို့ဘဝကို သူမလင်ယောကျ်ားအဖြစ် ထာဝရ သိမ်းပိုက်ထားပြီး အညိုးကြီးကြီးနဲ့ မီးလောင်တိုက်သွင်းလိမ့်မယ်။

ကိုကို့အတွက် အေးမြမှုဆိုတာ မင်းနဲ့တွေ့ခွင့်ရတဲ့တစ်ခဏလေးပါပဲနွေ။ မိုး ခံစားရသည်။

"ဆေးသောက်ရအောင်နော် ... ပြီးရင် စက်တွေနဲ့လေ့ကျင့်ရမယ် ... စိတ်တွေပျော့သွားလို့ မဖြစ်ပါဘူး"

"ကိုကို့စိတ်တွေ ပျော့ညံ့ချင်နေတယ် ... ဒါပေမဲ့ မဖြစ်ဘူးထင်တယ်နော် နွေ ... "

ကိုမိုးဝသန်ကို ဆေးတိုက်ပြီး၊ နွေ လေ့ကျင့်ရေးစက်ပေါ်





တင်ဖို့ ပွေ့ထူလိုက်စဉ် နှစ်ယောက်သား အရှိန်မထိန်းနိုင်ဘဲ ပြိုလဲကျသွားသည်။

"အား ... ဒုက္ခပါပဲကွာ၊ နွေ့ကို မှီရတာ အားနာတယ်၊ ကိုကိုတို့ မဖြစ်ဘူးထင်တယ်"

နွေ့ကို ကာကွယ်ဖို့ ကိုကိုက ကျောနှင့်ပြုတ်ကျသွားတာ နွေသိလိုက်၍ စိတ်မကောင်းဖြစ်ရသည်။

လူးလဲထတော့ ကိုမိုးဝသန် မထနိုင်။ ရုတ်တရက် ကိုမိုးဝသန်ရဲ့လက်တွေက သူမအား ပွေ့ဖက်လိုက်သဖြင့် သူမ အထိတ်တလန့်နှင့် မျက်ဝန်းတွေ ပြူးကျယ်ဝိုင်းစက်သွားရ၏။

ခဏလေး ငြိမ်နေပေးပါဟု တောင်းဆို၍ သူမ ရုန်းဖယ်ဖို့ မကြိုးစားဘဲ ငြိမ်သက်သွားသည်။

"ကိုကိုတို့ ခပ်ဝေးဝေးလေး နေကြရင် ကောင်းမယ်ထင်တယ် နွေရယ်"

"ထပါတော့ ကိုမိုးဝသန်"

သူမက သူ့လက်တွေကို ဖယ်ရှားသည်။ ကိုကို ဝသန်က ဘယ်လိုပဲ ဒုက္ခိတဖြစ်နေပါစေ သူ့လက်မောင်းတွေက သန်မာနေဆဲပင်။

နွေ ရုန်းဖယ်ပြစ်မရ၊ မမလေးဆောင်း ဝင်လာရင် ဒုက္ခပါပဲ။ ကိုမိုးဝသန်ကိုလည်း နွေကြမ်းကြမ်းတမ်းတမ်းနှင့် စိမ်းစိမ်းကား



www.burmeseclassic.com

www.burmeseclassic.com



ကား မဆက်ဆံနိုင်ဘဲ မျက်နှာချင်းက မထင်မှတ်စွာဖြင့် နီးကပ်သွားသည်။

"ကိုမိုးဝသန် ... ထကြွစို့နော်၊ နွေ ထူပေးပါ့မယ် ... နွေတို့ ထိန်းထိန်းသိမ်းသိမ်းနေကြရအောင်ပါနော်"

"နွေရယ်"

သူမ ထဖို့ပြင်လိုက်တော့ အခန်းတံခါးက ပွင့်သွားပြီး အခန်းထဲဝင်လာသူက အဖေ ဖြစ်နေသည်။

"အဖေ"

"ဘယ်လိုဖြစ်နေကြတာလဲ နွေပူမ ... ဒါက ဘာလုပ်နေကြတာလဲ၊ မမလေးဆောင်း မြင်သွားရင် ဘယ်လိုလုပ်မလဲ"

"ကျွန်တော့်ကို လှေကျင့်ရေးစက်ပေါ်တင်ပေးရင်း ပြိုလဲကျသွားတာပါ ဦးဒေဝ ... ရိုးရိုးသားသားပါဗျာ"

"အစ်ကိုလေးဘက်က ရိုးသားပေမယ့် လူမြင်လို့မကောင်းပါဘူး၊ ကျုပ်သမီး နွေ ထိခိုက်နစ်နာပါတယ်"

"အဖေ"

"ထ ... အစ်ကိုလေးအတွက် ယောက်ျားလေးသူနာပြုက သင့်တော်ပါတယ် ... သွားမယ် သမီးနွေ ... "

သမီးကို လက်ဆွဲပြီးခေါ်လာခဲ့သည်။

အစေခံတန်းလျားလေးထဲရောက်မှ အဖေတို့ ဒီခြံကြီးထဲက





နေ ထွက်သွားကြမယ်ဟု ဦးဒေဝ ပြောလိုက်၏။ သမီးနှင့်မောင်မိုးဝသန် ငြိလို့မဖြစ်ဘူး။

သမီးဆောင်း စိတ်ဆင်းရဲရမယ်။ မိမိတို့ရှောင်ပြီး ထွက်သွားပေးဖို့ပဲ ဆုံးဖြတ်ထားသည်။

"အဖေ ရှာပြန်မယ် ... နေစရာ ဘုန်းကြီးကျောင်းတွေရှိပါတယ်၊ သမီးနွေအတွက်ပဲ စဉ်းစား ... သူငယ်ချင်းအိမ်ရှိတယ် မဟုတ်လား"

အဖေက မမလေးဆောင်းသခင်အတွက်ပဲ စဉ်းစားနေသည်ဟု နွေ ထင်သည်။ ချစ်ခင်ကြင်နာနေသလိုပင်။ အရှင်သခင်အပေါ် သစ္စာရှိနေတာလား။

အဖေ ကိုမိုးဝသန်ကိုယ်တိုင် အဖေ့ရဲ့အသက်သခင် ကျေးဇူးရှင်ပါ။ အဖေကိုယ်တိုင်က အဖြစ်သည်းလွန်းစွာ တားဆီးနေ၏။

နွေကတော့ အဖေ့ဆန္ဒပါပဲ။

"သမီးကတော့ အဖေ့ဆန္ဒအတိုင်းပဲ ဖြစ်စေရပါမယ်၊ ဒီခြံကြီးထဲကနေ ထွက်သွားကြတာပေါ့"

နွေလည်း ထွက်သွားချင်ပါတယ် ကိုမိုးဝသန်။ ဘာဖြစ်လို့လဲဆိုတော့ မမလေးဆောင်းရဲ့ အစေအပါးဘဝကနေ လွတ်မြောက်ချင်လို့ပါ။ ကိုမိုးဝသန်ကိုလည်း သနားမိသည်။ ပြစ်မထား



www.burmeseclassic.com

www.burmeseclassic.com



ရက်။

အဖေ့မျက်ဝန်းတွေက တင်းမာလွန်းနေ၏။ အဖေ မေတ္တာတွေကိုလည်း ထပ်ပြီးဆုံးရှုံးသွားရမှာ နှေ ကြောက်မိသည်။

"ကိုဘကျော် အစ်ကိုလေးကို သွားကြည့်လိုက်ပါ ... ဒီဒုက္ခတက တော်တော်လေး စိတ်အနှောက်အယှက်ပေးတာပဲ ... မမလေးဆောင်းသခင်အပေါ် နည်းနည်းလေးမှ ကောင်းကျိုးမပေးဘူး။ သစ္စာမဲ့တယ်"

"အဖေ"

"ဦးဒေဝါ ... ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ၊ မမလေးဆောင်းအကြောင်းလဲ ခင်ဗျားသိသိကြီးနဲ့ဗျာ"

"ငါတို့အရှင်သခင်အပေါ် သစ္စာရှိရမယ်ကွ"

သမီးဆောင်းသခင်အပေါ် သစ္စာမဲ့တဲ့လုပ်ရပ်တွေ လုပ်နေတဲ့ မိုးဝသန်ကို ဦးဒေဝါ သတ်ပစ်ချင်တဲ့အထိ ဒေါသတွေဖြစ်ရသည်။

မိုးဝသန်သာ ဆောင်းသခင်ကို ချစ်ခင်မြတ်နိုးမယ်ဆိုရင် ပြဿနာရှိမလား။ ဆောင်းသခင်ဆိုးတာလည်း သိပေမယ့် အပြစ်မတင်မိ။

"အစ်ကိုလေးက လူအေးပါ ... ခင်ဗျားအသက်ကိုလည်း ကယ်ထားတယ်နော် ဦးဒေဝါ"





"ဟော့ကောင်"

ဦးဒေဝါအား အမြင်ကတ်ကတ်နှင့်ပြောပြီး ကိုဘကျော် တိုက်ကြီးထဲ ဝင်လာခဲ့သည်။

မမလေးဆောင်းသခင်ဆိုလျှင် အသေဖားနေတယ်။ ဘက်လိုက်လွန်း၏။ သူ့သမီး နှေရှက်ဝါကိုပင် ရိုက်နှက်ဖိနှိပ်ထားသည်။

ဘကျော် အပေါ်ရောက်တော့ အစ်ကိုလေး မိုးဝသန်က ကြမ်းပြင်မှာ လဲကျနေဆဲပင်။

"အစ်ကိုလေး ... ကျွန်တော် ထူပေးပါ့မယ်"

အစ်ကိုလေး မိုးဝသန်ကို ဘကျော် ထူမပြီး ဝှီးချဲလ်ပေါ် တင်ပေးလိုက်သည်။

"ကိုဘကျော် ကျေးဇူးပဲ ..."

"အစ်ကိုလေးရယ် ... ခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူး၊ ဦးဒေဝါကတော့ ဒီခြံကြီးထဲကနေ ထွက်သွားတော့မယ် ပြင်ဆင်နေတယ်၊ ကောင်းပါတယ် ... ထွက်သွားတာလဲ အစ်ကိုလေးဝေယျာဝစ္စတွေ ကျွန်တော် လုပ်ပေးပါ့မယ်"

"ကိုဘကျော်က ကျွန်တော့်ထက် အသက်အများကြီး ကြီးပါတယ်၊ အစ်ကိုလေးလို့ မခေါ်ပါနဲ့ ... အရမ်းကြီးလည်း အရိုအသေပေးစရာမလိုပါဘူး၊ မိုးလို့ပဲ ခေါ်ပါ"

"အစ်ကိုလေးရယ် ... ကျုပ်တို့တွေ နှုတ်ကျိုးနေပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဦးဒေဝါလို အဖေအရွယ်ကတောင် မမလေးပဲခေါ်ရတယ်၊ မမလေးကို အရောတဝင်လုပ်တတ်တဲ့ ဦးဒေဝါ မကြာခဏ ပက်ပက်စက်စက် အပြောခံရတယ်လေ"

"အဲဒါက ဆောင်းသခင်ပါ၊ ကျွန်တော့်ကိုတော့ မိုးလို့ပဲခေါ်ပါ ... ကျွန်တော့်ကို တရိုတသေကြီးလုပ်နေတာ ကျွန်တော် မနေတတ်ဘူး"

"သဘောထား ပြည့်ဝလိုက်တာ ကောင်လေးရယ် ... ကောင်းပါပြီ၊ မိုးလို့ပဲ ခေါ်ပါ့မယ်"

နွေ့အဖေ ဦးဒေဝါက အရှင်သခင်တွေအပေါ် သစ္စာရှိတာမှန်ပေမယ့် နွေ့ကိုပင် တစ်ခါတရံ ရန်သူကဲ့သို့ ဆက်ဆံနေသည်။

မိုး စိတ်ပူမိ၏။ သူကလဲ သူပဲ။ စိတ်ကို ထိန်းချုပ်မထားနိုင်ခဲ့။ သူ့ကြောင့်ပါ။

"နွေရယ် ... ကိုကို ထောက်ပံ့ပေးမယ်ဆိုတော့လည်း လက်မခံဘူး၊ ကိုကို စိတ်ပူတယ်ကွာ"

လူဆိုးတွေရန်ကလဲ စိတ်မချ။ သူကိုယ်တိုင် ကာကွယ်ပေးချင်သည်။ ဒုက္ခတဘာဝကို ဒေါသထွက်ရ၏။

နွေနဲ့ဝေးရမည်ဆိုတော့လည်း သူ့စိတ်တွေ ယောက်ယက်ခတ်ရသည်။

"ကျွိ ... "





"ဟင်"

တံခါးက ကျွီခနဲအသံမြည်ဟီး၍ ဝုန်းခနဲပွင့်သွားပြီး ဆောင်းသခင် ဝင်လာသည်။

"ကိုဘကျော် ဘာလာလုပ်နေတာလဲ ... ရှင့်ကို ဒီတိုက်ထဲ ဘယ်သူက ဝင်ခွင့်ပေးတာလဲ"

"ဟို ... ဟို ... ဦးဒေဝါက အစ်ကိုလေး လဲကျနေတယ်ဆိုလို့ ဝင်လာပြီး ထူပေးတာပါ"

"ဘာပြောတယ်"

"ကိုဘကျော် သွားပါတော့ ... ကျွန်တော် ရှင်းပြလိုက်မယ်"

ကိုဘကျော် ပြန်ထွက်သွားမှ မိုးက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို ပြောပြလိုက်သည်။

"ဟင်း ... ဟင်း ... ဟင်း ... ရှင်တို့နှစ်ယောက် လဲကျချင်ယောင်ဆောင်ပြီး နှစ်ပါးကြည်နေတုန်း ဟိုအဖိုးကြီးက သူ့သမီးကို ဝင်ထိန်းသွားတာပေါ့လေ"

"မင်းထင်ချင်သလိုထင် ဆောင်း ... မင်းက ဒီဇာတ်လမ်းတွေကို ကစေချင်လို့ နွေ့ကို ငါ့အနားမှာထားတာ မဟုတ်လား"

"ကိုကို့အကြိုက် လုပ်ပေးတာပါ၊ ကိုကိုနဲ့အစေခံမပဲ တန်လို့လေ"

"ဆောင်း"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်လို့လား ... ကိုကိုချစ်မြတ်နိုးရတဲ့ မိန်းမကို ထာ ပေးခဲ့တဲ့ မယားကြီးကို အပြစ်တင်မလို့လား"

"မင်းဆက်မပြောနဲ့တော့ ... နွေက ထိခိုက်နစ်နာတယ်က မင်းမှာ ကိုယ်ချင်းစာတရား နည်းနည်းလေးမှမရှိဘူး၊ ငါ့ကိုပဲ နှိပ်စက် ပါ ... သတ်ချင်လည်း သတ်၊ နွေက အပြစ်မဲ့သူကွ"

"မဖြစ်ဘူး ... နွေရွက်ဝါ ထွက်သွားလို့ လုံးဝမဖြစ်ဘူး၊ ကို အနားမှာ နေစေရမယ် ... ကိုကိုတစ်ယောက်ထဲ အထီးကျန်နေ စိုးလို့လေ ... ဆောင်းက စေတနာနဲ့ပါ"

"မလိုဘူး ဆောင်း ... ငါ့အတွက်က ယောကျ်ားလေးသူ ပြုပဲ လိုအပ်တယ် ... ထွက်သွားပါစေတော့ကွာ"

"မသွားရဘူး ... နွေရွက်ဝါကို ကျွန်အဖြစ်ပဲ ထားရမ ဒါမှ ဆောင်း ကျေနပ်အားရမယ်လေ ... ဆောင်းဆိုတဲ့ မိန်းမ ရှင်တို့ကျောချင်တိုင်း ကျောလို့ရမလား"

"မင်းကို ဘယ်သူကမှ မကျောပါဘူးဆောင်းသခင်ရာ၊ အတ္တတွေကြောင့်ပဲ မင်းကိုယ်တိုင်ကရော ကိုယ့်ခင်ပွန်းလေ အပေါ် သစ္စာရှိခဲ့လို့လား ... မင်းယောကျ်ားတကာနဲ့တွဲပြီး ထင် ကြဲနေတာလေ"

"ဖြန်း"

"မင်း ... မင်း ..."

"ထပ်ပြောရင် ထပ်ရိုက်ပြစ်မယ်၊ ရှင့်လိုလူတစ်ယော





ဆောင်းသခင်ကို ဘာမှဝေဖန်ပြောဆိုဖို့ မလိုဘူးနော်၊ ရှင်တို့မိသားစု ဘယ်သူ့အထောက်အပံ့နဲ့ ရပ်တည်နိုင်တာလဲ ... ကျေးဇူးမကန်းနဲ့"

"မင်း ... မင်း ... ရိုင်းလွန်းတယ်၊ လူစိတ်မရှိတဲ့မိန်းမ၊ မင်းကို ငါမပေါင်းနိုင်တော့ဘူး၊ ငါ့အမေဆီ ဖုန်းဆက်မယ် ... ငါထွက်သွားတော့မယ်"

"ဆက်လေ ... ရှင်လုပ်ချင်တိုင်း လုပ်လို့ရမယ်ထင်လား"

သူကိုယ်တိုင်လည်း သိနေသည်။ မေမေ လက်မခံဘူးဆိုတာ။ မိန်းကလေးတစ်ယောက်နှင့် ပတ်သက်နေတာ မေမေသိလို့ မဖြစ်ဘူး။

ပြီးတော့လည်း ... ဆောင်းသခင်အိမ်က အလုပ်သမား မိန်းကလေး ... မိုး သေပစ်ချင်လောက်အောင်ပင် စိတ်ညစ်နေရသည်။ ဆောင်းသခင် နှိပ်စက်ညှင်းပန်းသမျှ မိုးတို့ ခံရတော့မည်ဖြစ်၏။

ဆောင်းသခင်ကတော့ တဟားဟား အော်ဟစ်ရယ်မောရင်း သူ့အိပ်ခန်းထဲကနေ ပြန်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

မမလေးဆောင်းရဲ့ အမိန့်နှင့် နွေ ထွက်သွားခွင့်မရှိပေ။

အဖေ့ကိုပင် ဝင်မရှုပ်ဖို့ ပက်ပက်စက်စက်ပြောသွားသည်။ နွေ ဘာဆက်လုပ်ရတော့မလဲ။ သူမစိတ်တွေ ပင်ပန်းနွမ်းနယ်ခဲ့ရ၏။

အဖေကတော့ နွေ့ကိုပဲ တင်းကြပ်စွာ ဆုံးမနေခဲ့သည်။

"မမလေးဆောင်းအပေါ် သစ္စာရှိပါ။ ဟိုဒုက္ခိတက တောင်းဆိုနေလို့ ဖြစ်လိမ့်မယ် ... ဒီကောင့်ကို အဖေ နည်းနည်းလေးမှ ကြည့်လို့မရတော့ဘူး၊ သတ်တောင်ပစ်ချင်တယ်"

အဖေ ဒေါသတွေ ထွက်နေသည်။ မမဆောင်းကို ထိပါးလာလျှင် သမီးအရင်း နွေ့ကိုပင် ရန်သူဟု ထင်မှတ်တတ်တာ နွေစဉ်းစားမရ။

ဒရိုင်ဘာ ကိုဘကျော်က ကိုမိုးဝသန်ဘက်က။





သူမ စာကျက်နေယင်း မမလေးဆောင်း ပြန်မလာသေး၍ စောင့်နေရသည်။

"မမလေးဆောင်း ပြန်မလာသေးဘူးလား နွေ"

"ဟုတ်ကဲ့ အဖေ"

"ဘယ်အချိန်ရှိနေပြီလဲ"

"အဖေ အိပ်ပါ ... နွေစောင့်နေပါတယ်၊ မမလေးဆောင်းက ဒီလိုပဲလေ ..."

ဆောင်းသခင် ... သမီးဆောင်း အဖေ စိတ်ပူတယ်။ ဘယ်တွေသွားနေတာလဲကွယ်။ သမီးဘဝလေးကို တည်ငြိမ်စေချင်ပါတယ်။ လူဆိုးလူသွမ်းတွေနဲ့ တွေ့မှာကွယ်။

"တီ ... တီ ..."

"တီ ..."

"ဟော ... အဖေ ... မမလေးဆောင်း ပြန်လာပါပြီ"

"အဖေ့ ဖွင့်ပေးမယ်"

"သမီး ဖွင့်ပေးပါ့မယ် ... အဖေ နေမကောင်းဘူး မဟုတ်လား"

နွေ ပြေးထွက်လာပြီး တံခါးဖွင့်ပေးရသည်။

မမလေးဆောင်း ပြန်လာတာ ကားနှစ်စီးနှင့် ယောက်ျားလေးတွေက အပြည့်။ နွေပင် ကြောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗွတ်နိုက်နော် ... ဒါလင်"

"ဗွတ်နိုက် ဆောင်း ..."

"အိုကေ"

မမလေးဆောင်းနှင့် လူတစ်ယောက်က တစ်ယောက်ကို တစ်ယောက် အတင်းပွေ့ဖက်ပြီး နမ်းနေကြ၍ နွေရှက်ပြီး သူမအိမ်လေးဆီ ပြေးထွက်လာခဲ့မိသည်။

"အဖေ"

"အထဲဝင်တော့"

"အဖေ ဝင်မပါပါနဲ့နော်"

"အင်း"

ဦးဒေဝါ ဒေါသတကြီးနှင့် သမီးဆောင်းနှင့်ပါလာတဲ့ ကောင်ကို ဆွဲထိုးပစ်ချင်သည်။ စိတ်ကို ထိန်းချုပ်ထားလိုက်ရ၏။

သမီးဆောင်း ပြုမူနေကျ အပြုအမူတွေပဲ။ အိမ်ထောင်ရှင်မ ဖြစ်လာတဲ့အချိန်တွင် ဆင်ခြင်စေချင်မိသည်။

"ဒါလင် ... ဘိုင်"

"ဘိုင် ..."

သမီးဆောင်း ဒယိမ်းဒယိုင်နှင့် တိုက်ကြီးထဲဝင်သွားမှ ဦးဒေဝါ တံခါးတွေလိုက်ပိတ်ပစ်ရသည်။

သမီးဆောင်းရယ် ... အဖေ ရင်ကျိုးရပြီ။ သမီးဆောင်းဘဝ





ချမ်းချမ်းသာသာနဲ့ ပြည့်စုံ ကြွယ်ဝစေချင်လို့ ကလေးချင်းလဲထားခဲ့မိတာပါ။ သမီးဆောင်း အမှားအယွင်းတွေ လုပ်မိတော့မယ် ထင်တယ်။

မိမိမှာ ဆုံးမပြောဆိုခွင့် လည်းမရှိ။ မိမိကို အစေအပါးဖြစ်၍ အရောတဝင် ဆက်ဆံနေခဲ့လျှင် ပင် ပက်ပက်စက်စက် ချိုးချိုးနှိမ်နှိမ်ပြောဆိုပစ်သဖြင့် ဦးဒေဝါ ထိန်း ချုပ်နေခဲ့ရသည်။

"သမီးဆောင်း ဧရာကြီးမှာ အဖေ စိုးရိမ်တယ်၊ အဖေအရင်းကို အဖေမှန်းမသိလို့ သမီးပြန်ပြောနေတာပါ၊ အမှန်တွေကို အဖေ ဖွင့်မပြောရက်ပါဘူး ... သမီးအရှမ်းပဲ ကြေကွဲထိခိုက်လိမ့်မယ်ထင်တယ်"

မိမိကို အဖေအဖြစ် သမီးဘယ်လိုနည်းနှင့်မှ လက်ခံနိုင်မှာ မဟုတ်ပေ။

ခြိစောင့်ကြီးရဲ့သမီး ဘိုးစဉ်ဘောင်ဆက် အစေအပါးကျွန် ဖြစ်လာခဲ့ကြသူတွေအဖြစ် သမီးဆောင်းသာ သိသွားရင် သူမကိုယ်သူမ သတ်သေပစ်သွားမလားဘဲ။ အဖေအဖြစ်မခံနိုင်ပါဘူး။ သမီးဆောင်းအတွက်ဆိုရင် အဖေ ဘယ်လိုဘဝမျိုးပဲဖြစ်ဖြစ် နေပေးပါ့မယ်။

ဦးဒေဝါ ကြေကွဲဝမ်းနည်းစွာ ရှိုက်ကြီးတငင် ငိုကြွေးမိသည်။

"အဖေ ... ဘာဖြစ်လို့လဲ၊ မမလေးဆောင်းက ဘာပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့လဲဟင်"

"အဟင်း ... အဟင့် ဟင့် ... အီး ဟီး ... "

"အဖေ ... "

"အီး ... အီး"

"အဖေ စိတ်ကိုထိန်းပါနော် ... မမလေးဆောင်းက အမြဲတမ်း ဒီလိုပဲလေ ... သမီးတို့ သည်းခံနေရတာ နှစ်တွေ ဘယ်လောက်ကြာပြီလဲ ... မငိုပါနဲ့နော်၊ အဖေ့ကျန်းမာရေးက မကောင်းသေးဘူးလေ"

သမီးနွေကမှ မိမိအပေါ် ချစ်ခင်ကြင်နာနေသေးသည်။

သမီးနွေလည်း အဖေရဲ့ ယုတ်မာကောက်ကျစ်မှုတွေကို မသိသေးလို့ပါကွယ်။ သမီးဘဝကြီး တစ်ခုလုံး နိမ့်ကျတဲ့ဘဝရောက်အောင် အဖေ ကြံစည်လုပ်ဆောင်ခဲ့တာပါ။ အဖေ သေပစ်ချင်ပါတယ်။

"အဖေ"

"ဟင်"

"နွေ စာမေးပွဲဖြေပြီးတာနဲ့ အလုပ်ရှာပါ့မယ်၊ ပြီးတော့လေ အဖေ အေးအေးဆေးဆေးနေနိုင်အောင် အဖေစားချင်တာတွေ စားရအောင် တရားခမ္မနဲ့လည်း နေနိုင်အောင် သမီးကြိုးစားမယ်နော်"

တရားခမ္မနဲ့ နေထိုင်ဖို့လို့ သမီးနွေက ပြောလိုက်သည်။





ဦးဒေဝါ တုန်လှုပ်ချောက်ခြားသွားရ၏။

မိမိကျူးလွန်ထားခဲ့သော အပြစ်တွေက တရားခမ္မနဲ့တောင် ဖြေသိမ့်ဖို့မရနိုင်တော့ပါဘူး။ တဖြည်းဖြည်းတော့ မိမိလုပ်ရပ်တွေအတွက် နောင်တရမိနေပြီ။ စိတ်တွေလည်း ချောက်ခြားလာရသည်။

"အဖေ အိပ်ပါတော့နော် ... မနက်လည်း အစောကြီးမထနဲ့ ခြံအလုပ်တွေ သမီးလုပ်ပါ့မယ်၊ မကြာခင် ... သမီးတို့ ဒီဘဝဆိုးကြီးကနေ လွတ်မြောက်ပါတော့မယ်၊ အဖေ ဆက်ပြီးသည်းခံပေးပါနော်"

သမီးနွေရယ် အဖေ့အမှားတွေကို အဖေ သိနေပါပြီ။ သမီးနွေ အပြစ်မဲ့တယ်ဆိုတာလေ တဖြည်းဖြည်း အဖေ နောင်တရခဲ့ပေမယ့် သမီးရင်း ဆောင်းသခင်အတွက်ပဲ အဖေစဉ်းစားနေမိသေးတယ်။

မိမိ ဘယ်လောက်ပဲ ဆူပူရိုက်နှက်နေပါစေ သမီးနွေမှာ ရိုင်းစိုင်းတဲ့ အပြုအမူတွေ မရှိခဲ့။ မတတ်နိုင်တော့ဘူး။

အဖေ လူမိုက်ကြီး။ မကောင်းတဲ့လမ်းပေါ်ပဲ ဆက်လျှောက်ရတော့မယ်ထင်တယ်။

"အဖေ ... အိပ်ရာထဲမှာလှဲရအောင် ... အနားယူလိုက်ပါတော့ အားရှိအောင်နေပါ အဖေရယ်"

အဖေ့ကို စောင်လေးခြုံပေးပြီး နွေ အပြင်ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နွေပင် အိပ်လို့မရနိုင်။ ကိုမိုးဝသန်အတွက် နွေဘယ်လိုဖြေသိမ့်ပေး ရမှန်းပင် မသိတော့။

မမလေးဆောင်းကတော့ ကိုမိုးဝသန်နှင့် မတွေ့ခင်ထဲက ဒီလိုပဲ နေထိုင်လာခဲ့သူပါ။

"ကိုမိုးဝသန်လည်း ကြားမှာပါ၊ မမလေးတို့ ပြောဆိုနှုတ်ဆက်နေတဲ့ အသံတွေက အကျယ်ကြီးပဲဟာ ... ဒုက္ခိတတစ်ယောက် ဘဝနဲ့ ထိခိုက်ခံစားနေရမှာပဲ ထင်တယ်"

ကိုမိုးဝသန်က နွေ့ကို ငွေကြေးထောက်ပံ့ပေးပေမယ့် နွေ လက်မခံနိုင်ပါဘူး ငြင်းပစ်မိသည်။

"နွေ ဝန်ခံရမယ်ဆိုရင်တော့ ကိုမိုးဝသန်ကို တွေ့ဆုံလိုက်ရတဲ့ တစ်ခဏလေးမှာပဲ ချစ်မိသွားရပါတယ်၊ ဒါပေမဲ့ ... နွေနဲ့ မတန် မှန်းသိလို့ စိတ်နဲ့တောင် မပြစ်မှားရဲပါဘူးနော်"

မမလေးဆောင်းက ပြောတယ်။ နင် ငါ့အစေအပါးဘဝက [illegible]ဘ်မြေ[illegible]ာ်စေရဘူးတဲ့လေ။ ကိုမိုးဝသန်ကို နာကျင်ကြေ ကွဲ[illegible]ဒေ[illegible]ာ်နေခဲ့သည်။

"ကိုမိုးဝသန်ကို နွေ ကာကွယ်ပေးချင်ပါတယ်၊ ဒါလည်း မဖြစ်နိုင်ဘူး မဟုတ်လား"

ချစ်သူအတွက် နွေငိုချင်သည်။ ရင်ထဲမှာ ဆို့နစ်ကြေကွဲနေရ၏။





အဖေရော ဘာဖြစ်လို့ ငိုကြွေးရတာလဲ။ မမလေးဆောင်း ကြောင့်လားပဲ ... မမလေးဆောင်း ပြောဆိုတိုင်း အဖေမျက်ရည် ကျနေတတ်သည်။

"မတွေးတော့ပါဘူး ... နွေကြိုးစားမယ်၊ နွေ ဆုံးဖြတ်ထား ပြီးပါပြီ၊ မမလေးဆောင်းရဲ့ အစေအပါးဘဝကနေ လွတ်မြောက်ဖို့ ကြိုးစားရပါလိမ့်မယ်"

မနက်မိုးလင်းတော့ မမလေးဆောင်းရဲ့ အမိန့်အတိုင်း ကိုမိုးဝသန်ဆီ နွေသွားရောက်ရသည်။ နွေ့ကိုတွေ့တော့ သူ ဝမ်း မြောက်ပျော်ရွှင်သွားရပေမယ့် မျက်ဝန်းတွေက နွမ်းလျှမှေးမှိန်နေ၏။

နွေ စတင်လုပ်ဆောင်ပေးရတာက ကိုမိုးဝသန် မျက်နှာ သစ်ဖို့ပင် ဖြစ်သည်။

"နွေ"

"ရှင်"

"ကိုကိုနဲ့နွေ ဘယ်ဘဝက အကုသိုလ်[illegible]ကြောင့် [illegible] ဒီလောက်အထိ ထိခိုက်နာကျင်နေခဲ့ကြရတာ ... [illegible]ပွတ်မြောက် ပါတော့၊ နွေ့အတွက် ကိုကို မခံစားနိုင်တာပါ"

"နွေ့အတွက် မခံစားပါနဲ့၊ နွေက နှစ်ပေါင်းများစွာ ရင်ဆိုင် ဖြတ်သန်းခဲ့ရတာပါ။ ဘာထိခိုက်နစ်နာစရာ ရှိမှာလဲ၊ အမြတ်တောင်



www.burmeseclassic.com

www.burmeseclassic.com



ရသေးတယ် … နွေ ဘွဲ့တစ်ခုရတယ်လေ၊ ကိုမိုးဝသန်ပဲ ပညာတတ်လူတော်တစ်ယောက်ကနေ ဒုက္ခတဘဝ ရောက်ခဲ့ရတာပါ၊ ကိုမိုးဝသန်ကို လွတ်မြောက်စေချင်တယ်"

နွေ ငိုချင်တယ်။ နာကျင်ရလွန်းလို့ ကိုမိုးဝသန် ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ် ငိုပစ်ချင်ခဲ့တာပါ။

ကိုမိုးဝသန်အား မျက်နှာသစ်ပေး အဝတ်အစားလဲပြီး အစားအစာ စားသောက်ဖို့ လုပ်ပေးနေသည်။

မမလေးဆောင်း ဝင်လာ၏။ ညဝတ်အင်္ကျီပါးပါးလေးကို ဝတ်ထားဆဲပင်။ နွေ ရှက်သည်။

"ဟဲ့ နွေပူမ … ဘယ်သွားမှာလဲ၊ နင်ရှောင်ပေးစရာ မလိုဘူး"

နွေ့ ခြေလှမ်းတွေ ရပ်သွားသည်။

မမလေးဆောင်း လက်ထဲမှာ ဝိုင်ခွက်က ကိုင်ထား၏။ တစ်ညလုံးလည်း မအိပ်သေးဘူး ထင်တယ်။ မျက်လုံးတွေက မှေးစင်းနေသည်။

"ကိုကို"

"မင်း ဘာကိစ္စရှိလို့လာတာလဲ ဆောင်းသခင် … "

"ကိုယ့်ယောက်ျားအခန်းကို ကိစ္စရှိမှ လာရမလား ကိုကို"

"မင်းလာခွင့်ရှိပါတယ် … ငါဆန္ဒက ကောင်းသောလာခြင်း





တွေပဲ ဖြစ်စေချင်တယ်"

"ကောင်းသော လာခြင်းတော့ မဖြစ်နိုင်ဘူးထင်တယ်၊ ဆောင်း အိပ်လို့မရလို့လေ … ကိုကို အဆင်ပြေရဲ့လားလို့ လာကြည့်တာပါ"

မိုး ဆက်မပြောချင်။

ဒီမိန်းမ ညဥ့်နက်မှ ယောက်ျားတစ်အုပ်နှင့်ပြန်လာတာ သူသိသည်။ အရှက်မရှိ အော်ဟစ်နှုတ်ဆက်နေ သေး၏။ မိုး ဒေါသဖြစ်ရသည်။

"ကိုကိုရယ် … ဒါလင်ရယ် … ကိုကိုက ဒုက္ခတဘဝရောက်လည်း တကယ့်ကို ယောက်ျားပီသပြီး ခန့်ညားနေတဲ့သူပါ"

"ဆောင်းသခင် … မင်းဘာလုပ်တာလဲ၊ အရှက်မရှိလိုက်တာ"

ဆောင်းသခင်က သူ့အနား တိုးကပ်ထိုင်ပြီး သူ့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်လာ၍ သူ့ဖယ်ရှားပစ်လိုက်သည်။

နွေရှိနေတယ် ခေါင်းလေးငုံ့ပြီး ရပ်နေတဲ့နွေ့ကို သနားမိ၏။

ဆောင်းသခင် အရက် တွေမူးပြီး လုပ်ချင်တာတွေ အရှက်ကင်းမဲ့စွာ လာလုပ်ပြနေသည်။

"နွေရှိနေလို့လား ကိုကို … ဘာဖြစ်လဲကွာ၊ ကျွန်မတို့ လင်မယား ဘယ်လောက်ချစ်တယ်ဆိုတာ သူ့ကိုပြချင်တယ် … ဟဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မ နင်ကြည့်နေ ... နင်ထင်နေတာက ငါလင်က နင့်ကိုချစ်နေတယ်လို့ မဟုတ်လား"

"မင်း တော်တော့ ဆောင်းသခင် ... အဓိပ္ပာယ်မရှိတာဘဲ ဒီလိုလုပ်နေတာက မင်းဘဝပျက်စီးခြင်းလမ်းကွ"

"ကျွန်မ နားမလည်ဘူးကိုကို ... စည်းစိမ်ဥစ္စာတွေနဲ့ပြည့်စုံနေတဲ့ ဆောင်းသခင်က အစေခံမကို အရှုံးပေးရမှာလားဟင် ... ကျွန်မ ဘယ်လောက်အထိ ခံပြင်းရလဲဆိုတာ ရှင်သိသင့်တယ်"

နွေ ထွက်သွားချင်သည်။ ခန္ဓာကိုယ်လေးက လှုပ်ရှားမရ၊ နွေ ထွက်သွားရင်လည်း မိုးအဆုံး မြေဆုံး လိုက်ခေါ်မှာပဲ မဟုတ်လား။

နဂိုထဲက အရှက်မရှိတဲ့ မမလေးဆောင်းပါ။ ညဝတ်အင်္ကျီက ပါးလျှပ်နေသဖြင့် အတွင်းခံ အနီရောင်ကပင် ထင်ထင်ရှားရှား တွေ့နေရသည်။

"မင်း ငါမေးနေတယ်လေ၊ နင်ဘာဖြစ်လို့ မဖြေရတာလဲ၊ ငါ့ယောက်ျားက နင့်ကိုချစ်နေတယ်လို့ နင်ထင်တာ မဟုတ်လားလို့ ဟား ... ဟား ... ဟား ... "

အော်ဟစ်ရယ်မောရင်း နွေ့အနား တဖြည်းဖြည်းတိုးကပ်လာသည်။

နွေ့ကို မမလေးဆောင်း ရိုက်နှက်တာကတော့ ရိုးနေပါပြီ။





ကိုမိုးဝဿန် စိတ်ထိခိုက်ကြေကွဲရမှာပဲ။ နွေ စိတ်ပူမိ၏။

သူမ မျက်လုံးလေးကို မှိတ်ထားမိသည်။

"မေးနေတယ်လေ"

"မဟုတ်ပါဘူး မမလေးဆောင်းရယ် ... ကျွန်မ စိတ်ကူးနဲ့တောင် မပြစ်မှားမိပါဘူး၊ ကျွန်မက အစေအပါးပါ ... ကိုယ့်အဆင့်ကို ကောင်းကောင်းသိပါတယ်၊ ကျေးဇူးပြုပြီး မမလေးဆောင်းတို့ အိမ်ထောင်ရေးကို ကောင်းမွန်အောင် တည်ဆောက်ကြပါတော့"

"ဒီဒုက္ခတနဲ့လား"

"ဆောင်းသခင် ... မင်းတော်ပါတော့ကွာ၊ ငါတစ်ယောက်ထဲကိုပဲ မင်းစိတ်တိုင်းကျ နှိပ်စက်ပါ၊ နွေ ... မင်းသွားတော့"

"မသွားရဘူး"

"ထွက်သွားလို့ ပြောနေတယ် မဟုတ်လားနွေ ... ငါ့ဆီကို မင်း မလာနဲ့တော့ ... မင်းကို ငါလုံးဝ လက်မခံနိုင်ဘူးနွေရွှက်ဝါ"

"ဟင်း ... ဟင်း ဟင်း ဟင်း ... သူက ကျွန်မရဲ့အိမ်တော်ပါ ကျွန်လေ ... ရှင်အမိန့်ပေးစရာ မလိုဘူးနော်"

"မင်းရဲ့ဆိုးဝါးတဲ့ အကျင့်စရိုက်တွေကို ရပ်တန့်ကနေရပ်လိုက်ပါတော့ ဆောင်းသခင် ... သစ္စာမရှိကြစတမ်းဆိုရင်တောင် ငါတို့နှစ်ယောက်အတူတူပဲကွ ... မင်းက အရင်စဖောက်ဖျက်ခဲ့တာ"

နွေက သူ့အမိန့်ကို မနာခံဘဲ ကျောက်ရုပ်လေးတစ်ရုပ်လို



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေတာကို သူလုံးဝ မခံစားနိုင်ပေ။ သူ့ဒေါသတွေက ထိန်းချုပ်လို့မရအောင်ပင် ပေါက်ကွဲလာရ၏။ ဒါပေမဲ့ ... သူ့ခန္ဓာကိုယ်က မလှုပ်ရှားနိုင်။ ဗိုးချဲလ်ကို နွေ့အနားလိုမ့်လာပြီး နွေ့ကို တွန်းထုတ်ပစ်မိသည်။

"ထွက်သွား ... မင်း ငါ့အနားဘယ်တော့မှ မလာခဲ့နဲ့ နွေရှက်ဝါ ... မင်း လွတ်မြောက်အောင် ကြိုးစားစမ်းပါကွာ၊ ထွက်သွားတော့ ..."

"ဟင်း ... ဟင်း ... ဟင်း ... အရမ်းပျော်စရာကောင်းတာပဲ ... အလွမ်းခန်းက အပိုင်ဆုံးဖြစ်မယ်ထင်တယ်၊ ဇာတ်က အထွတ်အထိပ်ပါပဲလား ... ဟား ဟား ဟား ..."

မမလေးဆောင်းက ရယ်မောပြီး ပြန်ထွက်သွားသည်။ နွေထွက်မသွားနိုင်။ ကိုမိုးဝသန် အနားမှာပဲနေပေးဖို့ ခိုင်မာစွာ ဆုံးဖြတ်ထားသည်။

"ကိုမိုးဝသန် စိတ်ဓာတ်ကို ကြံ့ကြံ့ခံထားစမ်းပါ၊ နွေ ထွက်မသွားနိုင်ဘူး ... မမလေးဆောင်းက အကြောင်းအမျိုးမျိုးရှာပြီး နွေ့ကို ညှင်းပန်းနှိပ်စက်နေကျပါ၊ ကိုဝသန် ဒုက္ခတဘဝကနေ လွတ်မြောက်အောင် ပြန်ကြိုးစားရမယ်၊ နွေ ကူညီပါရစေ ... တကယ်လို့သာ မမလေးဆောင်းက သူ့ဒေါသကို နွေနဲ့ဖောက်ခွဲလို့မရရင် ကိုမိုးဝသန်ကို သတ်လိမ့်မယ်ထင်တယ်"

ဗိုးလပြည့်စာပေ



"နွေရယ်"

နွေ ဘယ်လိုအကြောင်းနဲ့မှ ကိုမိုးဝသန် အနားကနေထွက်မသွားတော့ပါဘူး။ ရှင့်ကို စိတ်မချတော့လို့ပါနော်။ နွေ့ကို မောင်းမထုတ်ပါနဲ့လား။

ကျွန်ဘဝကနေ မလွတ်မြောက်လည်း ကျွန်မ ကျေနပ်ပါတယ်။ ကိုမိုးဝသန်ရဲ့ ခြေထောက်အစုံကို ဖက်တွယ်၍ သူမ ထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

"ကိုမိုးဝဿန် လမ်းလျှောက်ပါ၊ စိတ်ခံတတ်မပျော့ညံ့ဖို့ အရေးကြီးပါတယ်နော်"

"နွေ"

"ရှင်"

"မင်း စာမေးပွဲဖြေရမယ် မဟုတ်လား ... မင်းအတွက် အရေးကြီးတယ် မင်းကြိုးစားပါ"

"နွေ စာတွေရပါတယ် ... စိတ်ပူစရာမရှိပါဘူး ကိုမိုးဝဿန် ဆရာဝန်ကြီးက ပြောထားတယ်လေ၊ စိတ်ခံတတ်ကြံ့ခိုင်မှ ဒုက္ခိတ ဘဝက လွတ်မြောက်မယ်ဆိုတာလေ"

ကိုကို ဒုက္ခိတဘဝက လွတ်မြောက်တော့လည်း ဘာတွေ ပြောင်းလဲသွားနိုင်မလဲနွေ။ ဒုက္ခိတဘဝကမှ ကိုကို့အတွက် အခ ပွှာယ် ပိုရှိပါတယ်ကွာ။ ဒီအခန်းထဲမှာပဲ ကိုကိုနေချင်ပါတယ်။





နွေ လွတ်မြောက်ပါစေ ... ချစ်ရတဲ့နွေရွက်ဝါဘဝ လှပတင့် တယ်နေတာပဲ ကိုကို မြင်တွေ့ချင်တယ်။

"လူ့လောကကြီးက စက္ကန့်မလပ်ပြောင်းလဲဖြစ်ပျက်နေတာ ပါ၊ ကိုကို ရင်ဆိုင်ရမယ့်ဘဝကို အကောင်းဆုံးတွေဖြစ်အောင် အခက် အခဲတွေကြားက ရုန်းထွက်ကြိုးစားသင့်တယ်"

"နွေရယ် ... မင်းဘာဖြစ်လို့များ အစေအပါး မိန်းကလေး ဖြစ်နေရတာလဲ၊ မင်း ခြံစောင့်ကြီး ဦးဒေဝါရဲ့သမီးဆိုတာရော ဟုတ် ရဲ့လားကွာ ... ကိုကို လက်မခံချင်ဘူး"

"ကျွန်မက ခြံစောင့်ဦးဒေဝါရဲ့ သမီးပါ ကိုမိုးဝဿန်၊ ဒီခြံကြီး ထဲ နှစ်တွေအများကြီးနေထိုင်ကြီးပြင်းလာခဲ့ရတာလေ၊ ကျွန်မက အမေနဲ့တူတာဖြစ်မယ်"

အမေ့ကိုလည်း နွေမမြင်ဖူးပါဘူး။ ဓာတ်ပုံလည်းမရှိ။

အဖေရော အမေရော ဒီခြံကြီးထဲမှာနေထိုင်လာကြရတဲ့ အိမ်စေတွေရဲ့ သားသမီးတွေပါပဲ။

"ကျွန်မတို့အတွက်ကတော့ အလုပ်ရှင်တွေရဲ့ ပြောဆိုရိုက် နှက်ဖိနှိပ်ခံရတာတွေက ရိုးနေပါပြီ ... မှီခိုနေထိုင်စရာမှ မရှိတာ"

နွေ ...

လှပလွန်းသူလေး။

အဝတ်အစားအဟောင်းအနွမ်း အစုတ်အပြတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင် ရ၍ နွေ့အလှက တိမ်မြုပ်နံ့ချာသလို ဖြစ်နေပေမယ့် အသေအချာ ကြည့်လေ နွေကစွဲမက်စရာရှိလေပဲ။ နွေ့ဘဝက မနှစ်ချင်။

မိုးက ဆောင်းသခင်ရဲ့ခင်ပွန်းအဖြစ် လွတ်မြောက်ခွင့် မရှိဘူး။

"ကိုကိုနဲ့နွေ ... ချစ်သူတွေဖြစ်ခွင့်မရှိဘူး၊ စိတ်တွေကို မထိန်းချုပ်နိုင်ရင် ဆောင်းသခင်ရဲ့ ထောင်ချောက်ထဲတိုးဝင်သွားရပြီး ရှူးမတတ် နာကျင်ကြေကွဲနေကြရလိမ့်မယ်"

သူ တွေးနေမိသည်။ နွေကတော့ သူ့ခြေသလုံးတွေကို ဆေးနှင့်လိမ်းရင်း နှိပ်နယ်ပေးနေသည်။

"ကိုကို"

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲဟင် ... ကိုယ်ဖြစ်ချင်တာတွေက တွေးနေရုံနဲ့မရဘူးနော်၊ ထ ... လမ်းလျှောက်မယ်"

"နွေ ... စာပဲသွားကျက်ပါ၊ ကိုကို တစ်ယောက်ထဲရပါတယ်"

"ဟင့်အင်း ... ကိုမိုးဝသန်ကို လေ့ကျင့်ပေးပြီးမှသွားမယ် နွေ့အတွက် မစဉ်းစားပါနဲ့ ... နွေက ကြိုတင်ပြင်ဆင်ထားပြီးသားပါနော်"





နွေ့ဆန္ဒအတိုင်းပဲ မိုး လမ်းလျှောက်စက်ပေါ် တက်ရသည်။

အရင်ကထက် သူပို၍ အားရှိနေ၏။ နွေက မိုးကို ဒုက္ခိတဘဝကနေ လွတ်မြောက်စေချင်တာ မဟုတ်လား။

"အား ... ရပြီနွေ ... ကြည့်စမ်း ... ကိုကိုလှုပ်နိုင်ပြီ၊ နွေမကူညီဘဲနဲ့တောင် ကိုကို လမ်းလျှောက်စက်ပေါ် တက်နိုင်ပြီ"

"ကိုကိုရယ်"

"နွေ ... "

"အို ... ဆောရီးနော်"

"ကိုကိုလို့ပဲခေါ်ပါ ... ကိုကိုတို့နှစ်ယောက်ထဲရှိတဲ့အချိန်လေ"

"အကျင့်ပါသွားလို့ မဖြစ်ဘူး၊ အဖေက လုံးဝမကြိုက်ဘူး၊ နွေ့ကို အမြဲတမ်း သတိအထပ်ထပ်ပေးနေတာပါ"

မင်းက ဖြူစင်လွန်းတယ်နွေ။ ကိုကို ဘဝတစ်သက်တာလုံး လက်တွဲဖော်က နွေဖြစ်ချင်တယ်။

မိုးမှာ စုဆောင်းထားတဲ့ကိုယ် ပိုင်ငွေကြေးတွေ ဘဏ်မှာ ရှိနေသည်။ နွေ့ကို ပေးချင်တယ်။ ဒီခြံ ကြီးထဲက ထွက်သွားရင် နွေရပ်တည်နိုင်ဖို့ပါ။ နွေ ဘယ်လိုမှလက် မခံဘူးဆိုတာလည်း မိုးသိထား၏။ ဘယ်လိုပေးရမလဲ။

သူ့မိတ်ဆွေ ရှေ့နေသုတနှင့် ဆွေးနွေးတိုင်ပင်ဖို့ စီစဉ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ မင်းအတွက် တစ်ခုခုတော့ လုပ်ပေးချင်တယ်နွေ။

"ဟုတ်ပြီ ... ဟုတ်ပြီ ... ကိုမိုးဝသန် ... ဆက်လေ့ကျင့် သွားရင် အရမ်းတိုးတက်လာမှာပဲ ... ကောင်းလိုက်တာ"

နွေက သူ့ကို သေသေချာချာ လေ့ကျင့်ပေးပြီးမှ ပြန်သွား သည်။

"အား ... မင်းရှိနေလို့သာပဲနွေ ... ကိုကို စိတ်ဓာတ်တွေ မကျတာပါ"

သူ ... စိတ်လက်ပေါ့ပါးစွာဖြင့် ပိုးချဲပေါ်မှာ မှိန်းနေသည်။

"ကိုကို"

"ဟင် ... ဆောင်းသခင်"

ဆောင်းသခင်က အပျိုဖြန်းလေးတစ်ယောက်ကဲ့သို့ ဝတ် စားပြင်ဆင်၍ သူ့ဆီ ရောက်လာသည်။

"အို ... ကိုကိုက အရမ်းကိုရွှင်လန်းတက်ကြွနေတာပါလား တိုးတက်လာပြီပဲ ... ဆောင်းကို ကျေးဇူးတင်ရမယ်နော်"

ကိုကို ရွှင်လန်းတက်ကြွနေတာကို ဆောင်း မမြင်မတွေ့လို ပေ။ ထိခိုက်နာကျင်စေချင်တာပါ။ အဓိက ဆောင်းတွေ့မြင်လိုတာ က နွေရွက်ဝါနှင့်ဖောက်ပြန်စေဖို့ပဲ။

"ကိုကိုရယ် ... တကယ်တော့ ဆောင်းက ကိုကို့ကို လုံး မစွန့်လွှတ်နိုင်ပါဘူးကွယ်"





ရှင်က ဆောင်းကို အရွံ့ရှာဆုံး မဟုတ်လား။

ရှင့်အနား ဆောင်းကပ်ရင် သေချင်စိတ်တွေ ပေါက်လာနိုင်လို့လေ။ ရှင်ပျော်ရွှင်နေတာကို ကျွန်မ လုံးဝမမြင်ချင်ဘူး ကိုမိုးဝသန်။

"ဆောင်းလည်း မှားပါတယ်လေ ... ဆောင်းကြောင့် မင်္ဂလာဦးညမှာပဲ ကိုကိုဒုက္ခိတဖြစ်ခဲ့ရတယ်၊ ဆောင်း ဒေါသဖြစ်သွားလို့ပါ"

"မင်းသွားပါတော့ ဆောင်းသခင် ... ရင်ထဲက မပါတဲ့ စကားတွေဆိုတာ ငါသိတယ်၊ မင်းဘာဖြစ်ချင်တာလဲကွ"

"ကိုကိုနဲ့မင်္ဂလာဦးညကို ဖြတ်သန်းချင်တယ်"

"ဘာပြောတယ်ကွ ... ငါက ဒုက္ခိတ၊ မင်းကြောင့်လေ ... မင်းကိုယ်တိုင် အတင်းဆွဲခေါ်ပြီး တွန်းပစ်တာ မဟုတ်လား"

"ဆောင်း ဒေါသဖြစ်သွားလို့ပါ ... ကိုကိုကရော နွေ့ကိုချစ်တယ်လို့ ထပ်ကာ ထပ်ကာ ပြောနေတာပဲလေ"

ဆောင်း ဖြစ်ချင်တာက ရှင်အရမ်းနာကျင်ထိခိုက်ပြီး တိုက်ကြီးရဲ့ လသာဆောင်ကနေ ခုန်ချသတ်သေတဲ့အထိလေ။

"ကိုကို့ကို ဆောင်းချစ်တယ် ... ခင်ပွန်းအဖြစ် ပိုင်ဆိုင်ထားချင်တယ်၊ ဘာမဟုတ်တဲ့ အစေခံမနဲ့ယှဉ်ပြီး လုရတာ ဆောင်း ဘယ်လောက်အခံရခက်လဲသိလား ... ဆောင်းရဲ့မာနတွေကို သိပါတယ်



www.burmeseclassic.com

www.burmeseclassic.com



နော် ကိုကို ... ”

ဆောင်း လက်တွေက သူ့အား သိုင်းဖက်၍ ပွတ်သပ်လာသည်။

မိုး ဒေါသတကြီးနှင့် တွန်းဖယ်ပစ်လိုနေခဲ့၏။ မင်း ဘာတွေဖြစ်စေချင်နေလည်းဆိုတာ ငါသိတယ် ဆောင်းသခင်။ ငါ့စိတ်ကို နာကျင်ထိခိုက်နစ်နာစေချင်တာ မဟုတ်လား။

မင်းကို ငါရွံတယ်။ ငါ အရမ်းမုန်းတာပဲ။

“ဆောင်းလေ ... ကိုကို့ကြောင့် လင်ရှိအပျိုဖြစ်နေရတယ်၊ ဆောင်းရဲ့ထိခိုက်နစ်နာမှုတွေအတွက်လည်း ကိုကို စဉ်းစားပေးပါဦး”

သူက မလှုပ်။ ကျောက်ရုပ်လိုပဲ တောင့်တောင့်ကြီး။

ကျွန်မက နွေရွက်ဝါ မဟုတ်လို့လားကိုကို။ ဆောင်းဆိုတဲ့ မိန်းမက အလွယ်တကူ အခဲကြေတတ်တာမျိုး မဟုတ်ဘူးနော်။

“ကိုကိုနဲ့ဆောင်းတို့ မင်္ဂလာဦးညလေးကို ပြန်ပြီးဖြတ်သန်းကြမလားဟင်”

“ဆောင်း ... ဖယ်စမ်းပါကွာ၊ မင်းဘဝမှာ အပျော်တွေ အများကြီးပါ၊ ငါ့စိတ်တွေပုံမှန်အတိုင်း ပြန်မရောက်သေးဘူးကွ ... မဖြစ်နိုင်တာတွေ ပြောမနေစမ်းပါနဲ့”

“ကိုကိုရယ် ... ဆောင်းကို တခြားယောက်ျားတွေနဲ့ ဖောက်





ပြန်ပါလို့ တိုက်တွန်းနေတာလားဟင် ... ”

ငါ မတိုက်တွန်းလည်း မင်းက ဖောက်ပြန်နေတာပဲလေ။ မှုယာမာယာတွေများပြမနေစမ်းပါနဲ့ကွာ။

ဆောင်းသခင် သုံးထားတဲ့ ရေမွှေးက သူအမုန်းဆုံးရန့်တစ်မျိုး။ ဒေါသတွေ ပေါက်ကွဲချင်လာသည်။

“ဒါလင်ရယ် ... အချစ်ရယ် ... ကိုကိုက ချောမောခန့်ညားသူပါ၊ ကိုကို့ဇနီးဖြစ်ရတာ ရင်ခုန်လှိုက်မောဖွယ်ရာပါပဲ ... ”

ရှင် မကြိုက်ဘူးမဟုတ်လား။ ကြည့်ပါဦး ... မျက်နှာကြီးက အောက်သိုးနေတာပဲ။ ရှင်နာကျင်ရရင် ဆောင်းပျော်တယ်။ ရှင့်မျက်နှာပေါ်မှာ ရွှင်လန်းတက်ကြွမှုတွေ မမြင်ချင်ဘူး။ ကိုကို့မျက်နှာအနှံ့ ဆောင်း လက်လေးက ထိတွေ့ပွတ်သပ်နေသည်။

“တော်ပါတော့ဆောင်း ... မင်းလုပ်နေတာတွေက အဓိပ္ပာယ်မရှိဘူး ... မင်းသွားပါတော့၊ ငါသေချင်လောက်အောင် စိတ်ညစ်နေပါပြီ ... မင်းကျေနပ်ပါတော့”

“ကိုကိုရယ် ... ချစ်ဇနီး မဟုတ်ရင်တောင် ဆောင်းက ကိုကို မိန်းမပါ ... အချစ်မပါဘဲနဲ့ ကာမဆန္ဒအရပဲ”

“ဝုန်း”

“ဟင်”

“မင်း အရှက်မရှိ ဘာတွေလာပြောနေတာလဲ ဆောင်းသခင်



www.burmeseclassic.com

www.burmeseclassic.com



ငါတောင်းပန်ပါတယ် ... ထွက်သွားစမ်းပါ"

ဆောင်းသခင်ကို သူ ဒေါသတွေပေါက်ကွဲပြီး ဆောင့်တွန်းပစ်လိုက်၍ ကြမ်းပြင်ပေါ် ပြုတ်ကျသွားသည်။

မီးတောက်မတတ် ဒေါသတွေ တလျှံလျှံညီးညီး ဝေတောက်တော့မည့်မျက်ဝန်းအစုံက သူ့ခန္ဓာကိုယ်အား လောင်မြိုက်မတတ် ကျရောက်လာသည်။

"ရှင် ... ဘာလုပ်တာလဲ၊ အဲဒီလို ကျွန်မကို ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံဖို့ အခွင့်အရေးရှိလို့လား၊ ဒုက္ခိတကများ ... ကျွန်မကို တွန်းပစ်တယ် မဟုတ်လား ကိုမိုးဝသန် ... "

ဆောင်းအတွက် ကိုမိုးဝသန်အား နှိပ်စက်ရမည့်အကွက်က ဝင်လာသည်။

သူမအား ဆောင့်တွန်းပစ်လိုက်တာ အပြစ်ပဲ။

ကြမ်းပြင်ပေါ်မှ လူးလဲထပြီး သူ့ဝှီးချဲလ်ကို အခန်းအပြင်သို့ တွန်းလာခဲ့သည်။

"ဆောင်းသခင်ကို အာခံရင် ရှင့်ဘဝ ဒီထက်ပျက်စေရမယ်၊ ရှင်သေစမ်း ... "

ဝှီးချဲလ်အား လှေကားထိပ်အထိ တွန်းလာပြီး တွန်းချပစ်လိုက်လေသည်။

"ဝုန်း ... "





"အား"

"ဝုန်း ... "

"ဒိုင်း ... "

"ဂျလွမ်း ... လွမ်း ... "

အသံတွေက ဆူညံသွားသည်။ အပြင်ဘက်မှ ကိုဘကျော်နှင့် ဦးဒေဝါ ပြေးဝင်လာကြ၏။

သူမကတော့ သူမအိပ်ခန်းထဲ လှစ်ခနဲ ပြေးဝင်၍ နေလိုက်သည်။

"အစ်ကိုလေး ဘာဖြစ်တာလဲ ... မိုး ... မိုး ဘယ်လိုဖြစ်ရတာလဲ"

သူ ... အကျကောင်းသွားသည်။

ဝှီးချဲလ်ပေါ်ကနေ သူအလိုက်သင့်လေး လိမ့်ကျသွား၍ ဘာဒဏ်ရာမှ မရပေ။

"မိုး"

"အစ်ကိုလေး"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး ကိုဘကျော် ... ဝှီးချဲလ်နဲ့ လှေကားကို ဆင်းကြည့်တာပါ ... မအောင်မြင်ဘူးဗျာ၊ ကံကောင်းလို့ ... "

ဆောင်းသခင် တွန်းချလိုက်တာဟုပြောလျှင်လည်း သူပဲ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဖြစ်ရမည်။ တိုက်ကြီးထဲမှာ မျက်မြင်သက်သေမရှိ။

"မောင်ရင်ရယ် ... အကန်းမေ့ အကျိုးဆော့ဖြစ်နေပြီ အနီးအနားမှာ လူတစ်ယောက်မှမရှိဘဲ ဘာဖြစ်လို့လုပ်ရတာလဲ၊ သေလိမ့်မယ် ... "

"ဦးဒေဝါ ဘယ်လိုပြောလိုက်တာလဲဗျ ... မိုးကလဲ ဒီတိုက်ကြီးရဲ့ အရှင်သခင်ပါဗျ"

ငွါသမီး ဆောင်းသခင်ကို စိတ်အနှောက်အယှက်ဖြစ်အောင် လုပ်တဲ့ ဒုက္ခိတကောင်ပဲ။ ဒင်းသာ သမီးဆောင်းအပေါ် ချစ်ချစ်ခင်ခင် သစ္စာရှိရှိ နေထိုင်ရင် ပြဿနာတွေက ဖြစ်လာနိုင်စရာ အကြောင်းမရှိဟု ထင်သည်။

"မိုး ... ဘာဖြစ်သွားသေးလဲ၊ ဆေးခန်းသွားမလား"

"ကိုယ် ဘာမှမဖြစ်ပါဘူး ... ခြံထဲဆင်းမလို့လေ၊ နေပါစေတော့ ကိုဘကျော် ... ဗိုးချဲလ်လည်း ပျက်စီးသွားပြီထင်တယ်၊ အပေါ်ထပ်ပဲ ပြန်တက်မယ်"

"ကိုဘကျော် လိုက်ပို့ပေးပါ့မယ်၊ ဗိုးချဲလ်နောက်တစ်ခု သွားယူပေးမယ်နော်"

"ဒေါက်"

"ဒေါက်"

"ဒေါက်"





ခွာမြင့်ဖိနပ်သံ အချက်မှန်မှန်ဖြင့် ဆောင်းသခင်က အပေါ်ထပ်ကနေ ဆင်းလာသည်။

"ဟင် ... ကိုကို ဘာဖြစ်တာလဲ၊ ဆောင်း အိပ်ခန်းက အသံလုံခန်းဆိုတော့ ဘာသံမှမကြားရဘူး ... ကိုကို ပြုတ်ကျတာလား"

"ဟုတ်တယ် ... အောက်ကိုဆင်းဖို့လုပ်ရင်း ပြုတ်ကျတာလေ ... ဘာမှမဖြစ်ဘူး"

"ကိုဘကျော် ... ဂရုစိုက်လိုက်ပါ၊ နွေရော ဦးဒေဝါ ... "

"နွေ ကျောင်းသွားပါတယ်၊ စာမေးပွဲဖြေကာနီးလို့ပါ မမလေး ... ဒီတိုက်ကြီးထဲက ပြုတ်ကျသံတွေကကြားလို့ မမလေး ဆောင်းများ ဘာဖြစ်လဲဆိုပြီး ပြေးဝင်လာခဲ့တာပါ"

"တော်ပြီ ... စကားကို သိပ်ရှည်ရှည်တွေ မပြောပါနဲ့၊ ကိုဘကျော် ... ကိုကို့ကို ပြုစုလိုက် ... "

"ဟုတ်ကဲ့ မမလေး"

တိုက်ကြီးပေါ်မှာ ဒေါက်မြင့်ဖိနပ်စီးတာ ဆောင်းသခင်ပဲ ရှိသည်။

ကိုဘကျော် အမြင်ကတ်မိ၏။ ကိုဘကျော်လည်း အိမ်တော်ပါကျွန်မို့ နေထိုင်စရာ မရှိသဖြင့် ဒီခြံကြီးထဲမှာ မြဲနေခြင်းဖြစ်သည်။

"ခင်ဗျားကြီး တော်တော်လျှာရှည်တယ်ဗျာ ... အမှတ်လည်း မရှိဘူး ... ခင်ဗျား ဖားလေ ဟိုက မကြိုက်လေဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဘဲ့ကျော် … မင်းနဲ့ဘာဆိုင်လဲကွ၊ မမလေး ဆောင်းသခင်က ငါ့ကျေးဇူးရှင် ထမင်းကျွေးနေတာ … ဘာပြော ပြော ငါကျေနပ်တယ်"

"ကဲပါဗျာ … ကြားထဲကပဲ ကျွန်တော် တောင်းပန်ပါတယ်၊ ကိုဘကျော် … အပေါ်တက်မယ်ဗျာ"

ဦးဒေဝါ မကျေမနပ်နှင့် မျက်စောင်းကြီးထိုး၍ ပြန်ထွက် သွားသည်။

ပြီးတော့ … အပြင်မှာထိုင်ကာ ချောင်းတွေ တဟွတ်ဟွတ် ဆိုးနေ၏။

ဆောင်းသခင် … မင်းကြောင့် ငါတစ်နေ့နေ့ သေရမှာပါ။ ငါက မင်းလက်ခုပ်ထဲကရေပါ။ နွေမရှိလို့ သူစိတ်သက်သာရာ ရ သည်။

အခန်း ( ၁၅ )

ဆောင်းသခင်ရဲ့နှုတ်ခမ်းသားတွေပေါ်မှာ ကျေနပ်ပီတိတွေ နှင့် အပြုံးတွေ ထင်နေသည်။

ကြည့်လို့ကောင်းလိုက်တဲ့မြင်ကွင်း။ သူမ ရယ်မောပစ်လိုက် ၏။ မိန်းမတစ်ယောက်နဲ့ လက်ထပ်ပြီး အကြင်နာအယုအယတွေ မပေးချင်တဲ့ယောကျာ်း။

"ကိုကိုချစ်တာနွေတဲ့လား … ဟင်း ဟင်း ဟင်း … ဟား ဟား ဟား … "

ရှင့်ကို ညွှင်းပန်းနှိပ်စက်ချင်လို့ တစ်တိုက်လုံးမှာရှိတဲ့လူတွေ ကို ရှင်းထားလိုက်တာလေ။ အစေအပါးတွေက အစေခံတန်းလျား မှာပဲနေကြတာ။

"ရှင်တို့ပျော်နေတာတွေ ဘယ်တော့မှမရှိစေရဘူး"

သူမ … အရှုံးသမား မဖြစ်စေရဘူး။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကားကို တရကြမ်းမောင်းရင်း ကလပ်ထဲဝင်လာခဲ့သည်။

"ဆောင်းသခင် ... အချစ် ... "

"ဟဲလို ... "

"ဆောင်းကိုကြည့်ရတာ ဒီနေ့ အရမ်းပျော်နေတဲ့ပုံပဲ"

"ဟင်း ဟင်း ဟင်း ... ပျော်စရာကောင်းတဲ့ မြင်ကွင်းကို မြင်လာလို့လေ"

"ဘာမြင်ကွင်းလဲ ... ပြောပြပါဦး ဆောင်း ... "

ထွန်းတောက်ရဲ့လက်တွေက ဆောင်းပခုံးကိုဖက်သည်။

ဆောင်း သတိရမိသွားရတာက ကိုကို မိုးဝသန်ပင်။ ဆောင်းမိဘတွေ ထောက်ပံ့ပေးကမ်းမှုနဲ့ ပြန်ပြီး ထူထောင်ခဲ့တာကို များ ကျေးဇူးကန်းသူ။

"ဆောင်း"

"ဟင်"

"မင်းခင်ပွန်း မိုးဝသန်က ဒုက္ခိတကြီးဆိုတော့ မင်းအတွက် ကိုယ်ချင်းစာတယ်ကွာ"

ထွန်းတောက်ကတော့ ဆောင်းကို အရယူချင်နေသည်။ ချမ်းသာတဲ့မိသားစု အသိုင်းအဝန်းက မိန်းကလေး။

"ဒီဒုက္ခိတကြီးကို ကွာရှင်းလိုက်ပါလား ဆောင်းရာ ... ဘာဖြစ်လို့ စိတ်ညစ်ခံပြီး ပေါင်းသင်းနေရတာလဲ၊ ဆောင်းသခင်လို မိန်း





ကလေးရဲ့ ဂုဏ်သိက္ခာကို ကျဆင်းစေပါတယ်"

"ဟင့်အင်း ... ကျွန်မ ဘယ်တော့မှ ကိုကို့ကို ခင်ပွန်းအဖြစ်ကနေ မစွန့်လွှတ်ဘူး"

ကိုကို ...

ရှင် ဆောင်းသခင်ရဲ့ ခင်ပွန်းအဖြစ် ကျွန်မ အသက်ရှင်နေသရွေ့ နေရမယ်။

နွေရောပဲ ...

ရှင့်ကို နှိပ်စက်သမျှ နွေက ဘယ်တော့မှ ရှင့်အနားကနေ ထွက်သွားမှာမဟုတ်ဘူး။

"ဆောင်း"

"ဟင်"

"မင်း ဒီလိုပဲ စိတ်ဒုက္ခတွေခံစားတော့မလား၊ ဒုက္ခိတကြီးကို လင်တော်ပြီး မင်းဘဝ ဒုက္ခိတလင်ကွယ်ရာမှာ ဖောက်ပြန်နေတဲ့ မိန်းမတစ်ယောက်အဖြစ် နေမလား"

"ကျွန်မ အဲဒီလို နေပြရမယ်"

"ဆောင်း ... မင်းအတွက်တွေ အရမ်းကြီးနေပြီထင်တယ်ကွာ"

"ဟုတ်တယ် ... ကျွန်မ ဒင်းတို့ဘဝတွေကို သတ်ပစ်ရမယ်၊ လောလောဆယ် ကျွန်မ အရှုံးသမားတစ်ယောက်လို ခံစားနေရတာ လုံးဝ ခံပြင်းနေရတယ် ... ကျွန်မ သေဆုံးတဲ့အထိ လက်တုန့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရမယ်”

နွေရွက်ဝါကို ဆောင်းငယ်စဉ်လေးက မကျေနပ်။ မုန်းတီးနေမိသည်။

ဒက်ဒီကြောင့်ပဲ ... နွေ့ကို ဒက်ဒီက အရေးပေးနေခဲ့၏။ ဆောင်းက ဒက်ဒီနဲ့မာမီအချစ်တွေကို တစ်ယောက်ထဲပဲ သိမ်းပိုက်ထားချင်မိသည်။

“ဒီအိမ်စေမက ဘာဖြစ်လို့ ချောမောလှပနေရတာလဲ၊ မွဲချောက်စုတ်ပြတ်နေရမှာ ... ပညာမတတ်၊ ဘာမတတ် အစေခံလိုပဲ တစ်သက်လုံးနေရမှာ”

နွေ ဘွဲ့ရတော့မယ်။

ဆောင်းကိုယ်တိုင် ပညာရေး ညံ့ဖျင်းခဲ့သည်။ တက္ကသိုလ်ဝင်တန်းပင် မအောင်ခဲ့။ ဆောင်း စာတွေ ကျက်မှတ်ရတာပျင်းလို့ပါ။

နောက်ဆုံး မိဘစည်းစိမ်ဥစ္စာတွေ ထိုင်ဖြုန်းနေလဲ ဘာဖြစ်လဲ။

“နွေရွက်ဝါကတော့ ချောတယ် ကိုထောက်ခံတယ် ... လူရည်သန့်တယ်၊ မင်းဒက်ဒီနဲ့ သွေးစပ်နေတာလား”

“ဘာပြောတယ်”

“ကိုယ် တွေးမိတာပါ”





“ဖြစ်နိုင်တာပဲ ... ဒင်းက ဒက်ဒီနဲ့တူနေတယ်၊ ဒင်းအမေ အစေခံမနဲ့ဒက်ဒီ ငြိခဲ့တာလားပဲ”

“မင်းညီမပေါ့”

“ထို့ ... ရွံစရာကောင်းလိုက်တာ၊ ရှင်ဘာဖြစ်လို့ ဒီစကားလာပြောရတာလဲ ... သနတယ် ... ”

နွေ့အမေနဲ့ဒက်ဒီ ငြိစွန်းကြလို့ နွေရွက်ဝါကို ရခဲ့တာ မဟုတ်လား။ ဖြစ်နိုင်တယ် ...

ခြံစောင့်ကြီး ဦးဒေဝါက နွေ့ကိုမချစ်ပေ။ ရန်ရှာဆူပွက်နေတတ်သည်။

ဒက်ဒီကသာ ချစ်တာ အရေးတယူ ရှိခဲ့တာပါ။

“တောက် ... ခံပြင်းလိုက်တာ၊ ဆောင်းသခင်အကြောင်း ဒင်းတို့တွေ ကောင်းကောင်းသိစေရမယ်”

“ဆောင်း”

“ပြော”

“စိတ်ညစ်စရာတွေအားလုံး မေ့ပစ်လိုက်ပါ ... ကိုယ်တို့ ပျော်ပျော်ပါးပါး ကကြမယ်၊ ချစ်ကြမယ်၊ ကိုယ်က ဆောင်းရဲ့ပူပြင်းလောင်မြိုက်နေတဲ့ နှလုံးသားထဲက အိုအေစစ်လေးပါ”

“ဟွန်း”

ကိုထွန်းတောက် ဆောင်းကို အရယူချင်နေတာ ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



သိသည်။ သူက အခြေအမြစ်မရှိ။ လောင်းကစားသမား။

ကိုကိုမိုးဝသန်လို ထူးချွန်ထက်မြက်သူကိုပဲ ဆောင်း လက်ထပ်ချင်ခဲ့တာပါ။

ဆောင်းထက် ဆောင်းစည်းစိမ်ဥစ္စာတွေကို သုံးဖြုန်းချင်တ ကိုထွန်းတောက်လိုလူမျိုးကိုတော့ အပျော်ပဲ ဆက်ဆံချင်သည်။

"ဆောင်းရယ် ... အချစ်ရယ် ... ဘာကိုမှမတွေးနဲ့နော် ကိုတောက် ရင်ခွင်ထဲမှာ ပျော်ပျော်လေး ခံစားစမ်းပါကွာ"

သူမ ... နာကျင်ရသည်။

ကိုကိုနှင့်လက်ထပ်ဖို့ လူကြီးတွေ မစီစဉ်ခင်ထဲက ဆောင်း မှာ ယောကျ်ားလေးမိတ်ဆွေတွေ အများကြီးနဲ့တွဲခဲ့ဖူးသည်။ ပျော် ရွှင်ရ၏။

ကိုကို့ကြောင့် ... ရှင့်ဘက်ကနေ ဘယ်လိုအကြောင်းနဲ့ တခြားမိန်းမတစ်ယောက်ကို ချစ်နေတာ လက်မခံနိုင်ဘူး။ ဆောင်း ကိုပဲ ခယဝပ်တွား ကြောက်ရွံ့စေရမှာ။

ကိုကို ဒီလိုဘဝရောက်လာတာ ဆောင်းမိဘတွေ ထောက် ခဲ့လို့လေ။ ကျေးဇူးကန်းတဲ့လူ။ မင်္ဂလာဦးညမှာပင် ဆောင်းရဲ့မာ တွေကို တစ်စစီ ကျိုးပဲ့သွားစေရန် ရိုက်ချိုးပစ်လိုက်တဲ့ ကိုကို မိုးဝသန်။

"ဆောင်း ဒီနေ့စောစောပြန်မယ် ကိုထွန်းတောက် ..."





"ဘာဖြစ်လို့လဲ ဆောင်းရယ် ... ပျော်ရတာတောင် မဝသေး ဘူးကွာ"

"လွှတ်ပါတော့ ကိုထွန်းတောက် ... အချိန်တွေတောင် လင့် သွားပြီ ... ညဥ့်နက်နေပြီလေ"

သူမ ထသည်။ တင်းကြပ်စွာ ပွေ့ဖက်ထားသော သူ့လက် တွေကို အတင်းရုန်းဖယ်ပစ်လိုက်သည်။

မာမီ့ဆီက ဖုန်းလာ၏။ သမီးဆောင်းကို စိတ်ပူလို့ မာမီ ပြန်လာတော့မယ်တဲ့။

နွေ ဒေါသတကြီး အော်ပစ်မိသည်။

"မာမီ အေးအေးဆေးဆေးနေပါလို့ပြောထားတယ် မဟုတ် လား၊ ပြန်မလာခဲ့နဲ့ ... ဘယ်သူ့ကို စိတ်ပူနေတာလဲ၊ ဟိုဒုက္ခိတကို လား ..."

"ဆောင်း ... မင်း အမေကို ဘယ်လိုပြောလိုက်တာလဲကွာ"

သမီးဆောင်းရဲ့ အော်ဟစ်သံနှင့်အတူ ဘေးနားမှာ အာ လေးလျှာလေးကြီးနှင့် ယောကျ်ားတစ်ယောက်အသံ ကြားရ၍ ဒေါ်ခင်ခင်ခန့် စိတ်ပူသွားရသည်။

သမီးဆောင်း ဒီအချိန်အထိ အိမ်မှာ ဘာဖြစ်လို့ ရှိမနေရတာ လဲ။ ကလပ်မှာလား။

မောင်မိုးဝသန်အတွက် စိတ်ပူမိတာတော့ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်တွေလည်း မကောင်းဘူး။

မိမိပြန်ဖို့ပဲ ဆုံးဖြတ်ထားသည်။

"သမီးဆောင်း ... အခု ကလပ်မှာလား၊ ဘေးက ဘယ်သူ လဲ"

"မာမီ ဘာဖြစ်လို့ စပ်စုနေရတာလဲ ... သမီးအကြောင်း သိသိကြီးနဲ့ တရားရိပ်သာမှာပဲ အေးအေးဆေးဆေး မနေနိုင်ဘူး လား"

"မဟုတ်ဘူးလေ ... မာမီမှာက သမီးဆောင်းရှိသေးတယ် ကွယ်၊ အိပ်မက်တွေမကောင်းလို့ မာမီ ပြန်လာမယ်"

"မလာနဲ့ ... ပြန်မလာနဲ့လို့ပြောထားတယ်နော်၊ ပြန်လာ ရင် မာမီပဲ စိတ်ညစ်ရမှာ ... ကျွန်မကို လာအုပ်ထိန်းစရာမလိုဘူး ကြားရဲ့လား ... ပြန်မလာနဲ့နော်"

"သမီးဆောင်း ... မာမီပြောတာကို နားထောင်ပါ၊ သမီးအိမ် ထောင်ရေးကို တည်ငြိမ်အောင် ထိန်းသင့်တယ်၊ မောင်မိုးဝသန် က သမီးရဲ့ တရားဝင်ခင်ပွန်းလေ ... ထားထားကိုလည်း အားနာ တယ်"

"သေလိုက်"

ဆောင်း ဖုန်းကိုဆောင့်၍ ပိတ်ပစ်လိုက်သည်။

မာမီ ပြန်လာတာကို ဆောင်း လုံးဝ လက်မခံနိုင်ဘူး။





မာစီစိတ်ပူနေတဲ့ မိုးဝသန်ကို စိစိညက်ညက် ချေမွပစ်မလို့။

"ကျွန်မ ပြန်မယ်"

"ဆောင်း"

"ဖယ်ပါတော့ ကိုထွန်းတောက်"

"အမေကိုတော့ မင်း ဒီလောက်အထိ ပြန်မပြောသင့်ဘူး ကွာ၊ ကိုတောက် ဘယ်လောက်ပဲဆိုးဆိုး အမေကိုတော့ အလေး အနက်ထားတယ်"

"သွားစမ်းပါ ... ဖယ် ... "

"ဆောင်းရယ်"

ရှင့်လို လောင်းကစားသမား ကလေကချေကများ ကြီးကြီး ကျယ်ကျယ်နဲ့၊ ဆောင်းသခင်က ဘယ်သူ့အမိန့်မှ မနာခံဘူး။

သူမ ကားကို တရကြမ်းမောင်းပြီး ပြန်လာခဲ့သည်။

ခြံထဲမှာ နွေရွက်ဝါက ပန်းပင်တွေ ရေလောင်းနေ၏။

နောက်ပိုင်းကကြည့်တာပင် နွေရွက်ဝါရဲ့ ခန္ဓာကိုယ် အောက်ပိုင်းက တောင့်တောင့်ဖြောင့်ဖြောင့်။ တင်က စွင့်စွင့်။ ဆောင်းအကျ ရှေ့ပင်နှံအတိုကို ဝတ်ထားသည်။ မနာလိုချင်စရာ။

မနက်စောစောစီးစီး နင်က အထာပေးဖို့ ခြံထဲဆင်းပြီး အလုပ်တွေ လုပ်နေတာလား။

"ဟဲ့ ... နွေပူမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မမလေးဆောင်း"

"စောစောစီးစီး ဘာထလုပ်နေတာလဲ"

"အဖေ မနိုးခင် ခြံအလုပ်တွေလုပ်ပေးထားတာပါ၊ နွေ့ စာမေးပွဲသွားဖြေရမယ် မမလေး ... စိတ်တွေပူပြီး အိပ်မရလို့ပါ"

"နင်ကျောင်းပြီးသွားရင် ဒီခြံထဲကနေ ထွက်သွားတော့မလား"

"မမလေးဆောင်းရဲ့ဆန္ဒပါပဲ ... ကျွန်မ နေစရာစီစဉ်ရမယ်၊ အလုပ်လည်း ရှာရပါဦးမယ် ... မမလေးဆောင်းသာ လက်ခံမယ်ဆိုရင် သုံးလလောက်တော့ ထပ်နေခွင့်ပြုပါနော်"

"ဟင်း ... ဟင်း ဟင်း ... တကယ်တမ်းကျတော့ နင်ဒီခြံကြီးထဲကနေ ထွက်မသွားချင်ဘူး မဟုတ်လား နွေ့ ... ငါ့ယောက်ျားကို နင်စိတ်မချလို့ မဟုတ်လား ... ဟား ... ဟား ... "

"အို ... မမလေးရယ် ... အဲဒီလို မဟုတ်ရပါဘူး၊ ကိုမိုးဝသန်ဘာမှလုပ်ပေးစရာမလိုဘူးဆိုရင်လည်း မလုပ်ပါဘူး ... နွေ့က အဖေ့အတွက်ပါပဲ"

မနေ့မနက်က ကိုမိုးဝသန် လှေကားပေါ်ကနေ ပြုတ်ကျသည်ဟု ကိုဘကျော်က ပြောပြသည်။

"ငါ့အထင်တော့ မမလေးဆောင်း တွန်းချတယ်ထင်တာပဲ နွေ့ စိတ်မကောင်းဖြစ်လိုက်ရတာဟာ ... ဒီကြားထဲ နင့်အဖေက





မလေးမစားနဲ့ အစ်ကိုလေးကို ရန်လုပ်နေသေးတယ်"

အဖေကလဲ ကိုမိုးဝသန်အပေါ် နည်းနည်းလေးမှ မကြည်ဖြူပေ။ မမလေးဆောင်းကို ဒုက္ခပေးနေတာဟု ထင်မှတ်နေသည်။

နွေ့ စိတ်မချ။ ကိုမိုးဝသန်ကို တစ်နာရီ တစ်စက္ကန့်လေးပဲ ဖြစ်ဖြစ် နွေ့ စောင့်ရှောက်ပေးလိုသည်။

"နွေ့ပူမ"

"ရှင်"

"နင် ရှိနေပေးစမ်းပါ၊ ငါ့ယောက်ျားကို ငါမှမပြုစုပေးနိုင်တာဘဲ ... နင့်ကို နေခွင့်ပေးမယ်၊ ငါလခ တိုးပေးမှာပါ"

"မလိုပါဘူး မမလေးရယ် ... အဖေနဲ့နွေ့ကို နေခွင့်ပေးတာပဲ ... နွေ့ ကျေနပ်ပြီး ကျေးဇူးတင်ပါတယ်"

နွေ့ရွက်ဝါ ... နင်က ကိုကို့ကြောင့် ငါ့အစေအပါးဘဝမှာ ဆက်နေချင်တာ မဟုတ်လား။

ငါက အမဲလိုက်ဝါသနာ ပါတယ်နော်။ ကိုကိုနဲ့နင်က ငါ့ရဲ့ အမဲကောင်တွေပဲ။

နွေ့အနားကနေ ဆောင်း လှည့်ထွက်လာခဲ့သည်။ သူမ တိုက်ကြီးထဲဝင်လာတော့ မာမီက ညှိခန်းမှာ ထိုင်နေသည်။

"ဟင် ... မာမီ ... "

"သမီးဆီ ဖုန်းဆက်တော့ မာမီက လမ်းကနေဆက်တာပါ



www.burmeseclassic.com

www.burmeseclassic.com



ရိပ်သာက ထွက်လာပြီလေ"

"ဆောင်းက ပြန်မလာနဲ့ဦးလို့ ပြောထားတာပဲ၊ မာမီ နားမလည်ဘူးလား၊ အသက်ကကြီးနေပြီ ... ရိပ်သာမှာနေရမယ့်အရွယ်ဆိုတာ သိရဲ့လား"

"သိပါတယ်ကွယ် ... မာမီ သိပါတယ်၊ ဒါပေမဲ့ အိပ်မက်တွေမကောင်းလို့ပါ ... လူကြီးတစ်ယောက်တော့ ရှိသင့်တယ်ထင်တယ်ကွယ် ... သမီးဆောင်းကို မာမီမနှောက်ယှက်ပါဘူး၊ သမီးဆောင်းနေချင်သလိုနေပါနော်"

"ဒုက္ခပါပဲ ... အရမ်းစိတ်ရှုပ်ဖို့ကောင်းတယ်၊ ကောင်းပြီလေမာမီနေချင်နေပေါ့၊ ဆောင်းကိုယ်ရေးကိုယ်တာကိစ္စတွေ ဝင်မရှုပ်ပါနဲ့၊ ဒါပဲနော် ... နောက်မှ ဆောင်း မိုက်ရိုင်းတယ်လို့မပြောနဲ့"

"ဆောင်းရယ် ... မာမီ့သမီးလေးကို မာမီအာခံတွင်းထဲမှာငုံထားလို့ရရင်တောင် ငုံထားမတတ် ချစ်တာပါ၊ သမီးဆောင်းဘဝတစ်လျှောက်လုံး ပျော်ရွှင်အေးချမ်းစေချင်တယ်လေ ... မာမီမနှောက်ယှက်ပါဘူး ... သမီးဆောင်းနဲ့ ဝေးဝေးမနေနိုင်လို့ပါ"

"ရှုပ်လိုက်တာ တကယ်ပါပဲ ... "

သမီးဆောင်း အပေါ်ထပ်သို့ ခြေဆောင့်ပြီးတက်သွားသည်။ ခွာမြင့်ဒေါက်ဖိနပ်သံက တိုက်ကြီးထဲမှာ ပဲ့တင်ထပ်နေ၏။

ငယ်စဉ်လေးထဲက မိမိတို့အလိုလိုက်ထားတဲ့ သမီးလေးပါ။ ဘယ်လောက်ပဲ ဆိုးသွမ်းနေပါစေ အပြစ်မမြင်ဘဲ ခွင့်လွှတ်နေခဲ့မိ





သည်။

"သမီးဆောင်းကို လိမ်မာစေချင်တယ် ... ခြံစောင့်ကြီးဦးဒေဝါရဲ့သမီး နွေရွက်ဝါလေးလိုပေါ့၊ ဒီကလေးက ဖခင်ကိုသိတတ်ပြီး လိမ်မာလိုက်တာနော် ... ကိုသုတရဲ့သွေးလားပဲ၊ သမီးဆောင်းဆိုးသွမ်းနေတာ ငါ့သွေးနဲ့တူလို့ ဖြစ်လိမ့်မယ်"

ဒေါ်ခင်ခင်ခန့်လည်း ငယ်စဉ်က ဆိုးသွမ်း ပေတေနေခဲ့သည်။ အိမ်ကအလုပ်သမားတွေအပေါ် မောက်မာစွာ ဆက်ဆံနေတတ်၏။ မိဘစကားကိုလည်း နားမထောင်ခဲ့။

မိမိဝဋ်လည်နေပြီ ထင်တယ်။

သေဆုံးသွားရှာတဲ့ ခင်ပွန်းနှင့်မိဘတွေကိုလည်း သတိရတမ်းတမိရ၏။ မိဘတွေက သမီးအပေါ် ဘယ်လောက်မျှော်လင့်နေကြမလဲ။ ကိုသုတလည်း မိမိဒဏ် တော်တော်လေး ခံခဲ့ရသည်။

အိပ်မက်တွေလည်း မကောင်းဘူး။ အိမ်ကို မီးလောင်သည်တဲ့။ မောင်မိုးဝဿန်ကို မီးတောက်တွေကြားထဲမှာ အော်ဟစ်လောင်ကျွမ်းနေသည်ဟု မြင်မက်ခဲ့၏။

ဒေါ်ခင်ခင်ခန့် ရှိသင့်သည်ဟု ထင်၍ သမီးဆောင်း တားဆီးနေသည့်ကြားမှပင် ပြန်လာခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

"ကိုဘကျော် ... နွေ ကျောင်းသွားပြီလားဗျာ၊ ကျွန်တော့် အကြောင်းတွေ ပြောမပြပါနဲ့၊ နွေ စိတ်မကောင်းဖြစ်ရမယ်၊ သူ အေးအေးဆေးဆေးပဲ နောက်ဆုံးနှစ်ကို ကျော်လွှားနိုင်ပါစေဗျာ"

မိုး စိတ်မကောင်းဖြစ်ရသည်။ သူ ကံကောင်းလို့မသေတာပါ။ ဆောင်းသခင်က ကြောက်စရာကောင်းလောက်အောင် ရက်စက်သူပါ။

သူ့ကို တွန်းချပစ်ခဲ့၍ သူ့အသက်ကို သေကြောင်းကြံစည်တာ နှစ်ကြိမ်ရှိနေပါပြီ။

မေမေနှင့် အန်တီခန့်ကို ပြောပြပြီး ကွာရှင်းလိုက်ဖို့ စဉ်းစားနေသည်။

"မိုးကို သနားတယ် ... ကိုဘကျော်တူလေး သွေးသားတစ်ယောက်လို သံယောဇဉ်တွယ်ရပါတယ်ကွာ ... မင်း ဒုက္ခကိုလည်း





မကြည့်ရက်တော့ဘူး ... ကွာရှင်းလိုက်စေချင်တယ်"

မိုးကို မိမိ သံယောဇဉ်တွယ်မိသည်။ အလုပ်သမားတွေ အပေါ်မှာ စိတ်သဘောထား ပြည့်ဝသူဖြစ်နေ၏။

ဒုက္ခိတဘဝမှာ မမလေးဆောင်းသခင်ရဲ့ ညှင်းပန်းနှိပ်စက်မှုတွေကို ခံနေရရှာသည်။

"ကျွန်တော်က အရေးမကြီးပါဘူး ကိုဘကျော် ... နွေ့ကိုပဲ စောင့်ရှောက်ပေးပါ၊ ကျွန်တော့်ဘဝက ဆောင်းသခင် ထားရာနေရလိမ့်မယ်၊ နွေ့ကို ဒုက္ခမပေးအောင်ပါ ... "

"ကိုဘကျော် စောင့်ရှောက်ပေးနေပါတယ် ... အခြေအနေတွေအားလုံးကို သိနေပါတယ် ... မိုး စိတ်မပူပါနဲ့နော်"

"နွေက ရိုးသားသူပါ၊ အပြစ်မရှိပါဘူး ကိုဘကျော် ... စောင့်ရှောက်ပေးပါ"

နွေ့ကို စိတ်ပူတယ်။ သူ့ဘက်က ကွာရှင်းခွင့်တောင်းရင် ဆောင်းမဲ့မှာက နွေ့ကိုပဲ။ မိုး စိတ်ပူနေသည်။

"နွေက တာဝန်သိတတ်တယ်၊ အဖေကိုလည်း ချစ်ခင်ရိုသေတယ်၊ ဒီအဖိုးကြီးက လုံးဝမချစ်ဘူး ... နွေ ငယ်ငယ်က အရမ်းနှိပ်စက်ခံရတယ်၊ အခုမှ အဖိုးကြီးတော်သွားတာ ... မဆီမဆိုင် သူ့ချွေးသမီး ဆောင်းသခင်ကိုတော့ ဖားလိုက်ရတာ မျက်နှာကြီးဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နွေ့ကံပဲပေါ့"

မိုးကတော့ မထူးတော့ပါဘူး။ မေမေ့ကို ပြောပြလည်း နွေနှင့်ဖောက်ပြန်သည်ဟု စွပ်စွဲတော့မည်။ နစ်နာရမည့်သူက နွေပဲ။

ကိုဘကျော် ပြန်သွားတော့ မာမီခန်း ဝင်လာသည်။

"သား မိုး ... နေကောင်းရဲ့လားကွယ်၊ မာမီ အိပ်မက်တွေ မကောင်းဘူး"

"မိုး နေကောင်းပါတယ် မာမီ ... လမ်းပြန်လျှောက်နိုင်အောင်လည်း ကြိုးစားနေပါတယ် ... မာမီစိတ်ချပါ၊ မာမီအေးချမ်းမယ့်နေရာလေးမှာ နေပါနော်"

"မိုး"

"ဗျာ"

"မိုး ဘာဖြစ်ချင်လဲ၊ မာမီ့ကိုပြောပါ ... မင်း သမီးဆောင်းကို ကွာရှင်းချင်လားကွယ်"

ဒေါ်ခင်ခင်ခန့် သူငယ်ချင်းရဲ့သားကို ကျေးဇူးရှိခဲ့တယ်ဆိုတဲ့အကြောင်းတစ်ခုနဲ့ မရက်စက်နိုင်ပါဘူး။ မိုးက မိမိသားလိုပါပဲ။ အချစ်ဆုံးသူငယ်ချင်းအပေါ် စိမ်းစိမ်းကားကား အနိုင်မယူနိုင်။

သမီးဆောင်းက မိုက်ရိုင်းလွန်းလာသည်။

မိမိကိုပင် မလေးမစား ပြောဆိုဆက်ဆံနေခဲ့၏။ မိမိကအမေပဲလေ။ မိုးကိုတော့ဆိုးဝါးတဲ့ဘဝမှာ အသက်အန္တရာယ်ပါ





ထိခိုက်မှု မဖြစ်စေရန် မိမိတားဆီးပေးရမည် ဖြစ်သည်။

"မိုးဆန္ဒကို ပွင့်ပွင့်လင်းလင်းပဲပြောပါ၊ မာမီ စီစဉ်ပေးမယ်၊ မိုးကို ဒုက္ခိတအဖြစ် တွေ့နေရတာ မာမီစိတ်မကောင်းဘူးကွယ်"

မိမိရှေ့မှာပင် မိုးကို သမီးဆောင်းက တွန်းချပြစ်ခဲ့တာပါ။ ကံကောင်းလို့ပဲ ... မိုးက ဘယ်လောက်အထိ ထူးချွန်ထက်မြက်သူလဲ။

ထား နှမျောနေပေမယ့် မိမိကြောင့် သည်းခံလိုက်တာပဲ ဖြစ်နိုင်သည်။

"မိုး မကွာရှင်းပါဘူး အန်တီခန့် ... ဆောင်းသဘောအတိုင်းပဲ ဖြစ်ပါစေ ... မိုးစိတ်ပူမိတာက နွေပဲ ... "

"ဟင်"

"မာမီခန့် ... နွေက အပြစ်မရှိပါဘူး၊ သနားစရာကောင်းတဲ့ မိန်းကလေးပါ၊ နွေ့ကိုပဲ လွတ်လပ်ခွင့် ပြုပေးပါ၊ မိုးတောင်းဆိုပါတယ်"

"နွေရွက်ဝါကိုလား"

ဒေါ်ခင်ခင်ခန့်လည်း နွေရွက်ဝါကို မုန်းတီးမိနေပေမယ့် ကိုသုတနှင့်တူလွန်း၍ သံယောဇဉ်တော့ ဖြစ်မိနေသည်။

အသက်အရွယ် ရလာလေ ကိုသုတနဲ့တူလေပဲ။ ငွေခနဲ့ ဖောက်ပြန်ခဲ့တာပဲ၊ မိမိကို လိမ်ညာနေခဲ့ကြ၏။ မတွေးချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဒင်းအမေ ငွေခ ရိုးပုံရိုးလက်နဲ့ မိမိသမီးဆောင်းကို ကိုယ်ချင်းစာမိသည်။

"နွေက လွတ်မြောက်နေပါပြီ၊ သူထွက်သွားချင်ရင် ရတာပဲလေ ... ဒီကိစ္စမှာတော့ သမီးဆောင်းကို အပြစ်မတင်ချင်ဘူး၊ မာမီလည်း ခံစားခဲ့ရလို့ပါ"

"ဗျာ"

"နွေ့အမေ ငွေခနဲ့အန်တီခန့် ခင်ပွန်း ငြိစွန်းခဲ့ကြဘူးတယ်လေ ... အန်တီ အရမ်းခံစားခဲ့ရတယ်၊ နွေရှက်ဝါအပေါ် မိုး သံယောဇဉ်မတွယ်ပါနဲ့၊ ဒင်းအမေကိုယ်တိုင် ကိုယ်ကျင့်တရား မကောင်းဘူး"

"နွေ့အမေနဲ့ ... "

"ငမိုး"

"ဗျာ"

"မင်းကိုတော့ အန်တီခန့် အကူအညီပေးချင်တယ်၊ မင်းဘာဖြစ်ချင်လဲ ... ကွာရှင်းချင်လား"

အခန်းတံခါးက ဝုန်းခနဲ ပွင့်သွားပြီး ဆောင်း ဝင်လာသည်။

"ဝုန်း"

"ကျွို ... "

"မာမီ ဒါဘာစကားပြောနေတာလဲ ... ကိုကို့ကို ဆောင်းနဲ့





ကွာရှင်းဖို့ စည်းရုံးသိမ်းသွင်းနေတာ ဘာသဘောလဲ"

"မဟုတ်ပါဘူး သမီးဆောင်းရယ် ... မာမီက မိုးကို ဒုက္ခိတဘဝနဲ့ မနေစေချင်ဘူး၊ သူ့အမေ ထားဆီ ပြန်အပ်လိုက်စေချင်တယ်"

"မဖြစ်ဘူး ... မာမီဝင်ပါရမယ့်ကိစ္စ မဟုတ်ဘူးနော်၊ ဆောင်းအိမ်ထောင်ရေးပါ၊ လက်ထပ်ပြီး မကြာသေးဘူး၊ သမီးအိမ်ထောင်ရေး ပြိုကွဲစေချင်တာ မာမီ အမေမှ ဟုတ်ရဲ့လား ... "

"ဆောင်း ... မင်း ဘယ်လိုပြောလိုက်တာလဲ၊ အန်တီခန့်က မင်းအမေကွ ... ငါ့ကို ကွာရှင်းလိုက်တာ မင်းအတွက်အကောင်းဆုံး မဟုတ်ဘူးလား"

"ဘာလဲ ကိုကိုက ဒုက္ခိတနဲ့ တန်တဲ့အစေခံမကို ယူမလို့လား"

"ဆောင်း ... မင်း ... မင်း ... "

"တော်ပါတော့ မိုးရယ် ... အန်တီခန့်ပဲကြားထဲကနေ တောင်းပန်ပါတယ်ကွယ် ... အန်တီခန့်ကြား မဝင်သင့်ပါဘူး၊ မှားပါတယ် ... သမီးဆောင်းဆန္ဒပါပဲကွယ်၊ မာမီက သမီးလေးဘဝ မလွတ်မလပ်တွေ ဖြစ်နေမှာ စိတ်ပူလို့ပါ"

"ဒက်ဒီ အစေခံမနဲ့ ဖောက်ပြန်နေတာ သိသိကြီးကို မာမီ ယောက်ျားကို ကွာရှင်းခဲ့လို့လား၊ နောက်ဆုံး အိမ်ဖော်မက မွေးထားတဲ့ ဒက်ဒီသွေးကို မာမီလက်ခံခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးဆောင်း ... ဘာတွေပြောနေတာလဲ၊ အဲဒီလိုမဟုတ်ပါဘူးကွယ် ... မာမီက သမီးကြောင့်ပါ၊ သမီးလေး ဆောင်းမျက်နှာကို ထောက်ထားတာပါ"

"အပိုတွေပြောမနေပါနဲ့ မာမီ ... ဒက်ဒီ့လုပ်ရပ်တွေကို ဆောင်း မုန်းတယ် ... ဟိုဟာမကို ဒက်ဒီမြှောက်စားထားခဲ့တာ၊ ဘွဲ့တောင် ရတော့မယ်"

ဆောင်းက ဉာဏ်လုံးဝမကောင်းဘူး။ စာတွေမှတ်ဖို့ အားနည်းလွန်းသည်။

နွေရှက်ဝါက ဉာဏ်ကောင်း၏။

ဒက်ဒီ ဘယ်သူပဲ တားတား နွေရှက်ဝါကို ဖေးမကာကွယ်ထား၏။ ဒင်းနှင့်ဖအေတူ ဖြစ်နေရတာကို ဆောင်း မကျေနပ်ဆုံးပင်။

ဒါကြောင့်လည်း ဆောင်းဒေါသတွေက နွေ့အပေါ် စုပုံကျရောက်နေခဲ့သည်။

"မာမီ ထွက်သွားပါ ... သမီးကွယ်ရာမှာ သမီးယောက်ျားကို ကွာရှင်းခိုင်းနေတာ၊ မာမ် မရိုးသားတာပဲ"

"သမီးဆောင်း မာမီကလေ သမီးအတွက်ပါနော် ... ဒုက္ခတာ တစ်ယောက်ကို ပေါင်းသင်းနေရတဲ့ သမီးလေးဘဝ နစ်နာနေမယ် ထင်လို့ပါ"





"တော်ပြီ ... ဆက်မပြောပါနဲ့တော့ မာမီ၊ သမီးအိမ်ထောင်ရေးကိစ္စ ဝင်မပါနဲ့လို့ ပြောထားပြီးပြီနော် ... ရိပ်သာကိုပဲ ပြန်သွားနေ"

"ဆောင်း ... မင်း မာမီ့ကို ဘယ်လိုပြောဆိုဆက်ဆံနေတာလဲကွ ... မာမီက မင်းအတွက် စေတနာနဲ့ပြောနေတာ၊ မင်းကို မွေးထားတဲ့အမေနော်"

"ရှင့်ပါးစပ်ပိတ်ထားပါ ... ရှင်ဒုက္ခိတဘဝရောက်နေတာတောင် မမှတ်သေးဘူးလား ကိုမိုးဝသန် ... "

"သမီးဆောင်း ... ဆက်မပြောပါနဲ့တော့ကွယ်၊ မာမီလည်း ရိပ်သာကိုပြန်သွားမှာပါ ... တစ်လလောက်တော့နေရမယ်၊ သမီးဆောင်းကို အကြာကြီးမခွဲနိုင်လို့လည်း ပါပါတယ်"

"ပြန်သွားပါ ... ဆောင်းကို စိတ်အနှောက်အယှက်ဖြစ်အောင် မာမီလာမလုပ်ပါနဲ့ ... ပြန်ပါ ... "

"အေးပါကွယ်"

မိုးကတော့ ဆောင်းရဲ့အပြုအမူတွေအတွက် စိတ်အနှောက်အယှက်ဖြစ်နေရသည်။

ဒီမိန်းမကို ကွာရှင်းလိုက်တာ အကောင်းဆုံးပါပဲ။ မိုးလည်း ဆက်မပေါင်းလို။ မေမေ့ဆီ ပြောရမယ်။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းသခင် ... မင်းအပြုအမူတွေကိုပြင်ပါ၊ ဒါမှမဟုတ် မင်းတစ်ခါတည်း ငါ့ကိုသတ်ပစ်လိုက်တော့"

"သတ်ပစ်ရမယ် ... ဟုတ်လား၊ ကျွန်မကလည်း ရှင့်ကိုသတ်ပစ်ချင်နေတာပါ။ ရှင်တို့ဘဝတွေကို သတ်ပစ်ရမယ်လေ"

"ဆောင်းသခင် ... မင်းယုတ်မာလှချည်လားကွာ၊ လူတွေကို မင်းဘာထင်နေတာလဲ ... တစ်နေ့နေ့ မင်းဒီအပြစ်အတွက် ဒုက္ခတွေနဲ့ ရင်ဆိုင်ရလိမ့်မယ်"

"ဟား ဟား ဟား ... လောလောဆယ် ရှင်ပဲခံစားနေရပြီလေ၊ ဒုက္ခိတဘဝနဲ့နေရမယ် ... ရှင်မုန်းတဲ့ ဆောင်းသခင်ရဲ့ ယောက်ျားအဖြစ်နဲ့လေ"

"မင်း ... မင်း ... ထွက်သွားပါတော့ကွာ၊ ငါတောင်းပန်ပါတယ် ... မင်းကိုလည်း ကြောက်တယ်၊ ဖြစ်နိုင်ရင် မင်းနဲ့ငါ ကွာရှင်းပြစ်သင့်တယ်ကွ"

"ကွာရှင်းမယ် ဟုတ်လား ... ဒီမှာ ရှင်တစ်သက်လုံး မှတ်ထားဖို့က ကျွန်မကို ကွာရှင်းခွင့်မရှိဘူးဆိုတာပဲ ... ရှင် ကျွန်မကို ကွာရှင်းပြစ်ဖို့ အကြောင်းပြချက်ကဘာလဲ ... နွေပူမကြောင့်လား၊ အစေခံမကို ရှင်ယူမလို့လား"

"တော်ပါတော့ဆောင်းသခင် ... အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို ဆွဲမထည့်ပါနဲ့"





"ဒီမှာ ဘာအပြစ်မဲ့တာလဲ၊ အရှင်သခင်မရဲ့ ခင်ပွန်းလောင်းကို မြူဆွယ်ခဲ့တာလေ ... ဒီဟာမက ရှင့်ကိုအရယူဖို့ ကြံစည်တာ၊ ကျွန်မရဲ့ မင်္ဂလာဦးညကို ကျွန်မမေ့ပစ်မယ်ထင်နေလား"

ငါကလည်း မင်္ဂလာဦးညမှာ မင်းလုပ်ခဲ့တဲ့ အပြုအမူကို ဘယ်တော့မှ မေ့ပြစ်လို့မရဘူးကွ။ မင်း ငါ့ကိုသေကြောင်းကြံစည်ခဲ့တာ နှစ်ခါရှိပြီ။

မင်းလူသတ်သမားနဲ့တူတဲ့ မိန်းမပဲ။

"ရှင့်အမေဆီ ဖုန်းဆက်ပြောလိုက်ရမလား ကိုမိုးဝသန် ... အိမ်စေမနဲ့ဖောက်ပြန်နေပြီး သမီးကို ကွာရှင်းဖို့ကြံစည်နေတယ်လို့ မိန်းကလေးတစ်ယောက်ကို အထူးသဖြင့် ကျွန်မလိုဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံနေတဲ့ မိန်းကလေးတစ်ယောက်ကို အလွယ်တကူ ကွာရှင်းပြစ်မလို့တဲ့လေ"

ဆောင်းသခင်က မေမေ့ဆီဖုန်းဆက်ပြောမယ် ပြင်လိုက်သဖြင့် သူ တားဆီးလိုက်ရသည်။

"ငါ့အမေ ... စိတ်သောကရောက်အောင် မင်းမလုပ်ပါနဲ့ ဆောင်း၊ ငါတောင်းပန်ပါတယ်ကွာ"

"ရှင်လည်း ဖုန်းဆက်ပြီး ကျွန်မအကြောင်းတွေ မကောင်းပြောဖို့ မကြိုးစားနဲ့နော် ... ကိုကိုက လိမ်မာပါတယ်၊ နွေလေးအတွက်လည်း ကိုကို အနစ်နာခံပေးမယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းသခင်က ဗီးချဲလ်ပေါ်မှာ ထိုင်နေတဲ့သူ့လည်ပင်းကို သိုင်းဖက်၍ သူ့ဆံပင်တွေကို နမ်းသည်။ သူ့မျက်နှာကို ဆွဲယူမော့စေ၏။ သူ ရှုံ့မှုန်းစွာ ခါရမ်းရုန်းဖယ်ပစ်မိသည်။

“ကျွန်မကို ချစ်ဇနီးအဖြစ် အယုအယ အကြင်နာတွေမပေး တော့ဘူးလား ကိုကိုရယ် … ဘာလဲ အစေခံမလေးလောက် မချော လို့လား၊ ကျွန်မက ရှင့်ရဲ့ဇနီးမယားပါ … ကျွန်မဘက်က ဘယ် လောက်အထိ နစ်နာနေပြီလည်းဆိုတာ တွေးကြည့်ပေးပါဦးနော်”

“မင်း … ထွက်သွားပါတော့ ဆောင်း … မင်းဆီမှာရော ငါ့အပေါ် သစ္စာစောင့်တည်တာတွေ အချစ်တွေရောရှိလို့လား၊ ငါနဲ့ လက်မထပ်ခင်ထဲက မင်းလည်းယောကျ်ားတွေနဲ့ ဖြစ်ချင်တိုင်းဖြစ် နေခဲ့တာပဲကွ”

“ဖြန်း”

“မင်း … မင်း … ”

“ဖြန်း … ”

“ဆောင်းသခင် … မင်းထွက်သွားပါတော့ကွာ၊ ငါတောင်း ပန်ပါတယ်၊ မင်းငါ့ကိုသတ်ပါ … ငါ မင်းရှေ့မှာ အဆိပ်သောက်သေ ပေးရမလား … မင်းအပြစ်မခံစေရပါဘူး”

“ရှင့်ကို ကျွန်မက ဘာကြောင့် သတ်ပစ်ရမှာလဲ၊ ရှင့်ဘဝကို ပဲ သတ်ပစ်ရမယ် … ရှင်ရော နွေရော သိရဲ့လား … ဟား ဟား





ဟား … ”

ဆောင်းသခင် ရယ်မောသံတွေက ငရဲမီးတွေလို သူ့နားထဲ ပူလောင်စူးရှစွာ တိုးဝင်လာနေသည်။

မိုးအတွက် ရွေးချယ်စရာလမ်းက မရှိတော့။ နွေ့အတွက်လည်း သူစိတ်ပူမိနေ၏။ နွေ့ဖခင် ကိုယ်တိုင်က ဒီခြံကြီးထဲကနေ ထွက်မသွားလိုပေ။ နွေ့ဘဝက ဆိုးဝါးလွန်းသည်။

“ကိုကို အရမ်းခံစားနေရတယ် နွေ … မင်းလွတ်မြောက်ပါစေတော့ကွာ၊ စိတ်သဘောထားဖြူစင် ပြည့်ဝလွန်းတဲ့ နွေ့ရွက်ဝါကိုမှ ကံကြမ္မာတွေက ရက်စက်ကြမ်းတမ်း ခက်ခဲနေရတာလဲ”

ချစ်ရတဲ့ နွေ့အတွက် မိုးကူညီစောင့်ရှောက်မှုတွေ မပြုလုပ်နိုင်ခဲ့။

မာမီခန့်ကိုယ်တိုင် ဆောင်းသခင်ရဲ့ မလေးမစားကြမ်းတမ်းစွာ ဆက်ဆံနေခြင်းကို ခံနေရသည်။

“ငါ ဘာမှမတတ်နိုင်တော့ဘူးလား … အသုံးမကျတဲ့ ယောကျ်ားပဲ … မိုးဝသုန် မင်းတော်တော် အစွမ်းအစမရှိဘူး၊ နွေ့လို မိန်းကလေးတစ်ယောက်ကို အကာအကွယ်မပေးနိုင်တာ အသုံးမကျတာဘဲ”

မိုး စိတ်တွေပေါက်ကွဲချင်လာသည်။ နွေက စိတ်ဓာတ်မကျဘဲ ပြန်ပြီး မတ်တူနိုင်အောင် ကြိုးစားပါဟု အားပေးထား၍သာ။ သူ့စိတ်တွေ ပျော့ညံ့ချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဒုက္ခတဘဝနှင့်ပဲ ဆောင်းသခင်ရဲ့ ညှင်းပန်းနှိပ်စက်မှုကို မတွန်းလှန်နိုင်ဘဲ ခံရတော့မှာလား။

နွေ့ကို မထိခိုက်စေချင်ပါဘူး။

"နွေ လွတ်မြောက်ပေးပါ … နွေ့ဘဝကို ထူထောင်ပါ၊ ကိုကို အရမ်းချစ်တယ် နွေရယ် … "

ဆောင်းသခင်ရဲ့ တရားဝင်ယောကျ်ားဖြစ်နေရတာက ငရဲခန်းပဲ။ နှလုံးသားမရှိတဲ့ အရိုင်းအစိုင်းမတစ်ယောက်။

သူနှင့် လက်ထပ်ဖို့ အကြောင်းဖန်လာတာကိုက သူ့ရဲ့ ရက်စက်တဲ့ ကံကြမ္မာပဲ ထင်တယ်။

အခုလည်း ဆောင်းသခင်အပြင်ထွက်နေတာ တစ်ညလုံးပဲ။ ပြန်မလာသေးပေ။ ဖောက်ပြန်နေတဲ့ မိန်းမ သိသိကြီးနှင့် သူ ဟန့်တား ကန့်ကွက်နိုင်ခြင်းမရှိခဲ့။

ဒေါသတွေကို သူငြိမ်းသတ်ပစ်ရမယ်။ ဒီမိန်းမကို ဥပေက္ခာပြုထားနိုင်ဖို့ ကြိုးစားမယ်။ ငါ ပြန်လည် နိုးထစေရမယ်။ ဒုက္ခတဘဝက လွတ်မြောက်စေရမယ်။

မိုးစိတ်တွေ ငြိမ်သက်အောင် ကြိုးစားရင်း ပြတင်းပေါက်တွေကို မပိတ်ဘဲနှင့် တစ်ညလုံး ထိုင်နေမိသည်။

အခန်း ( ၁၇ )

"ကိုမိုးဝသန် … ကိုယ်တွေလည်း အရမ်းပူနေပါလား၊ ဖျားနေပြီထင်တယ်"

"ဟင်း ဟင်း … ဟင်း … ဟီး … "

"ကိုမိုးဝသန်"

နွေ စိတ်ပူပြီး ကိုမိုးဝသန်ရှိနေတဲ့ အခန်းကို ဝင်ကြည့်မိသည်။ ကိုဘကျော်လည်း မလာသေးဘူး။ မမလေးဆောင်းကိုယ်တိုင် ညက တစ်ညလုံးပြန်မလာခဲ့။ နွေ စာကျက်ရင်း တံခါးဖွင့်ပေးဖို့ စောင့်နေခဲ့တာပါ။ ခြံတံခါးမဖွင့်ရ၊ သူမ အိပ်ပျော်သဖြင့် အဖေ့ကို မေးကြည့်တော့လည်း ခြံတံခါး မဖွင့်ပေးရဟု ပြောသည်။

"သမီးဆောင်း ပြန်မလာဘူးထင်တယ် … သမီးဆောင်း"

"အဖေ … အခေါ်အဝေါ်က သတိထားပါဦး၊ မမလေးဆောင်း ကြားသွားရင် အဖေ့ခန္ဓာကိုယ် တစ်စစီ ဖြစ်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မမလေးဆောင်းအပေါ် အဖေ ဘာဖြစ်လို့များ ဒီလောက် အထိ သံယောဇဉ်တွယ်ရတာလဲ။ အရှင်သခင်မို့လား။ သမီးထက် တောင် ပိုပြီးချစ်နေတယ်။ သမီးဆောင်းတဲ့။

"အား ... အင်း ... ဟင်း ... "

"ကိုမိုးဝသန် ... "

ကိုမိုးဝသန်ရဲ့အသံကြောင့် သူမ အတွေးတွေ ပြတ်သွား၍ ကြည့်မိသည်။

"ကိုမိုးဝသန် ... သတိရပြီလား မျက်လုံးတွေ ဖွင့်ကြည့်ပါဦး ... "

"အင်း ... နွေလား"

"ဟုတ်တယ် နွေပါ"

"အား ... ကျွတ် ... ကျွတ်"

"မထနိုင်ဘူးလားဟင်"

"အင်း ... ကျွတ် ... ကျွတ် ... "

"ကျွန်မ ထူပေးမယ်လေ"

"အင်း"

"ဟင်"

"နွေ ထူပေးမယ်ပြုစဉ် ... သူ့လက်တွေက သူမခန္ဓာကိုယ်





လေးအား သိုင်းဖက်သည်။

"အို ... "

"ချစ်တယ်"

"ဟင်"

"နွေ့ကိုချစ်တယ် ... ကိုယ့်စိတ်တွေ ထိန်းချုပ်မထားနိုင်ဘူး၊ ကိုကို ရင်ကွဲပြီး သေတော့မယ်"

"အို ... ဘာတွေပြောနေတာလဲ ကိုမိုးဝသန် ... စိတ်ကို ထိန်းပါဦး ... သတိထားပါနော်"

"ကိုကို သတိရှိပါတယ် ... ကိုကို့နှလုံးသားတွေ ဘယ်လိုမှ မခံစားနိုင်လို့ပါနွေ ... အရမ်းကို နာကျင်နေတယ်၊ နွေနဲ့ဝေးရမှာ ကိုကိုအကြောက်ဆုံးပဲ ... နွေ့ကိုချစ်တယ်"

"လွှတ်ပါနော် ... အဲဒီလိုမလုပ်ပါနဲ့၊ ပြဿနာတွေ အရမ်း တက်သွားနိုင်ပါတယ်"

နွေလည်း ကိုမိုးဝသန်နဲ့ ဝေးရမှာ အရမ်းကြောက်တာပါ။ ချစ်တယ်တဲ့လား ... ။

ကျွန်မ အမှန်အတိုင်း ဝန်ခံရမလားဟင်။ ကျွန်မလည်း ကိုကို့ကိုချစ်တယ်။ ဒါကြောင့်လည်း ကိုကိုနဲ့ဝေးရာကို နွေ ထွက် မသွားနိုင်ခဲ့တာပါနော်။

"ချစ်တယ် နွေ"



www.burmeseclassic.com

www.burmeseclassic.com



"အို ..."

အနမ်းပူပူလောင်လောင်လေးက သူမနှုတ်ခမ်းလေးပေါ် ကျလာသည်။

တစ်ခဏတော့ ရုန်းဖယ်ဖို့ မေ့လျော့သွားရသည်။

"ချစ်တယ်"

"ချစ်တယ်"

"ချစ်တယ်ကွာ"

"အို ... ကိုမိုးဝဿန် ... သတိထားပါဦး၊ မလုပ်သင့်ပါဘူး နော် ... နွှေ တောင်းပန်ပါတယ် ... လွှတ်ပါဦး ... "

"ခဏလေးပါ ... ကိုကိုရင်ခွင်ထဲမှာ ငြိမ်နေပေးပါ နွှေ၊ ကိုကို့ ရင်တွေ မီးလောင်ပြာကျတော့မယ် ... ပူတယ်၊ မင်းခဏလေး နေ ပေးပါလား"

သူမ အတင်းအကြပ် ရုန်းမထွက်ရဲတော့။ ကိုမိုးဝဿန်ကို လည်း စိတ်ချမ်းသာစေချင်မိသည်။

"နွှေလည်း ကိုကို့ကို ချစ်နေတယ် မဟုတ်လား"

"ထကြရအောင်နော် ... ကိုမိုးဝဿန်၊ အဖျားတွေကြီးနေ တယ် ... ကျွန်မ ဆေးတိုက်ရမယ်၊ မျက်နှာလည်း သစ်ပေးရမယ်"

"အင်း"

"ထပါတော့နော် ... မျက်နှာသစ်ကြရအောင်ပါ"





"အား"

"ဟင်"

သူ ထကြည့်သည်။ အင်အားတွေမရှိတော့သလို ခန္ဓာကိုယ် က အိပ်ရာပေါ် ပြန်လဲကျသွားသည်။

"သတိထားပါဦး ကိုမိုးဝဿန်ရယ် ... စိတ်ဓာတ်တွေမကျ ပါနဲ့၊ ခွန်အားတွေနဲ့ ရှင်ပြန်နိုးထပါ"

"နွှေ"

"ရှင်"

"ကိုကိုတို့ လက်ထပ်ကြမယ် ... ဒုက္ခတကြီးကို လက်ထပ် ရဲတဲ့သတ္တိရှိလား"

"အမလေး ... ဘာတွေပြောနေတာလဲ၊ မမလေးဆောင်း ကြားသွားပါ့မယ်"

"သူ့ကို ကွာရှင်းမယ်၊ ကိုကို ဆက်ပြီးသည်းမခံနိုင်တော့ဘူး၊ အရမ်းရိုင်းတယ် ... အမေကိုတောင် အိမ်ကအစေအပါးလို ဆက်ဆံ တယ်၊ ငါအရမ်း မုန်းသွားပြီကွာ"

"အဓိပ္ပာယ်မရှိတဲ့ စကားတွေမပြောပါနဲ့တော့ ကိုမိုးဝဿန်၊ ကျွန်မတို့သားအဖ လမ်းဘေးရောက်သွားတာ မြင်ချင်လို့လားဟင်"

သူမ ထလိုက်သည်။ သူ့ကို တွန်းဖယ်ပစ်လိုက်၏။ သူ



www.burmeseclassic.com

www.burmeseclassic.com



ထသည်။

"ကိုကို ဖျားနေတယ်၊ အာခေါင်တွေ အရမ်းပူနေတာပဲ ... ရေသောက်ချင်တယ်နွေ ... "

"မတိုက်ဘူး ... နောက်ဆို ကျွန်မ ရှင့်အနား ဘယ်တော့မှ မလာတော့ဘူး၊ ကျွန်မကို အထင်သေးလွန်းတယ်"

သူမ ... ကိုမိုးဝသန်အပေါ် ပျော့ပြောင်းနေလို့ မဖြစ်တော့ပါဘူး။ ပြဿနာတွေက ပို၍ရှုပ်ထွေးသွားနိုင်သည်။

တဖြည်းဖြည်းနှင့် မမလေးဆောင်းက ကြောက်စရာကောင်းလာပြီ။ ရှင့်ကို သတ်ပစ်လိမ့်မယ်။

"ကိုမိုးဝသန် ... ရှင်လုပ်သင့်တာက ရှင်လက်ထပ်ယူထားတဲ့ဇနီးကို ချစ်သင့်တာပါ၊ ရှင့်အိမ်ထောင်ရေး ပျော်ရွှင်အောင် ထိန်းသင့်တယ်၊ ကျွန်မက ဒီကအစေအပါးပါ ... ကျွန်မအမေလို အဖြစ်မျိုး ကျွန်မအဖြစ်မခံနိုင်ဘူး၊ ကျွန်မနောက်ထပ် ရှင့်ဆီဘယ်တော့မှ မလာတော့ဘူး သိလား"

"နွေ"

"ရှင့်ဟာရှင် နေချင်သလိုနေတော့ ... ကျွန်မနဲ့ဘာမှမဆိုင်တော့ဘူး ... ကျွန်မ ထွက်သွားတော့မယ်၊ ရှင့်ဘဝကိုမှ ရှင်မထူထောင်ရင် ရှင်တော်တော် အသုံးမကျတဲ့ယောကျ်ားပဲ ... "





"နွေ ... မင်း ကိုကို့ကို တကယ်ပဲထားခဲ့ပြီလား၊ အား ... ကျွတ် ... ကျွတ် ... ခေါင်းထဲမှာ အရမ်းမူးနောက်နေတယ် ... အမလေး"

"ဟင်"

နွေ ထွက်သွားဖို့ပြင်ပြီးမှ သူ ပြန်လဲကျသွား၍ နွေအနားပြန်ပြေးလာပြီး သူ့ကိုထူ၍ ပိုးချဲလ်ပေါ် တင်ပေးလိုက်သည်။

"နွေ ... ကိုကို့ကို မျက်နှာသစ်ပေးဦးလေ၊ ပေါင်မုန့်မီးကင်စားချင်တယ် ... ကော်ဖီ ဖျော်ပေးပါ"

"ဒုက္ခပါပဲ"

"ရပါတယ်ကွာ၊ မင်းသွားပါ ... မင်းဆုံးဖြတ်ချက် မှန်ပါတယ် ကိုကို့ကို ထားခဲ့ပါ ... အိမ်ထောင်ရှင် ဒုက္ခိတကြီး"

"ကဲ ... တော်ပါတော့၊ ကျွန်မ တောင်းပန်ပါတယ် ... ကျွန်မတို့ဘဝ ဒီအတိုင်းဆက်သွားလို့ မဖြစ်တော့ဘူး သိရဲ့လား"

"အင်း"

"တကယ်ပါပဲ ... မျက်နှာသစ်မယ်၊ ပြီးရင် စားစရာတွေလုပ်ပေးမယ် ... ဆေးတိုက်မယ်၊ ရှင်တစ်ယောက်ထဲ လမ်းလျှောက်ကျင့်ပါ"

"အင်း"

"ရှင် ခေါင်းမမာပါနဲ့၊ လူဆိုတာ မလုပ်သင့်တာကို မလုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကျွန်မ … ရှင့်အနားမှာ ဆက်နေလို့ မဖြစ်တော့ဘူးထင်တယ်”

“မင်းပဲ ငါ့အနားမှာ ငါ့ကိုကာကွယ်စောင့်ရှောက်ရင်း နေမယ်ဆို”

“မဖြစ်နိုင်တော့ဘူး … မမလေးဆောင်းအကြောင်း ရှင် အသိဆုံးပဲ၊ အန်တီခန့်ကိုလည်း ကျွန်မ စိတ်သောကတွေမရောက် စေချင်တော့ဘူး … ကျွန်မ ထွက်သွားတာ အကောင်းဆုံးပါပဲ”

“နွေရယ်”

နွေ …

ကိုကိုက မင်းကိုကာကွယ်စောင့်ရှောက်ပေးချင်ခဲ့တာပါ။

“မင်း ဆုံးဖြတ်တာ မှန်တယ်နွေ … ပြန်ပါတော့၊ မင်း စာမေးပွဲပြီးရင် အလုပ်ရှာ … ပြောင်းတော့”

နွေတို့သားအဖအတွက် မိုးအားလုံး ပြင်ဆင်ပေးထားသည်။

သူ ညက တစ်ညလုံး တံခါးဖွင့်ပြီး ပြတင်းပေါက်မှာထိုင်နေ ခဲ့တာ ဆောင်းသခင်ကြောင့်ပဲ။ ဒီမိန်းမရဲ့ ရိုင်းစိုင်းမှုတွေကို မယုံနိုင် အောင် မုန်းတီးနာကြည်းနေမိသည်။

“ကွာရှင်းမယ် … မင်းကို ငါဆက်မပေါင်းနိုင်တော့ဘူး”

တစ်ညလုံး ဆောင်းသခင် ပြန်မလာပေ။

အိမ်ထောင်ရှိတဲ့ မိန်းမက တစ်ညလုံး ကလပ်မှာ နေထိုင်ရ လား။ မနက်ကျတော့ အအေးပတ်ပြီး ဖျားသည်။





“နွေ … မင်းက မိန်းမကောင်းလေးပါ၊ မင်းက ဖြူစင်တယ်၊ ငါ့ကြောင့် … မင်းစိတ်တွေ မညစ်နွမ်းခင် မင်းထွက်သွားပါတော့”

“ဒီမှာ”

“ပြော”

“အိမ်ထောင်တစ်ခု ထိန်းသိမ်းတဲ့နေရာမှာ မမဆောင်း သခင်ကိုပဲ အပြစ်တင်နေလို့မရပါဘူး၊ ကိုမိုးဝသန်ဘက်ကလည်း ပြုပြင်ရပ့်ါမယ်”

“အင်း”

“အိမ်ထောင်ရေးကို အဆင်ပြေစေချင်ပါတယ် … ကျွန်မ အတွက်လည်း မပူပါနဲ့ … ကျွန်မမှာ သတ္တိရှိတယ်၊ ရင်ဆိုင်ရဲတယ်”

“ကောင်းပါပြီ”

သူမ လုပ်စရာရှိတာတွေလုပ်ပေးပြီး ပြန်ထွက်လာတော့ အဖေ့အခန်းထဲမှာ မမလေးဆောင်း ရောက်နေပြီး အဖေနှင့်ပြဿနာ တွေ အကြီးအကျယ် တက်နေသည်။

“ကျွန်မကို အရောတဝင် မလုပ်ပါနဲ့လို့ပြောနေတာ ရှင်နား မလည်ဘူးလား … ဘာသမီးလဲ၊ ကျွန်မ ဘယ်အချိန်ပဲပြန်ပြန် ရှင်နဲ့ ဘာဆိုင်လို့လဲ အဖိုးကြီး … ”

“တောင်းပန်ပ့ါတယ် … မမလေးဆောင်းရယ်၊ ကျုပ်စကား



www.burmeseclassic.com

www.burmeseclassic.com



မှားသွားလို့ပါ၊ ကျုပ်စိတ်ပူပြီး စကားလောကြီးသွားပါတယ်”

“ရှင်တို့ထွက်သွားတော့ ... ရှင်တို့လို အစေအပါးတွေက အရေးပေးရင် ရောင့်တက်တယ်”

“ဦးဒေဝါတို့ ထွက်မသွားပါရစေနဲ့ တောင်းပန်ပါတယ်”

“ရှင်ကြီးပြောနေတာ မရဘူးလား”

ဆောင်းသခင်က မိမိအား ရိုက်နှက်တော့ဖို့ လက်ရွယ်လိုက်၍ သမီးဆောင်း ငရဲကြီးမှာကြောက်၍ အဖြစ်မှန်တွေကို ရုတ်တရက် ဖွင့်ပြောလိုက်မိသည်။

“သမီးဆောင်း ... မှားမယ်နော်၊ အဖေက သမီးအဖေအရင်းပါ ... သမီးက အဖေနဲ့ငွေခတို့ရဲ့ သမီးလေးပါ ... ”

“ဘာပြောတယ်”

“သမီးအဖေကို ပြောဆိုရိုက်နှက်နေရင် ငရဲကြီးနေလိမ့်မယ်၊ အဖေတို့ ကလေးတွေချင်းလဲပစ်ထားခဲ့ကြတာပါ”

“ဟင်”

နွေ ကြားလိုက်ရတဲ့စကားတွေကြောင့် သူမနားကိုပင် သူမ ယုံကြည်နိုင်ဖို့ ခက်သွားသည်။ ကလေးချင်းလဲထားခဲ့တာတဲ့။

“အဖေ ပြောတာတွေက အမှန်တွေပါ ဆောင်းရယ် ... နွေ ရွက်ဝါက သူဌေးသုတနဲ့တူနေတာလေ ... အဲဒါသူတို့သမီးအရင်းပဲ”





“ဘာ ... ဘာပြောတာလဲ၊ ရှင်ကြီးမဟုတ်တာတွေ လာပြောနေတယ်၊ ကျွန်မ ဘာဖြစ်လို့ ရှင့်လိုခြံစောင့်ရဲ့သမီးဖြစ်ရမှာလဲ”

“ဟုတ်ပါတယ် ... သမီးက အဖေ့သမီးပါ၊ သူဌေးမကြီးကို မောက်မာတယ်ဆိုပြီး လက်တုန့်ပြန်ချင်တာရယ်၊ သမီးအရင်း ကောင်းစားစေချင်တာရယ်ကြောင့်ပါ”

“မဟုတ်တာတွေ ... မဟုတ်တာတွေ လာပြောနေတယ်၊ ကျွန်မက ခြံစောင့်သမီးလား ... ရှင်တို့ ဘာအကြံနဲ့ဒီလိုလုပ်ရတာလဲ၊ အမိပွာယ်မရှိတာဘဲ ... ကျွန်မ လုံးဝ လက်မခံနိုင်ဘူး၊ ထွက်သွားကြ ... လူယုတ်မာတွေ ... ရှင်ကြီးက ကျွန်မအဖေလား၊ မဖြစ်နိုင်ဘူး”

ဆောင်း ရှုးသွပ်မတတ် စိတ်တွေ ကယောင်ခြောက်ခြားနှင့် ပြေးထွက်လာခဲ့သည်။ ဘာတွေလဲ ... ခြံစောင့်ကြီးသမီးအရင်းတဲ့။ ကလေးချင်း လဲခဲ့တာတဲ့။

ဒီအဖိုးကြီးက ဆောင်းအပေါ် သံယောဇဉ် လွန်လွန်ကဲကဲ ဖြစ်နေတာ သတိထားမိနေသည်။

“ဘယ်လိုဖြစ်ရတာလဲ ... အရမ်းကြောက်စရာကောင်းတယ် ခြံစောင့်ကြီးက ငါ့အဖေတဲ့”

ဆောင်းခြံထဲကို ရောက်လာတော့ စိတ်ခြောက်ခြားလွန်း၍ ခန့်ညားထယ်ဝါတဲ့ တိုက်ကြီးအား မော့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက ခြံစောင့်ကြီးရဲ့သမီးအစစ်ဖြစ်နေရင် ငါဘယ်လိုလုပ်ရမလဲ ... နွေ ... နွေရွက်ဝါက သူဌေးသမီးလေးတဲ့၊ ဘယ်လိုတွေဖြစ်ရတာလဲ"

သူမစိတ်တွေ ကယောင်ခြောက်ခြားဖြင့် တိုက်ကြီးရှေ့မှာ ရပ်နေမိသည်။ တိုက်ကြီးထဲကိုပင် မဝင်ရဲ။

တကယ်ပဲ ဆောင်းက ခြံစောင့်ကြီးနဲ့အိမ်ဖော်မကြီး သမီးအရင်းလား။ မာမီသိသွားရင်ရော အမလေး ... ဆောင်း ဘယ်လိုလုပ်ရမလဲ။

ဒီညလည်း အပျော်လွန်သွား၍ တစ်ညလုံး ကိုတောက်နှင့်အချိန်တွေ ဖြုန်းပစ်နေသည်။

"ခြံစောင့်ကြီးရဲ့ သမီးဘဝကို ငါဘယ်တော့မှ မခံယူဘူး၊ ငါက သူဌေးသမီးအစစ် ... ဒီခြံစောင့်ကြီး လျှောက်ပြောနေတာပါ။ ရူးနေပြီ ... "

ဆောင်းခန္ဓာကိုယ်မှာ လှည့်ပတ်နေတဲ့သွေးတွေက ဆူပွက်လောင်မြိုက်နေသည်။ ဒေါသတွေ ပေါက်ကွဲနေရ၏။ ရူးသွပ်တော့မတတ် သောကတွေက လောင်မြိုက်နေရသည်။

"ဒီအဖိုးကြီးနဲ့နွေရွက်ဝါကို မောင်းထုတ်ပစ်ရမယ်၊ အဝေးကိုဝေးနိုင်သမျှ ဝေးသွားအောင် မောင်းထုတ်ပစ်ရမယ်"

သူမစိတ်တွေ ခြောက်ခြားစွာ တတွတ်တွတ်ပြောမိနေ





သည်။

တိုက်ကြီးထဲလည်း ဝင်လိုက်ရမှာ ကြောက်လာ၏။ မာမီသိသွားရင် ဆောင်းလက်မခံနိုင်ဘူး။ ဘယ်လိုနည်းနဲ့မှ လက်မခံဘူး။

အဓိပ္ပါယ်မရှိလိုက်တာ။ ဆောင်းသခင်က ခြံစောင့်ကြီးနဲ့ အိမ်စေ ငွေခတို့ရဲ့ သွေးသားအရင်းတဲ့။ သမီးဆောင်း ကောင်းစားရေးကြောင့် ကလေးချင်းလဲပစ်လိုက်တာတဲ့။

ဆောင်း ထိတ်ထိတ်လန့်လန့်နှင့် တိုက်ကြီးထဲ ပြေးဝင်လာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

နွေ့ခြေလှမ်းလေးတွေက လေးလံနှေးကွေးစွာဖြင့် ပုန်းနေ
တဲ့နေရာကနေ ထွက်လာမိသည်။

ကြားလိုက်ရတဲ့အဖြစ်အပျက်တွေက သူမနားကိုပင်သူမ
ယုံကြည်ဖို့ ခက်ခဲသွားရ၏။ နွေက သူဌေးသမီးလေးတဲ့။ ဘယ်လို
ဖြစ်ရတာလဲ။

"အဖေပါ ... သမီးဆောင်းရဲ့အဖေပါကွယ်၊ သမီးငရဲတွေကြီး
နေမှာစိုးရိမ်လို့ ဖွင့်ပြောရတာပါ ... သမီးဆောင်းက အဖေနဲ့ငွေခ
တို့က မွေးခဲ့တာပါ၊ သမီးဆောင်း ကောင်းစားဖို့ရော သူဌေးမကြီး
ခင်ခင်ခန့်ရဲ့ မောက်မာမှုကြောင့်ရော ကလေးချင်းလဲခဲ့ကြတာပါ"

အဖေ ပြောလိုက်တဲ့စကားတွေကို နွေ ကောင်းကောင်း
ကြားခဲ့ရသည်။ ပီပီသသကြီးပါ။

ရက်စက်လိုက်ကြတာ။





နွေ ငယ် ငယ်လေးထဲက အဖေရဲ့ ညှင်းပန်းနှိပ်စက်မှုတွေကို
ခံခဲ့ရသည်။ နှင့်အမေ နှင့်ကြောင့် သေဆုံးရတာတဲ့။

ဒါကြောင့်လည်း ... နွေက သူဌေးကြီး ဦးသုတနဲ့တူနေခဲ့၏။

မာမီခန့်ကိုယ်တိုင် သူဌေးကြီး ဦးသုတနှင့် အိမ်ဖော်
ဒေါ်ငွေခတို့ ငြိစွန်းပြီး မွေးထားတာဟုထင်မှတ်၍ နွေ့ဘဝ တစ်ချိန်
လုံး အပြစ်တွေ လွှန်ကျူးထားသလိုလို ညှင်းပန်းနှိပ်စက်ခြင်း ခံနေရ
သည်။

"ကျွန်မ တောင်းပန်ပါတယ် ဒီကိစ္စ မာမီ့ကို လုံးဝဖွင့်မပြော
ပြပါနဲ့၊ ရှိခိုးပြီး တောင်းပန်ပါတယ် ... "

ဆောင်းသခင်က အဖွေအား ရှိခိုးတောင်းပန်နေသည်။

နွေ ဘယ်လိုလုပ်ရမလဲ။ မာမီ့ရင်ခွင်ထဲ ပြေးဝင်ပြီး အဖြစ်မှန်
တွေကို ဖွင့်ပြောလိုက်ရမလား။

နွေ အိမ်လေးထဲဝင်လိုက်တော့ အဖေက အမောဖောက်နေ
သည်။

"ဟင် ... အဖေ"

"သမီးနွေ ... ဘယ်အချိန်က ရောက်နေတာလဲဟင်"

"အခုမှပါ အဖေ ... ဘာဖြစ်လို့လဲ မောနေလို့လားဟင်"

"အင်း ... မောတယ် ... အသက်ရှူလို့တောင် မရတော့ဘူး
ကွယ် ... အဖေ အသက်ရှင်နေထိုင်ဖို့တောင် မဖြစ်နိုင်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်”

“ဆေးခန်းသွားရအောင်အဖေ ... သမီး ကိုဘကျော်ကို သွားခေါ်လိုက်မယ်နော် အဖေ ... ”

“အမလေး ... မောလိုက်တာ၊ သေတော့မယ်ထင်တယ် အား ... ”

နွေ အပြင်သို့ ပြေးထွက်လာခဲ့၍ ဒရိုင်ဘာကိုဘကျော်ကို ခေါ်ရသည်။

“ကိုဘကျော် ... ကူညီပါဦးနော်၊ အဖေ့ကို ဆေးခန်းပို့မှဖြစ်မယ်၊ အရမ်းမောနေတယ်”

“ဟုတ်လား ... အေး အေး ... နွေ၊ သူဌေးမကြီးဆီ အခွင့်တောင်းလိုက်ဦးလေ”

“ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကိုဘကျော် အဖေ့နားကိုသွားပါ”

“အေး ... အေး ... နင်လဲ ဒီအဖိုးကြီးအတွက် ဒုက္ခခံနေရတာပဲ နွေ ... နင်ကျရင် နည်းနည်းလေးမှ မေတ္တာမရှိဘူး”

“ကျွန်မအဖေပါ ... ဘယ်လိုပဲဖြစ်ဖြစ် အဖေက ကျွန်မကို နှစ်ပေါင်းများစွာ ကျွေးမွေးစောင့်ရှောက်လာခဲ့တာပဲ”

ပြောပြီး ... နွေ တိုက်ကြီးထဲပြေးဝင်လာပြီး သူဌေးမကြီး ဒေါ်ခင်ခင်ခန့်ထံဝင်ပြီး ခွင့်တောင်းမိသည်။





ရုတ်တရက် ... မိခင်ရင်းကို တွေ့လိုက်ရ၍ နွေ ကြောင်ငေး ကြည့်မိနေ၏။

အမေတဲ့ ... နွေ့အမေအရင်းတဲ့။

“ဟဲ့ ... နွေပူမ၊ ဘာဖြစ်လာတာလဲ ... ပြောလေ ... ဘာကြောင်ကြည့်နေတာလဲ”

“ဟို ... ဟို ... မာမီခန့်၊ အဖေ ... အဖေ အမောဖောက်နေလို့ပါ၊ ကားနဲ့ဆေးခန်းပြချင်ပါတယ်၊ ကားသုံးခွင့်ပြုပါနော် ... အဖေ အရမ်းမောနေတယ်”

“အင်း ... သုံးလေ သွား ... ကိုဘကျော်ကိုခေါ်သွား၊ ပိုက်ဆံရော ရှိလား”

“ရှိပါတယ် ... နွေ့လုပ်အားခတွေ စုဆောင်းထားတာရှိပါတယ်”

မာမီခန့်က ခွင့်ပေးလိုက်၍ နွေ ခြံထဲပြေးဆင်းလာပြီး အလုပ်သမားတန်းလျားလေးထဲမှာ မောနေတဲ့ အဖေ့ကို ဆေးရုံပို့ ဖို့ပြင်သည်။

“ဟဲ့ ... နွေမ၊ ဒါဘာလုပ်တာလဲ”

“မမလေးဆောင်း ... အဖေ ... အဖေလေ မောနေလို့ ဆေးခန်းပို့မလို့ပါ၊ ကားသုံးခွင့်လည်း မာမီခန့်ဆီမှာ နွေတောင်းထားပြီးပါပြီ”



www.burmeseclassic.com

www.burmeseclassic.com



"မသုံးရဘူး" -

"ဟင်"

ဒီအဖိုးကြီး သေသွားရင် အေးတာပဲ။ သူမအဖေအဖြစ် အသက်ရှင်နေတာကို ဆောင်း မနှစ်သက်ဘဲဖြစ်ရသည်။

ဦးဒေဝါ မရှိမှ သူမက ခြံစောင့်ကြီးသမီးဆိုတာကို ဖော်ထုတ်မည့်သူတစ်ယောက်မှ မရှိနိုင်တော့။

အမောဖောက်နေတဲ့ ဦးဒေဝါကို စိုက်ကြည့်မိသည်။

"မမလေးဆောင်း ... အဲဒီလိုမလုပ်ပါနဲ့၊ အဖေ့ကို ဆေးခန်းသွားပြမှဖြစ်မယ်၊ ကားသုံးခွင့်ပြုပါနော် ... တောင်းပန်ပါတယ်၊ ရှိခိုးပါတယ်"

"ခွင့်မပြုဘူး ... နင်အဖြစ်သည်းမနေစမ်းပါနဲ့ နွေရွှက်ဝါ။ နင့်အဖေ ဆေးရုံခေါ်သွားလည်း လမ်းမှာသေမှာပဲ ... ခံနိုင်ရည်မရှိတော့ဘူးဟဲ့ ... နေရာကတောင် မရွှေ့နဲ့၊ ခံနိုင်ရည်မရှိတော့တာ နင် သိလားဟဲ့"

"မမလေးဆောင်း ... အသိတရားရှိသင့်နေပါပြီ၊ အဖေက မမလေးဆောင်းရဲ့ သစ္စာရှိလူယုံတော်ကြီးပါ။ ဘာပဲဖြစ်ဖြစ် ဆေးခန်းပြတာကိုတော့ လက်ခံပေးပါ"

"ဘာပြောတယ် နွေပူမ ... နင်ကများ ... "

"နွေကတော့ အဖေ့ကို မရရတဲ့နည်းနဲ့ ဆေးခန်းပြရမှာပဲ၊





မမလေးဆောင်းတို့ရဲ့ကားကို မသုံးပါဘူး၊ အစ်ကိုဘကျော် ... အငှားကားခေါ်ပေးပါ။ ဒါမှမဟုတ် ... ဆရာဝန်သွားပင့်ပေးပါနော်"

"အေး"

"ကိုဘကျော် ... မသွားရဘူး၊ ရှင့်ကိုပါ မောင်းထုတ်ပစ်မှာနော် ... ကျွန်မက ခြံရှင်၊ ကျွန်မအကြောင်းသိတယ် မဟုတ်လား။ ခြေတစ်လှမ်းတောင် မရွှေ့နဲ့ ... ဒါပဲ ... "

"ကျွန်မသွားမယ်"

"အဟွတ် ... အဟွတ်"

"အဖေ"

ဦးဒေဝါ သမီးနှစ်ယောက်ပြောနေတဲ့စကားတွေကို ကြားလိုက်ရပြီး သမီးအရင်းမဟုတ်တဲ့ မိမိငယ်စဉ်လေးထဲက ညှင်းပန်းနှိပ်စက်ခြင်းခံနေရတဲ့ နွေရဲ့ စေတနာ မေတ္တာတွေကို နားလည်သိရှိသွားရသည်။

သမီးအရင်း ဆောင်းသခင်က မိမိအား သေစေချင်နေတာပါ။ မိမိအား ဖခင်အဖြစ် လက်မခံနိုင်ကြောင်း သိသာလွန်းနေ၏။

အဖေ သေပေးပါ့မယ်။ သမီးဆောင်း စိတ်ချမ်းသာမယ်ဆိုရင် အဖေ လူ့လောကကြီးထဲကနေ ထွက်သွားပေးပါ့မယ်။

မော လိုက်တာ ... ရင်ထဲမှာ မွန်းကြပ်နာကျင်နေသည်။

"သမီးနွေ ... အဖေ တောင်းပန်ပါတယ်ကွယ်၊ အဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါနော် ... အဖေ နှုတ်ဆက်ပါတယ်၊ သမီးဘဝကို နိမ့်ကျစေခဲ့တဲ့အဖေပါ၊ ခွင့်မလွှတ်ပါနဲ့ ... ဒါပေမဲ့ အဖေ တောင်းပန်ပါတယ်၊ သမီးကို အဖေချစ်တယ်"

ဦးဒေဝါ နှုတ်ကမပြောနိုင်တော့။ သမီးနွေကို မြင်တွေ့ချင်လွန်း၍ မျက်လုံးတွေကို အားယူဖွင့်ကြည့်မိသည်။

"အဖေ ... အားတင်းထားပါနော်၊ သမီး ဆရာဝန်သွားခေါ်မယ်၊ စိတ်ဓာတ်မကျလိုက်ပါနဲ့၊ ခဏလေးနော် အဖေ ... "

မရတော့ဘူးသမီး။ အဖေ အရမ်းမောနေပါပြီကွယ်။

အဖေက လူယုတ်မာကြီးပါ။ အဖေ့အသက်ကို သမီး မကယ်ပါနဲ့တော့။ လူ မဆန်တဲ့လုပ်ရပ်တွေကို အဖေလုပ်ခဲ့တယ်။ တောင်းပန်ပါတယ်ကွယ်။

အဖေ့အနားမှာ သမီးနွေ နေပေးပါ။ အဖေ့ကို အမှောင်ထုက ဖုံးတော့မယ်။ ငရဲပြည်က အဖေ့ကိုလာခေါ်နေပြီထင်တယ်။

ခွေးတွေ ... ခွေးနက်ကြီးတွေ လာနေပြီ။ အမလေး ...

သမီးနွေ အဖေ့ကို ကယ်ပါဦး။ ခွေးတွေဆွဲခေါ်ကြတော့မယ်။

"အဖေ ... သတိထားပါ၊ အရမ်းမောနေလားဟင်၊ ကိုဘကျော် ... အဖေ့ကို ကယ်ပါဦး ... ဘယ်လိုလုပ်ရမလဲ"

"နွေ စောင့်ကြည့်လိုက်တော့"





"အဖေ"

အဖေ မျက်လုံးကြီးတွေပြူးပြီး အသက်ကိုပြင်းပြစွာ ရှူရှိုက်နေရသည်။ လျှာကြီးကလည်း ထွက်လာ၏။ နွေ ဘုရားပရိတ်တော်တွေပဲ တတွတ်တွတ် ရွတ်ပေးနေမိသည်။

"အဖေ ... အဖေရယ်"

"နှင့်အဖေ ဆုံးပြီထင်တယ်နွေ ... "

"ဟင်"

အဖေ ငြိမ်သက်သွားသည်။ အသက်လုံးဝ မရှူတော့။

လျှာကထွက်နေပြီး မျက်လုံးကြီးကလည်း ပြူးထွက်နေသည်။

"အဖေရယ် ... သမီးကို တစ်ယောက်တည်းထားခဲ့ပြီလားဟင် ... အဖေ ... "

ဘာပဲဖြစ်ဖြစ် နွေ့အဖေအဖြစ် နှစ်ပေါင်းများစွာ နေထိုင်လာခဲ့သူဖြစ်သည်။

မမလေးဆောင်းကတော့ ချာခနဲ လှည့်ထွက်သွားတော့၏။ ကြိတ်ပြီး ဝမ်းသာပျော်ရွှင်သွားမလားဘဲ။

နွေ မခံမရပ်နိုင်စွာ ဒေါသတွေ ပေါက်ကွဲလာရသည်။

"အဖေ ... အဖေရေ ... "

"နွေ ... ဖယ်တော့၊ မာမီခန့်နဲ့တိုင်ပင်ပြီး လုပ်စရာရှိတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ လုပ်ရမယ် ... နင်လည်း ပြုစုစောင့်ရှောက်ပေးလိုက်ရတာပဲ ကွယ်၊ နွေ့လောက် တာဝန်ကြေတဲ့သမီးမျိုး မရှိပါဘူး”

ကိုဘကျော်က နွေ့ကို ဖျောင်းဖျနှစ်သိမ့်ရင်း တွဲထူပေးသည်။

“ဟဲ့ ဘကျော် ... ဘယ်လိုဖြစ်ရတာလဲ၊ နင်တို့ဆေးရုံခေါ် မသွားကြဘူးလား”

“မမလေးဆောင်းက ခွင့်မပြုလို့ပါ မာမီခန့်”

“ဘာပြောတယ်”

“သေတော့မှာတဲ့ ... သွားခွင့်မပြုဘူး ပြောလို့ပါ”

သမီးဆောင်းက တော်တော်လေးဆိုးသွမ်းတာပဲ။ ဘာပဲဖြစ်ဖြစ် ဦးဒေဝါက ဘိုးဘွားစဉ်ဆက် မိမိတို့ရဲ့လူယုံတော် အစေအပါးတွေပါ။ သစ္စာရှိရှိ တာဝန်ကြေခဲ့ကြသည်။

“နွေ ... မင်းအဖေ ဆုံးသွားလို့ အားမငယ်ပါနဲ့၊ မာမီခန့်ရှိပါသေးတယ် ... မင်းကို စောင့်ရှောက်ပေးမှာပါ”

မိမိလည်း အသက်ကြီးပါပြီ။ သမီးအရင်းဆောင်းကလဲ ထင်ရာစိုင်းပြီး မိခင်ကိုပင် မလေးမစားနှင့် ကလန်ကဆန် လုပ်ချင်နေသည်။

နွေ့ရွက်ဝါလေးက မဆိုးဘူး။ မိမိခင်ပွန်းသွေးပါနေ၍ မိမိစောင့်ရှောက်ပေးရမယ်။





မိမိအတွက်လည်း ပြုစုစောင့်ရှောက်ပေးမည့်သူ လိုအပ်နေသည်။

“ဘကျော် ... ဦးဒေဝါအလောင်းကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပေးလိုက်ပါ၊ ထုံးတမ်းစဉ်လာတွေ အားလုံးလုပ်ပေး၊ နွေလည်း ဘာလုပ်ချင်လဲ ပြောနော် ... ”

မာမီ ... သမီးရဲ့မာမီအရင်းပါနော်၊ အဖေက သေဆုံးသွားပြီဆိုတော့ နွေတို့ကို ကလေးချင်းလဲခဲ့တာပါလို့ ဘယ်သူကပြောပြတော့မလဲ။

“နွေ”

“ရှင်”

“သမီးနွေကတော့ မာမီခန့်တို့နဲ့ လာနေပါ၊ မာမီခန့်လည်း ပြုစုပေးမယ့်သူ လိုအပ်နေတယ်”

အင်း ... ညည်းလေးက မာမီခန့်ခင်ပွန်း သွေးသားလို့ ထင်တယ်လေ ... ငွေခန့်ကိုသုတတို့ ငြိစွန်းလို့ရခဲ့တာပဲ၊ မာမီစောင့်ရှောက်ပေးပါ့မယ်။

“မာမီခန့်ရယ် ... နွေအရမ်း ဝမ်းသာတာပဲ၊ နွေလည်း မာမီခန့်ကို မိခင်တစ်ယောက်လို ပြုစုပေးချင်ပါတယ်”

မာမီရယ် ... နွေက မာမီ့သမီးအရင်းပါနော်။ ဒက်ဒီနဲ့ဒေါ်ငွေ ဖောက်ပြန်ခဲ့တာ မဟုတ်ပါဘူး။ သူတို့ ကလေးချင်းလဲခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



နွေအားကိုးတာကြီးနှင့် မာမီရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ထား မိသည်။

"ဟဲ့ ... နွေပူမ၊ နင်ဘာလုပ်တာလဲ၊ ငါ့အမေကိုများ ရာရေ စစ ... နင်က မတန်မရာ ဖက်ထားရတယ်လို့ ... ဖယ်စမ်း၊ မာမီ ကရော ဘာလုပ်နေတာလဲ ... လာစမ်းပါ ... အစေအပါးတွေ အရောတဝင် မာမီဘယ်တုန်းက လုပ်ခဲ့ဖူးလို့လဲ"

ဆောင်း ဒေါသတကြီးနှင့် မာမီ့လက်ကို အတင်းအကြပ် ခေါ်ခဲ့သည်။

မာမီက နွေရွက်ဝါရဲ့အမေပါ။ နီးစပ်သွားလို့ မဖြစ်ဘူး။

"ဆောင်း ... မာမီ့လက်ကို လွှတ်စမ်းပါ။ ဟိုမှာ ခြံစော ကြီး ဦးဒေဝါ ဆုံးသွားတာလေ၊ မာမီ ဥပေက္ခာမပြုသင့်ဘူးလို့ တယ်"

"သေတဲ့လူက သေပြီပဲ ... မာမီအရေးတယူ သွားလုပ်နေ ရင် ဟိုဟာမနွေက ရောင့်တက်လိမ့်မယ်၊ မလုပ်နဲ့ ..."

"ဆောင်း ... မာမီပြောမယ်၊ တကယ်တော့ နွေက မ ဒက်ဒီသွေးထင်တယ် ... သမီးဆောင်းနဲ့ညီအစ်မ ..."

"တော်ပါတော့ မာမီ ... ဆောင်းလက်မခံဘူး၊ ဘာဒက်ဒီ သွေးလဲ ... အစေခံမသမီးကို ဆောင်းလုံးဝ သွေးသားမတော် နိုင်ဘူး၊ သူ့အဖေ အသုဘရက်လည်တာနဲ့ သူ့ကို မောင်းထုတ်





မှာ"

"မာမီ လက်မခံနိုင်ဘူး၊ မာမီတို့မှာ စောင့်ရှောက်ရမယ့် ဝတ္တရားရှိတယ် ... မာမီ့အနားမှာ ခေါ်ထားမယ်"

"မရဘူး ... လုံးဝမလုပ်ရဘူး၊ နွေ့ကို မာမီကိုယ်တိုင် နာကြည်းမုန်းတီးနေခဲ့တာ မဟုတ်လားလို့ ... သမီးစိတ်ဆင်းရဲတာ မာမီမြင်ချင်လို့လားဟင်၊ သမီးကို မချစ်တော့ဘူးလား၊ သူ့အမေ အကျင့်အတိုင်း သမီးခင်ပွန်းနဲ့ ဖောက်ပြန်ချင်နေကြတာပါ ... မာမီ့ လို ခံစားချက်မျိုး သမီးကို ခံစားနေစေချင်တာလား"

ဒေါ်ခင်ခင်ခန့် မပြောသာတော့။ သမီးဆောင်းကိုလည်း မိမိ လို ခံစားချက်မျိုးတွေ နှစ်ပေါင်းများစွာ မခံစားစေချင်မိပေ။

နွေ့ကိုလည်း အသက်ကြီးမှ မိမိသံယောဇဉ် တွယ်နေမိ သည်။

"နွေရွက်ဝါလည်း ဘွဲ့ရတော့မယ် မာမီ ... ဒီလောက် ကျွေး မွေးစောင့်ရှောက်ထားပြီးပြီပဲ ... ဆောင်းလည်း ပြတ်ပြတ်သားသား နဲ့ လုပ်မယ်၊ အားလုံး ရှင်းပြစ်တာ အကောင်းဆုံးပဲမာမီ ... ကိုကိုနဲ့ ဆောင်း အိမ်ထောင်ရေးကိုလည်း ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင် တစ်ခုဖြစ်အောင် ပြန်ပြီး တည်ဆောက်ရမယ်"

"ဆောင်း ... သမီးတကယ်ပြောတာလားကွယ်၊ မောင်မိုး ဝသန်အပေါ် သမီး သံယောဇဉ်တွယ်နေပြီလား၊ ကောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာကွယ် ... မာမီ စိတ်ချမ်းသာရတယ်၊ သားကို အားနာလို့ပါ။ မိုးကလည်း မာမီ့လက်ပေါ်မှာ ကြီးပြင်းလာတာပါ ... ကောင်းတယ်သမီး ... မာမီက သမီးလေး စိတ်ချမ်းပျော်ရွှင်ရမယ်ဆိုရင် ကျေနပ်ပါတယ်"

မာမီက ဆောင်းကို ဆွဲယူပွေ့ဖက်ထားသည်။

မာမီ့ရင်ခွင်က ပူလောင်နေသလိုပင်။ ဆောင်း ဘယ်လိုလုပ်ရမလဲ။

တကယ်လို့သာ ဆောင်းက မာမီ့သမီးအရင်းမဟုတ်ဘဲ အိမ်စေတွေရဲ့ သွေးသားဆိုတာသိသွားရင် ဆောင်းဆက်မတွေးရဲတော့။

"ကဲပါကွယ် ... ဦးဒေဝါအတွက်တော့ နောက်ဆုံးအနေနဲ့ ကောင်းအောင်လုပ်ကြပါစေ၊ ငွေထုတ်ပေးလိုက်မယ် ... ကျန်တာတော့ သမီးဆောင်းဆန္ဒအတိုင်းပဲလုပ်ပါ၊ အခုတလော မာမီလည်း သိပ်နေမကောင်းချင်ဘူး ... အားတွေနည်းနေသလိုပဲ"

မာမီ့ကို ဆောင်းသေသေချာချာ ကြည့်မိတော့ မာမီမျက်နှာက ဖြူဖျော့အားနည်းနေသလိုပင်။ ကျန်းမာရေးမကောင်းဘူးတဲ့လား။

ဆောင်းရဲ့ဘဝခရီးလမ်း သာယာဖြောင့်ဖြူးစေဖို့ နောက်ဆုံးကျန်ရစ်နေတဲ့ သူက မာမီပဲ။





"မာမီသာ လူ့လောကကြီးထဲမှာ မရှိတော့ရင် ဆောင်းတစ်ယောက်ထဲ စည်းစိမ်ဥစ္စာတွေ ပိုင်ဆိုင်ပြီး အေးချမ်းဖြောင့်ဖြူးသွားပြီပဲ"

ဆေးခန်းသွားပြဖို့ မာမီ့ကို ဆောင်းမတိုက်တွန်းတော့။

ဘာမှမဖြစ်ပါဘူး မာမီရယ်။ စိတ်သောကတွေများရလို့ပါဟု ပြောပြီး နှစ်သိမ့်ပေးထားခဲ့သည်။

"မာမီ နားတော့ ... နောက်ဆို သမီးလိမ်မာပါတော့မယ်၊ မာမီ စိတ်ချမ်းသာစေရပါ့မယ်နော် ... "

"သမီးလေးဆောင်းရယ် ... မာမီ ဝမ်းသာလိုက်တာကွယ်"

"မာမီ ဘာမှမပူနဲ့၊ ဦးဒေဝါ အသုဘ ဆောင်းတာဝန်ယူပေးမယ်၊ အင်းလေ ... ကိုယ့်အလုပ်သမားပဲ အကောင်းဆုံးလုပ်ပေးသင့်ပါတယ်"

ဆောင်း ... မာမီ့ရှေ့မှာ စိတ်သဘောထား ပြည့်ဝချင်ယောင်ဆောင်လိုက်သည်။

အချိုးသတ်ထားမှဖြစ်မယ်။ လုပ်စရာ ရှိတာတွေကို ပိပိရိရိ လုပ်မှပါ။

နွေရွက်ဝါကို ပထုတ်ရမယ်။ မာမီနဲ့ နီးနီးကပ်ကပ်နေခွင့်ပေးလို့ မဖြစ်ဘူး။

ကိုကိုနဲ့လည်း အိမ်ထောင်ရေး အဆင်ပြေအောင်နေရမယ်။



www.burmeseclassic.com

www.burmeseclassic.com



ရင်သွေးလည်းယူမယ်။ ဆောင်းဘဝ ကောင်းစားရေးအတွက် ခလုတ်ကန်သင်းတွေကို တစ်ခုချင်း တစ်ခုချင်း ဖယ်ရှားပစ်ရမှာပဲ။

မဲမို့အား စောင်ယူ၍ တယုတယ ပြန်ခြုံပေးပြီး ဆောင်း ပြန်ထွက်လာခဲ့သည်။

အခန်း ( ၁၉ )

ဆောင်း ပြဿနာတွေပဲ ရှာနေလို့မဖြစ်သေးပါဘူး။ မဲဒီရဲ့ အချစ်တွေကို ပြန်ယူရမယ်။ ဆောင်းကို အလိုလိုက်ထားတဲ့ မာမီ အပေါ် ဆောင်းဆိုးသွမ်းစော်ကားလာခဲ့တာ များနေပါပြီ။

ဆောင်းက ခြံစောင့်ကြီးရဲ့သမီးဆိုတာ လုံးဝအသိခံလို့ မဖြစ် ဘူး။ မျိုးရိုးစဉ်ဆက် အစေအပါးတွေရဲ့ သွေးသားတဲ့။

အမလေး ... ဆောင်းရှုးချင်လာရသည်။ လက်မခံနိုင်ဘူး။

ခြံစောင့်ကြီး ဦးဒေဝါ သေဆုံးသွားတာကပဲ ဆောင်း ကံ ကောင်းခြင်းတွေလားပဲ။ ကလေးချင်းလဲထားတယ်ဆိုတဲ့ အဖြစ်ကို ဘယ်သူမှ မသိတော့ဘူး။

"ဟုတ်တယ် ... ငါ့အိမ်ထောင်ရေးကို ပြန်တည်ဆောက်ရ မယ်၊ ကိုကိုက ယောက်ျားကောင်းတစ်ယောက်ပဲ၊ ငါ့ဘဝကို ပြန် တည်ဆောက်ရမယ်"

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နွေရွက်ဝါကိုလည်း မောင်းထုတ်ပြစ်ဖို့ပဲ ကြိုးစားရမည်။ ငါ ရထားတဲ့ ဂုဏ်ဒြပ်တွေ စည်းစိမ်ဥစ္စာတွေ နင့်ကိုမပေးနိုင်ဘူး နွေရွက်ဝါ။

နင်ကသာ အစေခံမျိုးရိုးက ဆင်းသက်လာတဲ့သမီးပဲ။

"နွေ့ကိုမြင်နေရင် ငါ့စိတ်တွေ ခြောက်ခြားရတယ်၊ မာမီလည်း ဒက်ဒီကို မမေ့နိုင်ဖြစ်နေလိမ့်မယ်၊ ဖြစ်နိုင်ရင် နွေ့ကို သတ်ပစ်ချင်တယ်"

နင်ပါ လူ့လောကကြီးထဲကနေ ပျောက်ကွယ်သွားရင် အကောင်းဆုံးပဲ နွေရွက်ဝါ။ ငါ့ဘဝကောင်းစားရေးအတွက်ဆို ငါ ဘာပဲလုပ်ရ လုပ်ရ လုပ်ပစ်မယ်။

ဆောင်း အိမ်ထောင်ရေးကို ပြန်တည်ဆောက်ဖို့ ကလေး ရအောင်ယူရမယ်။ တစ်ချိန်ချိန်မှာ ငါ ဘာလဲဆိုတာ သိသွားရင် တောင် ကိုကို့သွေးက ရောနေပြီ။

ဆောင်း သတ္တိတွေမွေးပြီး ကိုကို့အခန်းထဲ ဝင်လာခဲ့သည်။

"ကိုကို"

"ဟင်"

"ဆောင်းကို မောင်းမထုတ်လိုက်ပါနဲ့နော်၊ ဆောင်းမှားမှန်း သိပါတယ် ... ကိုကို့ကို တောင်းပန်မလို့ပါ"

"ဆောင်း ဖယ်စမ်းပါ ... မင်း ဘာလုပ်တာလဲ၊ ငါက ဒုက္ခိတ





ပါ"

"ဆောင်း တောင်းပန်ပါတယ် ကိုကိုရယ် ... တကယ် လေ ဆောင်းက ကိုကို့ကိုချစ်လို့ပါ၊ နွေနဲ့မသက်သာဖြစ်နေခဲ့ရတာပါ၊ တဖြည်းဖြည်း တွေးကြည့်တော့လေ ဆောင်းမှားသွားတာ သိလိုက်ရပါပြီ"

ဆောင်း မင်းဖြစ်ချင်တိုင်းဖြစ်၊ နေချင်တိုင်းနေပြီးသွားမှ ဘာအမှားကိုတောင်းပန်နေရတာလဲ။ ဆောင်းကို မယုံမိ။

ဒီမိန်းမရဲ့ ခေါင်းထဲမှာ ယုတ်မာကောက်ကျစ်တဲ့ အကြံတွေပဲ ရှိနေသည်။

"ဆောင်းကို မောင်းမထုတ်ပါနဲ့တော့ ကိုကိုရယ် ... တောင်းပန်ပါတယ်နော် ... ကိုကို့ရဲ့ ဇနီးကောင်းအဖြစ် ဆောင်းကိုဆောင်း ပြုပြင်ပြီးနေပါတော့မယ် ... ကိုကို့ကို ပြုစုပေးပါရစေ"

ဆောင်းသခင်က သူ့ရင်ခွင်ထဲ အတင်းတိုးဝင်ဖက်တွယ်နေသည်။

မိုး စိတ်ပျက်မိ၏။ သူ ဘယ်လိုမှ ခံစားမရ၊ ဖယ်ပစ်၍လည်း မရ၊ ဆောင်းကို မိုး ရွံမိသည်။ သူ့ကို အချိုသတ်နေတာလား။

နွေ့ကို တစ်ခုခုကြံစည်မှာလည်း စိတ်ပူလာရ၏။

ဆောင်းသခင်က ဘယ်လိုပဲ ပွတ်သပ်မြူဆွယ်နေပါစေ သူ့ ဆန္ဒ နိုးထမလာခဲ့။ တွန်းဖယ်ပစ်လိုတဲ့ စိတ်တွေပဲ ဖြစ်ပေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အရမ်းချစ်တယ် ... ဆောင်းငယ်စဉ်လေးထဲက ချစ်ခဲ့ရတာပါနော်၊ ဆောင်းဆိုးသွမ်းသောင်းကျန်းခဲ့တာတွေကို အရမ်းနောင်တရမိနေတယ်၊ အချစ်ကြီး ဆောင်း အမျက်တွေကြီးပြီး မဆင်မခြင် အလုပ်တွေလုပ်ပစ်နေခဲ့မိတယ်လေ ... ခွင့်လွှတ်ပါ ကိုကိုရယ်နော်"

"မင်း ဖယ်ပါဆောင်း ... ငါ မင်းကိုမယုံဘူး၊ တကယ်တမ်း မင်းပြုပြင်မယ်ဆိုရင်လည်း အချိန်ယူစောင့်ကြည့်ရလိမ့်မယ်"

"စောင့်ကြည့်ပါကိုကိုရယ် ... ဆောင်းကိုလေ အခုလောက် အခွင့်အရေးပေးရင်ပဲ ဆောင်းကျေနပ်ပါပြီ၊ ကိုကိုဘက်က ဆောင်းကို ရန်သူတစ်ယောက်လို မဆက်ဆံစေချင်ပါဘူးနော်"

"ဆောင်း"

"ကိုကို"

"ငါနဲ့အိမ်ထောင်ရေး အဆင်ပြေချင်ရင် မင်း နွေ့ကိုစိတ်အနှောက်အယှက်ဖြစ်အောင် လုပ်နေတာတွေကို ရပ်ပစ်လိုက်ပါကွာ"

ရှင့်ရင်ထဲမှာ နွေပဲရှိနေတာ မဟုတ်လား။ နွေ့ကြောင့်ပဲ ရှင်က ဆောင်းကို ကောင်းကောင်းမွန်မွန် ဆက်ဆံမှာလား။

နွေသာ သူ့ရွေးသမီးအရင်းဆိုတာသိသွားရင် ဆောင်းတွေးမိရင်း ထပေါက်ကွဲမိတော့မယ့် ဒေါသကို အချိန်မှီ ထိန်းချုပ်လိုက်ရ





သည်။

"မဖြစ်သေးဘူး ... ကိုကိုနဲ့ ရင်သွေးရအောင်ယူရမယ်၊ [illegible] က တစ်နေ့နေ့ ပေါ်ပေါက်သွားမှာပဲ"

မာမီနှင့်နွေရွှက်ဝါသာ မရှိရင် ကိုကိုမိုးဝဿန်နှင့် အဆင်ပြေစေဖို့ သူမ ဒေါသတွေကို လျှော့ထားပစ်ရသည်။

"နွေ့ကိုလည်း ဆောင်း မမုန်းတော့ပါဘူး၊ ကိုကိုစောင့်ကြည့်နေပါ၊ တကယ်တော့လေ နွေက ဆောင်းရဲ့ဖအေတူအမေကွဲ ညီအစ်မလည်း ဖြစ်နိုင်ပါတယ်နော်"

"ဘာပြောတယ် ဆောင်း"

"မာမီကပြောပြတာပါ ... နွေက ဒက်ဒီနဲ့အရမ်းတူတယ်တဲ့၊ ဒက်ဒီနဲ့နွေ့အမေ ဒေါ်ငွေခက ငြိစွန်းခဲ့ဖူးတယ်တဲ့"

"ဟင်"

"ဒါကြောင့် ဆောင်းက နွေ့ကိုမုန်းမိတာပါ၊ ဒက်ဒီက နွေ့ကို အရေးပေးခဲ့လို့ပါ ... ဆောင်းဆိုးချင်တိုင်းဆိုးသွမ်းနေခဲ့မိတာ၊ မိသားစုခံစားချက်တွေကြောင့်ပါနော်"

ဆောင်းကို ခွင့်လွှတ်လိုက်ဖို့ သူဆုံးဖြတ်လိုက်သည်။ တည်ဆောက်ပြီးသား အိမ်ထောင်တစ်ခုကို မပျက်စီးစေချင်မိပေ။

ဆောင်းကို ယုံကြည်ရပ့်မလား။ ဘာလှည့်ကွက်တွေ ကြံစည်ဦးမလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



နွေ့ကို အရင်းအနှီးတွေနှင့်တကွ ဘဝရပ်တည်နိုင်အောင် ဆောင်းက လုပ်ပေးလျှင် နွေလက်ခံနိုင်သည်။

"နွေ့အတွက်ပါ ... ကိုကို့ဘဝကို နစ်မြုပ်ရတော့မယ်၊ ဆောင်းနဲ့အဆင်ပြေအောင်နေပြီး နွေ့ကိုကူညီမယ်"

သူ့လက်တွေက တုန့်ဆိုင်းနေသည်။ ဆောင်းကို မယုယ မကြင်နာလိုပေ။ သူ့စိတ်ထဲမှာ ရွံရှာနေသည်။

သူမအဖေ အသုဘပြီးလျှင် နွေ့ဘဝ ရှေ့ဆက် ဘာဖြစ်မလဲ။

"ကိုကိုဖြစ်စေချင်တဲ့ဇနီးတစ်ယောက်အဖြစ် နေထိုင်ပါ့မယ်၊ မိန်းမပီသအောင်လည်း ဆောင်း ကြိုးစားပြုပြင်ပါ့မယ်နော်"

"ကောင်းပြီလေ ဆောင်း ... မင်းကို စောင့်ကြည့်မယ်၊ ကိုကိုလည်း ဒုက္ခိတဘဝက လွတ်မြောက်အောင် ကြိုးစားမယ်၊ ဆရာဝန်ကြီးက ပြန်ကောင်းလာတော့မယ်လို့ ပြောထားတယ်"

"ဆောင်းတို့ကြိုးစားကြမယ်နော် ကိုကို ... "

ဆောင်းက ခြံထဲကို ထွက်ပြီး လမ်းလျှောက်ကျင့်ရအောင် ပြော၍ မိုးမလိုက်ချင်ပေမယ့် လိုက်ခဲ့ရသည်။

နွေ့ကိုလည်း နွေ့ဖခင်ရဲ့အသုဘ သတင်းမေး၍ နှစ်သိမ့်ပေးချင်နေ၏။

သူ ခြံထဲဆင်းလာခဲ့သည်။

"ကိုကို ... နွေ့ကိုသွားတွေ့ရအောင်ပါ၊ အသုဘတသင်း





လည်း မေးသင့်တယ် ထင်တယ်လေ"

"ကောင်းတယ် ဆောင်း"

ဆောင်းစိတ်ထဲမှာ မနာလိုဝန်တိုမှုတွေ ဖြစ်နေရပေမယ့် အံကြိတ်သည်းခံနေရသည်။

တကယ်တမ်းကျတော့ နွေနှင့် မျက်နှာချင်းဆိုင်ရတာ ဆောင်း စိတ်မလုံမိ။ သိမ်ငယ်နေသလိုပင်။

"နွေ"

"ဟင် ... မမလေးဆောင်း လာတယ်နော်၊ ကိုမိုးဝသန် လည်း ပါလာတာပဲ ... ဝင်ပါ"

ဆောင်းသခင်ရဲ့ အပြုအမူအတွက် နွေကတော့ ကြောက်နေမိသည်။ ကိုယ့်အဖေဆိုတာ သိသိကြီးနှင့်တောင် အသေခံတဲ့မိန်းမ။

မာမီ့အတွက်လည်း နွေစိတ်ပူမိနေသည်။

"နွေ့အဖေ အသုဘသတင်း ကိုကိုကမေးချင်လို့တဲ့လေ"

"ဟုတ်ကဲ့ ... အဖေကတော့ နာတာရှည်ရောဂါသည်ပါ၊ ဝဋ်ကျွတ်သွားတာပေါ့လေ ... အဖေ ခံစားနေရတဲ့ဝေဒနာကို မကြည့်ရက်ဘူး"

"နွေ"

"ရှင်"

"လိုအပ်တဲ့အကူအညီလိုရင်ပြောပါ ... ကိုမိုးဝသန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ကူညီမယ်"

"အားလုံးပြည့်စုံပါတယ် ... မာမီခန့်နဲ့မမလေးဆောင်းတို့ ကူညီထားပါတယ် ... အဖေ့အတွက် အကောင်းဆုံးတွေ လုပ်ပေးပါတယ်"

ကိုမိုးဝသန်က မမလေးဆောင်းနှင့် ပြေလည်အောင်ပေါင်းပြီး နွေ့တံရောက်လာတာသိသည်။

ဝိုးချဲလ်ပေါ်ကနေ နွေ့ကိုငေးစိုက်ကြည့်နေတဲ့ အကြင်နာမျက်ဝန်းတွေက မမလေးဆောင်း သတိမထားလိုက်ခင်မှာပဲ တစ်ဖက်သို့ လှည့်သွားသည်။

"နွေ့ကိုလည်း မမလေးဆောင်း တောင်းပန်ပါတယ်၊ မမလေးဆောင်းတွေ ဘာတွေလုပ်မနေပါနဲ့တော့ ... ဆောင်းလို့ပဲ ခေါ်ပါ ... တို့နှစ်ယောက်က အသက်တူတယ်လေ"

ဆောင်းသခင် နင်တော်တော်လေးကို မာယာများနိုင်တာပဲ။ နွေ့ နင်သမီးအရင်းမဟုတ်ဘူးဆိုတာ သိနေတယ်လေ။

ဒါပေမဲ့လည်း ငါ့အမေအပေါ်မှာရော ကိုမိုးဝသန်အပေါ်မှာပါ ကောင်းမယ်ဆိုရင် နွေ့ မသိချင်ယောင် ဆက်ဆောင်နေဖို့ ဆုံးဖြတ်ထားသည်။

"ဆောင်းရဲ့မောက်မာမှုတွေကို ခွင့်လွှတ်ပေးပါ နွေ့ရယ်၊ တကယ်တော့ တို့နှစ်ယောက်က အဖေတူ မအေကွဲညီအစ်မလည်း





ဖြစ်ချင်ဖြစ်နေမှာပါ"

ဆောင်းသခင် သိသိကြီးနှင့်ပြောနေခြင်းဖြစ်သည်။

ခြံစောင့်ကြီး သမီးဘဝကို ဖုန်းကွယ်ပစ်ချင်တာလား။ ဆောင်းသခင်ကို မယုံပေ။

နွေ့မသိဘူးထင်ပြီး ပြောနေခြင်းဖြစ်၏။ သူမ သဘောကောင်းပြနေတာကိုက မရိုးသားဘဲ ကြောက်စရာ ကောင်းလွန်းနေသည်။

မာမီနဲ့ကိုမိုးဝသန်တို့ အန္တရာယ်ကင်းနိုင်ပါ့မလား။

ဆောင်းမျက်လုံး တွေထဲမှာ ဒေါသတွေနှင့် ခက်ထန်မာကျောနေ၏။ နွေ့ကိုယ်တိုင်ပင် အခြေအနေကို စောင့်ကြည့်ဖို့ စဉ်းစားထားသည်။

"အသုဘ တစ်လပြည့်သွားရင် နွေ့အတွက် အားလုံးပြည့်စုံအောင် စီစဉ်ပေးပါ့မယ်နော် ... နွေ့ ခြေထောက်ပေါ်နွေ့ရပ်တည်နိုင်အောင်လေ"

"ကျေးဇူးပါပဲ မမလေးဆောင်းရယ် ... "

"ဆောင်းလို့ပဲ ခေါ်စမ်းပါနွေ့၊ ရင်းနှီးမှုရှိအောင်လေ၊ တို့အမှားတွေကို တို့ပြန်တွေးမိပြီး နောင်တတွေရတယ် ... စိတ်လည်းမကောင်းဘူး"

"ဆောင်းရယ် ... အခုလိုစကားမျိုးကြားရတာ၊ နွေ့ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ကိုမိုးဝသန်နဲ့ အိမ်ထောင်ရေးကိုလည်း သာယာချမ်းမြေ့အောင် ပြန်တည်ဆောက်ပါနော်၊ မာမီခန့်ကိုလည်း စောင့်ရှောက်ပေးပါ ... နွေကတော့ ဒီခြံကြီးထဲကနေ ထွက်သွားပါတော့မယ်”

မာမီနဲ့ကိုမိုးဝသန်အပေါ် ဆောင်းကောင်းမယ်ဆိုရင်တော့ နွေ ဒီအတိုင်းပဲ ရှိနေစေရမှာပါ။

ဆောင်းဘက်က ဘယ်လောက်ပဲ ယုတ်မာကောက်ကျစ်နေပါစေ။ နွေဘဝမှန်ကို ဖော်ထုတ်မှာ မဟုတ်။

ဘာဖြစ်လို့လည်းဆိုတော့ ကိုမိုးဝသန်ကို ရယူချင်လို့ အကောက်ကြံစည်တာမျိုး အဖြစ်မခံနိုင်လို့ပါပဲ။

ဆောင်းက ရက်စက်စရာရှိလျှင် ကမ်းကုန်အောင် ရက်စက်မည့် မိန်းမတစ်ယောက်ဆိုတာ နွေအသိဆုံး ဖြစ်နေသည်။

“နွေ ထွက်သွားမယ်ဆိုရင်လည်း ဆောင်းအကူအညီပေးတာတွေကို လက်ခံရမယ်နော် နွေ ...”

နွေ့ရှက်ဝါ နင်ကလေ ငါ့အတွက် အန္တရာယ်အရှိဆုံး လူသားတစ်ယောက်ပဲ။ ငါ့ဘဝတစ်ခုလုံးကို စုတ်ပြတ်သပ်ပြီး မြောင်းထဲရောက်သွားအောင် နင်က လုပ်ပစ်နိုင်တယ်။

နင့်ဘဝတစ်ခုလုံး အထွတ်အထိပ်ရောက်အောင် ငါလုပ်ပေးမယ်ထင်နေလား။ နင် သေစေရမယ် နွေ့ရှက်ဝါ ... နင်မရှိမှ ငါ့ဘဝရှေ့ရေးက သာယာမှာ။





“ကိုကို ... ဆောင်းတို့သွားရအောင်ပါ၊ ကိုကိုလည်း ခြံထဲမှာ လမ်းလျှောက်ရမယ် ... နွေလည်း ကူညီဦးနော်”

ကိုကို့ဝှီးချဲလ်ကို တွန်းပြီး ခြံကြီးထဲ နွေ ပြန်ဝင်လာခဲ့သည်။

အရင်ကနှင့်မတူဘဲ ဆောင်းဗိုလ်ကျစိုးမိုးလာခဲ့တဲ့ ခြံကြီးကပင် ဆောင်းစိတ်တွေကို မလုံမလဲနှင့် ခြောက်ခြားနေစေခဲ့သည်။

ဆောင်းကသာ အစေခံတွေရဲ့ သမီးအရင်း။

“အား ...”

“ဆောင်း ဘာဖြစ်တာလဲ ... ဘာဖြစ်လို့ ကြောက်လန့်တကြား အော်ပစ်လိုက်ရတာလဲကွာ ... ဟင် ...”

“ဟို ... ဟို ... ခလုတ်တိုက်မိသွားလို့ပါ ကိုကို၊ ခဲလုံးကို တိုက်မိတာ”

“ကဲပါကွာ ... ပြန်ဝင်ကြမယ်၊ ဆောင်းက တစ်ကြိမ်တစ်ခါမှ မလုပ်ဘူးတော့ ခလုတ်တိုက်တာပေါ့၊ အားနာတယ်ကွာ ဝင်ကြမယ် ...”

ဆောင်းလည်း မလုပ်ချင်။ သူမ အမုန်းဆုံးလူတွေကို ဟန်ဆောင်ပြီး အောက်ကျနောက်ကျ တောင်းပန်နေရတာ ဒေါသဖြစ်ရသည်။

စိတ်တွေ ခြောက်ခြားရလွန်း၍ တိုက်ကြီးထဲ ပြန်ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အနားယူတော့မယ် ဆောင်း ... ကိုကို့ကို တစ်ယောက်ထဲပဲ ထားခဲ့ပါ"

"ညကျရင်တော့ ကိုကိုနဲ့ဆောင်း လာအိပ်မှာနော်၊ ဆောင်းလိမ်မာတော့မှာပါ ... ကိုကိုဘက်က ဆောင်းကိုခွင့်လွှတ်ပေးတယ်ဆိုရင် မောင်းမထုတ်ရဘူးနော်ကိုကို ... "

ကိုကို့နဖူးကို ဖြတ်ခနဲနမ်းရှိုက်၍ ဆောင်းပြန်ထွက်လာခဲ့သည်။

သူမ အိပ်ခန်းထဲရောက်မှ ဒေါသတွေက ပေါက်ကွဲထွက်လာ၏။ အသံတိတ်နည်းဖြင့် မျက်စိထဲမှာရှိနေတဲ့ ခုတင်ပေါ်ကစောင်တွေ၊ ခေါင်းအုံးတွေကို ဆွဲယူလွှင့်ပစ်မိသည်။

"နင် ခဏလေးသည်းခံနေလိုက်စမ်း ဆောင်းသခင် ... ဒီကိစ္စ သိတဲ့လူ ဆောင်းသခင်တစ်ယောက်ပဲ ရှိနေတာပါ၊ ဆောင်းသခင် ဘယ်တော့မှ မကျဆုံးစေရဘူး၊ တစ်နေ့နေ့ ငါ့လက်ထဲအားလုံးရောက်စေရမယ် ... "

"ကဲဟာ ... ကဲဟာ ... "

"ဘုတ် ... ဘုတ် ... "

"ကဲ"

တစ်ယောက်ထဲကြိတ်ပြီး ဒေါသတွေကို ဖောက်ခွဲပြစ်သည်။ သူမငယ်စဉ်လေးကပင် ရွှေမင်းသမီးလေးတစ်ပါးလို နေထိုင်လာခဲ့





တဲ့ အိပ်ခန်းကြီးကပင် တွေ့သမျှ မြင်သမျှ သူမအား လှောင်ပြောင်သရော်နေသည်ဟု ထင်မိသည်။

သူမ အပြင်လည်း မထွက်ချင်တော့။

ကလပ်ကနေ ကိုထွန်းတောက်က လှမ်းခေါ်တော့ ဒေါသတကြီး အော်ဟစ်ငြင်းဆန်ပစ်မိသည်။

"မလာဘူး ... ကျွန်မကလပ်ကို ဘယ်တော့မှ မလာတော့ဘူး၊ နောက်ဘယ်တော့မှ မခေါ်နဲ့ ... "

"ဆောင်း ... ဘာတွေဖြစ်နေတာလဲ၊ ကိုတောက် ဘာအမှားတွေ လုပ်မိလို့လဲ ... မင်းဘာပြဿနာတွေဖြစ်နေလဲ၊ ကိုတောက် ဘာကူညီရမလဲ"

"လူသတ်ပေး"

"ဘာပြောတယ်"

"ကျွန်မပြောနေတာ မကြားဘူးလား ... လူသတ်ပေးလို့ ကျွန်မ အမုန်းဆုံး နွေရွက်ဝါကို သတ်ပေးပါ"

"ဆောင်းကလဲကွာ ... အိမ်ဖော်အဆင့်ပဲရှိတဲ့ ကောင်မလေးကို ဘာလဲ ... ဆောင်းယောက်ျားနဲ့ ငြိနေပြီလား၊ ဆောင်းပြောတော့ မင်းလင်ဒုက္ခတကြီးကို မချစ်ဘူးဆို၊ သတ်ပစ်ချင်တာဆို၊ ကိုတောက်ကတော့ နွေရွက်ဝါထက် မိုးဝသန်ကို သတ်ပေးဆိုရင် ချက်ခြင်းလာသတ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ... ရှင်နဲ့လည်း မပတ်သက်ချင်တော့ဘူး။ ထပ်မဆက်သွယ်နဲ့တော့ ... "

"ဆောင်း ဖုန်းမပိတ်လိုက်နဲ့နော် ... ကိုတောက်နဲ့လာတွေ့စမ်းပါ ... ကလပ်မှာ စောင့်နေမယ်၊ မင်းရောက်မလာမချင်းနော်၊ မင်းနဲ့ကိုယ် အမြဲတမ်း ရင်ဖွင့်တိုင်ပင်နေကျလေ"

"စောင့်နေ ... ကျွန်မ ဘယ်တော့မှရောက်လာမှာ မဟုတ်ဘူး၊ ရှင်က နေ့ရွက်ဝါကို သတ်ပေးမယ်ဆိုရင် ကျွန်မ လာတွေ့မယ်ဒါပဲ ... "

"ဆောင်းက သတ်ပေးဆိုရင် သတ်ပေးရမှာပေါ့လေ ... ဘာတွေဖြစ်နေတယ်ဆိုတာသာ ကိုယ်နဲ့လာတွေ့ပြီး ပြောပြစမ်းပါအချစ်ရယ် ... "

"စိတ်ပျက်တယ်၊ ဒုက္ခပါပဲ ... ရှင်လည်း ကျွန်မကို မျှော်လင့်မနေနဲ့တော့ ... ရှင်နဲ့ လုံးဝမပတ်သက်ချင်ဆုံး ... စိတ်ကုန်တယ်"

"ဆောင်း ... "

ဆောင်း ဒေါသတကြီးနှင့် ဖုန်းကို ပိတ်ပြစ်ပြီး နံရံဆီပစ်ပေါက်လိုက်သည်။

ကိုထွန်းတောက် ရှင်ကလဲ ကျွန်မပိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို အရချိုင်ချင်နေတာ မဟုတ်လား။ ရှင်နဲ့ကျွန်မ တန်လို့လား။ အလုပ်ကို လက်ကျောတင်းအောင် မလုပ်ချင်တဲ့ကောင်။





ကစားသမား ... ဘာဂုဏ်ဒြပ်မှလည်းမရှိဘူး။ ယောကျ်ားပိုင်လုံးပဲ။

ငရဲခန်းထဲ ကျရောက်နေသလိုလို ပူပြင်းလောင်မြိုက်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

"မမလေးဆောင်း ... မမလေးဆောင်း ... "

"ဘာလဲ ကိုဘကျော် ... ရှင်အလိုက်ကန်းဆိုးမသိ ဘာဖြစ်လို့ အသံပြဲကြီးနှင့် အော်နေရတာလဲ"

သူမ ... တစ်ညလုံး အိပ်စက်၍မရ။

အခန်းတစ်ခုလုံးလည်း သူမပစ်ပေါက်ထားသော ပစ္စည်းတွေနှင့် ရှုပ်ပွေပွကြနေသည်။ သူမအပြင်ကို ထွက်လာခဲ့၏။ ညဝတ်အင်္ကျီနှင့်ဖြစ်၍ ကိုဘကျော်တစ်ဖက်သို့ လှည့်သွားသည်။

"မာမီခန့် ... လဲကျနေတယ်၊ ခေါင်းတွေအရမ်းမူးလို့တဲ့ လာပြီး ကြည့်ပေးပါဦး ... "

"ဟင် ... သွားနှင့် ကျွန်မ လိုက်လာခဲ့ပါ့မယ်"

"ဟုတ်ကဲ့"

သူမ အဝတ်အစားတွေကို နှေးကွေးစွာ လဲပစ်နေသည်။





ဒီတစ်ခါ လူ့လောကကြီးထဲကနေ ထွက်ခွာပေးရမှာက ဒေါ်ခင်ခင်ခန့်ပဲ။ တစ်ယောက်ပြီးတစ်ယောက် သူ့အလိုလို ထွက်သွားကြတော့မယ်ထင်တယ်။ ဆောင်းကံကောင်းခြင်းလား။

အေးအေးဆေးဆေး အဝတ်အစားလဲပြီး မာမီ့အခန်းရောက်လာသည်။

မာမီ မရှိတော့။

"မာမီရော"

ကိုကိုက ငိုးချဲလ်နှင့်ထွက်လာသည်။

"မာမီ ... သတိလစ်သွားလို့ ဆေးခန်းကိုခေါ်သွားကြပြီ ဆောင်း ... မင်းလိုက်သွားပါ၊ ကိုဘကျော်နဲ့နွေတို့ ပါသွားတယ်"

"ဟင်"

နွေ ... ကောင်မ၊ ဘာဖြစ်လို့ ငါ့ခွင့်ပြုချက်မယူဘဲ မာမီ့ကို ဆေးခန်းခေါ်သွားရတာလဲ။

ဆောင်း စိတ်ထဲမှာ ဒေါသတွေနှင့် ဆူဝေသွားရသည်။

ကိုကို ရှေ့မှာဖြစ်နေ၍ သူမ စိတ်ပူပင်ဟန်ဖြင့် ခြံထဲ ပြေးဆင်းလာခဲ့ကာ မာမီ့ဆီ ကားကိုတရကြမ်းမောင်း၍ ထွက်လာခဲ့၏။

ဒေါသထွက် လိုက်တာနော်။ နွေရွက်ဝါ နင်က ဘယ်သူ့အားကိုးနဲ့ ငါ့အမေကို ဆေးရုံခေါ်သွားရတာ နင့်မှာခေါ်ပိုင်ခွင့် ရှိလို့လား။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ခွင့်ပြုချက် ဘာဖြစ်လို့ မယူရတာလဲ ကောင်မ ... "

မာမီ မရှိတော့ရင် နင်ပဲ ငါ့ရှင်းပြစ်ရမှာက နင်ပဲလေ။

မာမီကို တင်ထားတဲ့ ဆေးခန်းကို ရောက်လာသည်။

"မမလေးဆောင်း ... ရောက်လာပြီလား၊ မာမီခန္ဓာသွေးအား တွေအရမ်းနည်းနေတယ် ... သွေးသွင်းရမယ်တဲ့၊ ကျွန်မသွေးအမျိုး အစားက မာမီခန္ဓာနဲ့တူတယ်၊ မမလေး ခွင့်ပြုချက်စောင့်နေတာပါ"

"ဘာပြောတယ်"

နွေနဲ့မာမီ့သွေး တူတယ်တဲ့။

ဆောင်း မစစ်ရဲပါဘူး။ မာမီနဲ့ ဆောင်း လုံးဝ သွေးမတူ နိုင်ဘူး။

သူမ တုန်လှုပ်ချောက်ခြားလာရသည်။

"သမီးဆောင်း ရောက်ပြီလား"

"ဟုတ်ကဲ့ မာမီ ... ဘယ်လိုဖြစ်ရတာလဲ မာမီရယ် ... သမီး ကြောက်တယ်၊ မာမီတစ်ခုခုဖြစ်သွားမှာ သမီးအရမ်းကြောက်တာ ပဲ၊ မာမီ့ကို ကျန်းမာလာအောင် ဆေးကုပေးမယ် ... ဆောင်းအမေ ကို ကယ်ကြပါဦး ... "

မာမီ့ကိုဖက်ပြီး ဆောင်းလွန်လွန်ကဲကဲ ငိုပြလိုက်မိသည်။ သွေးသွင်းမယ့်ကိစ္စ ဘယ်လိုလုပ်ရမလဲ။ ဆောင်းသွေးအမျိုးအစား ကို မာမီသိသွားလို့ မဖြစ်ပါဘူး။





ဆရာဝန်တွေ ဝင်လာသည်။

"သွေးအမျိုးအစားတူတဲ့ နွေရွက်ဝါလာပါ ... တခြား ဘယ် သူလှူဦးမလဲ၊ သွေးက သွင်းရမှာများတယ်"

မာမီက ဆောင်းကိုကြည့်သည်။

ဆောင်း ခေါင်းကို ခါယမ်းပြမိသည်။ ဆောင်းက မာမီနဲ့သွေး မတူနိုင်ဘူး။

"ကျွန်မသွေးက အေဘီသွေးပါ၊ မာမီက အိုလေ မတူဘူး၊ ကျွန်မသွေးက ဒက်ဒီနဲ့တူတာထင်တယ်"

သမီးဆောင်း သွေးအမျိုးအစားက အေဘီတဲ့။

ဟုတ်တယ် ... မိမိက အို။

ဒါပေမဲ့ ... ကိုသုတလဲ အိုပဲလေ။ ဘာဖြစ်လို့ ဆောင်း က အေဘီဖြစ်နေရတာလဲ။

နွေရွက်ဝါက အိုတဲ့။ မိမိတို့နှင့်သွေးတူနေသည်။

"ကျွန်မပဲ လှူပါ့မယ်၊ လိုအပ်သလောက်ယူပါနော်"

"မရသေးဘူး ... မင်းအရမ်းအားနည်းသွားမယ်၊ ကျွန်မတို့ အတတ်နိုင်ဆုံးလုပ်ပေးပါ့မယ် မပူပါနဲ့နော်"

နွေရွက်ဝါဆီက သွေးကိုထုတ်ယူ၍ မာမီသွေးကြောထဲ သွင်း သည်။

ဆောင်း ကြောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



မုန်းစရာကောင်းလိုက်တာ။ ဘာကြောင့် ကလေးချင်း လဲခဲ့ရတာလဲ။ ကျွန်မ ဒီဘဝမှာနေရတာ နောက်ဆုံးကံကြမ္မာကို ကြောက်တယ်။ ခြံစောင့်ကြီးနဲ့အိမ်ဖော်မရဲ့ သမီး။

အမလေး ... မာမီ ပြန်နေကောင်းသွားမှာ စိုးရိမ်ထိတ်လန့်နေသည်။

"နွေရွက်ဝါ ... နင်သိနေလား၊ မဖြစ်နိုင်ပါဘူး ... နင်က မာမီနဲ့သွေးတူနေတာကြောင့် ဘဝမြင့်သွားပြီထင်တယ် ... နင် ... နင် ငါ့နေရာကိုဝင်လို့ရမယ်ထင်နေလား ... ဝေးသေးတယ်"

ဆောင်း ဒေါသကြီးသူ ဝုန်းဒိုင်းကြဲအောင် ဖောက်ခွဲပြစ်ချင်သည်။

"ဒေါ်ခင်ခင်ခန့်က သွေးအားနည်းသွားတာပါ ... သွေးသွင်းလိုက်ရင် ပြန်ကောင်းသွားမှာပါ"

မာမီ ပြန်နေကောင်းသွားမယ်ဆိုတာ ဆောင်း မကြားချင်ဆုံးပင်။

သေပေးကြပါ။ အားလုံးသေပေးကြပါ။

ဆောင်းက ဘာဖြစ်လို့ အစေအပါးတွေရဲ့ သမီးဖြစ်နေရတာလဲ။

"မာမီခန့် ... နေကောင်းရဲ့လားဟင် ... မာမီခန့်နဲ့သွေးတူတဲ့ သွေးလှူရှင်တွေ ရှိပါတယ်နော်၊ အားမငယ်ပါနဲ့ ... "





"ကျေးဇူးတင်ပါတယ်နွေ ... မာမီခန့် အခုလို အသက်ရှင်ရတာ နွေလေး ကယ်တင်လိုက်လို့ပါ ... ဆေးခန်းကို အမြန်ဆုံးပို့ပေးနိုင်လို့လေ"

မာမီရယ် ... နွေက မာမီ့သမီးအရင်းပါနော်။ သွေးတူနေတာပဲ ... ။

နွေ ဘယ်လိုဖွင့်ပြောပြရမလဲဟင်။ ဆောင်းကို ကြောက်တယ်။ အမှန်တွေ ဖွင့်ပြောလိုက်ရင် ပြဿနာတွေအားလုံး မိုးမီးလောင်သွားနိုင်ပါတယ်။

နွေ စိတ်ပူတာက မာမီနဲ့ကိုမိုးဝသန်အတွက်ပါပဲ။ ဆောင်းက နည်းအမျိုးမျိုးနှင့် အသိုင်းအဝန်းကောင်းသူ။

ရက်စက်တတ်သူ။

"နွေ ... နင် ... အိမ်ပြန်တော့၊ မာမီ့ကို ငါကြည့်မယ်၊ အိမ်မှာ ကိုကိုရှိနေသေးတယ်"

"နွေ ... မာမီ့အနားမှာပဲ ရှိနေပါ၊ ကိုဘကျော်ကို ပြန်လွှတ်လိုက်လေ ... သမီးဆောင်း ... "

"ဆောင်းရှိနေတာပဲ မာမီ ... နွေမှမလိုတာ၊ အခုမှ မာမီက ဘာဖြစ်နေတာလဲ"

"နွေ ... ပြန်ပါ့မယ်၊ မမလေးဆောင်း ညနေမှပြန်လာမယ်နော် ... မာမီခန့် အေးအေးဆေးဆေး အနားယူပါ"



www.burmeseclassic.com

www.burmeseclassic.com



နွေ နင်က ဘာကြောင့် ငါ့အမေကို နင့်အမေတစ်ယောက်လို ပြုစုနေရတာလဲ။ သွေးတူတာနဲ့ပဲ နင့်အမေဖြစ်သွားရောလား။

နွေရွက်ဝါအား အတင်းအကြပ် အိမ်ပြန်ခိုင်းလိုက်သည်။

"နွေလေးက သနားစရာကောင်းပါတယ် သမီးဆောင်းရယ်၊ အမြဲတမ်း အနစ်နာခံတယ်"

"တော်ပါတော့ မာမီ ... နွေ့အကြောင်း အကောင်းပြောမနေပါနဲ့ ဆောင်းနားခါးတယ် ... နွေနဲ့သမီး ဖအေတူ အမေကွဲညီအစ်မတော်နေရင်တောင် ဆောင်းလက်မခံနိုင်ဘူး၊ သူက အစေခံမသမီး"

"အေးပါကွယ် ... မာမီကတော့ သမီးဆောင်းပျော်ရွှင်ဖို့ပါပဲ၊ မာမီဆေးရုံကနေ ဆင်းမှ နွေကို သမီးဆောင်းဆန္ဒရှိသလိုလုပ်ပါ"

ဒေါ်ခင်ခင်ခန့် မျက်လုံးတွေကို ပြန်မှိတ်၍ အနားယူနေသည်။

သမီးဆောင်းနဲ့ ဘာဖြစ်လို့များ မိဘနှစ်ယောက်လုံးနှင့်သွေးမတူရတာလဲ။ မိမိအတွေးတွေထဲသို့ ထိုကိစ္စက ဝင်နေ၏။

သေသေချာချာကြည့်တော့လည်း သမီးဆောင်းက ငွေခနှင့်ဆင်နေပြီး နွေရွက်ဝါက မိမိနှင့်ဆင်တူနေသည်။

ဘာကြောင့်လဲ ...

မိမိက ငွေခနှင့် ကိုသုတတို့ ငြိစွန်း၍ရသော ကလေးဖြစ်





သည်ဟု ထင်ခဲ့၏။ မိမိတို့ သမီးလေးလား ... မဖြစ်နိုင်ပါဘူး။

ဒေါ်ခင်ခင်ခန့် ရင်ထဲမှာ သံသယတွေနှင့် ပြည့်နှက်နေသည်။

"မာမီ"

ဒေါ်ခင်ခင်ခန့် မထူးပေ။ အိပ်ချင်ယောင်ဆောင်နေသည်။

သမီးဆောင်းနှင့် စကားပြောရတာလည်း မိမိစိတ်ထဲမှာ မကြိုက်နှစ်သက်သလိုကြီး ဖြစ်နေ၏။ သွေးမတူလို့လား။

ဘာဖြစ်လို့လဲ ... နွေအနားမှာရှိနေတာက မိမိစိတ် ခွန်အားတွေ ဖြစ်ပေါ်နေမိသည်။

"မာမီ ... မာမီ အိပ်နေပြီလား"

မာမီ အိပ်ချင်ယောင်ဆောင်နေတာလား။

ဆောင်းစိတ်က မလုံ။ သွေးမတူတာကြီးက သူမစိတ်ထဲမှာ တုန်လှုပ်ချောက်ချားနေရသည်။

မာမီ့ကို သေသေချာချာကြည့်ပြီး သွင်းထားတဲ့သွေးပိုက်တွေကို ဆွဲဖြုတ်ပစ်ချင်၏။ မာမီဘာဖြစ်လို့ မသေရတာလဲ။

နွေရွက်ဝါ နင်က မာမီ့ကို ဆေးရုံပို့လိုက်တယ်။ နင်နဲ့ဘာဆိုင်လို့လဲ။ ဆောင်း အော်ဟစ်ပစ်ချင်သည်။

"အား ... အင်း ... အင်း ... အမလေး"

"မာမီ ... မာမီ ဘာဖြစ်တာလဲ ... မာမီ သတိထားပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ခန့် မှေးခနဲ အိပ်ပျော်သွားပြီး အိပ်မက်တွေက ကြောက်စရာကောင်းလွန်းသည်။ အိပ်မက်ထဲတွင် ကိုဒေဝါက ပြောနေသည်။ ဆောင်းသခင်က သူ့သမီးတဲ့။ ကလေးချင်းလဲထားတာတဲ့။ နွေရွက်ဝါက မာမီခန့်ရဲ့သမီးအရင်းတဲ့။

"ရှင် ... ရှင် ... ဘာတွေလာပြောနေတာလဲ၊ မဟုတ်တာတွေ ဘယ်သူက ကျွန်မသမီးလဲ ပြောစမ်းပါ ဦးဒေဝါ ... "

"မာမီ ... မာမီ"

"ဟင်"

ဒေါ်ခင်ခင်ခန့် မျက်လုံးတွေ ဖွင့်ကြည့်မိစဉ် သမီးဆောင်း မျက်နှာကို မြင်လိုက်၍ ထိတ်လန့်သွားရသည်။

"မာမီ"

"ဟင် ... သမီးဆောင်း ... "

သမီးဆောင်းရဲ့ မျက်ဝန်းတွေက မာထန်ဝင်းတောက်နေကာ မိမိအား ခပ်စူးစူးကြည့်နေသည်။ မိမိအား တစ်စုံတစ်ခု လုပ်ပစ်တော့မည်ဟု ထင်မိလာ၏။

သူနာပြု ဆရာမလေးကလဲ အပြင်ကိုထွက်သွားသည်။

"ဘာဖြစ်နေတာလဲ မာမီ"

"ဘာမှမဟုတ်ပါဘူး ... မာမီအိပ်မက်မက်နေလို့ပါ၊ အိပ်မက်ထဲမှာ ကိုဒေဝါ ဘာတွေလာပြောနေတာလဲ"





"ဦးဒေဝါက ဘာလာပြောတာလဲ မာမီ ... မြန်မြန်ပြောစမ်းပါ ... မဟုတ်တာတွေ ဘာတွေလာပြောတာလဲ၊ အဓိပ္ပာယ်မရှိတာဘဲ ... မာမီယုံလား"

"ဟင်း"

မိမိ ဘာမှမပြောရသေးဘဲနှင့် သမီးဆောင်းက ကြိုသိနေသလိုပင်။ မာမီ ယုံလားတဲ့။ ဘာတွေလဲ ...

သမီးဆောင်းအကြည့်တွေက အထိတ်တလန့် ဖြစ်နေသည်။

"မာမီပြောလေ ... အဖေက ဘာပြောသွားလဲ ... ဟို ... ဟို ... "

အဖေတဲ့။

နင် ... နင် ... ဘာပြောလိုက်တာလဲ။ ဦးဒေဝါကို အဖေတဲ့။ ဘုရားရေ ... အိပ်မက်ထဲကအတိုင်း ဖြစ်နေပြီလား။

"ပြောလေ မာမီ ... အိပ်မက်က ဘာလဲ၊ ခြံစောင့်အဖိုးကြီးက မာမီ့ကို ဘာတွေမဟုတ်တာ လာပြောနေတာလဲ၊ မာမီ မယုံပါနဲ့နော် ... ဒီခြံစောင့်ကြီးက လူယုတ်မာကြီး ... "

"ဆောင်းသခင် ဘယ်လိုပြောလိုက်တာလဲ၊ မင်းအရမ်းရိုင်းတယ်"

"ဟင် ... မာမီ ... "

ဆောင်း ပြူးကြောင်တဲ့မျက်ဝန်းတွေနှင့် မာမီ့ကိုကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့်ကြီး စကားကို လက်မခံနိုင်ကြောင်း ပြောမိနေသည်။

"ဆောင်း သတိထားဦးလေ ... မာမီ ဘာမှမပြောရသေးဘူး"

"ဟင်"

မာမို့စကားကြောင့် ဆောင်းအသိတွေ ဝင်လာပြီး မာမို့ဘေးမှာ ထိုင်ချလိုက်သည်။

မာမီ ပြန်မှိန်းသွား၏။

ဆောင်း ဘာလုပ်သင့်လဲ။ ကလေးချင်း လဲထားတာ ဘယ်သူတွေလဲ။ ဦးဒေဝါပဲလေ။

ဘာဖြစ်လို့ အခုမှ သရဲဘဝနဲ့လာပြီး ထုတ်ဖော်ပြောပြနေရတာလဲ။

ဆောင်းသခင်ကတော့ အိမ်စေတွေရဲ့သမီးအဖြစ် လုံးဝ လက်မခံနိုင်ပါဘူး။

"ဒေါ်ခင်ခင်ခန့် ... ရှင်ကြီးက တကယ်တော့ ကျွန်မအမေ ဟုတ်ဘူး ... ကျွန်မကို သံသယဖြစ်နေပြီ မဟုတ် ... "

မာမီက မျက်လုံးတွေကို မှိတ်ထားသည်။ အိပ်ပျော်သွားတာတော့ မဖြစ်နိုင်။

မာမီသိလောက်ပြီ သွေးမတူဘူး။ ထိုထဲက မာမို့မျက်နှာပေါ်မှာ တစ်မျိုးကြီးဖြစ်နေသည်။





သေချာပါတယ်။ မာမီသိနေပြီ။ နွေရွက်ဝါနဲ့က သွေးချင်းတူနေသည်။

"လူ့လောကကြီးကနေ ထွက်သွားပါတော့၊ ခွင့်လွှတ်ပေးပါ မာမီ ... မတတ်နိုင်တော့ဘူး၊ ဆောင်းလျှောက်ရမယ့် လမ်းပေါ်က နေ ဖယ်ပေးပါတော့"

ဆောင်း စိတ်တွေပေါက်ကွဲလွင့်ထွက်သွားပြီး မာမို့ နှာခေါင်းနှင့်ပါးစပ်ပေါ် ခေါင်းအုံးနှင့် ဖိအပ်ထားမိသည်။

"အား ... အူး ... အား ... "

"ဆောင်းကို ခွင့်လွှတ်ပါ မာမီ ... ဆောင်းက မာမီတို့သွေး မဟုတ်ဘူး၊ ခြံစောင့်ကြီးရဲ့သွေးပါ၊ ကလေးချင်းလဲလိုက်ကြတာပါ။ ဆောင်း ... ဆောင်းလေ အစေအပါးတစ်ယောက်ရဲ့ဘဝကို လုံးဝ မခံယူနိုင်ပါဘူး"

"အား ... ဂူး ... အား ... "

"ဟော့ ... မင်းဘာလုပ်နေတာလဲ၊ လူနာကို ဖိသတ်နေတာလား ... ဟော့ ... "

"ဟင်"

"အဟွတ် ... အဟွတ် ... အဟွတ်"

ဆောင်းလက်တွေကို သူနာပြု ဆရာမလေးက ဆွဲဖယ်နေရင်း ပတ်ဝန်းကျင်ကိုပါ အော်ဟစ်အကူအညီတောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာကြပါဦး ... ဒီမှာ လူနာကိုသတိနေတယ်"

"ဖယ် ... ဖယ်စမ်း၊ ဘာသတ်တာလဲ၊ မာမီက ရုတ်တရက် အော်ဟစ်ရုန်းထနေလို့ ငါက ထိန်းပေးတာ ... ဒါက အမေဟဲ့"

ဒေါ်ခင်ခင်ခန့် အသက်ရှူ မှန်းကြပ်ပြီး သတိလစ်တော့ မတတ် ဖြစ်သွားရပြီ။ အသက်ကို ပုံမှန်ဖြစ်အောင် မနဲရှူသွင်းနေရသည်။

အမလေး ... မောလိုက်တာ၊ သမီးမိုက် ... အိပ်မက်ထဲက အတိုင်း အပြင်မှာ တကယ်ဖြစ်နေတာပါလား။ ကလေးချင်း လဲထားကြတာတဲ့။

ဘုရားရေ ... ဘယ်လိုတွေဖြစ်ကုန်ရတာလဲ။

ဒေါ်ခင်ခင်ခန့် သတိရလာတဲ့အချိန်တွင် ဆရာဝန်တွေ ပြေးဝင်လာကြပြီး သမီးဆောင်းကတော့ အခန်းထဲကနေ ရုန်းဖယ်၍ ထွက်ပြေးတော့သည်။

"လိုက်ဖမ်းကြစမ်း ... လူသတ်သမား အမေကိုသတ်နေတာ"

"ကျွန်မ သမီးလေးကို မဖမ်းကြပါနဲ့၊ လူသတ်တာမဟုတ်ပါဘူး ... ကျွန်မ အိပ်မက်မက်ပြီး အော်ဟစ်ရုန်းဖယ်မိတာပါ"

ဒေါ်ခင်ခင်ခန့် အင်အားရှိသလောက် အော်ဟစ်တားဆီးနေမိပေမယ့် မိမိအသံတွေက ထွက်ပေါ်မလာ။ လည်ချောင်းဝတွင်





တစ်ဆို့နေသည်။

ဆရာဝန်တွေက မိမိအား အရေးပေါ် ပြုစုကုသ ပေးနေကြ၏။

သမီးဆောင်း ဘယ်ရောက်သွားပြီလဲ။ ဘာဖြစ်သွားပြီလဲ။ အဖမ်းခံရပြီထင်တယ်။ ကယ်ကြပါဦး ...

မိမိကို သေကြောင်း ကြံစည်ခဲ့တဲ့ ဆောင်းသခင်အပေါ် မိမိ မေတ္တာမပျက်ဘဲ စိတ်ပူပင်နေရ၏။ တားဆီးနေသည်။

"ကျွန်မသမီး ဆောင်းကို မဖမ်းကြပါနဲ့၊ ကျွန်မကိုသတ်တာ မဟုတ်ပါဘူးနော် ... ကျွန်မ အော်ဟစ်ရုန်းကန်နေလို့ ဖိပေးထားတာပါ"

ဒေါ်ခင်ခင်ခန့် အော်ဟစ်ပြောနေရင်း သတိလစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၁ )

ကံကြမ္မာဆိုးတွေက ကြောက်စရာ ထိတ်လန့်စရာ ကောင်းလောက်အောင် ပြောင်းလဲမှုတွေက မြန်ဆန်လွန်းသည်။

နွေ့ဆီ ဆေးရုံက ဖုန်းဆက်အကြောင်းကြားခဲ့၏။ ဆောင်းသခင် ငါးထပ်တိုက် အပြင်ကနေ ခုန်ချ၍ ကွယ်လွန်သွားပြီတဲ့လေ။

နွေမယုံနိုင်။ ဘာကြောင့်လဲ ...

ကိုမိုးဝသန်က နွေ့အနားသို့ ရောက်လာသည်။

"နွေ ... ဘာဖြစ်လို့လဲ၊ ဆေးရုံက ဘာအကြောင်းကြားလဲ၊ မာမီ ဘာဖြစ်လို့လဲ ... နွေ ပြောလေ ... "

"မမလေးဆောင်း ဆေးရုံငါးထပ်ကနေ ခုန်ချလို့ ဆုံးပြီတဲ့၊ ကိုဘကျော်က အကြောင်းကြားတာပါ၊ နွေသွားရမယ် ... ဘာတွေဖြစ်လဲ မသိတော့ဘူး"

"ဟင် ... ဘာပြောတယ်နွေ၊ မင်းဘာတွေပြောနေတာလဲ





နားကြားများလွဲလားကွာ"

"ဟုတ်ပါတယ် ... နွေသွားရမယ်၊ မာမီ့အတွက် စိတ်ပူတယ်၊ နွေအကျိုးအကြောင်း ဖုန်းဆက်လိုက်ပါ့မယ် ... ကိုမိုးဝသန် သတိထားပြီးနေပါ"

"အင်း ... သွားလေ ... ဘာတွေဖြစ်ကုန်တာလဲကွာ"

နွေ အငှားကားနှင့်ဆေးခန်းကို ရောက်လာသည်။

ဘာတွေ ဖြစ်ရတာလဲ။ မာမီရော ... ဆောင်းတစ်ယောက် မာမီ့ကို တစ်ခုခု ကြံစည်တာပဲ ဖြစ်နိုင်၏။

သွေးမတူတဲ့ကိစ္စ မာမီခန့်ကိုယ်တိုင် မသင်္ကာ ဖြစ်လာတာပဲ ဖြစ်နိုင်သည်။

"မာမီခန့်ရော ဘာဖြစ်တာလဲဟင် ... ဆောင်းက ဘာဖြစ်လို့ ခုန်ချရတာလဲ"

"နွေ"

"ရှင်"

"သမီးဆောင်းလေ ... သမီးဆောင်းက မာမီကို သတ်ဖို့ကြံစည်တယ်"

"ဘာပြောတယ် မာမီခန့်"

"အဖြစ်အပျက်တွေကတော့ မာမီတောင် မယုံနိုင်ဘူး"

ဒေါ်ခင်ခင်ခန့် အဖြစ်အပျက်တွေအားလုံးကို မျက်ရည်စက်လက်နှင့် ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ"

"သမီးနွေ"

"အဲဒီအဖြစ်အပျက်တွေက တကယ်ပါပဲ ... နွေ သိပါတယ်၊ အဖေ မဆုံးခင်က ဆောင်းကို အဖေကပြောပြနေတာ နွေကြားရတယ်"

"ဟင် ... ဒါဆို ... ဒါဆို သမီးနွေက အစောကြီးထဲက သိနေတာပေါ့ ... မာမီ့ကို ဘာဖြစ်လို့ ဖွင့်မပြောပြရတာလဲ"

"မပြောချင်လို့ပါ ... နွေမထုတ်ဖော်တာက မာမီနဲ့ကိုမိုးဝသန် ဒုက္ခရောက်မှာစိုးရိမ်လို့ သမီးနေရာအမှန်ကို ပြန်မယူခဲ့တာပါ မာမီရယ် ..."

"ဖြစ်မှဖြစ်ရလေ သမီးလေးရယ် ... လိမ်မာလိုက်တာ၊ မာမီ့သမီးလေး နှစ်ပေါင်းများစွာ စိတ်ဒုက္ခတွေ ခံခဲ့ရတယ်၊ ဆင်းရဲပင်ပန်းလိုက်တာ၊ မာမီ့ရင်ထဲမှာ မချိတော့ဘူး"

"ဖြစ်ပျက်ပြီးတာကို ဘာမှမစဉ်းစားပါနဲ့တော့ မာမီရယ်၊ မမလေးဆောင်းသခင်လည်း အကုသိုလ်အကျိုးပေးသွားတာပါပဲ၊ ဖခင် အရင်းဆိုတာ သိနေတာတောင် သေကြောင်းကြံစည်တယ်လေ"

"ကြောက်စရာကောင်းလိုက်တာ၊ မာမီလည်း ငယ်ငယ်က အရမ်းမောက်မာခဲ့တယ်၊ အတ္တတွေ ကြီးခဲ့တယ်"

ဒေါ်ခင်ခင်ခန့် နောင်တအရဆုံးက မိမိခင်ပွန်း ဦးသုတနှင့်





အိမ်ဖော်ကောင်မလေး ငွေခအား စွပ်စွဲပုတ်ခတ်မိခြင်းပင်။

ကိုသုတက စိတ်သဘောထားပြည့်ဝပြီး ကိုယ်ချင်းစာနာတတ်တာပါ။ အလုပ်သမားတွေကို သနားကြင်နာ၍ စောင့်ရှောက်ပေးခဲ့တာပါ။

"မာမီ နေကောင်းအောင်နေပါနော်၊ တော်ပါသေးရဲ့ မာမီရယ် ... အသက်ရှင်လျက်နဲ့ နွေ့အမေအရင်းကို တွေ့ခွင့်ရခဲ့လို့လေ"

"လောဘတွေ အတ္တတွေက အရမ်းပဲကြောက်စရာကောင်းလိုက်တာ ... ဘာပဲဖြစ်ဖြစ် သမီးဆောင်းအတွက်လည်း စိတ်မကောင်းပါဘူး၊ သံယောဇဉ်တွယ်ရပါတယ် ... နှစ်ပေါင်းများစွာ မာမီ့သမီးအဖြစ်နေခဲ့တာလေ"

ဆောင်းသခင်အား သင်္ဂြိုလ်မည့်နေ့တွင် မာမီဆေးရုံကနေဆင်းရသည်။

ကျန်းမာရေး သိပ်မကောင်းသေးပေမယ့်လည်း ဆောင်းသခင်ရဲ့ နောက်ဆုံးခရီးကို လိုက်ပို့ပေးခဲ့၏။ ကြေကွဲဝမ်းနည်းနေခဲ့၏။

ကောင်းမွန်စွာ သင်္ဂြိုလ်၍ အလှူဒါနတွေလည်း လုပ်ပေးကာ ဆောင်းသခင်ရဲ့ နာမည်ကို မာမီကိုယ်တိုင် အော်ခေါ်၍ အမျှအတန်းပေးဝေခဲ့သည်။

"သမီးဆောင်းသခင်ရေ ... မာမီ အားလုံးခွင့်လွှတ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကွယ် ... သမီးဆောင်း ကောင်းရာမွန်ရာရောက်ပါစေ၊ မာမီ သမီး အတွက် အလှူဒါနတွေ လုပ်ပေးပါတယ် ... ဤကုသိုလ်တို့ရဲ့ အဖို့ ကိုလည်း အမျှပေးပါတယ် ... သမီးဆောင်း ရောက်ရာဘုံဘဝက အမျှရပြီး သာဓုခေါ်ဆိုနိုင်ပါစေ ... "

"သမီးဆောင်းရေ အမျှ ... အမျှ ... အမျှ ပေးဝေပါတယ်၊ သာဓု ... သာဓု ... သာဓု ... "

နွေလည်း စိတ်မကောင်းပါဘူး။

နွေ့ကို ဘယ်လောက်ပဲ နှိပ်စက်နေပါစေ ဆောင်းအဖြစ်ကို တော့ ဝမ်းမသာနိုင်။ ကြေကွဲရသည်။

"သမီးနွေ ... မာမီ့အနားကို ပြောင်းလာပါတော့ကွယ်၊ ဆင်း ရဲပင်ပန်းစွာ နေထိုင်ခဲ့ရတာတွေ မာမီ့မျက်စိရှေ့မှာပဲ ဖြစ်ပျက်ခဲ့ရ တာပါ။ သနားစရာကောင်းလိုက်တဲ့ သမီးလေး"

သမီးနွေအား ဒေါ်ခင်ခင်ခန့် လွတ်ထွက်သွားမှာ ကြောက် ရွံ့မိသလို တင်းကြပ်စွာ ပွေ့ဖက်ထားမိသည်။

နွေရွက်ဝါဆိုတဲ့နာမည် နှင့်လိုက်အောင် ပူလောင်ပြင်းပြတဲ့ နွေကန္တာရကို ဖြတ်သန်းခဲ့ရတဲ့ မိမိသမီးလေးပါ။

"ကိုဒေဝါ ... တော်တော်ကျေးဇူးကန်းတာပဲ၊ ရက်စက် လိုက်ကြတာကွယ် ... ကလေးချင်းများ လဲရတာယ်လို့၊ သမီးလေး ကို မွေးတုန်းက မာမီ့ကျန်းမာရေးမကောင်းဘူး၊ သမီးလေးလည်း





ပြာနှမ်းနှမ်းနဲ့ ရောဂါသည်လေးထင်ရတယ် ... မာမီလည်း ဂရုမစိုက် နိုင်ခဲ့ဘူး၊ အိမ်ဖော်မကြီးနဲ့သိပ်ရတာ၊ ဒင်းတို့ ... အလစ်မှာလဲကြမှာ ပေါ့လေ၊ မကောင်းကြံစည်နေကြတော့ အကွက်ချောင်းနေကြမှာ ပဲ"

"နွေရဲ့ ကံကြမ္မာတွေပါ မာမီရယ် ... ဘယ်သူ့ကိုမှ အပြစ် မတင်ချင်နေတော့ပါဘူး၊ အားလုံးလည်း လူ့လောကကြီးထဲမှာ မရှိ ကြတော့ပါဘူး ... နွေရဲ့အတိတ်ဘဝက အကုသိုလ်တွေကြောင့်ပဲ ထင်ပါတယ်မာမီ"

ကြောက်စရာကောင်းတဲ့ အတိတ်ကပြီးဆုံးသွားပြီဖြစ်သည်။

မာမီက လက်ရှိနေထိုင်တဲ့ ခြံနဲ့တိုက်ကြီးကို ဈေးလျှော့ပြီး ရောင်းပစ်လိုက်သည်။

"မာမီ ဆက်မနေချင်တော့ပါဘူး၊ အားလုံးကို မေ့ပစ်ချင် တယ် ... မာမီ့ကျန်းမာရေးကလည်း အရင်လောက်မကောင်းတော့ ဘူးလေ၊ ဘဝသစ်ကို ပြန်စကြရမယ် ... မာမီ ဘုရား တရားရိပ်မှာ ခိုလှုံတော့မယ်၊ ကြောက်စရာကောင်းလိုက်တဲ့ဘဝတွေပဲ"

နွေတို့မိသားစု ခြံကြီးကို ရောင်းချ၍ တခြားတစ်နေရာ ပြောင်းတော့ ကိုမိုးဝဿန်က မလိုက်ပေ။ မိခင်နှင့်အတူ ပြန်နေဖို့ပဲ ဆုံးဖြတ်သည်။

"ကိုကိုလည်း စိတ်သစ် လူသစ်နဲ့ ဘဝသစ်ကို ပြန်စရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့မေမေလည်း အသက်ကြီးပြီမို့ အနားမှာပြန်နေမယ်"

"မောင်မိုးဝသန်လည်း စိတ်ဓာတ်မကျပါနဲ့ကွယ်၊ ထားသားက မာမီ့သားပါပဲ၊ မာမီမရှိတော့တဲ့နောက်မှာ သမီးနွေ့ကို စောင့်ရှောက်ပေးဖို့ အပ်ပါတယ်ကွယ်"

နွေ့ဘဝလေး လွတ်မြောက်သွားရတဲ့အတွက်တော့ မိုးအတိုင်းအဆ မရှိအောင်ပင် ကျေနပ်ပျော်ရွှင်ရသည်။

ကိုကို စိတ်အေးရပါပြီနွေ။ ကိုကို့ဘဝကိုလည်း ဒုက္ခိတဘဝကနေ လွတ်မြောက်အောင် ကြိုးစားရဦးမယ်။

ဆောင်းသခင်ကြောင့် သူဒုက္ခိတဘဝ ရောက်ရပြီ၊ အကြိမ်ကြိမ်ညှင်းပန်းနှိပ်စက်တာတွေ ခံခဲ့ရ၏။

အဖြစ်အပျက်တွေအားလုံးက စိတ်ခြောက်ခြားစရာ နာကျင်ကြေကွဲစရာတွေပဲ ဖြစ်ခဲ့သည်။

"ကိုမိုးဝသန်ကို နွေပြုစုပေးချင်ပါတယ်၊ နယ်မှာဆိုရင် ဆေးဝါးကုသမှု ပြည့်စုံပါ့မလားဟင်"

"ကိုကို့အတွက် မပူပါနဲ့နွေ ... စိတ်ဓာတ်ခွန်အားအပြည့်နဲ့ ကိုကို ထူထောင်နိုင်အောင် ကြိုးစားမယ်"

"ကိုကို"

"နွေ"

"ကိုကိုက နွေရဲ့အစ်ကိုပါပဲ"





နွေကတော့ ကိုကို့ကို အစ်ကိုတစ်ယောက်လိုပဲ သဘောထားလိုက်သည်။

ကျွန်မ ဖြူစင်ပြချင်ပါတယ်။ စိတ်လေး သက်သက်သာသာနဲ့ပဲ ကျွန်မတို့ဘဝကို တည်ဆောက်ကြရအောင်ပါနော်။

"နွေ့ဘဝလေး ဖြူစင်ချင်တယ် ... စိတ်ဓာတ်ခွန်အားတွေပြည့်အောင် ကြိုးစားရမယ်"

"ကောင်းပါတယ်နွေ ... လောလောဆယ်တော့ ဒီအဖြစ်အပျက်ကြီးက လက်ခံနိုင်ဖို့ ခက်ခဲမယ်ထင်တယ် ... မာမီခန့်ကိုပဲ ဂရုစိုက်စေချင်ပါတယ် နွေရယ် ... "

"မာမီ့အတွက်တော့ စိတ်ချပါ ... နွေ စောင့်ရှောက်မှာပါ၊ ကိုကိုလည်း ဒုက္ခိတဘဝကနေ လွန်မြောက်အောင် ကြိုးစားစေချင်ပါတယ်"

နွေတို့အိမ်ပြောင်းလာကြသလို ကိုကိုမိုးဝသန်လည်း မိခင်ဖြစ်သူနှင့် မန္တလေးကို ပြန်လိုက်သွားသည်။

"သမီးနွေ"

"မာမီ"

"အတိတ်က ဖြစ်ရပ်တွေက ကြောက်စရာကောင်းလိုက်တာကွယ် ... မာမီတော့ အတွေးထဲဝင်လာရင်တောင် ကြောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးဆုံးသွားပါပြီ မာမီ ... နွေလည်း ဘဝမှန်ကို ပြန်ရောက်လာခဲ့ပြီပဲ ... စည်းစိမ်ဥစ္စာတွေထက် အမေရင်းတစ်ယောက်ကို ပြန်ရလိုက်တာ နွေပျော်ရွှင်ကျေနပ်လို့ မဆုံးတော့ပါဘူး မာမီရယ်"

မာမီကျန်းမာရေး မကောင်းသေးဘူး။ သွေးဖြူဥတွေ များနေဆဲပင်။

မာမို့ရောဂါက သွေးကင်ဆာဖြစ်နေသည်။ မာမီ မသိဘူး။ နွေကတော့ သိနေ၏။

ကံကြမ္မာတွေရယ် ... နွေတို့မိသားစုအပေါ်ကိုမှ ကြမ်းတမ်းရက်စက်ခဲ့ရတာလဲ။ မကြာခင် ... မာမို့ကိုပါ နွေ ဆုံးရှုံးရတော့မည်။

ကိုကိုမိုးဝသန်တို့ သားအမိပင် မသိကြ။

"လောကကြီးထဲမှာ လူတွေအားလုံးအကြောင်းအမျိုးမျိုးနဲ့ သေဆုံးကြရတာပါနွေရယ် ... မာမီ သိပါတယ် ... ဒါပေမဲ့ကွယ် သမီးလေးနွေကို စောင့်ရှောက်ဖို့ ဘာဖြစ်လို့ အချိန်တွေက တိုတောင်းနေရတာလဲ"

BURMESE CLASSIC .com

"မာမီ"

"မာမို့ရောဂါအခြေအနေကို မာမီသိပါတယ် ... အနေးနဲ့ အမြန်ပဲလေ ... မာမီ မကြာခဏ အားအင်တွေလျော့နည်းလာတယ်"

ဆောင်းသခင်ကို ဒေါ်ခင်ခင်ခန့် မေ့ပစ်၍မရ၊ နှစ်ပေါင်းများ





စွာ မိမိသမီး အရင်းအဖြစ် ချစ်မြတ်နိုးရကာ အလိုလိုက် အကြိုက်ဆောင်ထားခဲ့သည်။

တွေးမိတိုင်း နာကျင်ရ၏။ သံယောဇဉ် တွယ်ခဲ့ရသဖြင့် သတိရနေမိသည်။

"သမီးနွေကို စိတ်ချပါတယ် ... လိမ်မာတဲ့ကလေးပါ၊ ပညာလည်းတတ်တယ် ... မာမီပိုင်ဆိုင်သမျှတွေအားလုံး သမီးနာမည်နဲ့ လွှဲပေးထားပြီးလို့ စိတ်တော့အေးရပါတယ်"

"မာမီ ကျန်းမာရေးကောင်းအောင်သာ နေထိုင်ပါ၊ နွေရပ်တည်နိုင်ပါတယ် ... ရှေ့နေကြီးတစ်ယောက်ဖြစ်အောင် ကြိုးစားမယ်၊ နွေ့အတွက်တော့ မာမီပူပင်စရာ မရှိပါဘူးနော်"

မိခင်ရင်းအဖြစ် သိလိုက်ရတာ မကြာသေးခင်မှာပင် မာမို့ကို ဆုံးရှုံးရတော့မည်ဖြစ်၍ နွေ ဝမ်းနည်းကြေကွဲရသည်။

ကံကြမ္မာရယ် ... ရက်စက်လွန်းတယ်။ မာမို့ရင်ခွင်ထဲမှာ နွေးထွေးစွာနဲ့ နွေ အကြာကြီးနေချင်ပါတယ်။

မာမို့ကို တင်းတင်းလေးဖက်ထားလိုက်မိ၏။ မာမို့လက်ပျော့ပျော့တွေကလဲ နွေ့ကိုဖက်သည်။

"တကယ်လို့သာပေါ့လေ ... မာမီ မရှိတော့ဘူးဆိုရင် နွေလေး မောင်မိုးဝသန်ကို လက်ထပ်ပါ"

"ရှင် ... မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့နှစ်ယောက်က သိပ်ချစ်ကြတဲ့ချစ်သူတွေပါ။ ဒုက္ခတွေလည်း အများကြီးခံစားခဲ့ကြရတယ်လေ ... မာမီလည်း မောင်မိုးဝသန်ဆီမှာ တောင်းဆိုထားပြီးသားပါကွယ်"

"ဟင်"

မာမီ့ဆန္ဒတွေဖြစ်၍ နွေ့ တုန့်ပြန်ငြင်းဆိုနေတာတွေ မလုပ်လိုတော့။ ကိုမိုးဝသန်နှင့်လည်း အဆက်အသွယ်မလုပ်ဘဲ နေထိုင်ခဲ့သည်။

နွေ့ နောက်ဆုံးနှစ်အောင်မြင်ပြီး အကောင်းဆုံးရှေ့နေတစ်ယောက်ဖြစ်ဖို့ ကြိုးစားနေချိန်တွင် မာမီသွေးကင်ဆာနှင့် ကွယ်လွန်သွားခဲ့၏။

ကိုမိုးဝသန် ပိုးချဲလ်နှင့်ပင် မာမီ့နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ခဲ့သည်။

မာမီ့ အသုဘရက်လည်သောနေ့မှာပင် ကိုမိုးဝသန် ပြန်သွားခဲ့၏။ ကိုကို့မိခင်ကလည်း လိုအပ်တဲ့အကူအညီပြောပြီး အားပေးနှစ်သိမ့်ပေးရင်း ပြန်သွားခဲ့သည်။

မာမီ့ရဲ့ဆန္ဒကို အကောင်အထည်ဖော်ဖို့ ပြောခဲ့ပေမယ့် နွေ့ကအချိန်ယူပါရစေဦးဟု ဖြေခဲ့၏။ ကိုကိုကလဲ မငြင်းခဲ့။

နွေ့ အောင်မြင်ကျော်ကြားတဲ့ ရှေ့နေမကြီးတစ်ယောက်ဖြစ်လာတဲ့အချိန်မှာတော့ အချိန်တွေက လုံလောက်စွာ ကြာမြင့်





ခဲ့ပြီလားမသိ။ ကိုကို့ကို ထူးထူးခြားခြား လွမ်းဆွတ် သတိရမိလာသည်။

"နွေ့"

"ဟင်"

သူမခြံကြီးထဲမှာ ဆင်းထိုင်ရင်း ကိုကိုမိုးဝသန်နှင့် တွေ့ဆုံခဲ့ကြရတဲ့အကြောင်းတွေ ပြန်တွေးပြီး လွမ်းဆွတ်နေသည်။

"ဟင် ... ရှင် ... ရှင် ... ဘယ်သူလဲ ကိုကိုလားဟင်၊ ကိုကိုမိုးဝသန်လား ... "

နွေ့ဆိုတဲ့အသံက နွေ့ရင်ထဲမှာ အမြဲတမ်းမှတ်မိတမ်းတနေသောအသံတစ်ခုဖြစ်၍ လှည့်ကြည့်လိုက်တော့ သူမအနောက်မှာရပ်နေသူ ကိုကိုမိုးဝသန်ပင်။

"ကိုကိုပါနွေ့ ... နှစ်တွေကြာလာလို့ ကိုကို့ကိုမေ့သွားပြီလား နွေ့ရယ်"

"အို ... မမေ့ပါဘူးကိုကို ... နွေ့ ဘယ်တော့မှ မေ့မထားနိုင်ခဲ့ပါဘူးနော်၊ ဒါနဲ့ ကိုကို ... ကိုကို တကယ်ပဲ ဒုက္ခိတဘဝက လွတ်မြောက်ကျော်လွှားနိုင်ခဲ့ပြီနော်"

"ဟုတ်တယ်နွေ့ ... ကိုကိုချစ်ရတဲ့ နွေ့ရှက်ဝါက ဒုက္ခိတကြီးဆိုရင် ပြစ်ထားမှာစိုးလို့ ကိုကို ကြိုးစားခဲ့တာပါ နွေ့ရယ်"

"ကိုကိုရယ် ... နွေ့လေ ... ဒုက္ခိတဖြစ်နေရင်လည်း ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်လိုမှစွန့်ပစ်မထားနိုင်ခဲ့ပါဘူး၊ တစ်ချိန်ချိန်မှာတော့ ကိုကို့ အနားပြေးသွားဖို့ အမြဲတမ်း မျှော်လင့်ကြံစည်နေသူပါ ... ဒါပေမဲ့ လေ ဆောင်းကို အားနာလို့ ပတ်ဝန်းကျင်မှာ ကိုကိုဂုဏ်မဲ့မှာ သူများ ကဲ့ရဲ့စကားတွေ ပြောကြမှာ ကြောက်နေခဲ့လို့ အချိန်ယူနေတာပါ"

ကိုကို မိုးဝသန် တကယ်ပဲ လူကောင်းတစ်ယောက် ဖြစ် သွားပြီလား။

အိပ်မက်တွေ ဖြစ်နေမှာစိုးရိမ်၍ ကိုကို့ရင်ခွင်ထဲ ပြေးဝင် ဖက်တွယ်ထားမိသည်။ ကိုကိုကလည်း ဝမ်းသာအားရနှင့် နွေ့ခန္ဓာ ကိုယ်လေးအား တုန့်ပြန်ပွေ့ဖက်ထား၏။

အို ... အိပ်မက်တွေ မဟုတ်ပါဘူး။

ကိုကိုက တကယ်ပဲ လူကောင်းတစ်ယောက် ဖြစ်နေပြီ။ နွေ့ထံ အရောက်လာခဲ့တာပါ။

နွေ ပျော်ရွှင်မိ၏။

ကိုကိုက အိပ်မက်မဟုတ်ဘူးကွဆိုပြီး သူမခန္ဓာကိုယ်လေး အား ခွေ့ခနဲ ပွေ့ယူကာ တိုက်ကြီးထဲသို့ သယ်ဆောင်ဝင်ရောက် လာခဲ့လေသည်။

ရှင်မြတ်နိုး

www.burmeseclassic.com